# ပြည်တော်သာပန်းတိုင်

ဦးနု

နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု


၁၉၅၀

၏

# ပြည်တော်သာမှန်းတိုင်


ဦးသိန်းဟန်
ရွေးချယ်တည်းဖြတ်သည်



အမှောင်ခွင်း၍အလင်းဆောင်မည်
ဘာသာပြန်စာပေအသင်း

BURMA TRANSLATION SOCIETY
RANGOON

ကုသလဝတီပုံနှိပ်တိုက်
၆၀-ရေကျော်လမ်း၊ ရန်ကုန်မြို့

# မာတိကာ

## သိမှတ်ဖွယ်လေးခု

၁။ လွတ်လပ်ရေးဆိုသည်မှာ .... .... ၁
၂။ တော်လှန်ရေးဆိုသည်မှာ .... .... ၃၄
၃။ ပြည်ထောင်စုဆိုသည်မှာ .... .... ၄၇
၄။ ပြည်တော်သာဆိုသည်မှာ .... .... ၅၇

## ဘွန်ပိတ်တိုတာဝန်

၅။ တက္ကသိုလ်ကျောင်းသား .... .... ၉၁
၆။ ပြည်ထောင်စုလူငယ် .... .... ၁၂၁
၇။ ကျောင်းဆရာ .... .... .... ၁၃၄
၈။ တောင်သူလယ်သမား .... .... ၁၄၆
၉။ ဒီမိုကရေစီ ဒေသန္တရ ကောင်စီလူကြီး .... ၁၈၇
၁၀။ မွန်နှင့်မြန်မာ .... .... .... ၂၀၄

## ပြည်တော်သာရေး

၁၁။ မြန်မာ့စွယ်စုံကျမ်း .... .... .... ၂၂၀
၁၂။ ငြိမ်းချမ်းရေး .... .... .... ၂၃၀
၁၃။ နောက်ဆက်တွဲ .... .... .... ၂၄၁

# နိဒါန်း

ဤစာအုပ်တွင်၊ ၁၉၅၂-ခုနှစ်မှ ၁၉၅၅-ခုနှစ်အထိ၊ လူထု တရားပွဲများ၌၎င်း၊ အသင်းအဖွဲ့တရားပွဲများ၌၎င်း၊ အသံလွှင့် ဌာနမှ၎င်း နိုင်ငံတော် ဝန်ကြီးချုပ် မိန့်ကြားခဲ့သော မိန့်ခွန်း များမှ၊ ၁၂-ခုကို ရွေးချယ်ဖော်ပြထားပါသည်။

အကြင်နိုင်ငံ တနိုင်ငံ၌ တိုင်းသူပြည်သားတို့သည်၊ တိုင်းသူ ပြည်သား အဖြစ်ဖြင့် ထမ်းဆောင်သင့်သော တာဝန်ကို ထမ်း ဆောင်ခြင်း မပြုလိုဘဲ၊ အခွင့်အရေး တောင်းဆိုခြင်းကိုသာ ပြုနေကြ၏။ ထိုနိုင်ငံသည် အချည်းအနှီးသော နိုင်ငံဖြစ်သည်ဟု ပညာရှိတို့ မိန့်ဆိုကြလေသည်။ ထို့ကြောင့် မိန့်ခွန်းများကို ရွေးချယ်ရာတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံ သစ်ကို ထူထောင်ရာ၌ တိုင်းသူ ပြည်သားများဘက်မှ ဆောင် ရွက်ကြရန် လိုအပ်သော ပြည်သူ့တာဝန်များကို ထင်ရှားလာ အောင်၊ အားထုတ် ရွေးချယ်ထားပါသည်။ ပြည်သူ့တာဝန် များကို ထင်ရှားလာအောင် ပြုရာတွင်၊ မကြာသေးခင်ကမှ လွတ်လပ်လာသော ပြည်ထောင်စု မြန်မာနိုင်ငံသားများ ချက် ခြင်း လက်ငင်းသိအပ်သည့် သဘောတရားအချို့ကိုလည်း အသိ ပေးဘို့ လိုလာလေသည်။

ထို့ကြောင့် ဤစာအုပ်တွင် အခန်းကြီးသုံးခန်းဖွင့်၍၊ ပဌမ ခန်း၌ သဘောတရားလေးမျိုးနှင့် စပ်ဆိုင်သော မိန့်ခွန်းများကို ဖော်ပြထားပါသည်။ ထို့နောက် ဒုတိယခန်းနှင့် တတိယခန်း တို့၌ ပြည်သူ့တာဝန်နှင့် စပ်ဆိုင်သောမိန့်ခွန်းများကို ဆက် လက်၍ ဖော်ပြလိုက်ပါသည်။

# နိဒါန်း

ထို့ပြင် မိန့်ခွန်းများကို ရွေးချယ်ရာတွင်၊ မြန်မာစကားပြေ အရေးအသား ရှင်းလင်းမှု၊ အဆိုအမိန့် နှစ်သက်ဖွယ်ဖြစ်မှု၊ လူထုပရိသတ် နားဝင်အောင် စီရင်ဖန်တီးတတ်မှုတို့ အတွက် နည်းယူဘွယ်ဖြစ်သည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစား၍ မိန့်ခွန်းများကို ရွေးချယ်ထားပါသည်။

**ဦးသိန်းဟန်**

ရန်ကုန်တက္ကသိုလ် ဗိဋကတ်တိုက်မှူး

နှင့်

ကျောင်းသုံးစာအုပ်ထုတ်လုပ်မှု ညွှန်ကြားရေးဝန်

# အမှားပြင်ဆင်ချက်

| စဉ် | စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၂၈ | ၁၂ | ဂုာပန် | ဂျပန် |
| ၂ | ၃၀ | ၁၇ | ကျခ်းမာဒေး | ကျန်းမာရေး |
| ၃ | ၃၅ | ၂ | ပဌ္ဌမ | ပဋ္ဌမ |
| ၄ | ၃၅ | ၂၂ | ရှေးရှေးတုံး | ရှေးရှေးတုန်း |
| ၅ | ၅၀ | ၂၂ | ပြည်သူလထုကြီး | ပြည်သူလူထုကြီး |
| ၆ | ၅၂ | ၁၃ | အထွင့် | အထွတ် |
| ၇ | ၅၇ | ၅ | တပ်ရင်မှူးး | တပ်ရင်းမှူး |
| ၈ | ၆၄ | ၃ | ခေတ်ဘုံးက | ခေတ်တုန်းက |
| ၉ | ၆၄ | ၁၄ | ပဒေသခပင် | ပဒေသာပင် |
| ၁၀ | ၆၄ | ၂၁ | မဟုပ်ဘူး | မဟုတ်ဘူး |
| ၁၁ | ၆၅ | ၂၀ | ကွယ်ခပြောက် | ကွယ်ပျောက် |
| ၁၂ | ၆၅ | ၂၂ | လူ ေတွဟာ | လူတွေဟာ |
| ၁၃ | ၆၇ | ၆ | အိုအိမ် | အိုးအိမ် |
| ၁၄ | ၆၇ | ၁၆ | မိုးသိုည | မိုးသည |
| ၁၅ | ၇၁ | ၆ နှင့် ၁၅ | တည့်တန့် | တည့်တံ့ |
| ၁၆ | ၇၇ | ၂ | ဖျက်စီး | ဖျက်ဆီး |
| ၁၇ | ၇၇ | ၄ | ဖျက်ဆီးပြပ် | ဖျက်ဆီးပစ် |
| ၁၈ | ၇၇ | အောက်ဆုံး စာကြောင်း | ကျုပ်တို့တကွေ | ကျုပ်တို့တွေ |
| ၁၉ | ၈၇ | ၁၇ | ပဌ္ဌမ | ပဋ္ဌမ |
| ၂၀ | ၉၄ | ၂၀ | နယ်ချဲ့မသား | နယ်ချဲ့သမား |
| ၂၁ | ၁၀၆ | ၇ | ကျွုပ် | ကျုပ် |
| ၂၂ | ၁၀၇ | ၉ | ဒါဏ် | ဒဏ် |
| ၂၃ | ၁၁၉ | ၂၃ | ကျေင်င်းသား | ကျောင်းသား |
| ၂၄ | ၁၂၀ | ၇ | ရတနအစစ် | ရတနာအစစ် |
| ၂၅ | ၁၂၉ | ၄ | တဓောင်းချေး | တဓောင်းစေး |
| ၂၆ | ၁၃၀ | အောက်ဆုံး စာကြောင်း | ခါးပိုက်ဆောဉ် | ခါးပိုက်ဆောင် |

# အမှားပြင်ဆင်ချက်

| စဉ် | စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၂၇ | ၁၄၃ | ၁၁ | နံပါတ် | နံပတ် |
| ၂၈ | ၁၅၃ | ၉ | သီးခံပြီး | သည်းခံပြီး |
| ၂၉ | ၁၅၉ | ၁၇ | ရှေးဆုံး | ရှေ့ဆုံး |
| ၃၀ | ၁၆၉ | ၁ | တည်တန့် | တည်တံ့ |
| ၃၁ | ၁၇၀ | အောက်ဆုံးစာကြောင်း | ပင့်ပေတာ | ပင့်ပေးတာ |
| ၃၂ | ၁၇၁ | ၁၃ | ရပြီလို့ | ရပြီးလို့ |
| ၃၃ | ၁၇၄ | ၁၂ | ရဲဟော် | ရဲဘော် |
| ၃၄ | ၁၇၈ | ၅ | ဂိုဏ်းသားခြင်း | ဂိုဏ်းသားချင်း |
| ၃၅ | ၁၇၈ | ၂၁ | ကြွေးကြောသံ | ကြွေးကြော်သံ |
| ၃၆ | ၁၈၃ | ၄ | မပြီးမချင်း | မပြီး မခြင်း |
| ၃၇ | ၁၈၉ | ၆ | တိုင်းသူပြည်းသား | တိုင်းသူပြည်သား |
| ၃၈ | ၁၉၄ | ၈ | မြူရိုကိုရေဗ် | မြူရိုကရေစီ |
| ၃၉ | ၁၉၄ | ၂၀ | နေ့ခြင်း ညချင်း | နေ့ခြင်းညခြင်း |
| ၄၀ | ၁၉၄ | ၂၂ | မြူရိုကရေးဗီ | မြူရိုကရေစီ |
| ၄၁ | ၂၀၁ | ၁၉ | တွေ့ခဲရတယ် | တွေ့ခဲ့ရတယ် |
| ၄၂ | ၂၀၃ | ၆ | တံထွေး | တံတွေး |
| ၄၃ | ၂၀၃ | ၉ | တာ့ကြောင့် | ဒါ့ကြောင့် |
| ၄၄ | ၂၀၇ | ၈ | မွန်စည်းကမ်း | မွန်စည်းကမ်း |
| ၄၅ | ၂၀၇ | ၁၇ | မွန်စက်ှု | မွန်စက်မှု |
| ၄၆ | ၂၀၈ | အောက်ဆုံးစာကြောင်း | ယဉ်ကြေးမှု | ယဉ်ကျေးမှု |
| ၄၇ | ၂၁၈ | ၂၁ | မွန်ယဉ်ကျေးမှု | မွန်ယဉ်ကျေးမှု |
| ၄၈ | ၂၂၁ | ၅ | စွမ်စုံကျမ်း | စွယ်စုံကျမ်း |

# ၁။ လွတ်လပ်ရေးဆိုသည်မှာ

## ၁၉၅၂-ခုနှစ် ဩဂုတ်လ၊ ပြည်တော်သာညီလာခံ

## ဖွင့်ပွဲ မိန့်ခွန်း

ပြည်ထောင်စုလုံးဆိုင်ရာ ညီလာခံသဘင်ကြီးသို့ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့်တကွ ကိုယ်စားလှယ်လူကြီးမင်းအပေါင်းတို့ခင်ဗျား။

ယနေ့လူကြီးမင်းများနဲ့ ယခုလိုတွေ့ရတာ ကျွန်တော်အထူးဝမ်းသာပါတယ်။ ဒီညီလာခံမျိုးကို ကျင်းပတာ ကျွန်တော်တို့ရာဇဝင်မှာ အခုအကြိမ်ဟာ ပဌမအကြိမ် ဖြစ်ပါတယ်။ အကယ်၍သာ လွတ်လပ်ရေးရပြီးလျှင် ရပြီးခြင်း ပြည်ထောင်စုထဲမှာ ဆူပူသောင်းကျန်းမှုများ မပေါ်ပေါက်ခဲ့ဘူး ဆိုယင်၊ ဒီညီလာခံမျိုးကို ၁၉၄၈-ခုနှစ်ထဲမှာ ပဌမအကြိမ် ကျင်းပရမှာပါဘဲ။

နိုင်ငံသစ်ထူထောင်တဲ့လုပ်ငန်း၊ ဘဝသစ်ထူထောင်တဲ့ လုပ်ငန်းအစရှိတဲ့အင်မတန် ကြီးကျယ်တဲ့ လုပ်ငန်းကြီးမျိုးကို လုပ်တဲ့နေရာမှာ၊ ဒီလိုညီလာခံကြီးမျိုးဟာ အင်မတန် အရေးကြီးပါတယ်။ ဒီညီလာခံကြီးမျိုးကို ကျင်းပပြီး၊(၁) လုပ်ငန်းသစ်များကို တနိုင်ငံလုံးရှိ ကိုယ်စားလှယ်အသီးသီးအား ရှင်းပြခြင်း၊ (၂) ကိုယ်စားလှယ် အသီးသီးထံမှ အကြံကောင်းဉာဏ်ကောင်းများ တောင်းယူခြင်း၊ (၃) ထိုလုပ်ငန်းများ၌ ထိုကိုယ်စားလှယ်အသီးသီးမှတဆင့် ပြည်သူလူထုကြီး တရပ်လုံးက စိတ်ဝင်စားလာအောင် လှုံ့ဆော်ပေးခြင်း၊ (၄) ပြည်

သူလူထုကြီး၏ သဘောတူထောက်ခံချက်ကို ထိုကိုယ်စားလှယ် အသီးသီးမှတဆင့် ရယူခြင်းဆိုတဲ့ အရေးကြီးတဲ့ ကိစ္စများကို ဆောင်ရွက်နိုင်ပါတယ်။

ဒါပေမဲ့ ဆူပူသောင်းကျန်းမှုတွေကြောင့် လိုအပ်တဲ့ စီမံကိန်းတွေကိုလဲ စိတ်တိုင်းကျ မလုပ်နိုင်ခဲ့ကြဘူး။ အင်မတန်လိုလားအပ်တဲ့ ဒီလိုညီလာခံကြီးမျိုးကိုလဲ မခေါ်ခဲ့နိုင်ကြဘူး၊ ရှိသမျှအချိန်၊ ရှိသမျှအကြံဉာဏ်၊ ရှိသမျှလူအင်အား ငွေအင်အားတွေကို၊ ဒီဆူပူသောင်းကျန်းမှုတွေကို ဖြိုခွင်းချေမှုန်းတဲ့နေရာမှာသာ ကျွန်တော်တို့ အများကြီး ဖြုန်းခဲ့ကြရတယ်၊ ရှေ့အဘို့ဆိုယင်တော့ ငြိမ်းချမ်းရေး တိုးတက်ရရှိလာတာနဲ့ အမျှ ကျွန်တော်တို့ရဲ့ အချိန်တွေ၊ အကြံတွေ၊ ဉာဏ်တွေ၊ လူအင်အား ငွေအင်အားတွေကို ဘဝသစ်ဖန်တီးရေးအတွက် အားသွန်ပြီး လုပ်သွားကြရမယ်။

လူကြီးမင်းများခင်ဗျား၊ တခြားအချက်တွေကို မပြောခင် ရှေးဦးစွာ ဒီနေရာမှာ အချက်တချက်ကို ကျွန်တော်ရှင်းပြချင်တယ်။ ဒီအချက်ဟာ အင်မတန်လွယ်ပေမဲ့၊ လူခပ်များများ အထင်မှားနေတဲ့ အချက်ဖြစ်တယ်။

ဒီအချက်ကတော့ တခြားဟာမဟုတ်ဘူး၊ လွတ်လပ်ရေး ရပြီးတာနဲ့ ဘဝသစ်ဖန်တီးရေးဟာ အလိုအလျောက် ဖြစ်လာလိမ့်မယ်လို့ ယူဆနေကြတဲ့အချက်ဘဲဖြစ်တယ်။ ဒီယူဆချက်ဟာ အင်မတန် မှားတဲ့ယူဆချက် ဖြစ်တယ်။ အခု ဒီလိုညီလာခံဆိုတဲ့ အခွင့်အရေးကြီးကိုရတဲ့အခါမှာ၊ ဒီအချက်ကို ကျွန်တော်အတိအလင်း ရှင်းပြချင်တယ်။

လွတ်လပ်ရေးရတယ်ဆိုတာနဲ့၊ လွတ်လပ်ရေးရဲ့ နောက်က ကိုယ်လိုချင်တာတွေ အားလုံးကပ်ပါလာတာမဟုတ်ဘူး။ လွတ်လပ်ရေးရတယ်ဆိုတာဟာ အမှန်စင်စစ်တော့ အချုပ်အချယ်တွေက လွတ်မြောက်ရုံသာ ရှိသေးတာဘဲ။

ကျွန်ဘဝတုန်းက ဒီနိုင်ငံဟာ ဗမာနိုင်ငံလို့ ခေါ်ရပေမဲ့၊ အမှန်စင်စစ်တော့ ကျွန်တော်တို့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်အစရှိတဲ့ မြန်မာနိုင်ငံသားတွေက ဒီနိုင်ငံကိုပိုင်တာမဟုတ်ဘူး။ တကယ်ပိုင်တာကတော့ အင်္ဂလိပ်တွေကပိုင်တာ။ ဒီတော့ ကျွန်တော်တို့နိုင်ငံသားတွေမှာ စွမ်းအားတွေ ဘယ်လောက်ရှိရှိ၊ ဒီအားတွေရှိသလောက် ကိုယ့်အမျိုးသားတွေ ကောင်းစားရေးအတွက် ကျွန်တော်တို့ လုပ်လို့မရဘူး။ ဟိုဟာမလုပ်နိုင်တဲ့အချုပ်အချယ်တွေ၊ဒီဟာမလုပ်နိုင်တဲ့အချုပ်အချယ်တွေအစရှိတဲ့ အချုပ်အချယ်တွေ အများကြီးရှိတယ်။ ကိုယ့်အမျိုးသားတွေ ကောင်းစားရေးအတွက် ကိုယ့်စွမ်းအားရှိသလောက် မလုပ်နိုင်အောင် ချုပ်ချယ်ထားတဲ့ အချုပ်အချယ်တွေသာမကသေးဘူး။ ကိုယ့်အမျိုးသားတွေရဲ့ အကျိုးပျက်စီးစေမဲ့ အလုပ်တွေဖြစ်နေစေကာမူ၊ မလုပ်ဘဲမနေနိုင်အောင် ချုပ်ချယ်ထားတဲ့ အချုပ်အချယ် တွေလဲ ရှိသေးတယ်။

လွတ်လပ်ရေးရတယ်ဆိုတာ တခြားဟာမဟုတ်ဘူး။ ကျွန်တော်တို့ ပြည်ထောင်စုသားတွေ အဲဒီအချုပ်အချယ်တွေက လွတ်ကင်းတာဘဲ ဖြစ်တယ်။ ဒီလိုလွတ်ကင်းရုံကလေးနဲ့၊ ကျွန်တော်တို့လိုချင်တာတွေ မရနိုင်သေးဘူး။ ကျွန်တော်တို့ လိုချင်

တာတွေကို ရအောင် ကျွန်တော်တို့ရဲ့ အကြံကောင်း ဉာဏ်ကောင်းတွေ၊ ကျွန်တော်တို့ရဲ့ လူအင်အားတွေ၊ ကျွန်တော်တို့ရဲ့ ပစ္စည်းအင်အားတွေကို အရင်းတည်ပြီး၊ ကျွန်တော်တို့အလုပ် လုပ်ကြရအုံးမယ်။

ကျွန်တော်တို့ရဲ့ ဒီအကြံကောင်း ဉာဏ်ကောင်းတွေ၊ ဒီလူအင်အားတွေ၊ ဒီပစ္စည်းအင်အားတွေကို ဘာမျှ အသုံးမချဘဲ ကျွန်တော်တို့တတွေ လက်ပိုက်ပြီး ထိုင်နေကြမယ်၊ ဟေးလား ဝါးလားနဲ့ အချိန်ကုန်နေကြမယ်၊ တယောက်က အိုးယွဲ့ယင် တယောက်က စလောင်းယွဲ့မယ်ဆိုတဲ့သဘောမျိုးနဲ့တယောက်နဲ့တယောက် အတိုက်အခံလုပ်နေကြမယ်၊ ကိုယ့်လှေ ကိုယ်ထိုး ပဲခူးရောက်ရောက်ဆိုပြီး ထင်ရာတွေကို ရှောက်စိုင်းနေကြမယ်၊ အာဏာရူး ရောဂါတွေ၊ ဆိုးချင်, ပေချင်, တေချင်, ခိုးချင်, လုချင်,ယက်ချင်တဲ့ ရောဂါတွေကို နိုင်အောင် မထိန်းနိုင်လို့ လက်နက်ကိုင်ပြီး ဆူပူ သောင်းကျန်းတမ်း ကစားနေကြမယ်ဆိုယင်၊ လွတ်လပ်ရေးရတယ်ဆိုရုံနဲ့ ကျွန်တော်တို့မှာ ဘာမျှ ထူးမှာမဟုတ်ပါဘူး။ ကျွန်ဘဝတုန်းကလို မျောက်လောင်း မျောက်လောင်းဘဲဖြစ်နေမှာပါဘဲ။

ဒီတော့ ကောင်းသော ပညာရေး၊ ကောင်းသော ကျန်းမာရေး၊ ကောင်းသော စီးပွားရေး၊ ကောင်းသော စာရိတ္တ မြှင့်တင်ရေး၊ ကောင်းသော ပြည်ထောင်စုသား စည်းလုံးရေးဆိုတဲ့ ဗလငါးတန်နှင့် ပြည့်ဝတဲ့ ဘဝသစ်ကြီးကို ကျွန်တော်တို့ပြည်ထောင်စုသားတွေ တကယ်တမ်း လိုချင်တယ် ဆိုယင်တော့၊ ကျွန်တော်တို့ရဲ့ အကြံကောင်း ဉာဏ်ကောင်းတွေ၊ ကျွန်တော်

တို့ရဲ့ လုပ်အင်အားတွေ၊ ကျွန်တော်တို့ရဲ့ ပစ္စည်းအင်အားတွေကို အရင်းခံထားပြီး၊ ကျွန်တော်တို့ အလုပ် လုပ်ကြရလိမ့်မယ်။ အစွမ်းကုန် အလုပ်လုပ်ကြရလိမ့်မယ်။ ဇွဲကောင်းကောင်း၊ သတ္တိကောင်းကောင်း၊ အမြော်အမြင် ကောင်းကောင်းနဲ့ အလုပ်လုပ်ကြရလိမ့်မယ်။

လူကြီးမင်းများခင်ဗျား။ အခု ကျွန်တော် ရှင်းပြနေတဲ့ အချက်ဟာ အပေါ်ယံအမှတ်မဲ့ကြည့်လိုက်ယင် လွယ်သလိုလို ထင်ရပါတယ်။ ဒါပေမဲ့ ဒီအချက်ကလေးကိုဘဲ ပြည်ထောင်စုသားတွေထဲက အတော်ခပ်များများဟာ သဘော မပေါက်ကြသေးတဲ့အတွက်၊ "လွတ်လပ်ရေးရပြီ၊ လွတ်လပ်ရေးရတာ ငါးနှစ်ရှိသွားပြီ၊ ကျွန်ဘဝတုန်းကနဲ့ ဘာမျှမထူးခြားဘူး" လို့ ပြောနေကြတဲ့ သူတွေကလဲ အများကြီး။ ဒီလို ပြောနေကြတာကို သံယောင်လိုက်နေကြတဲ့ လူတွေကလဲ အများကြီး။ အလုပ်ကို ကြိုးစားလုပ်ဘို့ကိုတော့ ဘာမျှမစဉ်းစားဘူး၊ ဟိုအခွင့် အရေးတွေကိုပေးပါ၊ ဒီ အခွင့် အရေးတွေကို ပေးပါဆိုပြီး ဆူဆူပူပူ တောင်းနေကြတဲ့လူတွေကလဲ အများကြီး။ လွတ်လပ်ရေးရပြီး လျှင်ရပြီးခြင်း မျက်လှည့်ပြသလို ဟိုဟာ ဒီဟာတွေဖြစ်လာတာကို မတွေ့ရတဲ့အတွက် "ဟာ၊ ဒီလွတ်လပ်ရေးဟာ ရွှေရည်စိမ် လွတ်လပ်ရေးကြီးပါဘဲ" ဆိုပြီး ဟစ်အော် ကြွေးကြော်နေကြတဲ့ လူတွေကလဲ အများကြီး။

ဒါတွေဟာ "အရင်းစစ် အမြစ်မြေက" ဆိုသလို၊ တခြားဟာကြောင့်မဟုတ်ဘူး၊အခု ကျွန်တော် ပြောပြနေတဲ့ အချက်ကလေးကိုဘဲ ကောင်းကောင်း သဘောမပေါက်ကြလို့ ဖြစ်တယ်ဆိုတာကို ကျွန်တော် ရှင်းပြလိုပါတယ်။

ဒီ အချက်ကလေးကို ပိုပြီး ရှင်းသွားအောင် ကျွန်တော် ဥပမာတခု ပေးချင်ပါတယ်။ လယ်သမား တဦးဟာ လယ်ကို ကောင်းကောင်း မလုပ်ဘဲ၊ အပျော်အပါး လိုက်စားနေတာနဲ့ သူပိုင်တဲ့ လယ်မြေတွေဟာ ချစ်တီးတဦးထံမှာ ဆုံးသွားရော။ ဒီလို ဆုံးသွားတဲ့အခါမှာ၊ ဒီလယ်သမားဟာ သူပိုင်တဲ့လယ်ကို ဘဲ လယ်ငှါးအဖြစ်နဲ့ ပြန်ပြီးလုပ်ရတယ်။ အဲဒီလို လုပ်ရတဲ့အခါမှာ ဒီလယ်သမားဟာ သူ့လယ်တွေကို၊ သူ့မှာ စွမ်းအားရှိသလောက် မလုပ်နိုင်တော့ဘူး။ လယ်ပိုင်ရှင် ချစ်တီးက ချပေးသလောက်သာလုပ်ရတယ်၊တရားတာ မတရားတာ စဉ်းစားပြီး မနေနိုင်တော့ဘူး။ ချစ်တီးက ပေးရမယ် ဆိုသလောက် လယ်ခတွေကိုပေးရတယ်။ စပါးကို ခြင်ယူတဲ့နေရာမှာလဲ သူသဘောတူတာ မတူတာ အရေးမကြီးဘူး။ ချစ်တီးသဘောကျတဲ့ တင်းတောင်းနဲ့ စပါးတွေ ခြင်ပေးရတယ်။ ဒီလို အချုတ်အချယ်တွေ များလာတဲ့အတွက် ဒီလယ်သမားဟာ သံဝေဂရပြီး၊ သူ့လယ်ကို သူပြန်ရအောင်ကြိုးစားခဲ့တယ်။ ရသမျှကလေးကို သုံးဖြုန်းမပစ်ဘဲ၊ စုဆောင်းလာလိုက်တာ အတော်ကလေးကြာတော့၊ ချစ်တီးလက်ထဲက သူ့လယ်ကိုပြန်ပြီး ရွေးယူနိုင်တဲ့အခြေအနေကိုရောက်လာတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လေးလေးနက်နက် စဉ်းစားဘို့ အချက်တွေ အများကြီးဘဲ ပေါ်လာတယ်။ ဒီ အချက်တွေကတော့ တခြားဟာမဟုတ်ဘူး (၁) ဒီလယ်ကို ပြန်ရရုံနဲ့ ဒီလယ်သမားဟာ သူလိုချင်တာတွေကို ရနိုင်ပြီလား၊ (၂) ဒီလယ်သမားဟာ ရှေးတုန်းကလို ဟေးလား ဝါးလားနဲ့ အပျော်ကြူးနေယင် ဒီလယ်ကို ပြန်ရရုံနဲ့ သူလိုချင်တာတွေကို ရနိုင်ပြီလား၊ (၃) အလုပ်မလုပ်ဘဲနဲ့ ထိုင်နေမယ်ဆိုယင်၊

ဒီလယ်ကို ချစ်တီးဆီက ပြန်ရရုံနဲ့ ဒီလယ်သမားဟာ သူလိုချင်တာတွေကို ရနိုင်ပြီလားဆိုတဲ့ အချက်တွေပင် ဖြစ်ပါတယ်။

ဒီလယ်သမားဟာ ထမင်းစားရမယ်၊ အဝတ်ဝတ်ရမယ်၊ သားသမီးတွေ ကျောင်းထားရမယ်၊ အရွယ်ရောက်တဲ့ သားသမီးတွေကို ရှင်ပြုရမယ်။ ဒါတွေအတွက် ငွေလိုတယ်။ လယ်ကို ချစ်တီးဆီက ပြန်ပြီးရရုံနဲ့ ဒီလိုတဲ့ငွေတွေကို ဒီလယ်သမား ရနိုင်ပြီလား။ မရနိုင်ဘူး။ ဘယ်နည်းနဲ့မှ မရနိုင်ဘူး။

ဒီငွေတွေကို ဒီလယ်သမားလိုချင်တယ်ဆိုယင်၊ ချစ်တီးဆီက လယ်ကိုပြန်ရပြီးတဲ့နောက် ဒီလယ်သမားဟာ သူ့လယ်က စပါးများများတွက်ဘို့ အကြံကောင်း ဉာဏ်ကောင်းများ ထုတ်ရမယ်။ သူ့မှာရှိတဲ့ မြက်ခုတ်ဓါး၊ ထွန်တုံး၊ နွားအစရှိတဲ့ ပစ္စည်းအား လယ်လုပ်နိုင်အောင် အရွယ်ရောက်နေတဲ့ သူ့သားသမီးတွေရဲ့ လူအင်အား အစရှိသည်တို့ကို အသုံးပြုပြီး၊ လယ်ထွန်ရမယ်၊ ကောက်စိုက်ရမယ်၊ ကောက်ရိတ် ရမယ်၊ တလင်းနယ်ရမယ်၊ လယ်သမားတွေ လုပ်ရမဲ့ အလုပ်တွေဟူသမျှကို အားသွန်ပြီး လုပ်ရမယ်။

ဒီလယ်သမားဟာ ချစ်တီးဆီက လယ်တွေကိုပြန်ရပြီ။ ငါ့ကိစ္စပြီးပြီလို့ သဘောထားယင် မှားလိမ့်မယ်။ ဒီလိုသဘောထားပြီး အလုပ်မလုပ်ဘဲ ငွေအလာကိုသာ မြှော်နေမယ်၊ ရွာရိုးလျှောက်ပြီး သူပုန်ထတမ်း ကစားနေမယ်၊ ရှေးတုန်းကလိုဘဲ အပျော်ကြူးနေမယ်ဆိုယင် သူလိုချင်တာတော့ ရမှာမဟုတ်ဘူး။ ငတ်မှာဘဲ။

ဒီလယ်သမားရဲ့ ထုံးကို နှလုံးပြုပြီး ကျွန်တော်တို့ ပြည်ထောင်စုသားတွေလဲ အမြင်မှန်ကိုရကြရမယ်။ လွတ်လပ်ရေး ရ

ခြင်းဟာ ကျွန်တော်တို့သွားရမဲ့ခရီးရဲ့ လမ်းဆုံးမဟုတ်။ လမ်းစ သာဖြစ်သေးတယ် ဆိုတာကို ကျွန်တော်တို့ ကောင်းကောင်း ကြီး သဘောပေါက်ရမယ်။

လူကြီးမင်းများ ခင်ဗျား။ အခု ကျွန်တော် ရှင်းပြနေတဲ့ အချက်ဟာ လွယ်မလိုလိုနဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု သား ခပ်များများကို လွတ်လပ်ရေးနဲ့ပတ်သက်ပြီး အတော့ ကိုဘဲ အထင်လွဲ အမြင်လွဲဖြစ်အောင် လုပ်ပေးနေတဲ့ အချက် ဖြစ်တဲ့အတွက် ဒီအချက်ကို ရှင်းသည်ထက် ရှင်းသွားအောင် နည်းတမျိုးနဲ့ ရှင်းပြဘို့ ကျွန်တော့ကို အခွင့်ပေးရန် အခွင့် တောင်းလိုပါတယ်။

လွတ်လပ်ရေးဆိုတာဟာ အချုတ်အချယ်က လွတ်ကင်း ခြင်းသာ ဖြစ်သေးတယ်လို့ ကျွန်တော် အထက်က ပြောခဲ့ပြီး ပါပြီ။ ဒီတော့ အဲဒီအချုတ် အချယ်တွေဟာ ဘာလဲဆိုတာကို ကျွန်တော်ရှင်းပြပါရစေ၊ ဒီအချုတ်အချယ်တွေဟာ ဘာလဲဆို တာကို ပိုပြီး ရှင်းရှင်းလင်းလင်း သိလာယင်၊ ဒီအချုတ်အချယ် တွေက လွတ်လာတဲ့ လွတ်လပ်ရေးဟာ ဘာလဲဆိုတာ ပိုပြီး ထင်ရှားလာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

လူကြီးမင်းများ ခင်ဗျား၊ ဒီအချုတ်အချယ်တွေဟာ (၁) ကိုယ်လုပ်ချင်တာတွေကို ကိုယ့်မှာ စွမ်းအားရှိသလောက်မလုပ် နိုင်အောင် ချုတ်ချယ်ထားတဲ့ အချုတ်အချယ်မျိုးကတမျိုး၊ (၂) ကိုယ်မလုပ်ချင်တာတွေကို မလုပ်ဘဲ မနေနိုင်အောင် ချုတ်ချယ် ထားတဲ့ အချုတ်အချယ်မျိုးက တမျိုးဆိုပြီး အချုတ်အချယ် အမျိုးအစားကို အကြမ်းအားဖြင့် နှစ်မျိုးခွဲပြီး ပြချင်ပါတယ်။

ဒီအချုပ်အချယ်နှစ်မျိုးကို ပိုမိုထင်ရှားအောင် သာဓကတွေကို ထုတ်ပြီး ပြလိုပါတယ်။

ကျွန်ဘဝမှာတုန်းက ကျွန်တော်တို့ရဲ့ ပြည်သူလူထုကြီး တိုးတက်ကောင်းစားရေးအတွက် ကျွန်တော်တို့ လုပ်ချင်တာတွေ အများကြီးရှိတယ်။ ပညာရေးမှာ လုပ်ချင်တာတွေ အများကြီး ရှိတယ်။ ကျန်းမာရေးမှာ လုပ်ချင်တာတွေ အများကြီးရှိတယ်။ စီးပွားရေးမှာ လုပ်ချင်တာတွေ အများကြီး ရှိတယ်။ အမျိုးသား စည်းလုံးရေးမှာ လုပ်ချင်တာတွေ အများကြီးရှိတယ်။ စာရိတ္တမြှင့်တင်ရေးမှာ လုပ်ချင်တာတွေ အများကြီး ရှိတယ်။ ဗလငါးတန်နှင့် ပတ်သက်ပြီး လုပ်ချင်တာတွေ အများကြီးရှိတယ်။ ဒါတွေကိုလုပ်ဖို့ ကျွန်တော်တို့မှာ အကြံကောင်း ဉာဏ်ကောင်းတွေလဲရှိတယ်။ လူအင်အားလဲရှိတယ်။ ပစ္စည်း အင်အားလဲရှိတယ်။ ဒါတွေရှိပေမဲ့ ဗလငါးတန်ကို ကျွန်တော်တို့ ကြိုက်သလို မြှင့်တင်ရေးအတွက် ဒီအကြံကောင်း ဉာဏ်ကောင်းတွေ၊ ဒီလူအင်အားတွေ၊ ဒီပစ္စည်းအင်အားတွေကို ကျွန်တော်တို့ သုံးချင်တိုင်းသုံးဖို့ အခွင့်မရခဲ့ဘူး။ ဒီလိုသုံးချင်တိုင်း မသုံးနိုင်အောင် ကျွန်တော်တို့ရဲ့ အပေါ်ကနေပြီး၊ ချုပ်ချယ်ထားတဲ့ လူကတော့ တခြားလူမဟုတ်ပါဘူး။ ဘုရင်ခံဘဲ ဖြစ်ပါတယ်။ ဒီဘုရင်ခံမှာ သူ့ကိုအကြံပေးဖို့ ဗြိတိသျှအရာရှိတွေ၊ တိုင်းရင်းသားအရာရှိတွေ ရှိတယ်၊ သူ့ဆန္ဒကို အကောင်အထည် ဖေါ်တဲ့ နေရာမှာ ပြည်သူလူထုက အုံကြွထလာယင် နှိမ်ပေးဖို့ သူ့လက်အောက်မှာ ဗြိတိသျှအင်ပါယာ လက်နက်ကိုင် တပ်သားများရှိတယ်။

ဒီဘုရင်ခံဟာ ပြည်သူလူထုက ဒီမိုကရေစီစံနစ်အရ ရွေးကောက်တင်မြှောက်ထားတဲ့ ဘုရင်ခံမဟုတ်ဘူး။ ဒီဘုရင်ခံဟာ မိုင်ပေါင်း ၆၀၀၀ ကျော်မှာရှိတဲ့ ဗြိတိသျှအစိုးရက တိုက်ရိုက်ခန့်လိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီတော့ ဒီဘုရင်ခံဟာ မြန်မာပြည်သူလူထုကို ဘယ်နည်းနဲ့မှ တာဝန်မခံဘူး။ သူ့ကိုတိုက်ရိုက်ခန့်လိုက်တဲ့ ဗြိတိသျှအစိုးရကိုသာ တာဝန်ခံလိမ့်မယ်။ တာဝန်ခံတယ်ဆိုတာ နိုင်ငံရေးစကားဖြစ်တယ်။ ဒီနိုင်ငံရေးစကားကို ခပ်လွယ်လွယ်နဲ့ ပြောရယင် တာဝန်ခံတယ်ဆိုတာ တခြားဟာမဟုတ်ဘူး။ လုပ်ဆိုတာ လုပ်ပြီး မလုပ်နဲ့ဆိုတာကို မလုပ်ဘဲနေတာဘဲဖြစ်တယ်။ တနည်း အားဖြင့်ဆိုယင် ပေးလိုက်တဲ့အမိန့်အတိုင်း တသွေမတိမ်းလုပ်တာဘဲ ဖြစ်တယ်။ အဲဒီတော့ ဘုရင်ခံဟာ ပြည်သူလူထုကို တာဝန်မခံဘူး။ သူ့ကိုတိုက်ရိုက်ခန့်လိုက်တဲ့ ဗြိတိသျှအစိုးရကိုသာ တာဝန်ခံတယ်ဆိုယင် ဒီဘုရင်ခံဟာ ပြည်သူလူထုရဲ့ အမိန့်ကို မနာခံ၊ ဗြိတိသျှအစိုးရရဲ့အမိန့်ကိုသာ နာခံတယ်လို့ ဆိုလိုတယ်။

ဒီလိုဆိုယင် ဗြိတိသျှအစိုးရက ဒီဘုရင်ခံကို ဘယ်လိုအမိန့်မျိုးပေးမလဲ။ ဘယ်လိုအမိန့်မျိုးကို ပေးမလဲဆိုတာကို ထင်ရှားစေချင်ယင်၊ ဗြိတိသျှတို့က မြန်မာနိုင်ငံကို ဘယ်လိုရည်ရွယ်ချက်နဲ့ သိမ်းပိုက်ထားတယ်ဆိုတာကို ရှေ့ဦးစွာ သိဘို့လိုတယ်။ ဒီရည်ရွယ်ချက်ကိုသိယင် ဗြိတိသျှအစိုးရဟာ ဘုရင်ခံကို ဘယ်လိုအမိန့်မျိုး ပေးမယ်ဆိုတာ ကျွန်တော်တို့ လွယ်လွယ်ကလေးနဲ့ သိနိုင်ပြီ။ ရည်ရွယ်ချက်အဖြူရှိယင်၊ ဒီရည်ရွယ်ချက် အဖြူအတိုင်း အောင်မြင်အောင်လုပ်ဆိုတဲ့ အမိန့်ကိုဘဲ ဒီဘုရင်ခံကို ဗြိတိသျှအစိုးရက ပေးမှာပေါ့။ ရည်ရွယ်ချက် အမဲရှိယင်လဲ

ဒီရည်ရွယ်ချက် အမဲအတိုင်း အောင်မြင်အောင် လုပ်လို့ ဒီဘုရင်ခံကို ဗြိတိသျှအစိုးရက အမိန့်ပေးမှာပေါ့။ ဒီတော့ ဗြိတိသျှတို့ရဲ့ ဗမာပြည်ကို သိမ်းပိုက်ထားတဲ့ ရည်ရွယ်ချက်ဟာ ဘာလဲဆိုတာ ကြည့်ရအောင်။

ဗမာပြည်မှာ ဗြိတိသျှတို့ရဲ့ အကြီးဆုံး ရည်ရွယ်ချက်ကြီးကတော့ အမြတ်များများရအောင် ထုတ်ဘို့ဘဲဖြစ်တယ်။ ဒီအဓိက ရည်ရွယ်ချက်ကြီးအရ (၁) အမြတ်များများ ရနိုင်တဲ့ သော့ချက်နေရာတွေကို အကုန်လက်ဝါးကြီးအုပ်ပြီး အမြတ်များများရနိုင်သလောက် ရအောင်ထုတ်ယူမယ်၊ (၂)အင်္ဂလန်ပြည်မှာရှိတဲ့ ဗြိတိသျှစက်ရုံကြီးတွေအတွက်၊ ကုန်ရိုင်းတွေကို ရနိုင်သမျှ ရအောင်ထုတ်ယူမယ်၊ (၃) ဒီစက်ရုံကြီးတွေက ထွက်လာတဲ့ ကုန်ချောတွေကို ဗမာပြည်ပြန်ပို့ပြီး အမြတ်များများရနိုင်သမျှ ရအောင်ရောင်းမယ်၊ အဲဒါဟာ ဗြိတိသျှတို့က ဗမာပြည်ကို သိမ်းပိုက်ထားတဲ့ အဓိက ရည်ရွယ်ချက်ကြီးနဲ့ ဒီရည်ရွယ်ချက်ကြီးအတိုင်း လုပ်ခဲ့တဲ့ လုပ်ငန်းကြီး သုံးရပ်ဖြစ်တယ်။

ဒီတော့ ခပ်ရှင်းရှင်းပြောရယင် ဘုရင်ခံကို ဗြိတိသျှအစိုးရက ပေးတဲ့အမိန့်က ဒီအဓိကရည်ရွယ်ချက်အတိုင်း၊ ဒီလုပ်ငန်းကြီး သုံးရပ်ကို အောင်မြင်အောင် လုပ်ရမယ်ဆိုတဲ့အမိန့်ဘဲဖြစ်ရမယ်။ ဘုရင်ခံကလဲ ဗြိတိသျှအစိုးရကိုသာ တာဝန်ခံရတဲ့ ဘုရင်ခံဖြစ်နေတဲ့အတိုင်း၊ ဒီအမိန့်ကိုဦးထိပ်ပန်ရွက်ပြီး အောင်မြင်အောင်လုပ်ရမယ်။ အောင်မြင်အောင် မလုပ်နိုင်ယင်၊ ဒီဘုရင်ခံအလုပ်ပြုတ်ပြီး ဘိလပ်ပြန်ရမယ်။

ဒီအခြေအနေအရ၊ ဗမာပြည်မှာ ဘုရင်ခံဟာ ဘာကိုဘဲ လုပ်လုပ်၊ ဒီအမိန့်ကို ကျော်လွန်ပြီးလုပ်လို့မရဘူး။ ဒီအမိန့်ရဲ့ နယ်နိမိတ်အတွင်းမှာဘဲ လုပ်ရမယ်။ ပညာရေးကို လုပ်ချင် လုပ်ချင်၊ ကျန်းမာရေးကိုလုပ်ချင်လုပ်ချင်၊စီးပွါးရေးကိုလုပ်ချင် လုပ်ချင်၊ စာရိတ္တမြှင့်တင်ရေးကိုလုပ်ချင်လုပ်ချင်၊ အမျိုးသား စည်းလုံးရေးကို လုပ်ချင်လုပ်ချင်၊ဒီအမိန့်အတိုင်း လုပ်ရမှာဘဲ။

ဒီလိုဖြစ်နေတဲ့အတွက်၊ ပညာရေးမှာ ပြည်သူလူထုက ကျွန် ပညာမလိုချင်ဘူး။ သခင်ပညာလိုချင်တယ်။ အပ်ဌ ချွန်သော အဖျားရှိ၏၊ ဗူးသီးနုနုမခူးရ၊ စတဲ့ ပညာတွေ မသင်ချင်ဘူး။ စက်မှုလက်မှုပညာတွေသာ သင်ချင်တယ်လို့ နေ့ရှိသမျှ အသံ ကုန်ဟစ်အော်နေပါစေ၊ ပဇင်းတွေလို ရင်ကွဲအောင် အော်ပါ စေ၊ ဘယ်လိုဘဲအော်အော် ဘုရင်ခံဟာ လူထုက ရွေးကောက် တင်မြှောက်တဲ့ ဘုရင်ခံမဟုတ်တော့၊ လူထုပြောတာ လုပ်မှာ မဟုတ်ဘူး။ သူ့ကိုခန့်လိုက်တဲ့ ဗြိတိသျှအစိုးရရဲ့ အမိန့်အတိုင်း သာ သူလုပ်လိမ့်မယ်။ ဗြိတိသျှအစိုးရရဲ့အမိန့်ကလဲ ဗမာပြည် က အမြတ်များနိုင်သမျှ များအောင်ထုတ်ရမယ်ဆိုတဲ့ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကြီးကို အောင်မြင်အောင်လုပ်ရမယ်ဆိုတဲ့ အမိန့်ဖြစ်နေတဲ့အတွက်၊ လူထုက ဘယ်လောက်ဘဲ အော်အော် ဘယ်ပညာရေးကိုဘဲ တောင်းတောင်း၊ ဘုရင်ခံ လုပ်ပေးရမဲ့ ပညာရေးကတော့၊ ဗြိတိသျှတွေ ဗမာပြည်က အမြတ်များနိုင် သမျှ များအောင် ထုတ်နိုင်စေမဲ့ ပညာရေးဘဲ ဖြစ်မှာဘဲ။ အကယ်၍ သခင်ပညာကို သင်ပေးလိုက်လို့ သူတို့အမြတ်ရတာ နည်းသွားမယ်ဆိုယင်၊ ဘာဘဲဖြစ်ဖြစ် ကျွန်တော်တို့တွေ ကျွန် ပညာနဲ့ဘဲ တင်းတိမ်ရမှာဘဲ။ အပ်ဌ ချွန်သောအဖျားရှိ၏၊

ဗူးသီးနုနုမခူးရဆိုတဲ့ စာတွေကိုသင်မှ သူတို့ အမြတ်များများ ရနိုင်သမျှများမယ်ဆိုယင်၊ ကျွန်တော်တို့တတွေ ဘယ်လောက်ဘဲ အော်အော်၊ ဟစ်ဟစ်၊ စက်မှုလက်မှုပညာတွေကို သင်ရမှာ မဟုတ်ဘူး။ အပ်၌ ချွန်သောအဖျားရှိ၏၊ ဘူးသီးနုနုမခူးရ ဆိုတဲ့ စာတွေနဲ့ဘဲ ကျွန်တော်တို့ တင်းတိမ်ရမှာဘဲ။

ဒါကြောင့် ကျွန်တော်တို့ပညာရေးဟာ ဗြိတိသျှတို့ရဲ့အဓိက ရည်ရွယ်ချက်ကြီးက ပေါက်ဖွါးလာတဲ့ ပညာရေးဖြစ်နေတဲ့ အတွက် ဟိုကျွန်ဘဝတုန်းက ပညာရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ ကောင်းတဲ့အကြံဉာဏ်တွေ ဘယ်လောက်ဘဲ များများ၊ လူအင်အား ပစ္စည်းအင်အားတွေ ဘယ်လောက်ဘဲရှိရှိ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်ဆိုတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေအကျိုးရှိဘို့၊ ကျွန်တော်တို့စိတ်တိုင်းကျ ပညာရေးကို ဘာမျှမပြုပြင်နိုင်ခဲ့ကြဘူး။ လက်ပိုက်ပြီး ကြည့်နေခဲ့ကြရတယ်။ ဒါကို ပညာရေးမှာ ချုတ်ချယ်ခြင်းခံရတဲ့ အချုတ်အချယ်လို့ခေါ်တယ်။

ပညာရေးကိုပြောပြီးလို့ ကျန်းမာရေးကိုကြည့်ကြရအောင်။ ကျန်မာရေးမှာလဲ ဒီလိုဘဲ၊ ဗမာတွေ ခါးချိုကလေးတွေ ဖြစ်နေတာတွေ၊ နံရိုးပြိုင်းပြိုင်းထနေတာတွေ၊ ရှုနာရှိုက်ကုန်းကလေးတွေဖြစ်နေတာတွေ၊ ကျောက်ရောဂါ၊ ပုလိပ်ရောဂါ၊ ဝမ်းရောဂါဆိုတဲ့ ရောဂါဆိုးတွေနဲ့ တပုံတခေါင်းကြီး နှစ်စဉ်နှစ်တိုင်း သေကျေပျက်စီးနေတာတွေ၊ ကလေးတွေ မွေးမွေးပြီး လူလားမမြောက်ခင် သေသေနေတာတွေ၊ ဒီလိုကျန်းမာရေးမှာ ချို့တဲ့နေတာတွေကို ကျွန်တော်တို့အလိုမရှိဘူး။ ကျွန်တော်တို့ရဲ့ ရာဇဝင်မှာ ထင်ရှားခဲ့တဲ့ ကျန်စစ်သားတို့၊ ညောင်းဦးဖီး

တို့၊ ငထွေးရှုးတို့၊ ငလုံးလက်ဖယ်တို့၊ ကျားတို့ မိကျောင်းတို့နဲ့ တယောက်ချင်း နိုင်အောင်သတ်နိုင်တဲ့ အနန္တသူရိယတို့၊ ရာဇသင်္ကြန်ရဲ့သား ကညင်ပင်ကို ထုတ်ချင်းခတ် ပေါက်အောင် လှန်နှင့်ထိုးနိုင်တဲ့ ပေါက်လှတို့၊ လူဝံနှင့် တယောက်ချင်းသတ်နိုင်တဲ့ သမိန်ဗရမ်းတို့၊ အဲဒီလို ခိုင်မာတောင့်တင်းတဲ့ အမျိုးသား အမျိုးသမီးတွေဖြစ်လာအောင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသားတွေကို ကျွန်တော်တို့ လုပ်ပေးချင်တယ်။

ဒီလိုလုပ်ပေးနိုင်ဘို့၊ ကျွန်တော်တို့မှာ အကြံကောင်းတွေ ဉာဏ်ကောင်းတွေရှိတယ်။ လူအင်အားငွေအင်အားတွေရှိတယ်။ ဒါပေမဲ့ ဗြိတိသျှတို့ရဲ့ အဓိကရည်ရွယ်ချက်ကြီးက ဗမာပြည်က အမြတ်များများ ရနိုင်သမျှရအောင် ထုတ်ဘို့သာ ဖြစ်တယ်။ ပြည်ထောင်စုသားတွေကို ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငထွေးရှုး၊ ငလုံးလက်ဖယ်တို့လို သန်မာတောင့်တင်း ရောဂါကင်းတဲ့ လူစွမ်းကောင်းတွေ ဖြစ်အောင်လုပ်ပေးဘို့ မဟုတ်ဘူး။ ပြည်ထောင်စုသားတွေ ဒီလိုလူစွမ်းကောင်းတွေ ဖြစ်လာယင် သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကြီးဟာ ပျက်စီးစရာအကြောင်းတွေ ရှိနေတဲ့အတွက် ပြည်ထောင်စုသားတွေဟာ ဗြိတိသျှတွေရဲ့ လက်အောက်မှာ ကျန်းမာတောင့်တင်း ရောဂါကင်းတဲ့ လူစွမ်းကောင်းတွေ ဖြစ်လာနိုင်ဘို့ ဆိုတာကတော့ ကျွန်တော်တို့ မမျှော်လင့်နိုင်ပါဘူး။ ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ အကြံကောင်း ဉာဏ်ကောင်းတွေ ဘယ်လောက်ဘဲရှိရှိ၊ လူအင်အား ပစ္စည်းအင်အားတွေ ဘယ်လောက်ဘဲကောင်းကောင်း၊ ပြည်သူလူထုကြီးရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စိတ်တိုင်းကျ ဘာမျှမလုပ်နိုင်ခဲ့ကြ

ဘူး။ ဗြိတိသျှတို့ရဲ့ အဓိကရည်ရွယ်ချက်ကြီးက ပေါက်ဖွါးလာတဲ့ ကျန်းမာရေးကိုဘဲ လက်ပိုက်ကြည့်နေခဲ့ရတယ်။ ဒါနဲ့ဘဲ ရောဂါ့ရဲ တင်းတိမ်ခဲ့ကြရတယ်။ အဲဒါဟာ ကျန်းမာရေးအချုတ်အချယ် ဖြစ်တယ်။

ကျန်းမာရေးကို ပြောပြီးလို့ စီးပွါးရေးကို ကြည့်ကြရအောင်။ စီးပွါးရေးမှာလဲ ဒီလိုဘဲ။ ဗြိတိသျှတို့ရဲ့ ဗမာပြည်ကို သိမ်းပိုက်ထားတဲ့ အဓိကရည်ရွယ်ချက်ကြီးဟာ ဗမာပြည်က အမြတ်တွေကို ထုတ်နိုင်သမျှ ထုတ်ဘို့ဖြစ်တဲ့အတိုင်း၊ ဗမာပြည်အတွင်းမှာရှိတဲ့ အမြတ်များများကြီး ရနိုင်တဲ့နေရာကောင်းတွေမှန်သမျှ တခြားဘယ်သူမျှဝင်လို့မရဘူး။ ဗြိတိသျှတို့ကသာ လက်ဝါးကြီးအုပ်ထားတာဘဲ။ ဒီလိုဆိုယင် ဗမာပြည်မှာ ဘယ်လုပ်ငန်းတွေဟာ အမြတ်အများကြီးရတဲ့ လုပ်ငန်းကြီးတွေလဲ ဆိုတာကို ဖေါ်ပြဘို့လိုလာပြီ။

ဗမာပြည်မှာ အမြတ်အများဆုံးရတဲ့ လုပ်ငန်းကြီးတွေကတော့ တခြားဟာတွေမဟုတ်ဘူး၊ (၁) ဆန်လုပ်ငန်း၊ (၂) ရေနံနှင့် သတ္တုလုပ်ငန်း၊ (၃) သစ်လုပ်ငန်း၊ (၄) ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုတဲ့ လုပ်ငန်းကြီးလေးရပ်ပင်ဖြစ်တယ်။ ကျွန်တော်တို့ ဗြိတိသျှလက်အောက်မှာနေစဉ်တုန်းက ဒီလုပ်ငန်းကြီးလေးရပ်လုံးဟာ ဗြိတိသျှတို့လက်ထဲမှာ အကုန်လုံးရှိကြတယ်။

ဆန်လုပ်ငန်းက အမြတ်ငွေဟာ နှစ်စဉ်နှစ်တိုင်း ကုဋေနဲ့ချီပြီး ရတယ်။ အမြတ်တွေ အဲသလောက်သာရတယ်၊ လုပ်ငန်းကတော့ သိပ်ပြီးခက်တဲ့လုပ်ငန်းမဟုတ်ဘူး။ အမှန်စင်စစ်ဆိုယင်၊

ဒီဆန်လုပ်ငန်းမှာ နေပူမရှောင် မိုးရွာမရှောင် ကျွဲတွေ၊ နွားတွေနဲ့ ရွံ့ဗွက်တွေထဲမှာ ရုန်းပြီးလုပ်ရတဲ့ အလုပ်က စပြီး နိုင်ငံခြားသင်္ဘောတွေပေါ်ကို ဆန်အိတ်တွေ ရောက်အောင် တင်ပို့ပေးရတဲ့အထိ အလုပ်လုပ်ပေးရသူတွေဟာ ဗမာတွေချည်းဘဲများတယ်။ အင်္ဂလိပ်တွေကတော့ စာရင်းစာအုပ်တွေကိုကိုင်ပြီး ပန်ကာအောက်မှာ ထိုင်အလုပ်လုပ်ကြတာဘဲ။

နောက်ပြီးတော့လဲ နိုင်ငံခြားမှာ သိပ်ပြီး အပြိုင်အဆိုင်ရောင်းရတဲ့ လုပ်ငန်းမျိုးမဟုတ်ဘူး။ ဝယ်ချင်တဲ့လူတွေက ဝယ်ပါရစေဆိုပြီး စပါးပင်တွေ မပေါက်ခင်ကတည်းက၊ ဒီမှာလာပြီး စောင့်နေကြတာ။ ဒီတော့ ဒီလုပ်ငန်းဟာ အမြတ်ကြီးတွေများများရသလောက်၊ ခက်တဲ့လုပ်ငန်းမဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ ဒီလုပ်ငန်းကို ဗြိတိသျှမနေရှင် လူတစုကို လုပ်ခွင့်မပြုဘဲ၊ ပြည်သူလူထုကြီးရဲ့အကျိုးအတွက် လုပ်မယ်ဆိုယင်၊ ဒီဆန်လုပ်ငန်းကရတဲ့ အမြတ်တွေ ကုဋေပေါင်းများစွာဟာ ပြည်သူလူထုအကျိုးအတွက် သုံးစွဲဘို့ ဒီတိုင်းပြည်မှာ ကျန်ရစ်မှာဘဲ။ ဒါကြောင့် ဒီဆန်လုပ်ငန်းကို ဗြိတိသျှအရင်းရှင် လူတစုက လက်ဝါးကြီးအုပ်ပြီး လုပ်နေတဲ့ စံနစ်ဆိုးကို ဖျက်ပစ်ပြီး၊ ဒီနေရာမှာ ပြည်သူလူထုအတွက် ဆန်လုပ်ငန်းကို လုပ်တဲ့စံနစ်သစ်ကို ကျွန်တော်တို့ သိပ်ပြီးအစားထိုးချင်တာဘဲ။ ဒါပေမဲ့ ဗြိတိသျှရဲ့ အဓိက ရည်ရွယ်ချက်ကိုက အမြတ်များများရနိုင်သမျှ ရအောင် ဗမာနိုင်ငံက ထုတ်ယူဘို့ဖြစ်နေတဲ့အတွက်၊ ကျွန်တော်တို့ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ဒီဗြိတိသျှတို့ရဲ့ အဓိက ရည်ရွယ်ချက်ကြီးက ပေါက်ဖွါးလာတဲ့ ဆန်လုပ်ငန်းစံနစ်ဆိုးကြီးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေခဲ့ရတယ်။

ဆန်လုပ်ငန်းကို ပြောပြီးလို့၊ ရေနံနဲ့ သတ္တုလုပ်ငန်းကို
ကြည့်ကြရအောင်။ ဒီလုပ်ငန်းတွေကလဲ အမြတ်တွေ အများ
ကြီးရတဲ့ လုပ်ငန်းတွေဘဲ။ ဒါပေမဲ့ ဒီလုပ်ငန်းတွေ ကျတော့
ကျွန်တော်တို့အတွက် ဆန်လုပ်ငန်းခလောက် မလွယ်ကူလှဘူး။
ဒီလုပ်ငန်းတွေကို လုပ်တဲ့နေရာမှာ (၁) စက်တွေကို အသုံးပြု
ရတယ်၊ (၂) စက်မှုပညာတွေကို တော်တော် ထူးချွန်အောင်
တတ်ရတယ်၊ (၃) အုပ်ချုပ်တဲ့နေရာမှာ ဆန်လုပ်ငန်းတုန်းက
လို စာရင်းကိုင်တတ်ရုံနဲ့ မပြီးဘူး။ လုပ်ငန်းရဲ့ စက်ယန္တရား
ကိုယ်တိုင်ကိုက ပိုမို ရှုပ်ထွေးတဲ့အတွက် စီမံ အုပ်ချုပ်မှုမှာ
ကျွမ်းကျင်စွာ တတ်မြောက်ဘို့ လိုတယ်၊ (၄) ဆန်လုပ်ငန်း
တုန်းကလို ကမ္ဘာ့ဈေးကြီးထဲမှာ အပြိုင်အဆိုင် သိပ်မများ
ဘဲနဲ့ ရောင်းရတဲ့လုပ်ငန်းမျိုး မဟုတ်ဘူး။ အပြိုင်အဆိုင်တွေ
အမြောက်အမြား ခြားထဲမှာ ကိုယ့်ကုန်တွေကို များများတွင်
အောင်နဲ့ အမြတ်များများရအောင် ယှဉ်ပြိုင်ပြီး ရောင်းရတဲ့
လုပ်ငန်း ဖြစ်တဲ့အတွက် ရောင်းမှု ဝယ်မှုမှာလဲ အင်မတန်
ကျွမ်းကျင် လိမ္မာ ပါးနပ်ဘို့လိုတယ်။

အခုကျွန်တော်ပြောခဲ့တဲ့ အချက်ကြီး လေးချက်ဟာ ခက်
တော့ အတော် ခက်ခဲတဲ့ အချက်ကြီးတွေဘဲ။ ဒါပေမဲ့ ဘယ်
လောက်ဘဲ ခက်ခက် ဒီအချက်ကြီးတွေမှာ ကျွမ်းကျင်အောင်
ကျွန်တော်တို့ လေ့လာကြရမယ်။ ဒီလို လေ့လာပြီးတဲ့နောက်
ဒီ သတ္တုတွင်းတွေ၊ ရေနံတွင်းတွေဟာ ကျွန်တော်တို့ရဲ့ နိုင်ငံ
တွင်းက ထွက်တဲ့ သတ္တုတွင်းတွေ၊ ရေနံတွင်းတွေ ဖြစ်တဲ့
အတွက်၊ ဒီတွင်းတွေက ထွက်တဲ့ အမြတ်တွေကို၊ ရှမ်း၊ ချင်း၊
ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် ဆိုတဲ့ ကျွန်တော်တို့

ပြည်ထောင်စုသားတွေရဲ့ အကျိုးအတွက်၊ ကျွန်တော်တို့လုပ်ရမယ်။ ဒီသတ္တုတွင်းတွေ ရေနံတွင်းတွေနဲ့ ပတ်သက်ပြီး ဗြိတိသျှတို့ အကုန်အကျ ခံထားတာတွေရှိယင်၊ တရားမျှတတဲ့ လျော်ကြေးတွေကို ပေးလိုက်ပြီး၊ ကျွန်တော်တို့ ပြည်ထောင်စုသားတွေရဲ့ ကောင်းကျိုးအတွက် ကျွန်တော်တို့ကိုယ်တိုင် ဒီလုပ်ငန်းတွေကို စီမံအုပ်ချုပ် လုပ်ကိုင်သွားကြရမယ်။ ဒါမှတရားရာကျလိမ့်မယ်။ ဒါပေမဲ့ ဒီလုပ်ငန်းတွေကို ဗြိတိသျှတွေရဲ့ လက်ထဲက သိမ်းယူလိုက်ဘို့ မပြောနဲ့၊ ပြောခဲ့တဲ့ အချက်ကြီး လေးချက်ကို ကျမ်းကျင်အောင် ဆွေးလာဘို့ကိုလဲ၊ ကျွန်တော်တို့ အခွင့်မရခဲ့ကြဘူး။ ဒီလုပ်ငန်းတွေကို သိမ်းယူဘို့ဆိုတာကလဲ လွယ်ကူလှတဲ့ အလုပ် မဟုတ်ပါဘူး။ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေထဲမှာ၊ လျော်ကြေးငွေ ပေးမယ်လို့ လွှတ်တော်က အတိအလင်း ဥပဒေဖြင့် ပြဋ္ဌာန်းချက် မရှိဘဲ၊ မည်သူ့ရဲ့ပစ္စည်းကိုမျှ သိမ်းယူခြင်းမပြုရ လို့ဆိုထားတာကိုတွေ့ရတော့၊ လျော်ကြေးငွေ ပေးမယ်ဆိုယင်ဘဲ၊ ဒီ သတ္တုတွင်းတွေ၊ လယ်မြေတွေ၊ စက်ရုံတွေကို သိမ်းနိုင်သလိုလို ထင်ရတယ်။ ဒါပေမဲ့ ဒီအက်ဥပဒေရဲ့ အပိုဒ် အောက်နားက ကပ်ပြီး လွှတ်တော်မှာ ဒီကိစ္စမျိုးနဲ့ ပတ်သက်တဲ့ ဥပဒေကြမ်းကို တင်ချင်ယင်၊ ရှေးဦးစွာ ပဋ္ဌမ ဘုရင်ခံရဲ့ သဘောတူညီချက်ကို တင်ကြိုပြီးယူရမယ်ဆိုတဲ့ အပိုဒ်နဲ့ပြန်ပြီးချုပ်ချယ်ထားတယ်။ ဒီတော့ ဒီဥပဒေရဲ့ သဘောကိုလွယ်လွယ်နဲ့ နားလည်အောင် ရှင်းပြရမယ်ဆိုယင်၊ ဒီအတိုင်း သဘောပေါက်တယ်။ လူ တဦး တယောက်ကဖြစ်စေ၊ ကုမ္ပဏီတခုခုကဖြစ်စေ၊ ပိုင်ဆိုင်တဲ့ပစ္စည်းကို ပြည်သူပိုင် လုပ်ချင်ယင် ဒီပစ္စည်းတွေကို လျော်ကြေးပေးပြီး

သိမ်းပါမယ်ဆိုတဲ့ အက်ဥပဒေတခုကို လွှတ်တော်မှာ ပြဋ္ဌာန်းရမယ်။ ဒီလိုဥပဒေမျိုး လွှတ်တော်မှာ ပြဋ္ဌာန်းချင်တယ်ဆိုယင်၊ မပြဋ္ဌာန်းမီ လွှတ်တော်မှာ ဒီဥပဒေမျိုးကို ဆွေးနွေးခွင့် ရဘို့အတွက် ဘုရင်ခံရဲ့ သဘော တူညီချက်ကို ကြိုတင်ပြီး ယူရမယ်။ ဘုရင်ခံဟာ ဗြိတိသျှတွေ ဗမာနိုင်ငံက အမြတ် များများကြီး ထုတ်ယူနိုင်သမျှ ထုတ်ယူနိုင်အောင် စောင့်ရှောက်ပေးရမဲ့တာဝန်ကြီးကို ထမ်းဆောင်နေရတဲ့အတွက်၊ ဗြိတိသျှတွေရဲ့ပစ္စည်းတွေကို ပြည်သူပိုင် လုပ်မဲ့အဆိုကို လွှတ်တော်မှာ တင်သွင်းဘို့ ဘယ်နည်းနဲ့မှ ခွင့်ပေးမှာမဟုတ်ဘူး။ ဒီတော့ဗြိတိသျှပိုင်ပစ္စည်းတွေကို သိမ်းယူဘို့ဆိုတဲ့ ကိစ္စဟာ တကယ်လုပ်ဘို့ကို မပြောထားနဲ့၊ သိမ်းယူဘို့ဆိုတဲ့ အဆိုကို လွှတ်တော်မှာ ဆွေးနွေးခွင့် ရဘို့တောင် အတော်ခက်ခဲတယ်။ ဒီတော့ ပြည်သူလူထုကြီး ကောင်းစားရေးအတွက် ဒီသတ္တုတွင်းတွေ၊ ရေနံတွင်းတွေကို သိမ်းယူချင်တဲ့ ဆန္ဒဟာ ဘယ့်လောက်ဘဲပြင်းပြပြင်းပြ၊ ဘယ့်လောက်ဘဲကြီးကြီး၊ သွားရည်တွေ ဘယ်သောက်ဘဲ ယိုနေယိုနေ၊ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ အကြံကောင်း ဉာဏ်ကောင်းတွေ ဘယ်လောက်ဘဲရှိရှိ၊ ဘာမှမတတ်နိုင်ဘူး။ ဗြိတိသျှတို့ရဲ့ အဓိက ရည်ရွယ်ချက်ကြီးက ပေါက်ဖွားလာတဲ့ ရေနံလုပ်ငန်းနဲ့ သတ္တုလုပ်ငန်း စီနစ်ဆိုးကြီးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေခဲ့ကြရတယ်။

ဒီသတ္တုလုပ်ငန်း ရေနံလုပ်ငန်းအပြင်၊ အင်မတန် ကြီးကျယ်တဲ့ အမြတ်ကြီးတွေရနိုင်တဲ့ လုပ်ငန်းတခု ရှိသေးတယ်။ ဒီလုပ်ငန်းကတော့ သစ်လုပ်ငန်းဖြစ်တယ်။ ဒီသစ်လုပ်ငန်းဟာ

ရေနံလုပ်ငန်းနဲ့ သတ္တုလုပ်ငန်းလို ခက်ခဲတဲ့ လုပ်ငန်းမဟုတ်ပါဘူး။ ဆန်လုပ်ငန်းမှာတုန်းက လယ်ထွန်ရတဲ့ နေရာကစပြီး ဆန်အိတ်တွေ နိုင်ငံခြား သင်္ဘောပေါ် တင်ပေးရတဲ့ အထိ၊ ကျွန်တော်တို့ ပြည်ထောင်စုသားတွေဟာ တာဝန်အများဆုံး ယူပြီး လုပ်ပေးရသလို၊ သစ်လုပ်ငန်းမှာလဲ သစ်ပင်လှဲတာက အစ ဖေါင်မျှောတာ အလယ်၊ သစ်ခွဲတာ အဆုံးအထိ ကျွန်တော်တို့ တိုင်းရင်းသားတွေဘဲ လုပ်ပေးရတာဘဲ။ နောက်ပြီးတော့လဲ ဒီသစ်လုပ်ငန်းမှာ သုံးတဲ့ စက်မှုပညာဟာ သိပ်ပြီး ကြီးကျယ်လှတာ မဟုတ်ပါဘူး။ ဒါတင်မကသေးဘူး၊ ဒီသစ်လုပ်ငန်းဟာ ကမ္ဘာ့ဈေးကြီးထဲမှာ တခြားနိုင်ငံတွေနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ရောင်းရတဲ့ လုပ်ငန်းမျိုး မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ဆန်ကို ဝယ်ချင်တဲ့လူတွေဟာ အစောကြီးထဲက လာပြီး စောင့်ပြီး ဝယ်ရသလို၊ ကျွန်းကိုလိုချင်တဲ့ လူတွေကလဲ သူ့ထက်ငါ တိုးဈေးပြီး ဝယ်နေကြတယ်။ ဒီတော့ ကျွန်တော်တို့ အတွက် ဒီသစ်လုပ်ငန်းဟာခက်တဲ့ လုပ်ငန်းမဟုတ်ဘူး။ အင်မတန်လွယ်တဲ့ လုပ်ငန်းဖြစ်တယ်။ ဒီလုပ်ငန်းကို ပြည်သူလူထုရဲ့ အကျိုးအတွက် ဗြိတိသျှတွေ လက်ထဲက ကျွန်တော်တို့ သိမ်းယူပြီး သစ်လုပ်ငန်းကိုလုပ်ချင်တာမှ လက်ကို ယားနေတာဘဲ။ ဒါပေမဲ့ ဒီလိုသိမ်းယူမယ်ဆိုတဲ့ ဥပဒေကြမ်းကို လွှတ်တော်မှာ တင်သွင်းခွင့်ရဘို့ ဘုရင်ခံဆီက သဘောတူညီချက်ကို ကြိုတင်ပြီး ယူရမယ်လို့ ကျွန်တော်တို့ကို ချုတ်ချယ်ထားတော့ ကျွန်တော်တို့လဲ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ဗြိတိသျှတို့ရဲ့ အဓိက ရည်ရွယ်ချက်ကြီးက ပေါက်ဖွားလာတဲ့ ဒီသစ်လုပ်ငန်း စံနစ်ဆိုးကြီးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေခဲ့ကြရတယ်။

အခုပြောခဲ့တဲ့ သစ်လုပ်ငန်းတွေအပြင် အမြတ်တွေအများကြီးရနိုင်တဲ့ လုပ်ငန်းတခု ရှိသေးတယ်။ ဒီလုပ်ငန်းကတော့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဖြစ်တယ်။ ဒီလုပ်ငန်းလဲ ဗြိတိသျှတွေရဲ့ လက်ထဲမှာဘဲရှိတယ်။

ရောဝတီသင်္ဘောကုမ္ပဏီဆိုယင် အခုကြွလာတဲ့ လူကြီးမင်းများ အားလုံး ကောင်းကောင်း သိပြီးသားပါဘဲ။ ဒီပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းဟာ နှစ်စဉ်နှစ်တိုင်း အမြတ်တွေ အများကြီးရတယ်။ ဒီလုပ်ငန်းကလဲ သိပ်ခက်တဲ့ လုပ်ငန်းမဟုတ်တော့ ဗြိတိသျှတွေကို သူတို့စိုက်ထားရတဲ့ စရိတ်စကတွေအတွက် တရားမျှတတဲ့ လျော်ကြေးငွေပေးပြီး၊ ဒီပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ပြည်သူလူထုရဲ့ အကျိုးအတွက် ကျွန်တော်တို့ သိပ်လုပ်ပေးချင်တာဘဲ။ ဒါပေမဲ့ လွှတ်တော်မှာ ဥပဒေကြမ်း တင်သွင်းခွင့်ရရုံကလေး အတွက်ကိုဘဲ ဘုရင်ခံထံ သဘောတူညီချက်ကို ကြိုတင်ပြီး ယူရမယ်လို့ ကျွန်တော်တို့ကို ချုပ်ချယ်ထားတဲ့ အတွက်၊ ဒီသင်္ဘောလုပ်ငန်းကို သိမ်းဘို့ ကိစ္စဟာ ဟို ကျွန်ဘဝတုန်းက စိတ်ကူးရုံနဲ့ဘဲ ဇာတ်သိမ်းခဲ့ရတယ်။ သင်္ဘောတွေကို သိမ်းဘို့မပြောနဲ့၊ သင်္ဘောမှာ သုံးတဲ့ ကုန်းဘောင်နဲ့ အုန်းဆံကြိုးကို သိမ်းဘို့တောင် မဖြစ်နိုင်တာကို တွေ့ခဲ့ရတယ်။ ဒါကြောင့် ဒီဗြိတိသျှတို့ရဲ့ အဓိက ရည်ရွယ်ချက်ကြီးက ပေါက်ဖွါးလာတဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး စံနစ်ဆိုးကြီးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေခဲ့ကြရတယ်။

အခုကျွန်တော်ပြောခဲ့တဲ့ ဆန်လုပ်ငန်းမှာ အချုပ်အချယ်ခံရတာတွေ၊ သတ္တုလုပ်ငန်းနဲ့ ရေနံလုပ်ငန်းမှာ အချုပ်အချယ်

ခံရတာတွေ၊ သစ်လုပ်ငန်းမှာ အချုတ်အချယ် ခံရတာတွေ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းမှာ အချုတ်အချယ် ခံရတာတွေ၊ ဒါတွေဟာ စီးပွားရေး အချုတ် အချယ်တွေဘဲ။

ဒီ စီးပွားရေးအချုတ်အချယ်တွေကို ပြောပြီးလို့၊ စာရိတ္တ မြှင့်တင်ရေးကို ကြည့်ရအောင်။ ကမ္ဘာသူ ကမ္ဘာသားတွေထဲ မှာ မွေးကတည်းက လူဆိုးကလေးအဖြစ်နဲ့ မွေးလာတဲ့ လူ တွေလဲ ရှိကောင်း ရှိကြလိမ့်မယ်။ ဒါပေမဲ့ ဒီလိုလူစားမျိုးက အင်မတန် နည်းလိမ့်မယ်။ များသော အားဖြင့် လူတွေရဲ့ အကျင့်စာရိတ္တတွေပျက်စီးရတယ်ဆိုတာကတော့ ဆင်းရဲလို့ဘဲ။

လူတွေမှာ အိမ်နဲ့ယာနဲ့၊ ပစ္စည်းနဲ့ အခြေအနေနဲ့ ပြည့် ပြည့်စုံစုံဖြစ်ယင်၊ အနည်းငယ်မျှသော လူတစုကလွဲလို့၊ လူခပ် များများဟာ မဟုတ်တာကို မလုပ်ကြဘူး။ မဟုတ်တာလုပ်ချင် တဲ့ စိတ်ဖြစ်ယင်၊ ကိုယ့်ရဲ့အခြေအနေကို ပြန်ငဲ့ပြီး၊ မဟုတ်တာ လုပ်ချင်တဲ့ စိတ်တွေကို ဆုံးမပစ်တယ်။ ဒါပေမဲ့ ဝတ်ရတဲ့နေ ရာမှာလဲ အစုတ်ကိုတောင် လုံလုံလောက်လောက် ဝတ်စရာ မရှိ၊ နေရတဲ့ နေရာမှာလဲ ကြွက်သိုက် ငှက်သိုက်နဲ့၊ အစုတ် အချာချင်း နင်လားငါလား ပြိုင်နေတဲ့ တဲစုတ်၊ တဲပွဲ၊ စားရ သောက်ရတဲ့ နေရာမှာလဲ မသေဟင်း မသေထမင်းကိုတောင်မှ မဝတဝ၊ ဒီလိုလူမျိုးကျတော့ သူတို့ရဲ့ဘဝမှာ ဘာကိုမျှ ပြန်ပြီး ငဲ့စရာ မရှိတော့တဲ့အတွက်၊ ခိုးရမှာလဲ မခက်တော့ဘူး၊ လုရ မှာလဲ မခက်တော့ဘူး၊ တိုက်ရမှာလဲ မခက်တော့ဘူး၊ သတ်ရ မှာလဲ မခက်တော့ဘူး။

ကျွန်တော်တို့ ဗမာနိုင်ငံကို ကြည့်ယင်၊ ဗမာ့မြေကြီး ကိုယ်တိုင်ကိုက အင်မတန် ချမ်းသာပေတဲ့လဲ၊ ဒီချမ်းသာတယ်ဆိုတဲ့ဟာတွေ အားလုံးကို ဗြိတိသျှတွေက လက်ဝါးကြီး အုပ်ထားတော့၊ ဗမာတွေဟာ နလံမထူနိုင်အောင် မွဲနေကြတယ်။ ဗမာနိုင်ငံထဲမှာ သေသေချာချာ စာရင်းလိုက်ပြီး ကောက်မယ် ဆိုယင်၊ အခြေအနေနဲ့ နေနိုင်တဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် အစရှိတဲ့ ဘိုင်းရင်းသားတွေက လက်တဆုပ် လောက်ဘဲရှိလိမ့်မယ်။ အလွန်တကာ့ အလွန်ဆုံး တရာမှာငါးယောက်လောက်ဘဲ ရှိလိမ့်မယ်၊ကျန်တဲ့ ၉၅-ရာခိုင်နှုန်းကတော့ ခုတင်က ကျွန်တော်ပြောခဲ့တဲ့ အတိုင်း ဝတ်ရတဲ့နေရာမှာလဲ အစုတ်အနုပ်၊ နေရတဲ့ နေရာမှာလဲ တဲပုတ်၊ စားရာမှာလဲ တလုတ်တဆုပ် ဆိုတဲ့ လူစားတွေသာ ဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့လိုနိုင်ငံမျိုးမှာခိုးမှုတွေ၊ လုမှုတွေ၊ တိုက်မှုတွေ၊ သတ်မှုတွေ ဒုနဲ့ဒေး ဖြစ်နေရတာ အံ့ဩစရာ မဟုတ်ပါဘူး။ ဒီလိုအခြေအနေ အတိုင်းသာဆိုယင်၊ ကျွန်တော်တို့နိုင်ငံမှာသာ မဟုတ်ပါဘူး၊ အမေရိကန်မှာဖြစ်ဖြစ်၊ အင်္ဂလန်မှာဖြစ်ဖြစ်၊ တရုပ်ပြည်မှာဖြစ်ဖြစ်၊ ရုရှားပြည်မှာဖြစ်ဖြစ်၊ ကမ္ဘာပေါ်ရှိဘယ်နိုင်ငံမှာဘဲဖြစ်ဖြစ်၊ ခိုးမှုတွေ၊ လုမှုတွေ၊ တိုက်မှုတွေ၊ သတ်မှုတွေ ဒီလိုဘဲနေမှာဘဲ။

ဒီတော့ အကျင့်စာရိတ္တတွေ ကောင်းကြဘို့ ဘယ်လောက်ဘဲ တရားတွေဟောဟော၊ စာရိတ္တမြှင့်တင်ရေး လုပ်ငန်းတွေဘယ်လောက်ဘဲလုပ်လုပ်၊ အူမတောင့်မှ သီလစောင့်တယ်ဆိုတဲ့စကားလို လူရင့်မကြီးဖြစ်ပြီး၊ လူနဲ့တူအောင်နေနိုင်တဲ့ အခြေအနေမျိုး မရှိတော့၊ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တတွေဟာ

ပျက်ကြမှာဘဲ။ ဗမာနိုင်ငံက အမြတ်တွေကို များများရနိုင်သမျှ ရအောင် ထုတ်ယူရမယ်ဆိုတဲ့၊ ဗြိတိသျှတို့ရဲ့အဓိကရည်ရွယ်ချက်ကြီးဟာ မြန်မာနိုင်ငံမှာ တည်တံ့နေသရွေ့တော့၊ ၉၅-ရာခိုင်နှုန်းလောက်ရှိတဲ့ ပြည်ထောင်စုသား တွေဟာ ဘယ်နည်းနဲ့မှ လူတန်းစေ့နေနိုင်တဲ့ အခြေအနေမျိုးကို ရမှာမဟုတ်ဘူး။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် စီးပွားရေးနဲ့ စာရိတ္တမြှင့်တင်ရေးဟာ တဦးနဲ့တဦး ဘယ်လို အမှီသဟဲ ပြုနေတယ် ဆိုတာကို ကျွန်တော်တို့ ထင်ထင်ရှားရှားကြီး တွေ့နိုင်ပါတယ်။ ဒီတော့ စီးပွားရေးမှာ ကျွန်တော်တို့တတွေ အချုတ်အချယ် ခံနေရတဲ့အတွက်၊ စာရိတ္တမြှင့်တင်ရေးမှာ ကျွန်တော်တို့ ဘာမျှ ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ကြဘူး။ ဒီ ဗြိတိသျှတို့ရဲ့ အဓိကရည်ရွယ်ချက်ကြီးက ပေါက်ဖွားလာတဲ့ တမျိုးသားလုံးရဲ့ စာရိတ္တ ပျက်ပြားမှုကြီးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေရတယ်။ ဒါက စာရိတ္တမြှင့်တင်ရေး ချုတ်ချယ်မှုကြီးဘဲ ဖြစ်တယ်။

စာရိတ္တမြှင့်တင်ရေးကို ပြောပြီးလို့၊ အမျိုးသား စည်းလုံးရေးနဲ့ ပတ်သက်ပြီး ပြောချင်တယ်၊ ဗြိတိသျှတို့ မြန်မာနိုင်ငံမှာ အုပ်စိုး နေစဉ်က၊ အင်္ဂလိပ်လို **Divide and Rule.** ပါဠိလို ဘေဒဉပါယ်၊ မြန်မာလို တိုင်းသူပြည်သားတွေကို သွေးခွဲ၍ အုပ်စိုးခြင်းဆိုတဲ့ လက်နက်ကြီးကို အခြားလက်နက်တွေထက်၊ ပိုပြီး ထိထိရောက်ရောက် သုံးခဲ့တယ်။ ဗြိတိသျှတို့ဘက်ကနေပြီး ကြည့်ယင်၊ ဒီလက်နက်ဟာ အင်မတန် အရေးကြီးတဲ့ လက်နက်ကြီးဖြစ်တယ်။ ဒီ လက်နက်ကိုသုံးလို့၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် ဆိုတဲ့ ပြည်ထောင်စုသား

တွေဟာ ရှမ်းနဲ့ဗမာသွေးကွဲ၊ ဗမာနဲ့ကရင် သွေးကွဲ၊ ဗမာနဲ့ ရခိုင်သွေးကွဲ၊ ဗမာ ဗမာချင်း၊ ရှမ်း ရှမ်းချင်း၊ ကချင် ကချင်ချင်း၊ ကရင် ကရင်ချင်း၊ ရခိုင် ရခိုင်ချင်း သွေးကွဲပြီး ကျွန်တော်တို့ အမျိုးသားတွေမှာ အစိတ်စိတ် အမြွာမြွာ ဖြစ်နေလေလေ၊ ဗြိတိသျှတို့ရဲ့ အုပ်စိုးမှုဟာ ကျွန်တော်တို့နိုင်ငံမှာ တည်မြဲလေ လေဘဲ ဖြစ်မယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုသားတွေဟာ ဗြိတိသျှတို့လက်အောက်မှာ အကြီးအကျယ်ကိုသွေးခွဲခံရတယ်။ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်တွေ ထဲက၊ အမြော်အမြင် အတော်ကြီးမားတဲ့ ခေါင်းဆောင်တွေက အမျိုးသား စည်းလုံးရေးအတွက် ဘယ်လိုဘဲအော်အော်၊ ဘယ်လိုဘဲဟစ်ဟစ်၊ သူတို့ဟာ အာဏာမဲ့တွေဖြစ်နေတော့၊ လူသူမနီး တောတောင်ကြီးထဲမှာသွားပြီး အော်ဟစ်ရသလို အချည်းနှီး အလဟဿဖြစ်ရတာဘဲ။တချို့အင်မတန် အောက်ကျနောက်ကျ ဖြစ်နေတဲ့ ဒေသများမှာဆိုယင် ဒီလို တိုင်းရင်းသား စည်းလုံး ညီညွတ်မှုအတွက် လှုံ့ဆော် ပေးတာဟာ အင်မတန် ကြီး ကျယ်တဲ့ ရာဇဝတ်မှုကြီးလို့ အယူအဆခံရပြီး၊ တချို့ ခေါင်း ဆောင်များဟာ အာဏာပိုင်တို့ရဲ့ မပယ်သင်္ကာမှုတွေ၊ ငြိုငြင်မှု တွေကို အများကြီးခံကြရတယ်။ မကြာခဏလဲ အစိုးစမ်းခံကြရ တယ်။ ဒီလို ကိုယ့်သွေးချင်း သားချင်းတွေနဲ့ ညီညီ ညွတ်ညွတ် နေချင်တဲ့ လူဟာ အင်မတန် ကြောက်စရာ ကောင်းတဲ့ လူတ ယောက်လို့ ပတ်ဝန်းကျင်က ယူဆလာအောင် လုပ်ပေးပြီး အာဏာပိုင်တို့ရဲ့ ညှဉ်းပန်း နှိပ်စက်မှု အမျိုးမျိုးကို အပြင်းအ ထန် ခံခဲ့ကြရဘူးပါတယ်။

အမျိုးသားစည်းလုံးရေးဆိုတာဟာ အင်မတန် အဖိုးတန်
လွန်းလို့၊ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ကိုယ့်ကြငှန်း
တွေနဲ့ နေရတဲ့နိုင်ငံတွေမှာဆိုယင်၊ ဒီအမျိုးသား စည်းလုံး
ရေးကို ရရှိဘို့အတွက် နည်းမျိုးစုံနဲ့ အစွမ်းကုန် ကြိုးစားကြ
တယ်။ တိုင်းသူပြည်သားတွေကို သွေးခွဲပြီး အုပ်စိုးခဲ့တဲ့ဗြိတိသျှ
တို့ရဲ့ လက်အောက်မှာတုန်းကတော့၊ ကျွန်တော်တို့ဟာ အမျိုး
သားစည်းလုံးရေးဆိုတာကိုထားပါအုံး။ ကျွန်တော်တို့ တိုင်း
ရင်းသားအချင်းချင်း တဦးကိုတဦး ကောင်းကောင်းတောင်
မြင်ဘူးခဲ့ကြရဲ့လား။

ဗမာတွေချင်းတောင်ကို သွားချင်တယ်ဆိုယင်၊ ဗြိတိသျှ အာ
ဏာပိုင်တွေက သွားခွင့်မပေးခဲ့ကြဘူး၊ ချင်းတွေက ဗမာပြည်မ
ဘက်ကို လာချင်ပြန်တယ်ဆိုယင်လဲ လာခွင့်မရကြဘူး။ ကချင်
တွေ၊ ရှမ်းတွေ၊ ကယားတွေဆီကို ဒီက သွားချင်တယ်ဆိုလဲ
ဒီလိုဘဲ။ ဟိုကလာချင်တယ်ဆိုလဲ ဒီလိုဘဲ။ ဗြိတိသျှတို့ လက်
အောက်မှာ နေခဲ့ရတုန်းက၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊
ကယား၊ မွန်၊ ဗမာ၊ ရခိုင်ဆိုတဲ့ ပြည်ထောင်စုသားတွေဟာ၊
တခါတလေ လမ်းကြုံလို့ ဆုံမိတဲ့အခါများမှာ၊ တဦးနဲ့တဦး
ဆက်ဆံရတာ ဘယ်တော့မှ မြိန်မြိန်ရှက်ရှက်မရှိလှဘူး။ ရယ်ရ
မလိုလို၊ ငိုရမလိုလို၊ စိတ်ဘဲဘိုရမလိုလို အမြဲဘဲဖြစ်ခဲ့ကြရတယ်။
ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော်တို့နဲ့တွေ့ရတဲ့ ရှမ်း၊ ချင်း၊
ကချင်၊ ကရင်၊ ကယား အစရှိတဲ့ သွေးချင်း သားချင်းတွေ၊
ညီတော် နောင်တော်တွေ၊ ညီမကလေးတွေ၊ အမကြီးတွေ
အပေါ်မှာ ကျွန်တော်တို့က မေတ္တာ ထားတယ် ဆိုတာကို
ဘယ်လောက်ဘဲပြပြ၊ သူတို့ကလဲ အတွင်းသဘောအားဖြင့်

ကျွန်တော်တို့အပေါ်မှာမေတ္တာဘယ်လောက်ဘဲထားထား၊ တယောက်နဲ့တယောက်စကားပြောရတာ ဘယ်တော့မှ မြိန်မြိန်ရှက်ရှက်မရှိလှဘူး။ တယောက်ယောက်နောက်က ရပ်ကြည့်နေသလိုလို၊ ဒီလိုညီတွေ အစ်ကိုတွေ မောင်တွေ နှမတွေ သွေးချင်းသားချင်းတွေ၊သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဖြစ်နေတာကို တဦးတယောက်က သိသွားယင်၊ အပြစ်ဒဏ်ခံရမှာကို ကြောက်နေကြသလိုလို၊ အဲဒီလိုကို ဖြစ်နေခဲ့ကြတယ်။ ဟက်ဟက်ပက်ပက်၊ ရက်ရက်ရောရော နေကြတာကို ဟိုအခါတုန်းက ဘယ်တော့မှ မတွေ့ခဲ့ကြရဘူး။ လွတ်လပ်ရေးရစ၊ ကျွန်တော်တို့တိုင်းရင်းသားတွေဟာ တယောက်ကိုတယောက် လွတ်လွတ်လပ်လပ်တွေ့ရတုန်းကဆိုယင်၊ ကျွန်တော်တို့တွေဟာ သွေးချင်းသားချင်း တိုင်းရင်းသားအချင်းချင်းတွေ ဖြစ်နေတာတောင်၊ တယောက်ကိုတယောက် ယုံရမလိုလို၊ မယုံရဘူးလိုလို တယောက်အကဲကို တယောက်ခတ်ရမလိုလို၊ တယောက်ကိုတယောက် နှုတ်ဆက်ရမလိုလိုရှောင်သွားရမလိုလို၊ ဟိုလိုလို ဒီလိုလိုဖြစ်ခဲ့ကြရတယ်။ ဒီအခါတုန်းက တယောက်ကိုတယောက် တွေ့ရတာဟာ၊ သွေးချင်းသားချင်း၊ တိုင်းရင်းသားအချင်းချင်း တွေ့ကြတာမျိုးမဟုတ်ဘူး၊ တစိမ်းတရံစာတွေကို တွေ့ရတာလိုဖြစ်နေတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှာ၊ ဒီလောက်နီးရက်နဲ့ဝေးဆိုတဲ့ဘဝမျိုးအထိ၊ ကျွန်တော်တို့အချုတ်အချယ်ခံခဲ့ကြရပါတယ်။ ဒါကတော့ အမျိုးသား စည်းလုံးညီညွတ်ရေး ချုတ်ချယ်မှုဘဲဖြစ်တယ်။

လူကြီးမင်းများခင်ဗျား။ အခုကျွန်တော်ပြောခဲ့တဲ့ အချုတ်အချယ်တွေကတော့ လုပ်ချင်တာတွေကို ကိုယ့်အစွမ်းရှိတိုင်း

မလုပ်ရတဲ့အချုတ်အချယ်တွေဘဲ ဖြစ်ပါတယ်။ အခုပြောဘို့ ကျန်နေသေးတာကတော့ တခြားဟာမဟုတ်ပါဘူး။ ကိုယ်မ လုပ်ချင်တာတွေကို လုပ်ရတဲ့အချုတ်အချယ်ဘဲ ဖြစ်ပါတယ်။ ဒီစကားကိုကြားလိုက်တော့ လူကြီးမင်းများ အတော်ကလေး အံ့သြသွားပါလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့မလုပ်ချင်တာတွေ ကို လုပ်ခဲ့ရတဲ့အချုတ်အချယ်တွေထဲက အင်မတန်ထင်ရှားတဲ့ သာဓကတခုကို ကျွန်တော်ထုတ်ပြချင်ပါတယ်။

ဒုတိယကမ္ဘာစစ်ပွဲကြီးကို၊ လူကြီးမင်းများအားလုံးကောင်း ကောင်း မှတ်မိကြပါလိမ့်မယ်။ ဒီ ကမ္ဘာစစ်ပွဲကြီး တုန်းက ဗြိတိသျှအစိုးရက ဂျာမန်နဲ့ ဂျပန်တို့ကို စစ်ကျေညာခဲ့ပါတယ်။ အဲဒီလို ဗြိတိသျှအစိုးရက ကျေညာတဲ့အတွက် ဘာမဆိုင် ညာ မဆိုင် ဗမာနိုင်ငံကလဲလိုက်ပြီး၊ ဂျာပန်ကို စစ်ကျေညာခဲ့ရ တယ်။ အမှန်အတိုင်းဆိုယင် ဂျာမန်နဲ့ ဂျပန်ကို စစ်ကျေညာဘို့ ကျွန်တော်တို့မှာ ဘာမှအကြောင်းမရှိဘူး။ စစ်ရှုံးယင်လဲ တ နိုင်ငံလုံးကျေပြီး၊ ကျွန်တော်တို့တတွေ အင်္ဂလိပ်လက်ထဲက ဂျပန်လက်ထဲရောက်မှာဘဲ၊ စစ်နိုင်ပြန်ယင်လဲ တနိုင်ငံလုံးကျေ ပြီး၊ အင်္ဂလိပ်ရဲ့လက်ထဲမှာဘဲ နေရမှာဘဲ။ ဒီတော့ စစ်နိုင်နိုင်၊ ရှုံးရှုံး ကျွန်တော်တို့အတွက်ကတော့ ဘာမှမထူးဘူး။ တနိုင်ငံ လုံး ကျေသွားတာဘဲထူးမှာဘဲ။ ဒါကြောင့် စစ်ကျေညာဘို့ကို ကျွန်တော်တို့သဘောမတူခဲ့ဘူး၊ ဒီလိုသဘောမတူဘူးဆိုတာကို ဆန္ဒပြဘို့၊ လူထုအစည်းအဝေးတွေ တနိုင်ငံလုံးမှာ ခေါ်ပြီး ဆုံးဖြတ်ချက်တွေချခဲ့ကြတယ်။ ဒါပေမဲ့ သဘောမတူဘူးလို့ နိုင်ငံ က ဘယ်လိုဘဲ ဆန္ဒပြပြ၊ ဗြိတိသျှတို့က လုပ်ရမယ်ဆိုယင် ကျွန် တော်တို့ ဘာမှမတတ်နိုင်ဘူး။ သဘောမတူဘူးလို့ အော်ဟစ်

ခဲ့တဲ့လူတွေ ထောင်ထဲကိုအသွင်းခံရတာကလွဲလို့၊ ကျွန်တော်တို့ ဆန္ဒပြခဲ့တဲ့အတွက် ဘာမှမထူးခြားဘူး။ ဗမာနိုင်ငံဟာ ဗြိတိသျှ တို့ရဲ့သဘောကျအတိုင်း ဒုတိယကမ္ဘာစစ်ကြီးထဲကို ဝင်ပြီး သားဖြစ်ခဲ့တာဘဲ။ အဲဒါဟာ မလုပ်ချင်တာဖြစ်ပေမဲ့ မလုပ်ဘဲ မနေရတဲ့ အချုပ်အချယ်ဘဲဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။ အခုကျွန်တော်ပြောခဲ့တာတွေဟာ ကျွန်တော်တို့ ကျွန်ဘဝမှာတုန်းက တွေ့ခဲ့ရတဲ့ အချုပ်အချယ် တွေကို လွယ်လွယ်နဲ့သဘောပေါက်အောင် အကြမ်းအားဖြင့် ဖေါ်ပြတာဘဲဖြစ်ပါတယ်။ လွတ်လပ်ရေး ရတယ်ဆိုတာက တော့ တခြားဟာမဟုတ်ဘူး။ ဒီအချုပ်အချယ်တွေက လွတ် တာဘဲဖြစ်တယ်။ ၁၉၄၈-ခုနှစ်၊ ဇန္နဝါရီလ ၄-ရက်နေ့ နံနက် ၄-နာရီနဲ့ မိနစ် ၂၀-မှာ၊ ကျွန်တော်တို့ပြည်ထောင်စု နိုင်ငံ တော်ကြီး လွတ်လပ်ပြီလို့ ကျေညာတာဟာ တခြားမဟုတ်ဘူး။ ဒီအချုပ်အချယ်တွေက လွတ်ပြီလို့ ကျေညာလိုက်တာဘဲ ဖြစ် တယ်။

အဲဒီနေရာမှာ ကျွန်တော်တို့အထူးသတိချပ်ဘို့ အချက်ကြီး တချက်ရှိတယ်။ ဒီအချက်ကတော့ တခြားဟာမဟုတ်ဘူး။ ဒီလို အချုပ်အချယ်တွေက လွတ်ရုံနဲ့ ကျွန်တော်တို့ လိုချင်တာတွေ ဘာမှဖြစ်ပေါ်မလာသေးဘူး။ လိုချင်တာတွေ ဖြစ်ပေါ်လာစေ ချင်ယင်၊ ကျွန်တော်တို့ ဆက်ပြီးအင်အားရှိသလောက်၊ အစွမ်း ရှိသလောက် အလုပ်လုပ်ကြရအုံးမယ်ဆိုတဲ့ အချက်ဘဲ ဖြစ် တယ်။ ဥပမာ ကျွန်တော်တို့ဟာ ပညာရေး အချုပ်အချယ် အောက်က လွတ်လာပြီဆိုတာနဲ့၊ ကျွန်တော်တို့လိုချင်တဲ့ သခင် ပညာရေးဟာ မြေကြီးက အလိုအလျောက် ပေါက်လာမှာ

မဟုတ်ဘူး။ မိုးပေါ်က အလိုအလျောက် ကျလာမှာမဟုတ်ဘူး။ သခင်ပညာကိုလိုချင်တယ်ဆိုယင်၊ သခင်ပညာရေးစီမံကိန်းကို ဆွဲရမယ်။ လိုတဲ့အဆောက်အအုံတွေကို ဆောက်ရမယ်။ လိုတဲ့ ကျောင်းသုံးကိရိယာတန်ဆာပလာ ပစ္စည်းတွေကို ရှာရမယ်။ ပညာရေးစံနစ်သစ်ကို အကောင်အထည်ဖေါ်ပေးနိုင်မဲ့ ဆရာတွေ အလုံအလောက် ပေါ်ပေါက်လာအောင် လုပ်ပေးရမယ်။ ပညာရေးစံနစ်သစ်အရ၊ လိုအပ်တဲ့ ကျောင်းသုံးစာအုပ်တွေ လုံလုံလောက်လောက် ပေါ်ပေါက်လာအောင် ကြိုးစားရမယ်။ ဒါတွေကို အစွမ်းရှိသရွေ့၊ အင်အားရှိသရွေ့ လုပ်ကြရမယ်။ ဇွဲကောင်းကောင်းနဲ့ လုပ်ကြရမယ်။ စည်းကမ်း သေသေဝပ်ဝပ်နဲ့ လုပ်ကြရမယ်၊ သတ္တိရှိရှိနဲ့ လုပ်ကြရမယ်။

အခုပြောတာတွေကိုမလုပ်ဘဲ၊ လွတ်လပ်ရေးရပြီဟေ့၊ ဒို့တာဝန်တွေ ကုန်ပြီဟေ့ ဆိုပြီး ထိုင်နေကြမယ်၊ လက်ပိုက်ကြည့်နေကြမယ်၊ တယောက်ကို တယောက် ကဖျက်ယဖျက် လုပ်ကြမယ်၊ သူပုန်ထတမ်းကစားကြမယ်ဆိုယင်၊ ဗြိတိသျှတွေ ထားပစ်ခဲ့တဲ့ ကျွန်ပညာဆိုးကြီးနဲ့ဘဲ တင်းတိမ်ရမှာဘဲ။

ကျမ်းမာရေးမှာလဲ ထိုနည်းအတိုင်းဘဲ။ ပြည်ထောင်စုသားတွေမှာ ကျန်းမာမှု အခွင့်အရေးတွေကို တင်ပြည့်ကျပ်ပြည့် ရစေချင်တယ်ဆိုယင်၊ လွတ်လပ်ရေးရပြီ ဘာမှလုပ်စရာမလိုတော့ဘူးဆိုပြီး ထိုင်နေလို့မဖြစ်ဘူး။ ကျန်းမာမှုအခွင့်အရေးတွေကို ပြည်တောင်စုသားတိုင်း တင်ပြည့် ကျပ်ပြည့် ခံစားနိုင်တဲ့ ကျန်းမာရေးစီမံကိန်းတွေ ဆွဲရမယ်။ ဒီစီမံကိန်းတွေကို အကောင်အထည်ဖေါ်ဘို့ ဆေးရုံတွေ၊ ဆေးပေးခန်းတွေ၊ သားဖွားခန်းတွေ၊ အမြောက်အမြား ဆောက်ပေးရမယ်။ ဆေးကုတဲ့နေရာ

မှာသုံးတဲ့ဆေးတွေ၊ ကိရိယာတန်ဆာပလာတွေကို အမြောက်အမြားရှာပေးရမယ်။ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဝမ်းဆွဲတွေ၊ ဆေးစပ်သမားတွေ၊ ကျောက်ထိုးဆရာတွေ၊ အဲဒါတွေ လုံလုံလောက်လောက် ရအောင် ဖန်တီးပေးရမယ်။ လွတ်လပ်ရေး ရပြီဆိုပြီးထိုင်နေရုံနဲ့၊ လက်ပိုက်ကြည့်နေရုံနဲ့၊ အပျော်ကြူးနေရုံနဲ့၊ သူပုန်ထတမ်းကစားနေရုံနဲ့၊ ဒါတွေဟာအလိုအလျောက်ပေါ်လာကြမှာမဟုတ်ဘူး။ ဒါတွေပေါ်လာအောင်၊ ကျွန်တော်တို့ ပြည်ထောင်စုသားတွေဟာ လူအား၊ ဥာဏ်အား၊ ပစ္စည်းအားရှိသရွေ့တွေနဲ့ အစွမ်းကုန် လုပ်ကြရလိမ့်မယ်။

စီးပွားရေးမှာဆိုလဲ ဒီလိုဘဲ။ လွတ်လပ်ပြီဆိုရုံနဲ့ ကျွန်တော်တို့ လိုချင်တဲ့ ငွေတွေနဲ့ပစ္စည်းတွေဟာ၊ ကျွန်တော်တို့ လက်ထဲကို အလိုအလျောက် ရောက်လာကြမှာ မဟုတ်ဘူး။ ဒီငွေတွေ ဒီပစ္စည်းတွေ ဖြစ်ပေါ်လာအောင် စီးပွားရေး စီမံကိန်းတွေ ရေးဆွဲရမယ်။ ဒီစီးပွားရေး စီမံကိန်းတွေအရ၊ စက်ရုံကြီးတွေ ဆောက်ရမယ်။ စက်ရုံကြီးတွေမှာ အလုပ်လုပ်နိုင်ဘို့ စက်မှုလက်မှုပညာတတ်ကျွမ်းတဲ့ အလုပ်သမားတွေပေါ်လာအောင် ဖန်တီးပေးရမယ်။သစ်တွေကို ပိုထွက်အောင် လုပ်ရမယ်။ လယ်တွေ ယာတွေက အသီးအနှံတွေ ဆထက်ထမ်းပိုး တိုးလာအောင် နည်းမျိုးစုံနဲ့ အားထုတ်ရမယ်။ လွယ်လွယ်နဲ့ လုပ်လို့ရတဲ့ လုပ်ငန်းတွေကို ခပ်မြန်မြန် ပြည်သူပိုင်လုပ်ရမယ်။ ခပ် ခက်ခက် လုပ်ငန်းတွေကျတော့၊ ဒီလုပ်ငန်းတွေကို မျှားမကြာခင် ပြည်သူပိုင် လုပ်နိုင်အောင် ဒီ လုပ်ငန်းတွေနဲ့ဆိုင်တဲ့ ဗဟုသုတတွေကို ဆည်းပူးရမယ်၊ လေ့လာရမယ်၊ သင်ကြားရမယ်။ ဒီအလုပ်တွေကို ဥာဏ်အား၊ လူအား၊ ပစ္စည်းအားတွေရှိသမျှ အ

စွမ်းကုန် သုံးပြီး၊ ကျွန်တော်တို့ အလုပ်လုပ်ကြရမယ်။ ဒီလို မဟုတ်ဘဲ လက်ပိုက် ကြည့်နေကြမယ်၊ ရှေးတုန်းကလိုဘဲ-ဟေး လား ဝါးလားနဲ့ ပိုကာဒေါင်းယင်း၊ ကဇော်သောက်ယင်း အချိန်ကုန်နေကြမယ်၊ သူပုန်ထတမ်းကစားနေကြမယ် ဆိုယင် တော့၊ လွတ်လပ်ရေးရတယ်ဆိုရုံနဲ့ ဘဝသစ်ဖန်တီးဘို့အတွက် ကျွန်တော်တို့ အလိုရှိနေတဲ့ ပစ္စည်းတွေ၊ ငွေတွေကို ဘယ်နည်း နဲ့မှ ရနိုင်မှာမဟုတ်ဘူး။

စာရိတ္တမြှင့်တင်ရေးလုပ်ငန်းမှာလဲ ဒီလိုပါဘဲ။ အူမတောင့် မှ သီလစောင့်တယ် ဆိုတဲ့ စကားအတိုင်း၊ ပြည်ထောင်စုသား တိုင်း အူမတောင့်တင်းအောင်၊ တဘက်ကနေပြီး ကြိုးစားပေး ရမယ်။ အခြားတဖက်ကလဲ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင် လာစေ နိုင်တဲ့ ပညာရေး၊ ဘာသာရေး အစီအစဉ်တွေနဲ့ အစွမ်းကုန် ကြိုးစားပေးရမယ်၊ ဒီလိုမလုပ်ဘဲ လက်ပိုက် ကြည့်နေကြမယ်၊ ဟေးလားဝါးလားနဲ့ အချိန်ကုန် နေကြမယ်၊ သူပုန်ထတမ်း ကစားနေကြမယ် ဆိုကြယင်တော့ လွတ်လပ်ရေးရတယ်ဆိုရုံနဲ့ ပြည်ထောင်စုရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ အလိုလို ကြံ့ခိုင်လာ မှာ မဟုတ်ပါဘူး။

အမျိုးသား စည်းလုံးရေးမှာလဲ ဒီလိုပါဘဲ။ လွတ်လပ်ရေး ရတယ်ဆိုတာနဲ့ ပြည်ထောင်စုသားတွေဟာ၊ သူ့ဟာသူ အလို လိုစည်းလုံးလာကြမှာ မဟုတ်ပါဘူး။ အခု ကျွန်တော်တို့ လုပ် နေသလို ဒီကလူတွေ ဟိုသွားလည်လိုက်၊ ဟိုကလူတွေ ဒီလာ လည်လိုက်၊ ပြည်ထောင်စုနေ့တွေ၊ ပြည်ထောင်စုသကြန်ပွဲတွေ ကျင်းပလိုက်၊ ပြည်ထောင်စုတခုလုံးနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ အတူတူတွဲပြီးလုပ်လိုက်၊ ပြည်ထောင်စုကြီးရဲ့ ရန်သူတွေ ပေါ်

လာတဲ့အခါမှာ အတူတူဝိုင်းပြီး ချလိုက်ဆိုတဲ့ အလုပ်မျိုးတွေနဲ့ အမျိုးသား စည်းလုံးရေး မဏ္ဍိုင်ကြီးကို တနေ့ထက် တနေ့ ဆထက်တပိုး တိုးပြီး ခိုင်မာ တောင့်တင်း လာအောင်၊ ကျွန်တော်တို့တတွေ ဉာဏ်စွမ်းရှိသမျှ၊ နှုတ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှတွေနဲ့ အစွမ်းကုန် ဆောင်ရွက်ကြရမယ်။

ဒီလိုမလုပ်ဘဲ လွတ်လပ်ရေး ရတယ်ဆိုရုံနဲ့တော့ ဒီအမျိုးသား စည်းလုံးရေး မဏ္ဍိုင်ကြီးဟာ သူ့ဟာသူ အလိုလိုဘယ်နည်းနဲ့မှ ခိုင်မာ တောင့်တင်းလာမှာ မဟုတ်ပါဘူး။

လူကြီးမင်းများခင်ဗျား။ အခုကျွန်တော် ရှည်ရှည်လျားလျားကြီး ပြောလာခဲ့တဲ့ အချက်တွေကို နားထောင်ပြီးတဲ့နောက်၊ လွတ်လပ်ရေး ရတယ်ဆိုတာဟာ (၁) အချုပ် အချယ်တွေက လွတ်ရုံသာ လွတ်သေးတယ်ဆိုတဲ့အချက်ရယ်၊ (၂) ဒီလို အချုပ်အချယ်တွေက လွတ်ရုံနဲ့ ဘဝသစ် ဖန်တီးရေးကြီးဟာ သူ့အလိုအလျောက် ပေါ်မလာနိုင်သေးဘူး။ ဘဝသစ် ပေါ်လာ စေချင်ယင် ဉာဏ်စွမ်းရှိသမျှ၊ လူစွမ်းရှိသမျှ၊ ပစ္စည်းအင်အား ရှိသမျှတွေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေအားလုံး ကိုယ်တတ်တဲ့ ဘက်ကနေပြီး၊ အစွမ်းကုန်ကြိုးစားအားထုတ် အလုပ်လုပ်ပေး ကြရအုန်းမယ် ဆိုတဲ့အချက်ရယ်၊ အဲဒီအချက်နှစ်ချက်ကို အတော်သဘော ပေါက်နေကြပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

## ၂။ တော်လှန်ရေးဆိုသည်မှာ

### ၁၉၅၃-ခုနှစ်၊ မတ်လ ၂၇-ရက် တော်လှန်ရေးနေ့မိန့်ခွန်း

ယနေ့ဟာ ရှစ်ကြိမ်မြောက် တော်လှန်ရေးနေ့ ဖြစ်တယ်။ တော်လှန်ရေးဟာ ဘာလဲဆိုတာကို ရှေးအခါက သုံးလေးကြိမ်ဆိုသလို ကျွန်တော်ရှင်းပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ ဒီလိုတော်လှန်ရေးနေ့မှာ၊ တော်လှန်ရေးရဲ့အဓိပ္ပါယ်ကို ကျွန်တော်ထပ်ပြီး တတ်စွမ်းသရွေ့ ရှင်းပြလိုပါသေးတယ်။

ခုအခါမှာ တော်လှန်ရေးဆိုတဲ့စကားဟာ အတော်ကလေးခေတ်စားနေတော့၊ လူတိုင်းက တော်လှန်ရေးသမား လုပ်ချင်နေကြတယ်။ စာရေးဆရာကလဲ တော်လှန်ရေး စာရေးဆရာလုပ်ချင်၊ ပန်းချီဆရာကလဲ တော်လှန်ရေးပန်းချီဆရာလုပ်ချင်၊ ကျောင်းသားကလဲ တော်လှန်ရေးကျောင်းသားလုပ်ချင်၊ နိုင်ငံရေးသမားကလဲ တော်လှန်ရေးနိုင်ငံရေးသမားလုပ်ချင်၊ ကုန်ကုန်ပြောမယ် ဓါးပြတွေကတောင် တော်လှန်ရေးဓါးပြလုပ်ချင်၊ အဲဒီလို လူတိုင်းက တော်လှန်ရေးသမားလုပ်ချင်နေတယ်။ ဒါကြောင့် ဒီကနေ့ အဘို့မှာဆိုယင်၊ တခြားအချိန်အခါများထက် တော်လှန်ရေးဆိုတာ ဘာလဲဆိုတာကို အစစ်အမှန်သိဘို့ ပိုပြီးလိုတယ်။ တော်လှန်ရေးဆိုတာဟာ၊ ကိုယ်တိုင်ဘာမှ နားမလည်ဘဲနဲ့၊ သူများယောင်တာနဲ့ ထပြီးယောင်လို့ ဖြစ်တာမျိုးမဟုတ်ဘူး။ စာအုပ်သေကြီးတွေကိုဖတ်ပြီး၊ လှေနံထားထစ်လုပ်လို့လဲ ရနိုင်တာမျိုးမဟုတ်ဘူး။

စာရေးဆရာဘဲဖြစ်ဖြစ်၊ ပန်းချီဆရာဘဲဖြစ်ဖြစ်၊ ကျောင်းသားဘဲဖြစ်ဖြစ်၊ နိုင်ငံရေးသမားဘဲ ဖြစ်ဖြစ်၊ သူခိုးဓါးပြဘဲ ဖြစ်ဖြစ်၊

တော်လှန်ရေးသမား စစ်စစ်ဖြစ်ချင်တယ်ဆိုယင် တော်လှန်ရေး ဆိုတဲ့ အဓိပ္ပါယ်ကို ရှေးဦးစွာ ပဌမ ကောင်းကောင်းကြီး နားလည်ဘို့လိုတယ်။ ဒီတော့ တော်လှန်ရေးဆိုတာဘာလဲ။

တော်လှန်ရေးဆိုတာဟာ တခြားမဟုတ်ဘူး။ လူ့တိုးတက်မှုတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ်ဆိုယင်၊ လူတွေရဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ်ဆိုယင်၊ ဒီဆန့်ကျင်ဘက်တွေဟာ၊ ဝါဒဘဲဖြစ်ဖြစ်၊ အကြံအစည်ဘဲဖြစ်ဖြစ်၊ အတွေးအခေါ်အယူအဆဘဲဖြစ်ဖြစ်၊ အဖွဲ့အစည်းဘဲဖြစ်ဖြစ်၊ အစိုးရစက်ယန္တရားကြီးဘဲဖြစ်ဖြစ်၊ ဒီဆန့်ကျင်ဘက်မှန်သမျှကို အမြစ်ကပါ သုတ်သင်ပစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဘဲ ဖြစ်တယ်။ တော်လှန်ရေးရဲ့အဓိပ္ပါယ်ကို တော်လှန်ရေးသမားဖြစ်နေပြီလို့ ကိုယ့်ကိုယ်ကို ကိုယ်ယုံကြည်နေတဲ့ လူတွေရော၊ တော်လှန်ရေးသမားဖြစ်ချင်နေတဲ့လူတွေရော ဒီအဓိပ္ပါယ်ကို ကောင်းကောင်းသတိထားရမယ်။ ဒီအဓိပ္ပါယ်ကို ကောင်းကောင်းသဘောမပေါက်ဘဲနဲ့၊ တော်လှန်ရေး ဆိုသည်ကား အခြားမဟုတ်။ လက်နက်ကိုင်ပြီး တိုက်တဲ့ဟာ မှန်သမျှဟာ တော်လှန်ရေးဖြစ်တယ်၊ လက်နက်ကိုင်တိုက်တဲ့ လူမှန်သမျှ တော်လှန်ရေးသမားဖြစ်တယ်ဆိုတဲ့အချက်ကို ပြောသံကြားနဲ့ အပေါ်ယံမှတ်ထားပြီး၊ တတိုက်ထဲ လျှောက်တိုက်နေကြမယ်ဆိုယင် တော်လှန်ရေးသမားမဖြစ်ဘဲ ကျွန်တော် ငယ်ငယ်က ကြားဘူးခဲ့တဲ့ ပုံတခုထဲက ဖိုးအကြီးဖြစ်နေမှာကို စိုးရတယ်။

ကျွန်တော်ကြားဘူးတဲ့ ပုံက ဒီလိုဖြစ်ပါတယ်။ ရှေးရှေးတုံးက ဖိုးအကြီးလို့ဆိုတဲ့၊ ဖိုးသုညတွေကတောင် ဘကြီးလို့ ခေါ်ရတဲ့ အူကြောင်ကြောင် လူအ ကြီးတယောက်ရှိတယ်၊

ဒီအူကြောင်ကြောင် လူအ,ကြီးဟာ၊ တနေ့ကျတော့ ထမင်းဆာတာနဲ့၊ ထမင်းတောင်းစားရမဲ့ အိမ်တအိမ်ကို ရှာရိုးမှာ လျှောက်ပြီး ရှာတယ်။ ဒီတော့ မသာအိမ်တအိမ်မှာ လူတွေအုံနေတာ မြင်တာနဲ့ ဒီမသာအိမ်ထဲ ဖိုးအ ကြီးဝင်သွားပြီး၊ ဟား-ဟား-ဟား-ဟားနဲ့ ကျယ်ကျယ်လောင်လောင် ရယ်လိုက်တယ်။ ဒီအခါမှာ မသာအိမ့်ရှင်က ဖိုးအ ကြီးရယ်၊ လူတွေ စိတ်ညစ်နေရတဲ့အထဲ၊ မင်းကဘာဖြစ်လို့ ဒီလို ကျယ်ကျယ်လောင်လောင် ရယ်ရတာလဲလို့မေးတော့၊ ကျွန်တော် ထမင်းစားချင်လို့ပါ ခင်ဗျာလို့ ဖိုးအ ကြီးက ပြန်ပြောတယ်။ ဒီတော့ မသာအိမ့်ရှင်က ဖိုးအ ရယ်၊ နင်ကလဲ သိပ်အတာဘဲ။ ထမင်းစားချင်ရင် ငိုရတယ်လို့ပြောပြီး ထမင်းကျွေးလွှတ်လိုက်တယ်။ မသာအိမ့်ရှင်ကတော့ ပတ်ဝန်းကျင် အခြေအနေကိုကြည့်ပြီး၊ မသာအိမ်ဆိုတာ ငိုရတယ်လို့ သင်လွှတ်လိုက်တာဘဲ။ ဒါပေမဲ့ ဖိုးအ ကြီးကတော့ ဒီပတ်ဝန်းကျင်အခြေအနေတွေ ဘာတွေကို ဘာမှ နားမလည်ရှာဘူး၊ သူက ဖိုးအ ကြီးဆိုတဲ့အတိုင်း ခပ်အအ ဆိုတော့၊ ထမင်းစားချင်ရင် ငိုရတယ်ဆိုတာတခုကိုဘဲ မှတ်ထားပြီး၊ ငါတော့ ထမင်းစားဘို့အတွက် ပညာကောင်းတခု ရပြီဆိုတဲ့အနေနဲ့ အတော်ဘဝင်မြင့်သွားတယ်။

ဒါနဲ့ နောက်တနေ့ ထမင်းစားချိန်ကျတော့၊ ထမင်းတောင်းစားရမဲ့အိမ်ကို ရှာရိုးမှာလည်ပြီးရှာယင်း၊ မင်္ဂလာဆောင်တခုကိုရောက်သွားတယ်၊ ကိုယ့်ကိုယ်ကို တက္ကသိုလ်ပြန်ထက်ပိုပြီးအထင်ကြီးနေတဲ့ ဒီဖိုးအ ကြီးက၊ မင်္ဂလာဆောင်အိမ်ကိုဝင်တဲ့ပြီး၊ ဘာမပြော ညာမပြောနဲ့ ချုန်းမဲ့ချငိုတော့တာဘဲ။ မင်္ဂလာဆောင်အိမ်ရှင်က မင်္ဂလာဆောင်ကိုလာဖျက်

တယ်ဆိုပြီး ဝိုင်းချကြတော့မှ၊ ကျွန်တော်ထမင်းစားချင်လို့ ငိုမိပါတယ်လို့ ဖိုးအ ကြီးကပြန်ပြောတယ်။ ဒီတော့ အိမ်ရှင်က "ဖိုးအရယ် မင်းမှာလဲ နာမယ်နဲ့လိုက်အောင်ကို တယ်ပြီး အရန်ကော။ ထမင်းစားချင်ယင် သီချင်းဆိုပြီး က,ရတယ်ဟ''လို့ သင်ပေးပြီး၊ ထမင်းကျွေးလွှတ်လိုက်ကြတယ်။

ဒီအခါမှာလဲ အင်မတန် အ တဲ့ ဖိုးအ ကြီးဟာ၊ ထမင်းစားချင်ယင် သီချင်းဆိုပြီး က,ရတယ်ဆိုတာ ဘာ့ကြောင့်လဲ ဆိုတဲ့ သဘောတရားကို မဆင်ခြင် မသုံးသပ်မိသေးဘူး။ လူကလဲ နာမယ်နဲ့လိုက်အောင် အ,တဲ့ ဖိုးအ ကြီးဆိုတော့ သဘောတရားတွေ၊ ပတ်ဝန်းကျင် အခြေအနေတွေကို ယထာဘူတကျအောင် ဘယ်မှာသုံးသပ်နိုင်ပါ့မလဲ။ ထမင်းစားချင်ယင် သီချင်းဆိုပြီး၊ ကရတယ်ဆိုတာလောက်ကိုသာ အဖျားဆွတ်ပြီး အပေါ်ယံ မှတ်ထားလိုက်တာဘဲ။

နောက်တခါ ထမင်းစားချိန်ကျပြန်တော့ ရှေးကလိုဘဲ ရွာရိုးလျှောက်ပြီးရှာတဲ့အခါ၊ လင်မယားနှစ်ယောက် ရန်ဖြစ်နေတာကို တွေ့ရတယ်။ ထမင်းစားချင်ယင်၊ သီချင်းဆိုပြီး က,ရတယ်ဆိုတာလောက်ကိုသာ အဖျားဆွတ်ပြီး မှတ်ထားတဲ့ ဖိုးအကြီးဟာ၊ လင်မယားနှစ်ယောက် သတ်နေတဲ့နေရာမှာသွားပြီး၊ သီချင်းဆိုပြီး က,ပြန်ရော။ ဒီတော့ ဒေါသထွက်နေတဲ့ လင်မယားနှစ်ယောက်စလုံးက ဝိုင်းပြီးရိုက်လိုက်တာ ဖိုးအ ကြီးလဲ မသေရုံတမယ်ဘဲ ကျန်တော့တယ်။ ထမင်းစားချင်လို့ သီချင်းဆိုပြီး က ရတဲ့အကြောင်းကို ပြန်ပြောတော့၊ လင်မယားနှစ်ယောက်စလုံးက ထမင်းစားချင်ယင် သတ်နေတာကိုဖျဉ်ရတယ်လို့ ပြောပြီးလွှတ်လိုက်ကြတယ်။ အဖျားဆွတ်ပြီး မှတ်ရုံသာ

မှတ်တတ်တဲ့ ဖိုးအ ကြီးကလဲ ဒီစကားကို မှတ်ထားပြန်တယ်။ ဒီနောက် ထမင်းဆာဆာနဲ့ ထမင်းစားရအောင် ထမင်းအရှာ ထွက်ယင်း ကျွဲနှစ်ကောင် ခတ်နေတဲ့နေရာကို ရောက်သွားပြန် ရော။ ဒီတော့ ထမင်းစားချင်ယင် သတ်နေတာကို ဖျဉ်ရတယ် ဆိုတာကလေးတခုကိုသာ အဖျားဆွတ်ပြီးမှတ်ထားတဲ့ ဖိုးအ ကြီးဟာ ထမင်းစားရမလားလို့ ကျွဲနှစ်ကောင်ခတ်တာကို ဝင် ပြီးဖျဉ်လိုက်တာ ကျွဲခတ်ခံရပြီး စင်းစင်းကြီးသေရှာပါရော။

ဒီကနေ့အဘို့ ကျွန်တော်တို့ပြည်ထောင်စုကြီးထဲမှာ ဒုက္ခ တွေပင်လယ်ဝေနေရတာ တခြားကြောင့်မဟုတ်ဘူး။ အရင်း စစ်ယင် အမြစ်မြေကဆိုသလို ဘာတခုကိုမှ ခြေခြေမြစ်မြစ်သိ အောင် စုံစမ်းလေ့လာခြင်းလဲမရှိ၊ စုံစမ်းလေ့လာချင်ပြန်ပါလဲ စုံစမ်းလေ့လာနိုင်တဲ့ အခြေခံမရှိတဲ့ ဒီဖိုးအကြီးတွေ၊ ဖိုးအက လေးတွေကြောင့်ဘဲ ဖြစ်တယ်။

ဒီ ဖိုးအကြီးတွေ၊ ဖိုးအ ကလေးတွေဟာ တော်လှန်ရေး ဆိုတာဟာ ဘာဆိုတာကိုလဲ သေသေချာချာ နားမလည်ဘူး။ ဒီလိုနားမလည်တော့ ဘာကို တော်လှန်ရမယ် ဆိုတာကိုလဲ မစဉ်းစားနိုင်ဘူး။ ဘယ်လိုတော်လှန်ရမယ်ဆိုတာကိုလဲ မစဉ်း စားနိုင်ဘူး။ ဘယ်အချိန်တော်လှန်ရမယ်ဆိုတာကိုလဲမစဉ်းစား နိုင်ဘူး။ သေနတ်ကိုင်ပြီးတိုက်နေယင် တော်လှန်ရေးဖြစ်တယ်၊ ဒီလို တိုက်နေတဲ့လူတွေဟာ တော်လှန်ရေးသမားတွေဖြစ်တယ် ဆိုတာကိုသာ ဖိုးအ ကြီးလို အဖျားဆွတ်မှတ်ထားပြီး တတိုက် ထဲတိုက်နေကြတာဘဲ။

ခုတင်က တော်လှန်ရေးဆိုတာဟာ ဘာလဲလို့ ကျွန်တော် မေးခဲ့ပြီး၊ "တော်လှန်ရေးဆိုတာ တခြားမဟုတ်၊ လူ့တိုးတက်မှု

တွေနဲ့ ဆန့်ကျင်ဘက် ဖြစ်မယ်ဆိုယင်၊ လူတွေရဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ်ဆိုယင်၊ ဒီဆန့်ကျင်ဘက်တွေဟာ၊ ဝါဒဘဲဖြစ်ဖြစ်၊ အကြံအစည်ဘဲဖြစ်ဖြစ်၊ အတွေးအခေါ် အယူအဆဘဲဖြစ်ဖြစ်၊ အဖွဲ့အစည်းဘဲဖြစ်ဖြစ်၊ အစိုးရ စက်ယန္တရားကြီးဘဲဖြစ်ဖြစ်၊ ဒီဆန့်ကျင်ဘက်မှန်သမျှကို အမြစ်က သုတ်သင်ပစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဘဲဖြစ်တယ်'' လို့ ကျွန်တော်ဖြေခဲ့ပြီးပြီ။ ကျွန်တော်ရဲ့အဖြေဟာမမှန်ဘူး၊ မှားတယ်လို့ ဘယ်သူငြင်းရဲမလဲ၊ငြင်းရဲယင် ထွက်ခဲ့ကြပါ။ ကျွန်တော့ကိုထောက်ခံတဲ့လူဘဲဖြစ်ဖြစ်၊ ကျွန်တော့ကို ဆန့်ကျင်ဘက်လုပ်နေတဲ့လူဘဲဖြစ်ဖြစ်၊ ဒီအဖြေကို ငြင်းရဲလိမ့်မယ်လို့ ကျွန်တော်မယူဆဘူး။ ဘာဖြစ်လို့လဲဆိုယင်၊ ဒီအဖြေဟာ မငြင်းနိုင်အောင်ကို မှန်နေတဲ့အဖြေဖြစ်နေတယ်။ ဒီတော့ တော်လှန်ရေးသမားလို့ ကိုယ့်ကိုယ်ကို ခေါ်ပြီး ကိုယ့်ကိုယ်ကို ထင်ရာစိုင်းနေကြတဲ့လူတွေရဲ့ ဆောင်ရွက်ပုံတွေဟာ တော်လှန်ရေးဟုတ် မဟုတ် ခဏလောက် ချိန်ထိုးကြည့်ရအောင်။

လောင်စာနဲ့ ပြာပုံဖြစ်နေတဲ့နိုင်ငံမှာ၊ ဆူပူသောင်းကျန်းခြင်း အားဖြင့် နိုင်ငံသူ နိုင်ငံသားတွေမှာ တိုးတက်မှုနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုဘယ်လိုရမလဲ။ ငွေတိုက်တွေဖေါက်ခြင်းဖြင့် လူ့တိုးတက်မှုနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု ဘယ်လိုဖြစ်နိုင်မလဲ။ မီးရထားလမ်းတွေဖျက်၊ တံတားတွေ မီးရှို့၊ လက်နက်မဲ့တဲ့ လူထုတွေအပေါ်မှာ မိုက်ကြေးတွေခွဲနေခြင်းအားဖြင့်၊ လူ့တိုးတက်မှုနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု ဘယ်လို ဖြစ်နိုင်မလဲ။ လူတဦးတယောက်ဟာ သူ့ကိုယ်ကိုသူ သူတော်ကောင်းပါလို့ ပါးစပ်ကပြောရုံနှင့် သူတော်ကောင်း

မဖြစ်နိုင်ဘူး။ သူတော်ကောင်းစစ်မစစ် သူ့အလုပ်ကသက်သေခံ လိမ့်မယ်။သူတော်ကောင်းလို့နာမည်မှည့်ထားပေမဲ့လဲ၊ဒီလူဟာ လုယက်-ခိုး-ဆိုး-တိုက်ခိုက်နေယင်၊ ဒီလူဟာ သူတော်ကောင်း အစစ်မဟုတ်ပါဘူး။ ကြမ်းပိုးသော်ငှင်း၊ သူခိုးသော်ငှင်း၊ ဓါးပြ သော်ငှင်း ဖြစ်မှာဘဲ။ ဒီလိုဘဲအခုအခါ ပြည်ထောင်စုထဲမှာ၊ မိုးရထားလမ်းတွေဖျက်၊ ရွာတွေ၊ တံတားတွေမီးရှို့၊ လက် နက်မဲ့လူထုအပေါ်မှာ မိုက်ကြေးတွေအမျိုးမျိုးခွဲနေတဲ့ ရောင် စုံသူပုန်တွေဟာ၊ သူတို့ကိုယ်ကိုသူတို့ တော်လှန်ရေးသမားလို့ဘဲ ခေါ်ခေါ်၊ သူတို့လုပ်နေတဲ့ အလုပ်တွေကို တော်လှန်ရေးလို့ဘဲ အမည်ပေးပေး၊ အမှန်စင်စစ်တော့ ဒီသူပုန်ရောင်စုံတွေဟာ တော်လှန်ရေးသမားတွေမဟုတ်ပါဘူး။ ဖေါက်ပြန်ရေးသမား တွေထဲမှာမှ၊ အလွန့်အလွန်ကို စက်ဆုတ်စရာ ကောင်းတဲ့ ဖေါက်ပြန်ရေးသမားတွေဘဲဖြစ်တယ်။ သူတို့ရဲ့ကြိုးပမ်းချက် ဟာလဲ တော်လှန်ရေးမဟုတ်ဘူး၊ ဖေါက်ပြန်ရေးတွေထဲမှာမှ အလွန့်အလွန်ကြီးကို စက်ဆုတ်ရွံရှာစရာကောင်းတဲ့ ဖေါက် ပြန်ရေးကြီးဖြစ်တယ်။

နောက်ပြီးတော့၊ ချိန်ထိုးကြည့်ဘို့ အချက်ကြီးတချက် ရှိ သေးတယ်။ ဒီအချက်ကတော့ တခြား အချက် မဟုတ်ဘူး၊ ဒီ ရောင်စုံသူပုန်တွေ မတော်တဆများ အာဏာရသွားယင်၊ ပြည် ထောင်စုကို ဘယ်စံနစ်နှင့် အုပ်ချုပ်မလဲဆိုတဲ့ အချက်ဘဲ ဖြစ် တယ်။ဒီအဖြေအတွက် အထူးစုံစမ်းနေဘို့မလိုပါဘူး။ဒီရောင်စုံ သူပုန်တွေ ကိုယ်တိုင်က အာဏာရှင်စံနစ်ကို ယုံကြည်တယ်လို့ အတိအလင်း ကျေညာထားတာဘဲ။ ဒီတော့ ပြည်ထောင်စုကို အာဏာရှင်စံနစ်နှင့် သူတို့အုပ်ချုပ်မှာပေါ့။ အာဏာရှင်စံနစ်

ဆိုတာဟာ ဆင်းရဲသား အာဏာရှင် စံနစ်လို့ဘဲ ခေါ်ခေါ်၊ ဘယ်နာမယ်နဲ့ ဘဲ ကင်ပွန်းတပ်တပ် အာဏာရှင် စံနစ်ဟာ အာဏာရှင်စံနစ်ဘဲ။ အာဏာရှင်စံနစ်မှာ၊ အာဏာဟာ ပြည်သူ လူထုဆီက ဆင်းသက်တာ မဟုတ်ဘူး၊ ကတုံးပေါ် ထိပ်ကွက်နေတဲ့ အပေါ်ကလူတစု ဆီကသာ၊ ဆင်းသက်တာ ဖြစ်တယ်။

အာဏာရှင်စံနစ်နဲ့ အုပ်စိုးတဲ့နိုင်ငံမှာ၊ အစိုးရဆိုတာ ပြည်သူ လူထုက ကိုယ်ကြိုက်ရာကို ရွေးကောက် တင်မြှောက်ထားတာ မဟုတ်ဘူး။ ကတုံးပေါ် ထိပ်ကွက်နေတဲ့ လူတစုက၊ လက်နက်အားကိုးနဲ့ အစိုးရ တက်လုပ်နေကြတာ။ ပြည်သူလူထုက ကိုယ်ကြိုက်ရာ ရွေးကောက် တင်မြှောက်ထားတဲ့ အစိုးရ မဟုတ်ဘဲ၊ လက်နက်အားကိုးနဲ့ တက်လုပ်နေတဲ့ အစိုးရဖြစ်တဲ့ အတွက်၊ ဒီအစိုးရဟာ ဘာတွေဘဲ လုပ်နေနေ၊ ပြည်သူလူထုက ဘာမှ မဝေဘန်နိုင်ဘူး။ ဒါတွေတင် ဘယ်ကအုံးမလဲ၊ အစကတဲက ကိုယ်ကြိုက်ရာ ကိုယ်တင်ရတဲ့ အစိုးရ မဟုတ်တော့၊ ဒီအစိုးရကို ပြည်သူလူထုက ဘယ်လောက်ဘဲ မုန်းမုန်း ရွံ့ရွံ့၊ ပြည်သူလူထုရဲ့ ဆန္ဒအလျောက် ဘယ်မှာဖြုတ်ချနိုင်ပါ့မလဲ။

ဒါတွေတင် မကသေးဘူး၊ အာဏာရှင် အစိုးရ ဆိုတာဟာ ပြည်သူလူထုရဲ့ဆန္ဒအရ ဖွဲ့စည်းထားတာ မဟုတ်ဘဲ၊ လက်နက်အားကိုးနဲ့ ဖွဲ့စည်းထားတာ ဖြစ်တော့၊ သူ့ကို ဖြုတ်ချဘို့ဟာ ရိုးရိုးဆန္ဒပြရုံနဲ့ မရဘူး။ လက်နက်ကိုင်ပြီး တိုက်နိုင်မှ ဘဲရတော့မယ်။ ဒီတော့ ကတုံးပေါ် ထိပ်ကွက်နေတဲ့ အာဏာရှင်တွေဟာ၊ လူထုက အုံကြွပြီး မထနိုင်အောင်၊ ပြည်သူ

လူထုကြီး တရပ်လုံးရဲ့ အခွင့်အရေးတွေကို နည်းမျိုးစုံနဲ့ ရက်ရက်စက်စက်ကြီး ဘိနှိပ်ချုပ်ချယ်ကြရတယ်။

ဒါတွေတင် မကသေးဘူး၊ ကတုံးပေါ် ထိပ်ကွက်နေတဲ့ အာဏာရှင်တွေဟာ၊ပွဲဦးထွက်တော့ သိတ်ကောင်းကြတာဘဲ။ ဘဝသစ် ဖန်တီးရေးတို့၊ လောကီနိဗ္ဗာန် ထူထောင်ရေးတို့၊ လွတ်လပ်ရေး၊ လူ့အခွင့် တူညီရေး၊ တရားမျှတရေးတို့ ဆိုတဲ့ အသံကောင်းတွေကို ဟစ်ပြီး၊ အလုပ်ကောင်းတွေလဲ လုပ်သလောက် လုပ်ပေးကြပါသေးရဲ့။ဒါပေမဲ့(ပါပသ္မိံ ရမတိမနော) ဆိုတဲ့ ဘုရားဟော ပါဠိတော်အရ၊ လူ့စိတ်ဆိုတာဟာ ကောင်းတာထက် မကောင်းတာမှာသာ ပိုပြီးပျော်တယ်။ ဒီတော့၊ လေးနှစ်တကြိမ်၊ ငါးနှစ်တကြိမ် လူထုဆန္ဒအရ ဖြုတ်ချပစ်နိုင်တယ်ဆိုတဲ့ အထိန်းကြီးမရှိဘဲ၊ လက်နက်အားကိုးနဲ့ ထင်သလို အုပ်စိုးနိုင်တယ်ဆိုယင်၊ ဒီ အုပ်စိုးရတဲ့လူဟာ ဒီကနေ့မဟုတ်ယင် နောက် တနေ့တော့ ဖေါက်ပြန်မှာဘဲ။ အဖေလက်ထက်မှာ မဖေါက်ပြန်ယင်၊ သူ့သားလက်ထက်မှာ ဖေါက်ပြန်မှာဘဲ။ ဦးဖြူရဲ့ လက်ထက်မှာ မဖေါက်ပြန်ယင်၊ ဦးနီရဲ့ လက်ထက်မှာဖေါက်ပြန်မှာဘဲ။ ပြည်သူလူထုက မကျေနပ်ယင်၊လေးနှစ်တကြိမ်၊ ငါးနှစ်တကြိမ် ပြုတ်ကျနိုင်တဲ့ အခြေအနေမှာရှိနေတဲ့ လူတွေတောင်၊ အတော်ဇက်ရဲပြီး ဖေါက်ပြန် သလောက် ဖေါက်ပြန်နေကြယင်၊ လူထုဆန္ဒနဲ့ ဘယ်တော့မှ ပြုတ်မကျနိုင်ဘဲ၊ လက်နက်အားကိုးနဲ့ အုပ်စိုးနေတဲ့ ကတုံးပေါ် ထိပ်ကွက်သမားတွေဆိုယင်တော့၊ ဘယ်လောက် ဖေါက်ပြန်ကြမယ် ဆိုတာ တွေးကြည့်ယင်၊ အကွင်းသား မြင်နိုင်ပါလိမ့်မယ်။

အခု ကျွန်တော်ပြောခဲ့တဲ့ သင်္ချိုင်းစာတွေဟာ ကမ္ဘာ့ရာဇဝင်တွေထဲမှာ ချောင်ကြိုချောင်ကြား ကပ်နေတဲ့ အနုညာတ သင်္ချိုင်းစာတွေမဟုတ်ပါဘူး။ အင်မတန့်ကို ပေါ်လွင်ထင်ရှားတဲ့ သင်္ချိုင်းစာကြီးတွေ ဖြစ်ပါတယ်။

ဒီတော့ပြည်သူလူထုကြီးကသာ ချိန်သားထိုးကြည့်ကြပေတော့။

(၁) အချုပ်အချာအာဏာဟာ ပြည်သူ လူထုကမဆင်းသက်ရဘဲ၊ ကတုံးပေါ် ထိပ်ကွက်နေတဲ့ လူတစုဆီကသာ ဆင်းသက်ရတဲ့ စံနစ်ဟာ လူ့တိုးတက်မှုနှင့်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အားပေးမဲ့ စံနစ်လား၊ ဆန့်ကျင်ဘက် လုပ်မဲ့စံနစ်လား။

(၂) အစိုးရအဖွဲ့ကို ပြည်သူလူထုရဲ့ဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းမပြုရဘဲ၊ ကတုံးပေါ် ထိပ်ကွက်နေတဲ့ လူတစုကသာ၊ လက်နက် အားကိုးနဲ့ ဖွဲ့စည်းထားတဲ့ စံနစ်ဟာ လူ့တိုးတက်မှုနဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အားပေးမဲ့စံနစ်လား၊ ဆန့်ကျင်ဘက်လုပ်မဲ့ စံနစ်လား။

(၃) အစိုးရက ဘာလုပ်နေနေ မဝေဘန်ရ။ ပြည်သူလူထုက ဘယ်လိုပင် မကျေနပ်ပေမဲ့လဲ၊ ဆန္ဒအလျောက်ဖြုတ်မချရတဲ့စံနစ်ဟာ၊ လူ့ တိုးတက်မှုနဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့ကို အားပေးမဲ့ စံနစ်လား၊ ဆန့်ကျင်ဘက်လုပ်မဲ့ စံနစ်လား။

(၄) မူလကတည်းက ပြည်သူလူထုရဲ့ဆန္ဒနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရမဟုတ်ဘဲ လက်နက် အားကိုးနဲ့ ဖွဲ့စည်း

ထားတဲ့အစိုးရ ဖြစ်တဲ့အတိုင်း၊ ပြည်သူလူထုက လက်နက်နဲ့ ပြန်ပြီး ဖြုတ်ချမှာ စိုးတဲ့အတွက် ပြည်သူလူထုကြီးရဲ့ လူ့ အခွင့် အရေးတွေကို ရက်ရက် စက်စက် ပြုတ်ပြုတ်သတ်သတ် ချုတ်ချယ် ဘိနှိပ်ရတဲ့ စံနစ်ကြီးဟာ၊ လူ့တိုးတက်မှုနဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အားပေးမဲ့ စံနစ်လား၊ ဆန့်ကျင်ဘက် လုပ်မဲ့ စံနစ်လား။

(၅) လက်နက်ကို အားကိုးနိုင်သရွေ့၊ ပြည်သူလူထုရဲ့ ဆန္ဒအလျောက် ဖြုတ်ချမှာကို ဘာမှ ကြောက်စရာ မရှိတဲ့အတွက်၊ အစိုးရ အဖွဲ့ဝင်တွေဟာ ဖေါက်ပြန်ရေးသမားတွေ ဖြစ်လာအောင် ဖန်တီးပေးထားတဲ့ စံနစ်ကြီးဟာ လူ့တိုးတက်မှုနဲ့ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာမှုတို့ကို အားပေးမဲ့ စံနစ်လား၊ ဆန့်ကျင်ဘက်လုပ်မဲ့ စံနစ်လား။

ဒီမေးခွန်းတွေကို ပြည်သူလူထုကြီးက အထူးစဉ်းစားပြီး ဖြေနေစရာ မရှိပါဘူး၊ သူတို့ဟာသူတို့ ဖြေပြီးသားတွေ ဖြစ်နေကြပါပြီ။ ဒီတော့ လူ့တိုးတက်မှုနဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့ရဲ့ ဆန့်ကျင်ဘက် လုပ်ငန်းတွေဟာ ဘယ်နည်းနဲ့မှ တော်လှန်ရေး မဖြစ်နိုင်ပါဘူး။ ဒီလုပ်ငန်းတွေကို လုပ်နေကြတဲ့ လူတွေလဲ ဘယ်နည်းနဲ့မှ တော်လှန်ရေးသမားတွေ မဖြစ်နိုင်ကြပါဘူး။ ဒီလူတွေဟာ ဖေါက်ပြန်ရေးသမားတွေဖြစ်ပြီး သူတို့ရဲ့လုပ်ငန်းတွေဟာလဲ ဖေါက်ပြန်ရေးတွေသာ ဖြစ်ကြတယ်။ ဖေါက်ပြန်ရေးဝါဒကြီးနဲ့ ဖေါက်ပြန်ရေးဝါဒကြီးကို ယုံကြည်ကြတဲ့ ဖေါက်ပြန်ရေး သမားတွေဟာ အခုမှ ဘွားကနဲ

ပေါ်လာတဲ့ရှေ့ကြောပင်တွေမဟုတ်ပါဘူး။ ရာဇဝင် ပေါ်စကတဲ့က သူတို့လဲ ပေါ်ခဲ့ကြတာဘဲ။ဖေါက်ပြန်ရေးဝါဒနဲ့ ဖေါက်ပြန်ရေးသမားတွေဟာ ဘယ်အသွင်ကိုဘဲယူယူ၊ ဘယ်အရောင်ကိုဘဲဆိုးဆိုး၊ ဘယ်နာမယ်ကိုဘဲယူယူ၊ အထက်က ကျွန်တော်မေးခဲ့တဲ့ မေးခွန်းကြီး ငါးခွန်းထဲမှာပါတဲ့ သဘောတရားကြီး ငါးခုနဲ့ တွေ့ဘယ်တော့မှ မကင်းပါဘူး။ လူ့နောက်ကို အရိပ်လိုက်သလို ဒီစံနစ်ဆိုးကြီးနောက်ကို ဒီသဘောတရားတွေဟာ ထက်ကြပ်မကွာ လိုက်နေကြတာဘဲ။ ဒါကြောင့် ဒီဖေါက်ပြန်ရေးစံနစ်ဆိုးကြီးဟာ ရာဇဝင်အစကတည်းက ပေါ်နေသလို၊ ဒီစံနစ်ဆိုးကြီးကို အမြစ်က သုတ်သင်ပစ်ပြီး ပြည်သူလူထုဆီက အာဏာဆင်းသက်တဲ့ စံနစ်ကောင်းကြီးကို အစားထိုးဘို့ တော်လှန်ရေးတွေလဲ အဆင့်ဆင့် ပေါ်ပေါက်ခဲ့တာကို ကမ္ဘာ့ရာဇဝင်ကြီးထဲမှာ ကျွန်တော်တို့ အထင်အရှား တွေ့နိုင်ကြပါတယ်။

ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ လက်ထက်ရောက်ပြန်တော့လဲ၊ အင်မတန် ကံကောင်းတဲ့ အတွက်၊ ဒီဖေါက်ပြန်ရေး စံနစ်ဆိုးကြီးနဲ့ ဖေါက်ပြန်ရေးသမားတွေ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြေကြီးပေါ်မှာ ခေါင်းထောင် မထနိုင်အောင် သုတ်သင်ပစ်ဘို့၊ ခင်ဗျားတို့ ကျွန်တော်တို့ဟာ တော်လှန်ရေးတာဝန်ကြီးနဲ့ ရင်ဆိုင် တွေ့ကြရတယ်။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်မှု၊ ပြည်သူလူထု တရပ်လုံးရဲ့ ထောက်ခံအားပေးမှု၊ လက်နက်ကိုင် တပ်ပေါင်းစုံရဲ့ ဇွဲနှင့်သတ္တိကောင်းမှု၊ ဖေါက်ပြန်ရေးသမားများစွာတို့ရဲ့ အမြင်မှန်ရလာမှုတို့ကြောင့် ဒီတော်လှန်ရေးတာဝန်ကြီးကို ခင်ဗျားတို့ ကျွန်တော်တို့ ကျေပွန်စွာ ထမ်းရွက်ခဲ့ကြပြီးပြီ။ ရှေ့ဆက်ပြီးတော့လဲ ထမ်းရွက်ကြဆဲဘဲ။

ဖဆပလ ရဲ့ လုပ်ငန်းတွေထဲမှာ၊ အခြားလုပ်ငန်းတွေကို နှစ်ပရိစ္ဆေဒ ကြာတဲ့အခါ နောင်လာ နောက်သားတွေဟာမေ့ ကုန်ကြကောင်း မေ့ကုန်ကြလိမ့်မယ်။ ဒါပေမဲ့ ဒီဖေါက်ပြန် ရေးဝါဒဆိုးကြီးနဲ့ ဒီဝါဒဆိုးကြီးကို ယုံကြည် ထောက်ခံ နေကြတဲ့ ဖေါက်ပြန်ရေးသမားတွေ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ မြေကြီးပေါ်မှာ ခေါင်းထောင် မထနိုင်အောင် လုပ်ပေးခဲ့တဲ့ ဖဆပလ ခေါင်းဆောင်သော တော်လှန်ရေးကြီးကိုတော့၊ နောင်လာ နောက်သားတွေဟာ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်ပြောရဲတယ်။

ဒါကြောင့် ဖဆပလ ခေါင်းဆောင်သောတော်လှန်ရေးကြီး ထာဝစဉ် အောင်မြင်ပါစေလို့ ကျွန်တော် လေးနက်စွာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

## ၃။ ပြည်ထောင်စုဆိုသည်မှာ

### ၁၉၅၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်၊ ပြည်ထောင်စုနေ့မိန့်ခွန်း

ပြည်ထောင်စုသား သွေးချင်းသားချင်းအပေါင်းတို့။ ပြည်ထောင်စုကြီးရဲ့ နယ်ပယ်ဒေသအသီးသီးမှ စုဝေးကြွရောက်လာကြတဲ့၊ ပြည်ထောင်စု သွေးချင်းသားချင်း အပေါင်းတို့ကို အခုလို အင်မတန်ထူးမြတ်တဲ့ ပြည်ထောင်စုနေ့ကြီးမှာ ပြည်ထောင်စုဟာ ဘာလဲဆိုတာကို ကျွန်တော် ရှင်းပြချင်ပါတယ်။

ပြည်ထောင်စုသား သွေးချင်းသားချင်းအပေါင်းတို့။ ပြည်ထောင်စုဆိုတာ ဘာလဲ။ ပြည်ထောင်စုဆိုတာ လူတမျိုးက အခြားလူတမျိုးကို ဖိနှိပ်ချုတ်ချယ်ပြီး အမြတ်ထုတ်ဘို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးလား။ အားရှိတဲ့လူများစုက အားမဲ့တဲ့လူနည်းစုကို အနိုင်ကျင့်ပြီး အမြတ်ထုတ်ဘို့ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းကြီးလား။ ဒီလိုမှမဟုတ်ပြန်ယင်လဲ ရှေးရာဇဝင်တုန်းက ပြည်ထောင်စုအတွင်းမှာ စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ကြတဲ့ ရှင်ဘုရင်အချင်းချင်း တဦးရဲ့နန်းကို တဦးကလုပြီး၊ နိုင်တဲ့လူက ထင်သလိုသိမ်းပိုက် လုယူသတ်ဖြတ် ဖျက်ဆီးခဲ့ကြတဲ့ ရန်ငြိုးတွေကို ကလဲ့စားချေဘို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးဘဲလား။

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ အခုပြောခဲ့တဲ့ အဖွဲ့အစည်းကြီးမျိုးထဲက ဘယ်အဖွဲ့အစည်းမှမဟုတ်ပါဘူး။ ဒီလိုဆိုယင် ပြည်ထောင်စုဆိုတာဟာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ။ ဒီပြည်ထောင်စုကြီးကို ဖွဲ့စည်းထားတဲ့ အဓိက ရည်ရွယ်ချက်ကြီးဟာ ဘာလဲ။ ပြည်ထောင်စုကြီးဟာ အခြားမဟုတ်။

ပြည်ထောင်စုအတွင်းရှိ အများပြည်သူပိုင် မြေတွင်းမြေပြင် ပစ္စည်းဟူသမျှကို မည်သူက မည်သူ့ထက်ပိုမိုခြင်း၊ လျော့နည်းခြင်းမရှိစေဘဲ၊ ညီတူညီမျှ ပိုင်ဆိုင်ခွင့်ရှိသော၊ ဝါ၊ ပြည်ထောင်စု၏ အချုပ်အချာအာဏာကို မည်သူက မည်သူ့ထက်ပိုမိုခြင်း၊ လျော့နည်းခြင်းမရှိစေဘဲ၊ ညီတူညီမျှ ပိုင်ဆိုင်ခွင့်ရှိသော၊ ဝါ၊ ပြည်ထောင်စုကြီးအတွင်း၌ ပြည်သူလူထုကြီးတရပ်လုံး ရထိုက်ရခွင့်၊ ခံစားထိုက်၊ ခံစားခွင့်ရှိသော အခွင့်အရေးဟူသမျှကို မည်သူက မည်သူ့ထက် ပိုမိုခြင်း၊ လျော့နည်းခြင်း မရှိစေဘဲ၊ ညီတူညီမျှ ရထိုက်၊ ရခွင့်၊ ခံစားထိုက် ခံစားခွင့်ရှိသော၊ ဝါ၊ ပြည်ထောင်စုတခုလုံးရဲ့ ကောင်းမွေ ဆိုးမွေဟူသမျှတို့ကိုလည်း မည်သူက မည်သူ့ထက်ပိုမိုခြင်း၊ လျော့နည်းခြင်း မရှိစေဘဲ၊ ညီတူညီမျှ ဆက်ခံထိုက် ဆက်ခံခွင့်ရှိသော၊ ဝါ၊ ပြည်ထောင်စုကြီးရဲ့ ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဘဝသစ်ဖန်တီးရေး အစရှိသော တာဝန်အသီးသီးကို မည်သူက မည်သူ့ထက် ပိုမိုခြင်း၊ လျော့နည်းခြင်းမရှိစေဘဲ ညီတူညီမျှ ထမ်းဆောင်ခွင့်ရှိသော ရှမ်း၊ ပအို၊ အီကော၊ လဟူ၊ ဝ၊ ယော့ယင်းရ၊ ကချင်၊ ကရင်၊ နာဂ၊ ကယား၊ ချင်း၊ ဆလုံ၊ တောင်သူ၊ မွန်၊ ရခိုင်၊ မြန်မာအစရှိတဲ့ ပြည်ထောင်စုသားတွေ တညီတညွတ်တည်း ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးဘဲဖြစ်တယ်။

ဒီအဖွဲ့အစည်းကြီးကို ဖွဲ့စည်းရတဲ့ အဓိက ရည်ရွယ်ချက်ကြီးကတော့ တခြားဟာမဟုတ်ဘူး။ အခုပြောခဲ့တဲ့ ပြည်ထောင်စုသားတွေ များနိုင်သမျှ များများအတွက် ကောင်းနိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဘို့ဖြစ်တယ်။ ဒီလိုဆိုယင် ပြည်ထောင်စုသားတွေ များနိုင် သမျှ များများအတွက်၊

ကောင်းနိုင်သမျှအကောင်းဆုံးဖြစ်အောင်လုပ်ပေးဘို့ဆိုတဲ့ ရည်ရွယ်ချက်ဟာဘာလဲ။ ဘယ်လိုရည်ရွယ်ချက်မျိုးလဲ။ ဘယ်သူတွေအတွက်ဘာတွေကိုလုပ်ပေးရမှာလဲ။အခုပြောခဲ့တဲ့ပြည်ထောင်စုကြီးရဲ့ အဓိကရည်ရွယ်ချက်ကို ကျွန်တော်ထပ်ပြီး အကျဉ်းချုပ် ရှင်းပြပါရစေ။ ဒီလိုရှင်းပြတဲ့နေရာမှာ(၁) ပြည်ထောင်စုသားတွေ များနိုင်သမျှ များများ ဆိုတာက တပိုင်း၊ (၂) ကောင်းနိုင်သမျှ အကောင်းဆုံးဆိုတာကတပိုင်း၊ ၂ ပိုင်းခွဲပြီး ရှင်းပြပါရစေ။

ရှေးဦးစွာ ပြည်ထောင်စုသားတွေ များနိုင်သမျှ များများ ဆိုတဲ့ ပဌမအပိုင်းကို ရှင်းပြပါမယ်။ ဒီပဌမပိုင်းကို ရှင်းပြရမယ်ဆိုယင်၊ ပြည်ထောင်စုသား များနိုင်သမျှ များများဆိုတာ တခြားဟာ မဟုတ်ဘူး။ ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်၊ ချောင်းကြို မြောင်းကြား၊ တောင်ကြို တောင်ကြားမကျန်၊ ၁၈-သန်းကျော်မျှရှိသော ပြည်ထောင်စုသား အားလုံးပင် ဖြစ်တယ်။

ဒုတိယပိုင်းကို ရှင်းပြရမယ်ဆိုယင်၊ ကောင်းနိုင်သမျှ အကောင်းဆုံးဆိုတာ တခြားဟာ မဟုတ်ဘူး။ အခု ပြောခဲ့တဲ့ ၁၈ သန်းကျော်မျှသော ပြည်ထောင်စုသား အားလုံးဟာ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ ဆိုတဲ့ဗလငါးတန်နဲ့ တင်ပြည့်ကျပ်ပြည့် ပြည့်စုံနေတဲ့ဘဝသစ်ကြီးဘဲ ဖြစ်ပါတယ်။

ဒီကနေ့အထိ ကျွန်တော်တို့ရဲ့ သမိုင်းကို ခေတ်ခွဲကြည့်ရမယ်ဆိုယင်(၁)ပြည်ထောင်စုသား-ရှင်ဘုရင်များ အုပ်စိုးခဲ့တဲ့

ခေတ်၊ (၂) ဗြိတိသျှ နယ်ချဲ့သမားများ အုပ်စိုးခဲ့တဲ့ ခေတ်၊ (၃) ကျွန်တော်တို့ သမတခေတ် ရယ်လို့အကြမ်းအားဖြင့် ခေတ် ၃ ခေတ် ခွဲနိုင်ပါတယ်။

ဒီခေတ် ၃ ခေတ်ရှိတဲ့အနက်၊ ပဌမနဲ့ ဒုတိယ ခေတ်မှာ ဆိုယင်၊ အခုကျွန်တော်ရှင်းပြခဲ့တဲ့ အဓိကရည်ရွယ်ချက်ကြီးဟာ အရှင်းကိုမရှိခဲ့ပါဘူး။ ဗမာက အားကောင်းတဲ့အခါ၊ အားနည်းတဲ့ မွန်တွေ ရှမ်းတွေ ရခိုင်တွေကိုတိုက်။ ရှုံးတဲ့ ရှင်ဘုရင်ခတွေရဲ့ မိဖုရားတွေ၊ သားတွေ၊ သမီးတွေ၊ ထီးတွေ၊ နန်းတွေကိုသိမ်း။ နောက်ပြီးတော့ ဗမာကွလို့ ကြုံးဝါးတဲ့ အနေမျိုးနဲ့ ဗမာ့အလံစိုက်တာဘဲ။ ထိုနည်းအတိုင်းဘဲ မွန်၊ ရှမ်း၊ ရခိုင် အသီးသီးကလဲ ရေစီးတခါ ရေသာတလှည့်ဆိုတာလို မိမိတို့ အားကောင်းလာတဲ့အခါမှာ၊ အားမဲ့တဲ့ အခြားပြည်ထောင်စုသားတွေကိုတိုက်။ ရှုံးတဲ့ ရှင်ဘုရင်တွေဆီက မိဖုရားတွေ၊ သားတွေ၊ သမီးတွေ၊ ထီးတွေ၊ နန်းတွေကိုသိမ်း။ နောက်ပြီးတော့ မွန်ကွ၊ ရခိုင်ကွ၊ ရှမ်းကွလို့ ကြုံးဝါးတဲ့ အနေမျိုးနဲ့၊ မွန်အလံ၊ ရခိုင်အလံ၊ ရှမ်းအလံတွေ စိုက်ခဲ့ကြတာဘဲ။

ဒီအခါတွေတုန်းက၊ ဗမာကဘဲ နိုင်နိုင်၊ မွန်ကဘဲ နိုင်နိုင်၊ ရခိုင်ကဘဲနိုင်နိုင်၊ ရှမ်းကဘဲနိုင်နိုင်၊ ဘယ်သူနိုင်နိုင် ပြည်သူလူထုကြီး တရပ်လုံးမှာတော့ ကောင်းစားရတယ်လို့ မရှိဘူး။ ရှုံးတဲ့ဘက်က လူထုကြီးရော၊ နိုင်တဲ့ဘက်က လူထုကြီးရော၊ သေကျေပျက်စီးရတာသာ အဖတ်တင်တာဘဲ။ တကယ်စင်စစ် ကောင်းစားတဲ့လူတွေကတော့ ပြည်သူလထုကြီးရဲ့ ထိပ်ပေါ်က လက်တဆုပ်လောက်ရှိတဲ့ လူတစုဘဲဖြစ်တယ်။ ဒီတော့ ပြည်ထောင်စုသားတွေ များနိုင်သမျှ များများအတွက်၊ ကောင်းနိုင်သမျှ

အကောင်းဆုံး ဖြစ်အောင် လုပ်ပေးဘို့ ဆိုတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အဓိက ရည်ရွယ်ချက်ကြီးဟာ အဲဒီ ပဌမ ခေတ်တုန်းက မရှိခဲ့ဘူးဆိုတာ၊ အင်မတန် ထင်ရှားနေတယ်။ ဒီလို ပြည်ထောင်စုသား ရှင်ဘုရင်တွေ အုပ်စိုးနေတဲ့ အတော အတွင်းမှာ၊ သူတို့ထက် ပိုမိုအားကြီးတဲ့ ဗြိတိသျှ နယ်ချဲ့သမား တွေရောက်လာပြန်တော့လဲ၊ ဗြိတိသျှအလံစိုက်ပြီး၊ ပြည်ထောင် စုထဲက အဆီအနှစ်တွေကို ရနိုင်သမျှထုတ်ယူပြီး အင်္ဂလန်ကို ပို့ခဲ့တာဘဲ။ ဒီတော့ ဒုတိယ ခေတ်မှာလဲ၊ ပြည်ထောင်စုသား တွေ များနိုင်သမျှ များများအတွက်၊ ကောင်းနိုင်သမျှ အ ကောင်းဆုံး ဖြစ်အောင် လုပ်ပေးဘို့ဆိုတဲ့ ကျွန်တော်တို့ ပြည် ထောင်စုကြီးရဲ့ ရည်ရွယ်ချက်ဟာ မရှိခဲ့ဘူးဆိုတာ အင်မတန် ထင်ရှားနေပါတယ်။

ကျွန်တော်တို့ရဲ့ သမတခေတ်ကိုရောက်မှသာ၊ ပြည်ထောင် စုသားတွေ များနိုင်သမျှ များများအတွက်၊ ကောင်းနိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဘို့ဆိုတဲ့ ရည်ရွယ်ချက်ကြီး နဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်တဲ့ အတွက်၊ ဒီအဓိက ရည်ရွယ်ချက်ကြီးကို ပြည်ထောင်စုသား တိုင်း၊ မျက်ခြည်မပြတ်မိအောင် အထူးကြိုးစားဘို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

ဒီနေရာမှာ အဆွေတို့ကမေးစရာတခုရှိပါတယ်။ ဒီရည်ရွယ် ချက်ရှိတယ်ဆိုတာတော့ သိရပါပြီ။ ဒါပေမဲ့ ဒီရည်ရွယ်ချက် ကြီးကို လက်တွေ့ ကျင့်သုံးရဲ့လားလို့ မေးနိုင်ကြပါတယ်။ ဒီ အဓိက ရည်ရွယ်ချက် အတိုင်း လက်တွေ့ ကျင့်သုံး နေတယ်ဆို

တာကို ကျွန်တော်ရဲရဲကြီး အာမခံတယ်။ ကျွန်တော် အာမခံတာနဲ့ မပြီးသေးဘူး။ အဆွေတို့ကိုယ်တိုင် ချိန်ထိုးကြည့်ကြပါ။

အခုတနိုင်ငံလုံးက အလေးပြုရတဲ့အလံဟာ ဘယ်သူ့အလံလဲ။ ဗမာ့အလံလား။ ရှမ်းအလံလား။ မွန်အလံလား။ ရခိုင်အလံလား။ တခြားဘယ်သူတွေရဲ့ အလံလဲ။ ဘယ်သူ့ အလံမှ မဟုတ်ဘူး။ ပြည်ထောင်စု တခုလုံးက စိတ်တူသဘောတူ စိုက်ထူထားတဲ့ ပြည်ထောင်စု အလံဖြစ်တယ်။ တနိုင်ငံလုံးက အအလေးပြုရတဲ့ အမျိုးသားသီချင်းကော ဘယ်သူ့ သီချင်းလဲ။ ဗမာရဲ့သီချင်းလား။ မွန်ရဲ့သီချင်းလား။ ရခိုင်ရဲ့သီချင်းလား။ ရှမ်းရဲ့သီချင်းလား။ တခြား ဘယ်သူရဲ့ သီချင်းလဲ။ ဘယ်သူ့ရဲ့သီချင်းမှမဟုတ်ပါဘူး၊ပြည်ထောင်စုတခုလုံးကစိတ်တူသဘောတူ ကြည်ကြည်ဖြူဖြူနဲ့ အသိအမှတ် ပြုထားတဲ့ ပြည်ထောင်စု သီချင်းဘဲဖြစ်တယ်။ နိုင်ငံတော်ရဲ့ အထွဋ် အထိပ် ဖြစ်တဲ့ နိုင်ငံတော် သမတကြီးဆိုပြန်ယင်လဲ၊ ဗမာတဦးတည်း၊ ရှမ်းတဦးတည်း၊ ရခိုင်တဦးတည်း၊ မွန်တဦးတည်းကသာ ရွေးကောက်တင်မြှောက်ရတာမဟုတ်ဘူး။ တနိုင်ငံလုံးက ဝိုင်းပြီး ရွေးကောက် တင်မြှောက်ထားခြင်းဖြစ်တယ်။ နောက်ပြီးတော့ နိုင်ငံရဲ့ အထွတ်အထိပ်ဖြစ်တဲ့ နိုင်ငံတော်သမတဖြစ်ဘို့တို့၊ အစိုးရအဖွဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဝန်ကြီးချုပ် ဖြစ်ဘို့တို့ ဆိုတဲ့ ကိစ္စတွေမှာလဲ ဗမာသာဖြစ်ရမယ်၊ ကျန်တဲ့ပြည်ထောင်စုသားတွေ မဖြစ်ရဘူး။ ရှမ်းသာဖြစ်ရမယ်၊ မွန်သာဖြစ်ရမယ်၊ ရခိုင်သာဖြစ်ရမယ်၊ ကျန်တဲ့ ပြည်ထောင်စုသားတွေ မဖြစ်ရဘူးလို့ ဘယ်မှာမှ ဆိုမထားဘူး။ ပြည်ထောင်စုသား မှန်ယင်၊ ပြည်ထောင်စုသား အများဆုံးရဲ့ ယုံကြည်ခြင်းကို ခံရယင်၊

ချင်းဖြစ်ဖြစ်၊ ကရင်ဖြစ်ဖြစ်၊ ကယားဖြစ်ဖြစ်၊ ဆလုံတို့၊ လဟူတို့၊ လဝတို့၊ အီကောတို့ဘဲဖြစ်ဖြစ်၊ နာဂဘဲဖြစ်ဖြစ်၊ ကချင်ဘဲဖြစ်ဖြစ်၊ မွန် ဗမာ ရခိုင်ဘဲဖြစ်ဖြစ်၊ ပြည်ထောင်စုသား မှန်သမျှဟာ၊ နိုင်ငံတော် သမတလဲဖြစ်နိုင်တယ်။ ဝန်ကြီးချုပ်လဲဖြစ်နိုင်တယ်။

နိုင်ငံရဲ့ဘဏ္ဍာတော်ငွေကို သုံးပြန်ယင်လဲ၊ ဗမာအတွက် သက်သက်သုံးမယ်။ မွန်အတွက်၊ ရခိုင်အတွက်၊ ရှမ်းအတွက် သက်သက်သုံးမယ် ဆိုတာတွေမရှိဘူး။ ပြည်ထောင်စုသား အားလုံးအတွက်၊ ညီတူညီမျှသုံးစွဲရတာဘဲ။ အမှန်အတိုင်း ဆိုယင်၊ လူနည်းစုပြည်ထောင်စုသားတွေအတွက် ညှာတာတဲ့ အနေနဲ့၊ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ပိုပြီးသုံးတဲ့ သက်သေ သာဓကတွေ အထင်အရှားရှိပါတယ်။ လယ်တွေ ယာတွေကို အခမဲ့ဝေပြန်ယင်လဲ၊ ဗမာသာရရမယ်။ ကရင်မရဘူး၊ ရခိုင် တွေ၊ မွန်တွေ၊ မရရဘူးလို့မဆိုထားဘူး။ ပြည်ထောင်စုသား တောင်သူလယ်သမားတွေ မှန်ယင်၊ ရခွင့်ရထိုက်ရှိသမျှ အတိ အကျရကြရမှာဘဲ။

တခြားအခွင့်အရေး ရှိသမျှတွေမှာလဲ ဒီနည်းအတိုင်းဘဲ။ ဗမာဖြစ်လို့ပိုရမယ်၊ မွန်ဖြစ်လို့ပိုရမယ်ဆိုတဲ့ လူမျိုးအလိုက် အခွင့်အရေးပိုပေးထားတဲ့ စံနစ်မျိုးတွေမရှိပါဘူး။ တခြား ပြည်ထောင်စုသားတွေထက်ပိုပြီး အောက်ကျနောက်ကျဖြစ်နေ တဲ့အတွက်၊ သက်ညှာထောက်ထားတဲ့အနေနဲ့ ပိုပေးတာမျိုး ဖြစ်ချင်ယင် ဖြစ်နိုင်တယ်။ လူမျိုးအလိုက် ဘယ်လူမျိုးကို ဘယ် လိုပိုပေးရမယ်ဆိုတဲ့ သတ်မှတ်ထားတာမျိုးတော့ ပြည်ထောင်စု တခုလုံးမှာ ဘယ်နေရာမှာမှမရှိပါဘူး။

ဒီအချက်တွေကို ဆင်ခြင်သုံးသပ်ခြင်းအားဖြင့်၊ပြည်ထောင်စုသားတွေ၊ များနိုင်သမျှ များများအတွက် ကောင်းနိုင်သမျှ အကောင်းဆုံးလုပ်ပေးဘို့ဆိုတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အဓိကရည်ရွယ်ချက်ကြီးကို ကျွန်တော်တို့တတွေဟာ ဘယ်လိုကျင့်သုံးနေတယ်ဆိုတာတွေ ဒီအဓိကရည်ရွယ်ချက်ကြီးဟာ ဘယ်လောက်အထိ အောင်မြင်နေတယ် ဆိုတာတွေကို အဆွေတော်တို့ ကောင်းကောင်းသိနိုင်ပါလိမ့်မယ်။

ဒီအစည်းအဝေးပွဲကို ကြွရောက်လာကြတဲ့ အဆွေတော်တို့အထဲကဘဲဖြစ်ဖြစ်၊ ပြည်ထောင်စုကြီး တခုလုံးမှာရှိတဲ့ ပြည်ထောင်စုသား ၁၈ သန်းထဲကဘဲဖြစ်ဖြစ်၊ တကမ္ဘာလုံးမှာရှိတဲ့ ကမ္ဘာ့သူ ကမ္ဘာ့သားတွေ အားလုံးထဲကဘဲဖြစ်ဖြစ်၊ ကျွန်တော်တို့ လက်တွေ့ ကျင့်သုံးနေရာမှာ၊ ဒီအဓိက ရည်ရွယ်ချက်ကြီး အတိုင်း မကျင့်သုံးဘူး၊ ဘယ်ပြည်ထောင်စုသားတွေကို ဖိနှိပ်ချုတ်ချယ်ပြီး၊ ဘယ်ပြည်ထောင်စုသားတွေ ကောင်းစားရေးသက်သက် အတွက်သာ ဝကွက်ပြီး လုပ်နေတယ် ဆိုတာကို ပြနိုင်ယင် သေသေချာချာ ဂဃနဏ လူသိနတ်ကြား ဖေါ်ပြကြပါ။ ဒီလိုဖေါ်ပြစရာတွေရှိယင် အားမနာတမ်း ဖေါ်ပြကြဘို့ ကျွန်တော်အတိအလင်း တောင်းဆိုပါတယ်။ ဒီလိုဟာမျိုးကို ဖေါ်ပြနိုင်တယ် ဆိုယင်၊ ပြည်ထောင်စုကြီးရဲ့ အဓိကရည်ရွယ်ချက်ကြီးကို ချိုးဖေါက်ဖျက်ဆီးပစ်တဲ့ လူတွေအနေနဲ့ ကျွန်တော်တို့ တဖွဲ့လုံးဟာ ကျွန်တော်တို့ လက်ထဲမှာရှိတဲ့ လက်ရှိ အာဏာကို ပြည်သူလူထုကြီးအား ပြန်ပြီးအပ်ပါ့မယ်။

ဒီအဓိကရည်ရွယ်ချက်ကြီးဟာ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အသက်ဖြစ်တယ်။ လူသတ္တဝါတွေမှာ အသက်ဟာ

အရေးကြီးသလို၊ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ ဒီအဓိက ရည်ရွယ်ချက်ကြီးဟာ အရေးကြီးတယ်။ ဒါကြောင့် ဒီအဓိက ရည်ရွယ်ချက်ကြီးကို ပြည်ထောင်စုသားတိုင်း မျက်ခြည်မပြတ်အောင် အထူးဂရုစိုက်ကြရမယ်။ ဒီအဓိကရည်ရွယ်ချက်ကြီးကို ပြည်ထောင်စုသားတွေမျက်ခြည်ပြတ်သွားတိုင်း၊ ပြည်ထောင်စုထဲမှာ ဗမာကွဲ၊ ရှမ်းကွဲ၊ မွန်ကွဲ၊ ရခိုင်ကွဲ၊ ချင်းကွဲ၊ ကချင်ကွဲ အစရှိတဲ့ ပြည်ထောင်စုကြီးကို အသက်ထွက်အောင် ငှက်ဆိုးထိုးပေးနေတဲ့ အသံဆိုးတွေ ပေါ်လာကြလိမ့်မယ်။ ပဌမခေတ်တုန်းက ဒီငှက်ဆိုးထိုးသံတွေကို ကရဝိက်သံတွေ၊ ကြိုးကြာသံတွေထင်ပြီး ကျွန်တော်တို့ရဲ့ ဘေးလောင်းတော်တွေ၊ ဘိုးလောင်းတော်တွေ မှားခဲ့ကြတဲ့အတွက်၊ ထိပ်ပေါ်က လူတစုသာ ကောင်းစားပြီး ပြည်သူလူထုကြီးတရပ်လုံးမှာ နယ်ချဲ့သမားတွေရဲ့ ကျွန်ဖြစ်ရတဲ့အထိ အရှုံးကြီးရှုံး၊ အနာကြီးနာ၊ အပျက်စီးကြီးပျက်စီးခဲ့ရဘူးပြီ။ ဒီတော့ ဒီအသံဆိုးတွေ ပြည်ထောင်စုကြီးထဲမှာထပ်ပြီးမပေါ်ရအောင် ပြည်ထောင်စုသားတိုင်း အစွမ်းကုန် ကြိုးစားကြရမယ်။

အခုအခါမှာဆိုယင် ပြည်ထောင်စုကြီးရဲ့ တချို့တချို့နေရာတွေမှာ၊ မွန်ကွဲ၊ ဗမာကွဲ၊ ရခိုင်ကွဲ၊ ကရင်ကွဲ၊ ရှမ်းကွဲ၊ ချင်းကွဲ၊ ကချင်ကွဲ အစရှိတဲ့ ငှက်ဆိုးထိုးသံတွေဟာ အနည်းအကျဉ်း ဆိုသလိုပေါ်နေကြသေးတယ်။ ခပ်ရှင်းရှင်းပြောရယင် ဒီအသံတွေကို ခေါင်းဆောင်ပြီး အော်နေတဲ့လူတွေဟာ လူစွမ်းလူစရှိတဲ့လူတွေတော့မဟုတ်ပါဘူး။ ပြည်ထောင်စုကြီး တခုလုံးမှာ လူတွင်ကျယ်လုပ်နိုင်တဲ့သတ္တိတို့၊ စွန့်စားမှုတို့၊ လူထုအကြည်ညိုခံနိုင်တဲ့ အရည်အချင်းတို့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်

မရှိတဲ့အတွက် တကိုယ်ကောင်းစိတ်နဲ့ အင်မတန် ကျဉ်းမြောင်းတဲ့လူမျိုးရေး နယ်နိမိတ်ထဲကို ပြန်ဆင်းတဲ့လူစားတွေဘဲ ဖြစ်တယ်။ ''သီလသမ္ပန္နော ဝိသာရဒေါ'' သီလရှိသောသူသည် ရဲရင့်၏ဟု မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါတယ်။ ဒီနည်းအတိုင်းဘဲ နိုင်ငံရေးသမားတွေမှာ သတ္တိတို့၊ စွန့်စားမှုတို့၊ ပြည်ထောင်စုသား ပြည်သူအများကို ကိုယ့်လူမျိုး သူ့လူမျိုး မခွဲခြားဘဲ၊ တတန်းတစားတည်း ထားပြီး ကောင်းစားစေချင်တဲ့စေတနာတို့၊ လူထုအကြည်ညိုခံနိုင်တဲ့ အရည်အချင်းတို့ ပြည့်ပြည့်စုံစုံသာ ရှိမယ်ဆိုယင်၊ ဒီနိုင်ငံရေးသမားတွေဟာ တနိုင်ငံလုံးရဲ့ အမျိုးသား ခေါင်းဆောင်ကြီးတွေ ဖြစ်လာအောင် ကြိုးစားရမှာကြောက်မှာမဟုတ်ဘူး။ ကြိုးစားရဲမှာဘဲ။

အထက်က ပြောခဲ့တဲ့ အရည်အချင်းတွေ မရှိယင်တော့ ပြည်ထောင်စုဆိုတဲ့ ကျယ်ပြန့်တဲ့ နယ်နိမိတ်အတွင်းကို ဝင်ရမှာ ကြောက်ပြီး၊ အင်မတန် ကျဉ်းမြောင်းတဲ့ လူမျိုးရေး နယ်နိမိတ်ထဲမှာဘဲ လူမျိုးရေး ခေါင်းဆောင်တွေသာ လုပ်နေကြမှာဘဲ။ ဒီလူစားတွေရဲ့ဝါဒတွေဟာ ပြည်ထောင်စုတခုလုံးမှာ ပြန့်ပွားယင်၊ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ ရေတိမ်မှာ နစ်လိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုသားတွေဟာ ဘယ်လူစားတွေက ဘယ်ဝါဒတွေကိုဘဲဖြန့်ဖြန့်၊ ပြည်ထောင်စုသားတွေ များနိုင်သမျှ အများဆုံးအတွက်၊ ကောင်းနိုင်သမျှ အကောင်းဆုံးဖြစ်အောင်လုပ်ဘို့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့အမိကရည်ရွယ်ချက်ကို မျက်ခြည်မပြတ်အောင် အထူးကြိုးစားကြဘို့ ဤပြည်ထောင်စုနေ့ကြီးမှာ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

# ၄။ ပြည်တော်သာဆိုသည်မှာ

## ၁၉၅၃-ခုနှစ်၊ ဩဂုတ်လ ၂၄-ရက်နေ့၊ စစ်ဘက်ဆိုင်ရာ တပ်ရင်းမှူးများ ညီလာခံမိန့်ခွန်း

ဗိုလ်မှူးတို့၊

အခုလိုတပ်ရင်းမှူးညီလာခံသို့ တက်ရောက်ပြီး ဗိုလ်မှူးတို့ကို စကားပြောခွင့်ရတဲ့အတွက် ကျုပ်အင်မတန် ဝမ်းသာပါတယ်။ မနှစ်ကကျင်းပပြီးစီးခဲ့တဲ့ တပ်ရင်းမှူး ညီလာခံကို၊ ပြည်တော်သာညီလာခံကြီး မကျင်းပမီ၊ ကြိုတင်ပြီး ကျင်းပတဲ့အတွက် ပြည်တော်သာ ညီလာခံမှာ တင်သွင်းဆုံးဖြတ်မဲ့အဆိုဆယ်ခုကို ကျုပ်နှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက၊ ရဲဘော်တို့ကို စုံစုံလင်လင်ရှင်းပြနိုင်ခဲ့ကြတယ်။

ကျုပ်တို့လို တည်ထောင်ကာစ နိုင်ငံသစ်ကလေးတခုမှာ၊ နိုင်ငံတော်ရဲ့ တာဝန်အသီးသီးကိုအဘက်ဘက်မှထမ်းဆောင်နေကြရတဲ့ ပုဂ္ဂိုလ်တွေဟာ၊ အခုလိုမကြာခဏ တွေ့ဆုံပေးကြတာ၊ တွေ့ဆုံပြီးတဲ့နောက် အသီးသီး လုပ်ဆောင်နေကြတဲ့ လုပ်ငန်းတွေကို ရှင်းလင်း ပြောပြကြတာ၊ ရှေ့ကိုချီတက်ရမဲ့ လမ်းစဉ်တွေအတွက် တိုင်ပင်နှီးနှောကြတာတွေဟာ အင်မတန်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေဖြစ်တယ်။

ဒါကြောင့် အခုလိုဗိုလ်မှူးတွေနဲ့ ရင်းရင်းနှီးနှီး တွေ့ကြရတဲ့အခါမှာ (၁) နိုင်ငံတော်အစိုးရရဲ့ ပန်းတိုင်၊ (၂) ဒီပန်းတိုင်ကို သွားမဲ့လမ်း၊ (၃) ဒီပန်းတိုင်ကို ရောက်ဘို့အတွက် နိုင်ငံတော် အစိုးရတို့က လှမ်းခဲ့ပြီးသော ခြေလှမ်းများ၊

(၄) ဒီပန်းတိုင်သို့ ချီတက်ရာတွင် ဗမာ့တပ်မတော်က ယူရမည့်နေရာ၊ (၅) ဒီနေရာမျိုးကို ယူရမည့် ဗမာ့တပ်မတော်သားများရဲ့ အရည်အချင်းဆိုတဲ့ အချက်ကြီး ၅ ချက်ကို ကျုပ်ပြောပြချင်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပန်းတိုင်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ပြည်တော်သာဘဲဖြစ်တယ်။ ဒီတော့ ပြည်တော်သာဟာဘာလဲ။ စစ်ဒဏ်နှင့် သူပုန်ရောင်စုံတို့ရဲ့ဒဏ်ကြောင့် ပြည်ထောင်စုတခုလုံးမှာ နှံ့နေတဲ့ လောင်စာနဲ့ ပြာပုံတွေရှင်း၊ ဗွက်ထနေတဲ့ လမ်းတွေကိုပြင်၊ ကျိုးနေတဲ့ တံတားတွေနဲ့ မီးရထားလမ်းတွေကို အသစ်ဆောက်၊ ပြိုပျက်နေတဲ့ အိမ်တွေကိုအသစ်ပြန်တည်၊ ပြည်ထောင်စုကြီးရဲ့ စပါးတွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကို ဆထက်ထမ်းပိုး တိုးပြီးထွက်အောင်လုပ်။ အခုကျုပ်ပြောခဲ့တာတွေကို လျှောက်ပြီးလုပ်နိုင်ယင်၊ ပြည်တော်သာဖြစ်ရောလား။ ကျုပ်တို့တတွေ မျှော်မှန်းနေတဲ့ ပြည်တော်သာဖြစ်ရောလား။ မဖြစ်သေးဘူး။

ဒါတွေလောက်ကိုသာ လုပ်နိုင်ပြီး၊ အခုပြောပြတော့မဲ့ အရေးကြီးတဲ့ အဓိက အချက်ကြီးတွေကို မလုပ်နိုင်ယင်၊ ကျုပ်တို့ရဲ့ပြည်ထောင်စုကြီးဟာ "ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်" ဆိုတဲ့ စကားထဲက ကျောင်းတော်ကြီးလို ဖြစ်နေလိမ့်မယ်။ ကျောင်းတော်ကြီးက ရွှေတွေနဲ့ တဝင်းဝင်းဖြစ်နေပေမဲ့၊ ကျောင်းရှိ သံဃာတော်တွေမှာတော့၊ ဆွမ်းမဝတချက် ဝတချက် ဖြစ်နေကြရတာမျိုးလို၊ ပြည်ထောင်စုကြီးကို ကြည့်ရတာကဘော့၊ သာသာယာယာရှိပါရဲ့၊ လူထုကြီးတရပ်လုံးမှာတော့ ဝမ်းခေါင်ခေါင် ဖြစ်နေလိမ့်မယ်။ ပြည်ထောင်

စုကြီး တခုလုံးကို ကြည့်ရတာ ဘယ်လိုဘဲ သာသာယာယာ လူထုကြီးတရပ်လုံးမှာ ဝမ်းခေါင်ခေါင် ဖြစ်နေသရွေ့တော့ ကျုပ်တို့ရဲ့ ပြည်ထောင်စုကြီးဟာ ကျုပ်တို့အားလုံး မျှော်မှန်း အားထားတဲ့ ပြည်တော်သာမျိုးဘယ်နည်းနဲ့မျှ မဖြစ်သေးဘူး။

ဒီတော့ ဒီလိုလောင်စာနဲ့ ပြာပုံကိုရှင်း၊ ဗွက်ထနေတဲ့လမ်းတွေပြင်၊ မီးရထားလမ်းတွေ တံတားတွေကို အသစ်ဆောက်၊ အိုးသစ်အိမ်သစ်တွေကို ထူထောင်၊ တံတားတွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကို ဆထက်ထမ်းပိုး တိုးထွက်အောင် လုပ်တဲ့အပြင် ပြည်ထောင်စုကြီးကို ကျုပ်တို့အားလုံး မျှော်မှန်းထားတဲ့ တကဲ့ပြည်တော်သာ အစစ်ကြီးဖြစ်အောင် တခြား အဓိက အချက်ကြီးတွေကိုလဲဘဲ ကျုပ်တို့လုပ်ရအုံးမယ်။ ဒီ အဓိက အချက်ကြီးတွေဆိုတာ ဘာလဲ။

ဒီမေးခွန်းကို ခပ်ရှေရှေကလေး ဖြေပါရစေ။ ကမ္ဘာသူ ကမ္ဘာသားတွေ အမှားကြီးမှားနေကြတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်အမြိုက်ကို ခံနေရတဲ့အတွက်၊ လုပ်သင့်တာကတခြား၊ တကယ်လုပ်နေကြတာက တခြား ဖြစ်နေတယ်။ ဗုဒ္ဓဘာသာဝင်ဘဲဖြစ်ဖြစ်၊ ဟိန္ဒူဘာသာဝင်ဘဲ ဖြစ်ဖြစ်၊ မူဆလင်ဘာသာဝင်ဘဲဖြစ်ဖြစ်၊ ခရစ်ယန်ဘာသာဝင် ဘဲဖြစ်ဖြစ်၊ နတ်ကိုးကွယ်တဲ့ဘာသာဝင်ဘဲဖြစ်ဖြစ်၊ ဘယ်ဘာ သာကိုမှ မယုံကြည်တဲ့လူဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ်၊ အိုရမဲ့ ဘေးကြီး၊ နာရမဲ့ဘေးကြီး၊ သေရမဲ့ဘေးကြီးက ဘယ်သူမှ မလွတ်နိုင်ပါဘူး။ ဒါကတော့ ဘယ်သူဘဲဖြစ်ဖြစ် မငြင်းနိုင်ဘူး။ လက်တွေ့ဖြစ်နေတာဘဲ။ နောက်ပြီးတော့ လူတွေအားလုံး နေ့မနား ညမနား၊ တကောက်ကောက်ပါအောင် လိုက်နေ

ကြတဲ့ မျက်စေ့အာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊လျှာအာရုံ၊ ကိုယ်အာရုံ၊ စိတ်အာရုံ ဆိုတာတွေဟာလဲ လက်ဖျစ်တတွက် တောင်မခံဘူး။ ခုတွေ့ခုပျောက်ဖြစ်နေတယ်ဆိုတာလဲ ဘယ်သူမှ မငြင်းနိုင်ဘူး။ ဒါကလဲ လက်တွေ့ဖြစ်နေတာဘဲ။ နောက်ပြီး တော့ ဘာတွေကိုဘဲ ရှာထားရှာထား၊ ဘာပစ္စည်းတွေကိုဘဲ စုစု၊ သေတာနဲ့တပြိုင်နက်ဘာတခုကိုမျှယူမသွားနိုင်ဘူးဆိုတာ ကိုလဲဘယ်သူမှမငြင်းနိုင်ဘူး။ ဒါကလဲ လက်တွေ့ဖြစ်နေတာဘဲ။

ဒီတရားကြီးတွေကို ဘယ်သူဖြစ်ဖြစ်မငြင်းနိုင်ပေမဲ့၊ လောဘ မီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်တွေ အမြိုက်တွေကို ခံနေကြရတဲ့အတွက်၊ တကဲ့လက်တွေ့ကြတော့၊ ကိုယ့်အနား ကပ်နေတဲ့ ဒီတရားကြီးတွေကို မြင်နိုင်တဲ့ လူတွေဟာ အင်မ တန်ရှားကြတယ်။

ဒီတော့ မကောင်းတဲ့အာရုံတွေကို ခံစားနေရတဲ့ လူတွေ ကလဲ၊ ကောင်းတဲ့အာရုံကို ခံစားချင်ကြတယ်။ ကောင်းတဲ့ အာရုံကို ခံစားနေရတဲ့လူတွေကလဲ ပိုပြီးကောင်းတဲ့ အာရုံ တွေကို ခံစားချင်ကြတယ်။ ပိုပြီးကောင်းတဲ့အာရုံတွေကို ခံစား နေရတဲ့လူတွေကလဲ၊ အကောင်းဆုံးအာရုံတွေကို ခံစားချင်ကြ တယ်။ ဒီလိုလောဘဇောတွေက ဆင့်ကဲဆင့်ကဲတိုးပြီး မြှောက် ပင့်ပေးတာတွေကို ခံရတော့၊ ပိုပြီးကောင်းတဲ့ အာရုံတွေကို ခံစားစံစားနိုင်ဘို့ နည်းလမ်းတွေရှာကြရပြန်ရော။ နည်းလမ်း တွေတွေ့ပြီးဆိုမှဖြစ်ယင်၊ လုပ်ကြရပြန်ရော။ ဒီတော့ မမြဲတဲ့ သဘောတရားတွေ၊ ဒီဘဝဟာ သံသရာကြီးနဲ့ စာလိုက်ယင်၊ မျက်စေ့တမှိတ် လျှပ်တပြက်လောက်တောင် မရှိအောင် တို တောင်းတာတွေ၊ သေယင် ဘာမှယူမသွားနိုင်တာတွေ အစ

ရှိတဲ့ အမှန်တရားကြီးတွေကို ဘာမှမမြင်ကြတော့ဘူး။ အာရုံတွေကို ဆင့်ကဲဆင့်ကဲတိုးပြီးခံစားရအောင်ဆိုပြီး၊ လယ်ဆယ်ကေရှိတဲ့လူတွေကလဲ ကေတရာ၊ ကေတရာရှိတဲ့ လူတွေကလဲ ကေတထောင်၊ တထောင်ရှိတဲ့ လူတွေကလဲ တသောင်း၊ တသိန်းအထိ တိုးရအောင် ကြိုးစားကြကုန်ရော။ စက်ရှိတဲ့ စက်ပိုင်တွေကလဲ တလုံးက နှစ်လုံး၊ နှစ်လုံးက လေးလုံး စသည်ဖြင့် တိုးပြီးရအောင် ကြိုးစားကုန်ကြရော။ သတ္တုတွင်းတွေ၊ သစ်တောတွေ၊ ရေနံတွင်းတွေပိုင်တဲ့ လူတွေကလဲ ဒီလိုဘဲ ဆထက်ထမ်းပိုးတိုးပြီးရအောင် ကြိုးစားကြပြန်ရော။ ဒီလိုနဲ့ဘဲ ကမ္ဘာတဝန်းလုံးမှာ ပုပုရွရွမြင်သမျှ လူတွေအားလုံးဟာ၊ ရလေလိုလေအိုတစ္ဆေတွေ ဖြစ်ကုန်ကြရော။

ဒီတော့၊ ဒီလိုတကေက ၁၀ ကေ၊ စက်တစက်က ၁၀ စက်၊ သတ္တုတွင်းတတွင်းက ၁၀ တွင်း၊ တိုက်တတိုက်က ၁၀ တိုက် အစရှိသဖြင့် တိုးပွါးလာအောင်၊ လူသုံးပစ္စည်းတွေကို လူသုံးဘို့သက်သက်မဟုတ်တော့ဘဲ၊ အမြတ်ရဘို့ပါ ကြိုးစားလာကြတယ်။ ဒီလိုလူသုံးပစ္စည်းတွေကို လူသုံးဘို့သက်သက်မဟုတ်ဘဲ၊ အမြတ်ရဘို့လုပ်တဲ့အချိန်ကစပြီး၊ လူသုံးပစ္စည်းတွေရဲ့အပေါ်မှာ မူလကထားခဲ့ကြတဲ့ လူတွေရဲ့ အမြင်ဟာ၊ တခါတဲပျောက်ကွယ်သွားတယ်။ ရှေးရှေးအခါက ဒီလူသုံးပစ္စည်းတွေဟာ ကမ္ဘာသူကမ္ဘာသားတွေ လိုသလောက် သုံးကြဘို့ဖြစ်ပေမဲ့၊ အမြတ်ထုတ်တဲ့ အချိန်ကစပြီး၊ လူသုံးဘို့သက်သက် မဟုတ်တော့ဘူး။ လယ်ပိုင်ရှင်ကလေးတွေကနေပြီး လယ်ပိုင်ရှင်ကြီးတွေ၊ စက်ပိုင်ရှင်ကလေးတွေက နေပြီး စက်ပိုင်ရှင်ကြီးတွေ၊ သတ္တုတွင်း၊ ရေနံတွင်းပိုင်ရှင်ကလေးတွေကနေပြီး၊ တွင်းပိုင်

ရှင်ကြီးတွေ၊ သစ်တောပိုင်ရှင်ကလေးတွေကနေပြီး သစ်တော ပိုင်ရှင်ကြီးတွေ၊ တိုက်ပိုင်ရှင်ကလေးတွေကနေပြီး တိုက်ပိုင်ရှင် ကြီးတွေ အစရှိသဖြင့် လူချင်းအတူတူဖြစ်ပါလျက်နဲ့ လူတန်း စားအမျိုးမျိုးခွဲခြားထားတဲ့ ဓနရှင်လောကကြီးကို ဖန်တီးပေး ဘို့ ပစ္စည်းတွေဖြစ်လာကြတယ်။

ဒီလိုဖြစ်တဲ့ အချိန်ကစပြီး၊ (၁) ပစ္စည်းရှင်လူတန်းစားနဲ့၊ ပစ္စည်းမဲ့ လူတန်းစားဆိုတဲ့ လူတန်းစား ၂စား ပေါ်လာ တယ်။ (၂) ဒီလိုလူတန်းစား ၂ စား ပေါ်လာတဲ့အတွက် ပစ္စည်းမဲ့ လူတန်းစားတွေဟာ ပစ္စည်းရှင်တွေဆီမှာ ဝတ်ရေး၊ နေရေး၊ စားသောက်ရေးအတွက် မှီခိုကပ်ရပ်ပြီး၊ ပရိယေသန ဝမ်းစာ ရှာဖွေကြရတယ်။ ဒီလိုရှာကြရတဲ့ အချိန်ကစပြီး လူ လူချင်း လူညွန့်ခူးစားရတဲ့ စံနစ်ဆိုးကြီး ပေါ်လာရပြန်တယ်။ (၃) ဒီလို လူ လူချင်း လူညွန့်ခူးစားတဲ့ စံနစ်ဆိုးကြီး ဆိုတာ ပစ္စည်းမဲ့တွေဆီက ရသမျှယူ၊ နည်းနိုင်သမျှ နဲနဲပြန်ပေးတဲ့ စံနစ်ဆိုးကြီး ဖြစ်လေတော့၊ ပစ္စည်းမဲ့တွေဟာ၊ မဲ့သထက် ပိုပြီး မဲ့ကုန်ကြတယ်။ ဒီလိုမဲ့သည်ထက် ပိုမဲ့တော့၊ ခိုးဝှက် လုယက် တိုက်ခိုက်တာတွေ လုပ်ကုန်ကြတတ်တယ်။ ပြည်တန် ဆာမအလုပ်တို့၊ တိတ်တိတ်ပုန်း ပိုက်ဆံရှာတဲ့ အလုပ်တို့ဆိုတာ တွေကို လုပ်သူတွေက လုပ်ကြရပြန်တယ်။ (၄) အသက်သေ ခြင်း အကြောင်းတရားဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုပြီး ၄ ပါးရှိတယ်။ ဒီတော့ လူ လူချင်း လူညွန့်ခူးစားတဲ့ စံနစ်ဆိုး ကြီးရဲ့ အောက်မှာ ပစ္စည်းမဲ့ လူတန်းစား ဖြစ်ရတဲ့လူတွေ အ တွက်၊ အာဟာရ ကောင်းကောင်း ဘယ်မှာ စားနိုင်ကြမလဲ။ ဥတုသုံးပါး ကာကွယ်နိုင်တဲ့ အိမ်ရာတို့၊ အဝတ် အစားတို့

ဘယ်မှာ လုံလုံလောက်လောက်ရှိနိုင်ကြပါ့မလဲ။ ဒီလို မစားနိုင်၊ မဝတ်နိုင်၊ မနေနိုင်တဲ့ လူတွေအတွက် စိတ်တွေကော ကောင်းနိုင်အုံးမလား။ စိတ်မကောင်းတဲ့နောက် ကံကော ဘယ်မှာ ကောင်းနိုင်ပါအုံးမလဲ။ ဒီတော့ ပစ္စည်းမဲ့ လူတန်းစား စာရင်းထဲ ပါရကတဲက ဒီလူတွေမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အသက်ရှည်စေနိုင်တဲ့ အကြောင်းတရား၄ ပါးစလုံးဟာ ချွတ်ယွင်းနေကြပြီ။ ဒီတော့ ဒီကမ္ဘာကြီးထဲမှာ ရောဂါတွေ ထူပြော လာရောပေါ့။ (၅) ပစ္စည်းမဲ့ လူတန်းစားတွေဟာ မသေထမင်း မသေဟင်းကလေး တလုပ် နှစ်လုပ် စားရဘို့ကိုဘဲ အပြေးအလွှား လုပ်နေရတဲ့ အတွက် ပညာရေးကို ဘယ်မှာ ဂရုစိုက်နိုင် ပါတော့မလဲ။ ဒီလို ဂရုမစိုက်နိုင်တဲ့ အတွက် လူ့အန္ဓတွေ၊ ဖိုးသုညတွေ၊ မှိုပေါသလို ပေါလာရ ပြန်တာပေါ့။ (၆)ဒီလို လူ့အန္ဓတွေ၊ ဖိုးသုညတွေ ပေါနေတဲ့ နိုင်ငံ တနိုင်ငံဟာ ဘယ်မှာ လာပြီး တိုးတက်မှု ရှိနိုင်ပါတော့မလဲ။

အခုကျုပ်ပြောခဲ့တဲ့ အချက်ကြီး ၆ ချက်ကို တခုစီလျှောက်ပြီး ဆင်ခြင်သုံးသပ်ခြင်း အားဖြင့်၊ လူသုံးပစ္စည်းကို လူတွေ သုံးစွဲဘို့နေရာကနေပြီး၊ အမြတ်ထုတ်ဘို့နေရာကို ကူးပြောင်း လိုက်တဲ့ စံနစ်ဆိုးကြီးကစပြီး၊ ကမ္ဘာကြီးအတွင်းမှာ ယနေ့ ကြုံတွေ့နေရတဲ့ မကောင်းတာတွေ ခပ်များများဟာ ဘယ်လို ပေါ်ပေါက်လာတယ်။ တခုနဲ့တခု ဘယ်လိုဆက်စပ်နေတယ် ဆိုတာတွေကို ဗိုလ်မှူးတို့သိနိုင်ကြလိမ့်မယ်။

ဗုဒ္ဓဘာသာ ဝင်တိုင်း လိုလို ကြားဘူးကြတဲ့ ကမ္ဘာဦး အစတုံးက ပေါ်ပေါက်ခဲ့ဘူးတယ်လို့ ဆိုတဲ့ ပဒေသာပင်ကြီး အကြောင်းကို ကျုပ်အနည်းငယ် ပြောပြချင်တယ်။ ကျေးဇူးပြု၍

သည်းခံပြီး နားထောင်ကြပါ။ ကျုပ်တို့ ငယ်ငယ်က ကြားဘူးခဲ့တဲ့အတိုင်း ဆိုယင် ဒီ ပဒေသာပင်ကြီးပေါ်ပေါက်တယ်ဆိုတဲ့ ခေတ်တုံးက လူတွေဟာ လိုချင်တာရှိယင် ဒီပဒေသာပင်ကြီးမှာသွားပြီး ဆွတ်ယူလိုက်ကြတာဘဲ။ ဒီလို ယူနိုင်တဲ့အတွက်၊ ဒီခေတ်တုန်းက လူတွေဟာ၊ မစားရတဲ့ လူ၊ မဝတ်ရတဲ့လူ၊ အိမ်ကောင်းနဲ့ မနေရတဲ့ လူရယ်လို့ မရှိဘူး။ နေရေးထိုင်ရေး ချို့တဲ့လို့ ခိုးရတိုက်ရတဲ့ သူခိုး ထားပြရယ် လို့လဲ မရှိခဲ့ဘူး။ အသက်ထက် အရှက်ကိုပိုပြီး မငဲ့ကွက်နိုင်တဲ့အတွက် ပြည့်တန်ဆာမ လုပ်ရတဲ့ လူရယ်လို့လဲ မရှိခဲ့ဘူး။ ရောဂါ ထူပြောတယ်လို့လဲ မရှိခဲ့ဘူး။

ဒါပေမဲ့ လူတွေဟာ ကိုယ့်လောဘတွေကို ကိုယ်မထိန်းသိမ်းနိုင်တော့ဘဲ၊ အမှန်လိုတာထက်ပိုပြီးဝိုင်းယူလိုက်ကြတာ ဒီပဒေသာပင်ကြီးလဲ ကွယ်သွားတာဘဲလို့ ကျုပ်တို့ ငယ်ငယ်တုန်းကကြားဘူးကြတယ်။ ဒီလိုပဒေသခပင် ကွယ်ပြီးတဲ့နောက် ထမင်းနပ် မှန်အောင် မစားရတဲ့ လူတွေ၊ အဝတ်ကောင်းကောင်း မဝတ်ရတဲ့ လူတွေ၊ အိမ်ကောင်းကောင်းနဲ့ မနေရတဲ့လူတွေ၊ ခိုးသားထားပြတွေ၊ ပြည့်တန်ဆာမတွေ၊ ရောဂါထူပြောတာတွေဟာ တသီတတန်းကြီးပေါ်ပေါက်လာခဲ့ကြတယ်။

ဒီပဒေသာပင်ဆိုတာက အမှန်စင်စစ်တော့ စကားဥပစာတင်ပြီးသုံးထားတဲ့ စကား အသုံး အနှုန်း မျှသာ ဖြစ်တယ်။ ပဒေသာပင်ဆိုတာ တခြားဟာမဟုတ်ဘူး။ မြေတွင်း မြေပြင် သဘာဝ ပစ္စည်းတွေနဲ့ ပြည့်လျှံနေတဲ့ ဒီကမ္ဘာကြီးဘဲ ဖြစ်တယ်။ ဒီကမ္ဘာကြီးထဲမှာ ပြည့်လျှံနေတဲ့ သဘာဝ ပစ္စည်း

တွေကို၊ လူတွေ သုံးဘို့သာ အသုံးပြုကြမယ် ဆိုယင်၊ အခု လက်ရှိ ကမ္ဘာ့သူ ကမ္ဘာ့သားတွေ နောက်ထပ် လေးငါးဆတိုး သည့်တိုင်အောင်သုံးလို့ မကုန်ဘူး။ လူတိုင်းလူတန်းစေ့ နေနိုင် ဘို့လုံလုံ လောက်လောက်သုံးနိုင်တဲ့အပြင်၊ ပိုလျှံတောင်နေအုံး မယ်။ ဒါပေမဲ့အခုတော့ ဒီလိုမဟုတ်ဘူး။ လူတိုင်းကကိုယ်သုံး နိုင်တာထက်ပိုပြီးလိုချင်နေကြတယ်။ ဆင်းရဲသားကျော့မွဲကလဲ လူတန်းစေ့ နေရရုံမကဘူး။ သူဌေးဖြစ်ချင်ကြတယ်။ သူဌေး ဖြစ်ပြန်တော့လဲ သူဌေးကလေး အဖြစ်နဲ့ နေရတာကို မကျေ နပ်သေးဘူး။သူဌေးကြီးတွေ ဖြစ်ချင်သေးတယ်။ သူဌေးကြီးတွေ ဖြစ်ပြန်တော့လဲ မတင်းတိမ်နိုင်သေးဘူး။ တခြားနိုင်ငံတွေကို လက်ဝါးကြီး လိုက်အုပ်နေတဲ့ နယ်ချဲ့သမားကြီးတွေဖြစ်ချင် လာကြပြန်တယ်။

ဒီတော့ ပစ္စည်းတွေကိုလိုတာထက်ပိုသိမ်း၊ ရနိုင်မယ်ဆို ယင်၊ ဘ နဖူးတောင် သိုက်တူးလိုက်ကြသေးတယ်။ ဒီတော့ ပစ္စည်းတွေဟာ လူတစုရဲ့ လက်ထဲမှာ သူတို့ရဲ့တသက်မဟုတ် ဘူး၊ ဆယ်သက် သုံးတောင်ဘယ်နည်းနဲ့မှ မကုန်နိုင်တဲ့ ပစ္စည်း တွေ တောင်ပုံယာပုံဖြစ်နေကြတယ်။ မရှိတဲ့လူကျတော့၊ ခါး ကပ်နေတဲ့ နံငယ်ပိုင်း အစုတ်ကလေးတောင် အနိုင်နိုင်ရှာခဲ့ ကြရတယ်။ ဒီအချိန်ကစပြီး၊ ပဒေသာပင်ကြီးလဲ ကွယ်တာဘဲ။ ဒီပဒေသာပင် ပေါ်လာပုံနဲ့၊ ပဒေသာပင် ကွယ်ပြောက်သွား ပုံ ဥပစာဟာ၊ လူသုံး ပစ္စည်းတွေကို၊ လူတွေသုံးရုံ အတွက် သာ၊ အသုံး ပြုနေတုန်းက၊ လူ့လောကကြီးမှာ လူတွေဟာ ဘယ်လို လောဘ ထွက်လာပြီး၊ လူသုံး ပစ္စည်းတွေကို စီးပွား ရေးအဖြစ်နဲ့ အမြတ်ထုတ်လာကြတဲ့အခါကျတော့ ဒီလူ့လော

ကကြီးဟာ ဘယ်ပုံဖြစ်လာတယ်ဆိုတာကို ရှေးပညာရှိကြီးများ က စကားတင်စားပြီး ပြောသွားတဲ့ ဥပစာကြီးပင်ဖြစ်တယ်။

ကဲ ရဲဘော်တို့။ ပြည်တော်သာကို ကွက်ကွက်ကွင်းကွင်း သဘော ပေါက်လိုတဲ့ စေတနာနဲ့ ကျုပ် ဋီကာချဲ့လိုက်တာ အတော်ဘဲရှည်သွားပြီ။ ဒီတော့ ပြည်တော်သာဆိုတာဘာလဲ။ ဒီမေးခွန်းကို ကျုပ် ဖြေတော့မယ်။ ပြည်တော်သာ ဆိုတာ လောင်စာနဲ့ ပြာပုံတွေရှင်းရုံ၊ လမ်းတွေပြင်ရုံ၊ မီးရထားလမ်း ဟံတားအစရှိသည်တို့ အသစ်ပြင်ဆင်ဆောက်ရုံ၊ အိုးသစ် အိမ် သစ်တွေ ထူထောင်ပေးရုံ၊ စပါးတွေ သစ်တွေ၊ ရေနံတွေသတ္တု တွေကို ဆထက် ထမ်းပိုး တိုးပြီးထွက်အောင် လုပ်ပေးရုံမက၊ ပစ္စည်းရှင်နဲ့ ပစ္စည်းမဲ့လူတန်းစား ခွဲခြားပေးတဲ့ စံနစ်ဆိုး၊ လူ လူချင်းလူညွှန့်ခူးစားနိုင်အောင်စီစဉ်ပေးတဲ့စံနစ်ဆိုး၊သူခိုးတွေ၊ ခါးပိုက်နှိုက်တွေ၊ လုယက်သမားတွေ၊ ထားပြတွေ၊ ပြည့်တန် ဆာတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ စံနစ်ဆိုး၊ ရော ဂါ ထူပြောအောင် အားပေးနေတဲ့ စံနစ်ဆိုး၊ လူအန္တတွေ၊ မိုးသုညတွေကို တမွေးတည် းမွေးထုတ် ပေးနေတဲ့ စံနစ်ဆိုး၊ နိုင်ငံ တနိုင်ငံကို တိုးတက်မှု မရှိစေဘဲ ဆုတ်ယုတ်နေအောင် ဖိနှိပ်ထားတဲ့ စံနစ်ဆိုး၊ နိုင်ငံကြီးတွေက နိုင်ငံကလေးတွေအ ပေါ်မှာ နယ်ချဲ့ လာအောင် လုပ်ပေးနေတဲ့ စံနစ်ဆိုး၊ ဒီစံနစ် ဆိုးတွေ မှန်သမျှကို၊ အမြစ်ကနေပြီး တော်လှန်ပစ်ဘို့ကိုလဲ ကျုပ်တို့ ကြိုးစားကြရမယ်။

လောင်စာနဲ့ပြာပုံရှင်း၊ လမ်းတွေပြင်၊ မီးရထားလမ်းတွေ အသစ်ဆောက်၊ အိုသစ်အိမ်သစ်တွေထူထောင်၊ ထွက်ကုန် ပစ္စည်းတွေ ဆထက်ထမ်းပိုး တိုးပြီး ထွက်အောင်သာ လုပ်

ထားပြီး၊ဒီစံနစ်ဆိုးကြီးတွေကိုတော့ တော်လှန်မပစ်ဘူးဆိုယင်၊ ကျုပ်ခုတင်ကပြောခဲ့တဲ့အတိုင်း ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်မှာဘဲ။ ဒီတော့မေးခွန်းအနည်းငယ်ကို ကျုပ်ကဘဲ ပြန်ပြီးမေးပါရစေ။

နိုင်ငံတနိုင်ငံမှာ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေကသိပ်ကောင်း၊ အိုးအိမ် တွေက သိပ်ခံ့၊ ထွက်ကုန်တွေ ကျပြန်တော့လဲ သိတ်ပြီးထွက်ပါရဲ့။ ဒါပေမဲ့ ဒီနိုင်ငံမှာ လူတစုရဲ့ လူလူချင်း လူညွန့်ခူးစားတာကိုခံနေရလို့ လူများစု လူထုကြီးတရပ်လုံးမှာ လူတန်းစေ့မနေရ၊ မဝတ်ရ၊ မစားရဘူးဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာလို့ ခေါ်နိုင်ကြပါ့မလား။ ခိုးသားထားပြတွေ ပေါများနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ခေါ်နိုင်ကြပါ့မလား။ ပြည့်တန်ဆာမတွေပေါများနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာ နိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ ရောဂါ ထူပြောနေမယ်ဆိုယင်၊ ဒီ နိုင်ငံမျိုးကို ပြည်တော်သာ နိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ လူအန္ဓတွေ ဖိုးသို့ညတွေပေါနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ခေါ်နိုင်ကြပါ့မလား။ တိုးတက်မှုမရှိဘဲ၊ ဆုတ်ယုတ်မှုသာရှိနေတဲ့ နိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ နယ်ချဲ့စံနစ်ကြီးတည်ထွန်းနေတဲ့နိုင်ငံကို ပြည်တော်သာနိုင်ငံလို့ခေါ်ကြပါ့မလား။ မခေါ်နိုင်ဘူး၊ဘယ်နည်းနဲ့မှ မခေါ်နိုင်ဘူး။

ဒါကြောင့်၊ ကျုပ်တို့အားလုံး မျှော်မှန်းတဲ့ ပြည်တော်သာဟာ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေ၊ အိုးအိမ်တွေကောင်းပြီး၊ထွက်ကုန်ပစ္စည်းတွေ အများထွက်နေတဲ့ နိုင်ငံသာ

မကာ၊ လူတန်းစားခွဲခြားပေးတဲ့ စံနစ်ဆိုး၊ လူလူချင်း လူညွန့် ခူးစားနိုင်အောင် စီစဉ်ပေးတဲ့ စံနစ်ဆိုး၊ သူခိုးတွေ၊ ခါးပိုက် နှိုက်တွေ၊ လုယက်သမားတွေ၊ ထားပြတွေ၊ ပြည့်တန်ဆာတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ စံနစ်ဆိုး၊ ရောဂါထူပြော အောင် အားပေးနေတဲ့ စံနစ်ဆိုး၊ လူ့အန္တတွေ၊ မိုးသူညတွေ ကို တမွေးတည်းမွေးထုတ်ပေးနေတဲ့ စံနစ်ဆိုး၊ နိုင်ငံတနိုင်ငံကို တိုးတက်မှု မရှိစေဘဲ၊ ဆုတ်ယုတ်နေအောင် ဖိနှိပ်ထားတဲ့ စံနစ်ဆိုး၊ နယ်ချဲ့စံနစ်ကြီးကို အားပေးနေတဲ့ စံနစ်ဆိုး၊ ဒီစံနစ် ဆိုးကြီးတွေကို၊ အမြစ်ကပါ တော်လှန်သုတ်သင် ရှင်းလင်းပြီး ဖြစ်တဲ့ နိုင်ငံတနိုင်ငံဘဲ ဖြစ်ရမယ်ဆိုတာ၊ ဗိုလ်မှူးတို့အားလုံးရဲ့ ထိပ်မှာ သံမှိုနှက်ထားသလိုကို မှတ်ထားကြရမယ်။

(၁) ကျုပ်တို့မျှော်မှန်းတဲ့ ပန်းတိုင်ဟာ၊ ပြည်တော်သာ ဖြစ်တယ်ဆိုတာကိုတော့ သိပြီ။ ဒီပြည်တော်သာကို ရောက် အောင်၊ ကျုပ်တို့ ဘယ်လမ်းနဲ့သွားမလဲ၊ ဒီမေးခွန်းကို ကျုပ် ခပ်ရှည်ရှည်ကလေးဘဲ ဖြေချင်တယ်။

ပြည်တော်သာ တည်ဆောက်တဲ့ နေရာမှာ၊ အချုပ်အချာ အာဏာဟာ အရေးအကြီးဆုံး အချက်ကြီးဘဲ။ ပြည်တော် သာတည်ဆောက်မယ်ဆိုတဲ့ လူတွေဟာ မိုးပျံနေအောင် တော် တဲ့လူတွေဖြစ်ပေစေ၊ သူတို့ရဲ့စီမံကိန်းတွေဟာလဲ မိုးပျံနေတဲ့ စီမံကိန်းတွေဖြစ်ပေစေ၊ သူတို့ရဲ့လက်ထဲမှာ အချုပ်အချာ အာ ဏာမရှိယင်၊ ဒီလူတွေဟာ အလွန်တကာ့အလွန်ဆုံး၊ လေထဲ တိုက်အိမ်ဆောက်နေတဲ့လူတွေလောက်အထိသာဖြစ်နိုင်တယ်။ ပြည်တော်သာကိုတော့ ဘယ်နည်းနဲ့မှ မတည်ဆောက်နိုင်ဘူး။ ဒီစကားဟာ ကျုပ်တို့ရဲ့ပြည်ထောင်စုမှာသာ မှန်တာမဟုတ်

ဘူး။ ကမ္ဘာကြီးတခုလုံးရဲ့ အရှေ့ဘက်ကိုဘဲ ကြည့်ကြည့်၊ အနောက်ဘက်ကိုဘဲ ကြည့်ကြည့်၊ မြောက်ဘက်ကိုဘဲ ကြည့်ကြည့်၊ တောင်ဘက်ကိုဘဲ ကြည့်ကြည့်၊ ဘယ်ဘက်ကိုဘဲ ကြည့်ကြည့်၊ ဒီစကားမှန်တာကို တွေ့ရလိမ့်မယ်။

(၂) ရုရှားပြည်မှာလီနင်တို့၊ စတာလင်တို့ဆိုတဲ့ ကွန်မြူနစ်တွေလဲ ကွန်မြူနစ်လောကကို တည်ဆောက်နိုင်အောင် အဓိက အချက်ကြီး ဖြစ်တဲ့ အချုပ် အချာ အာဏာကို ရှေးဦးစွာ ရ အောင် ယူခဲ့ကြတယ်မဟုတ်လား။ (၃) ဂျာမနီပြည်မှာ ဟစ်တလာတို့ လူစုလဲ နာဇီလောကကြီးကို ထူထောင် နိုင်အောင်၊ အဓိကအချက်ကြီးဖြစ်တဲ့ အချုပ်အချာအာဏာကိုဘဲ၊ ရှေးဦးစွာရအောင် ယူခဲ့ကြတာဘဲ မဟုတ်လား။ (၄) ဣတလီပြည်မှာ မူဆိုလိုနီတို့ လူစုလဲ ဖက်ဆစ် လောကကြီး ထူထောင်နိုင်အောင် အဓိက အချက်ကြီးဖြစ်တဲ့ အချုပ်အချာ အာဏာကို ရှေးဦးစွာ ရအောင်ယူခဲ့ကြတယ် မဟုတ်ဘူးလား။(၅)ဒီလိုဘဲ၊ အင်္ဂလန်နိုင်ငံမှာ ဆိုရှယ်လစ် လောက ထူထောင်ချင်တဲ့ လေဘာပါတီဟာ အဓိက အချက်ကြီးဖြစ်တဲ့၊ အချုပ်အချာ အာဏာကိုဘဲ ရှေးဦးစွာ ရအောင်ယူကြရပြီး၊ အမေရိကန် နိုင်ငံမှာလဲ " ဖဲယားဒီးလ် " ခေါ် သာတူညီမျှ လောကကြီး ထူထောင်ချင်တဲ့ ဒီမိုကရက်တစ် ပါတီကလဲ အဓိက အချက်ကြီးဖြစ်တဲ့ အချုပ်အချာ အာဏာကိုဘဲ ရှေးဦးစွာ ရအောင် ယူခဲ့ကြရတယ်။ ဒီလိုဘဲ၊ ကမ္ဘာကြီး တဝန်းလုံးမှာ ရှိတဲ့ နိုင်ငံတိုင်းမှာ ကိုယ်ယုံကြည်ရာ လောကကြီးကို၊ တည်ဆောက်ချင်တဲ့ လူတွေဟာ၊ တခြားဟာတွေထက် အချုပ်အချာ အာဏာကို၊ ရှေးဦးစွာ ရအောင်ယူကြရတယ်။ (၆) ဒီလို အာဏာကို

ယူတဲ့ နေရာမှာ လမ်း ၂ မျိုးရှိတယ်။ ဒီနှစ်မျိုးအနက်၊ တမျိုးက ဒီမိုကရေစီလမ်းဖြစ်ပြီး၊ အခြားတမျိုးက အာဏာရှင်လမ်းဖြစ်တယ်။ (၇) ဒီမိုကရေစီလမ်း ဆိုတာက တခြားဟာ မဟုတ်ဘူး။ အချုပ်အချာ အာဏာကို ပြည်သူ လူထုကြီးဆီက၊ လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲကြီးနဲ့ တောင်းယူတဲ့လမ်းဘဲဖြစ်တယ်။ (၈) အာဏာရှင် လမ်းကတော့၊ အချုပ်အချာ အာဏာကို ပြည်သူလူထုကြီးထံမှ၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲနဲ့ တောင်းယူတဲ့နည်း မဟုတ်ဘူး။ လက်နက် အားကိုးနဲ့ ပြည်သူ လူထုကြီးထံမှ အချုပ် အချာ အာဏာကို သိမ်းပိုက်ထားတဲ့ လမ်းဘဲဖြစ်တယ်။ (၉) ဒီမိုကရေစီလမ်းမှာ၊ အချုပ်အချာ အာဏာဟာ ပြည်သူလူထုမှာတည်တယ်၊ (၁၀) အာဏာရှင်လမ်းမှာ၊ အချုပ်အချာ အာဏာဟာ၊ အပေါ်ကနေပြီး လက်နက်အားကိုးနှင့် လက်ဝါးကြီးအုပ်နေတဲ့ လူတစုမှာ တည်တယ်၊ (၁၁) ဒီမိုကရေစီလမ်းမှာ၊ ပြည်သူလူထုဟာ သူတို့မြှော်မှန်းထားတဲ့ ပြည်တော်သာကို တည်ဆောက် ပေးရေးအတွက်၊ ကောင်းမယ်လို့ သူတို့ထင်မြင်ယူဆတဲ့ အစိုးရအဖွဲ့ကို တင်မြှောက်ပြီး၊ သူတို့ထင်မြင်ယူဆခဲ့တဲ့အတိုင်း မကောင်းဘူးဆိုတာကို တွေ့တဲ့အခါမှာ၊ သူတို့တင်ထားတဲ့ အစိုးရကို၊ သူတို့ဖြုတ်ချနိုင်တယ်။ (၁၂) အာဏာရှင်လမ်းမှာတော့ ဒီလိုမဟုတ်ဘူး၊ အပေါ်က လက်ဝါးကြီးအုပ်နေတဲ့ လူတစုဟာ အစိုးရ ဖြစ်လာကတည်းကိုက၊ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ ဖြစ်လာရတာ မဟုတ်ဘဲ၊ လက်နက်အားကိုးနဲ့ ဖြစ်လာရတဲ့အတွက်၊ ဒီလူတွေဟာ ကောင်းကောင်း၊ မကောင်းကောင်း၊ ပြည်သူလူထုကြီးဟာ သူတို့ကို ဖြုတ်ချမပစ်

နိုင်ဘူး။ (၁၃) ဒီမိုကရေစီလမ်းမှာ၊ အစိုးရအဖွဲ့ တဖွဲ့ဟာ၊ တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုရဲ့ အကြည်ညိုခံရမှုကို လိုတယ်။ (၁၄) အာဏာရှင်လမ်းမှာတော့ အစိုးရအဖွဲ့ဟာ တည်တံ့ ခိုင်မြဲရေးအတွက်၊ ပြည်သူလူထုကို နိုင်နိုင်နင်းနင်း ဖိနှိပ်ချုပ်ချယ်ထားနိုင်မှုကိုလိုတယ်။ (၁၅) ဒီမိုကရေစီလမ်းမှာ၊ အစိုးရအဖွဲ့တဖွဲ့ ၊တည်တန့် ခိုင်မြဲအောင် ပြည်သူလူထုရဲ့ အကြည်ညိုခံရမှုဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက်၊ဒီအစိုးရ အဖွဲ့ဟာ ပြည်သူလူထုကို မနှိပ်စက်ရဲဘူး။ မထေမဲ့မြင် မပြုဝံ့ ဘူး။ မတရား မလုပ်ဝံ့ဘူး၊ ပြည်သူလူထုရဲ့ အကြည်ညို ခံရ အောင် လူထုရဲ့အကြိုက်ကိုစုံစမ်းရမယ်၊ လူထုနှင့်တိုင်ပင်ရမယ်။ နှီးနှော ရမယ်။ ဆွေးနွေးရမယ်။ ဒီလို ပြည်သူလူထုနဲ့ တိုင်ပင် နှီးနှော ဆွေးနွေး စုံစမ်းလို့ ရရှိလာတဲ့ လူထု ဆန္ဒတွေကို၊ အကောင်အထည် ဖေါ်နိုင်သမျှ ဖေါ်ပေးရမယ်။ (၁၆) အာ ဏာရှင် လမ်းမှာတော့ ဒီလိုမဟုတ်ဘူး။ အစိုးရအဖွဲ့ရဲ့ တည် တန့်မှုအတွက် လူထုရဲ့ အကြည်ညို ခံရမှုဟာ အဓိက အချက် ကြီး မဟုတ်လို့၊ အစိုးရအဖွဲ့ဟာ ပြည်သူလူထုကို လေးစား ဘို့လဲ အထူးအာရုံမပြု။ ကျွဲတွေ၊နွားတွေကိုပြုကျင့်သလို၊ပြုကျင့် ရမှာလဲ တာဝန်မလေး။ လူထုရဲ့ဆန္ဒကို သိရအောင် တိုင်ပင် နှီးနှော ဆွေးနွေးစုံစမ်းဘို့ဆိုတာတွေကိုလဲ ဂရုမစိုက်တော့ဘူး။

ဒီမိုကရေစီလမ်းမှာ အစိုးရအဖွဲ့တဖွဲ့ဟာ ပြည်သူလူထုရဲ့ ကြည်ညိုမှုကို ခံယူရတဲ့ အတော အတွင်းသာလျှင် တည်မြဲပြီး၊ ပြည်သူလူထုက အကြည်ညိုပျက်တဲ့နေ့ တနေ့မှာ ဒီအစိုးရအဖွဲ့ ဟာ ပြုတ်ကျရမယ်ဆိုတာကို သိနေတဲ့အတွက် အစိုးရဟာ စိတ် ထဲက ဘယ်လောက်ဘဲရမ်းကားစေချင်ကာမူ၊မရမ်းကားရဲဘူး။

ဘမ်းစရာ ဆီးစရာ ရှိယင်လဲ၊ သိတ်ပြီး ရမ်းရမ်းကားကား မလုပ်ရဲဘူး။ သတ်စရာ ဖြတ်စရာ ရှိယင်လဲ၊ သိတ်ပြီး ရမ်းရမ်းကားကား မသတ်ဖြတ်ရဲဘူး။ ဘယ်လောက်ဘဲ သတ္တိရှိတဲ့အစိုးရ အဖွဲ့ ဖြစ်စေကာမူ၊ " အခုနေ အတိုက်အခံ သမားတွေကို ဒို့က သိတ်ရမ်းကားယင်၊ အတိုက်အခံသမားတွေ အစိုးရဖြစ်ပြီး၊ ဒို့တတွေ အတိုက်အခံသမားဖြစ်တဲ့အခါမှာ ဒို့လဲအရမ်းခံရလိမ့်မယ်"ဆိုတဲ့ အသိတရားဟာ အစိုးရအဖွဲ့တိုင်းကို ရမ်းရမ်းကားကား မလုပ်ရအောင် ထိန်းထားတယ်။ ဒါကြောင့် ဒီမိုကရေစီလမ်းမှာ ပြည်သူ လူထုကြီးကို ရမ်းရမ်းကားကား ပြုကျင့်တာတွေ၊ ရမ်းရမ်းကားကားဘမ်းဆီးတာတွေ၊ ရမ်းရမ်းကားကားသတ်ဖြတ်တာတွေ မရှိနိုင်ဘူး။ အာဏာရှင်လမ်းမှာတော့ ဒီလိုမဟုတ်ဘူး။ အတိုက်အခံသမားတွေ ခေါင်းထောင်မထနိုင်အောင် လုပ်နိုင်မှ ဒီအစိုးရတည်မြဲမယ်။ အတိုက်အခံသမားတွေ ခေါင်းထောင်ထနိုင်လို့ သူတို့ပြုတ်ကျသွားယင်လဲ၊ သူတို့အတွက် သွားလမ်းသာ ရှိတယ်။ ပြန်လမ်းမရှိ။ သူတို့အတွက် သေလမ်းသာရှိတယ်။ ရှင်လမ်း ဘယ်နည်းနဲ့မှ မရှိတော့ဘူး ဆိုတာကို သေသေချာချာကြီး သိနေတဲ့အတွက်၊ ရမ်းရမ်းကားကား လုပ်စရာရှိယင်လဲ သိပ်ရမ်းကားပစ်လိုက်တာဘဲ။ ဘမ်းဆီးစရာရှိယင်လဲ သိပ်ပြီး ရမ်းရမ်းကားကားကြီး ဘမ်းဆီး ပစ်လိုက်တာဘဲ။ သတ်စရာရှိယင်လဲသိပ်ပြီး ရမ်းရမ်းကားကားကြီး သတ်ပစ် လိုက်တာဘဲ။ အာဏာရှင်လမ်းမှာ အစိုးရအဖွဲ့ရဲ့ ဆောင်ပုဒ်ဟာ "အပြစ်မရှိသူတရာကို မှားပြီး သတ်မိတာက အရေးမကြီးဘူး၊ ရန်သူ တယောက် မသတ်မိဘဲမှားပြီးကျန်ရစ်နေယင်၊ အရေးကြီးတယ်"ဆိုတဲ့ ဆောင်ပုဒ်

ဖြစ်နေတဲ့အတွက်၊ ဘာအပြစ်မှမရှိတဲ့လူတွေကိုလဲ တမင်အပြစ်ရှာပြီး ဘမ်းတာဘဲ။ တမင်အပြစ်ရှာပြီး နှိပ်စက်တာဘဲ၊ တမင်အပြစ်ရှာပြီး ရက်ရက်စက်စက် သတ်ဖြတ် နေကြရတာဘဲ။

(၁၇) ဒီမိုကရေစီလမ်းမှာ တနိုင်ငံဟာ လူတဦးတယောက်ရဲ့ အပေါ်မှာ မမှီခိုဘူး။ ပြည်သူလူထုကြီးတရပ်လုံးအပေါ်မှာ မှီခိုနေတယ်။ ဒါကြောင့် ဘယ်လောက်ကြီးတဲ့ လူကြီးဘဲ ဖြစ်ဖြစ်၊ သေသွားသွား၊ ပြုတ်သွားသွား၊ နိုင်ငံတနိုင်ငံဟာ ဖရိုဖရဲ မဖြစ်ဘူး။ ဗိုလ်လုပ်ချင်တဲ့ လူတွေဟာ၊ ကိုယ့်ကိုယ်က ဗိုလ်လုပ်လို့မရဘဲ၊ ပြည်သူလူထုက တင်မြှောက်မှ ဗိုလ်ဖြစ်ရတဲ့အတွက် ဗိုလ်လုပွဲတွေ မရှိဘူး။ ဗိုလ်လုပွဲတွေ မရှိတဲ့အတွက် ရမ်းကားမှုတွေ၊ ဘမ်းဆီးမှုတွေ၊ သတ်ဖြတ်မှုတွေလဲ မရှိနိုင်တော့ဘူး။ ပြည်သူလူထုကြီးက ဒီခေါင်းဆောင်တွေမရှိယင်၊ သူတို့အထဲက သူတို့အကြိုက်ဆုံး ခေါင်းဆောင် အသစ်တွေကို ရွေးပြီးတင်လိုက်ကြတာဘဲ။ (၁၈) အာဏာရှင် လမ်းမှာတော့ ဒီလိုမဟုတ်ဘူး။ အာဏာရှင်လမ်းမှာ ဗိုလ်လုပ်ချင်တဲ့ လူတွေဟာ ပြည်သူလူထုကြီးကို မှီခိုဆည်းကပ်ဘို့ မလိုဘဲ၊ ကိုယ့်လက်နက်အင်အားကိုသာ အားကိုးဘို့လိုတဲ့အတွက် ခေါင်းဆောင် မရှိတာနဲ့ တပြိုင်နက်၊ ယဲသားတွေဟာ ကိုယ့်လက်နက် ကိုယ်စုပြီး၊ ဗိုလ်လုပွဲဝင်ကြတာဘဲ။ အားအကြီးဆုံး စုနိုင်တဲ့ လူက ဗိုလ်ဖြစ်လာပြီး၊ သူ့ရဲ့ အတိုက်အခံ သမားတွေရော၊ အတိုက်အခံဘက်ကို ပါလိမ့်မယ်လို့ မသင်္ကာတဲ့ လူရော၊ ဒလကြမ်းဘမ်း ဒလကြမ်း သုတ်သင်ကြတာဘဲ။

ဒီမိုကရေစီလမ်းမှာ ဘယ်သူသေသေ၊ ဘယ်သူထွက်ထွက်၊

နိုင်ငံမှာ အရှိန်မပျက်ဘူး။ အာဏာရှင်လမ်းမှာတော့ ဒီလို မဟုတ်ဘူး၊ အာဏာရှင်တယောက်ရဲ့ လက်ထက်မှာနိုင်ငံဟာ အားအင်တောင့်တင်းပါရဲ့။ ဒါပေမဲ့ သူသေယင်၊ ဒီနိုင်ငံဟာ ဖရိုဖရဲဖြစ်တာဘဲ။ အလွန်တကာ့အလွန်ဆုံး ဒုတိယအာဏာ ရှင်ရဲ့ လက်ထက်လောက်အထိသာ ခံတယ်။ နောက်ပြီး ဖရို ဖရဲဖြစ်တာဘဲ။ (၁၉) ဒီမိုကရေစီလမ်းမှာ အစိုးရအဖွဲ့ဟာ၊ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ရတဲ့အတွက် လူတော် လူကောင်းတွေသာလျှင်၊ ထိပ်ဆုံးတန်းကို ရောက်ဘို့ အခွင့် အလမ်းရှိတယ်။ မှားယွင်းပြီး လူဆိုးလူညံ့တွေကို ရွေးကောက် တင်မြှောက်မိယင်လဲ ဒီလူတွေဟာ ကြာရှည်မခံဘူး။ သူတို့ရဲ့ အကျင့်ဆိုးတွေ၊ ညံ့ဖျင်းမှုတွေဟာ ဗူးပေါ်သလို ပေါ်ပြီး၊ နောက်အပတ်ရွေးကောက်ပွဲတွေမှာ ပြည်သူလူထုရဲ့ ဆန်ခါ ပေါက်ထဲက အောက်ကိုကျကုန်ကြရတာဘဲ။ (၂၀) အာဏာ ရှင်လမ်းမှာတော့ဒီလိုမဟုတ်ဘူး၊ဘယ်လောက်ဆိုးတဲ့အကောင် တွေဘဲဖြစ်ဖြစ်၊ ဘယ်လောက်ညံ့တဲ့ အကောင်တွေဘဲ ဖြစ်ဖြစ်၊ သူတို့မှာ လက်နက်အင်အား တောင့်တောင့် တင်းတင်းရှိ သရွေ့၊ ဒီလူတွေဟာ ထိပ်ဆုံးတန်းမှာ တည်နေနိုင်မှာဘဲ။

(၂၁) ဒီမိုကရေစီလမ်းမှာ ပြည်သူလူထုကြီး တရပ်လုံး ဟာ၊ ကိုယ်တင်ထားတဲ့အစိုးရကို ဝေဘန်နိုင်တယ်။ ဝေဘန် ခြင်းဟာ ပြည်သူလူထုကြီးရဲ့ အကြီးဆုံး အခွင့်အရေးကြီးတခု ဖြစ်တယ်။ အစိုးရကို အတိုက်အခံလုပ်ဘို့ အတိုက်အခံ အဖွဲ့ အစည်းတွေဖွဲ့စည်းနိုင်တယ်။ ဒီလိုဖွဲ့စည်းနိုင်တာဟာ ပြည်သူ လူထုကြီးရဲ့ အကြီးဆုံး အခွင့်အရေးကြီးတရပ် ဖြစ်တယ်။ မိမိ ယုံကြည်ရာကို လွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်တယ်။ ဒီလို

ကိုးကွယ်နိုင်တာဟာ ပြည်သူလူထုကြီးရဲ့ အကြီးဆုံး အခွင့်အရေးကြီးတရပ်ဖြစ်တယ်။ (၂၂) အာဏာရှင်လမ်းမှာတော့ ဒီလိုမဟုတ်ဘူး။ အစိုးရကို ပြည်သူလူထုက မဝေဘန်နိုင်ဘူး။ ဝေဘန်ခြင်းမှာ ပြည်သူလူထုရဲ့ အကြီးဆုံး အပြစ်ကြီးတခု ဖြစ်တယ်။ အတိုက်အခံ အဖွဲ့အစည်းတွေကို မဖွဲ့စည်းနိုင်ဘူး။ အတိုက်အခံဖွဲ့စည်းခြင်းဟာ ပြည်သူလူထုကြီးရဲ့ အကြီးဆုံး အပြစ်ကြီးတရပ်ဖြစ်တယ်။ လွတ်လပ်စွာ ကိုးကွယ်နိုင်မှုမရှိကြဘူး။ ထိပ်ပေါ်ကအာဏာရှင်တစုတို့ ယုံကြည်တဲ့ဝါဒကိုသာ ဘာသာအဖြစ်နဲ့ ကိုးကွယ်ကြရတယ်။ လွတ်လပ်စွာ ကိုးကွယ်မှုဟာ၊ ပြည်သူလူထုကြီးရဲ့ အကြီးဆုံး အပြစ်ကြီးတရပ် ဖြစ်တယ်။

(၂၃) အာဏာရှင် စံနစ်ဆိုတာ၊ ရှင်ဘုရင်အာဏာရှင် စံနစ်ဖြစ်ဖြစ်၊ ဖက်ဆစ်အာဏာရှင်စံနစ်ဖြစ်ဖြစ်၊ နာဇီအာဏာရှင်စံနစ်ဖြစ်ဖြစ်၊ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စံနစ်ဖြစ်ဖြစ်၊ အာဏာရှင်စံနစ်မှန်သမျှဟာ၊ ဘယ်အမည်ကိုဘဲယူယူ၊ ဘယ်ဆေးရောင်နဲ့ဘဲခြယ်ခြယ် အားလုံးဟာ အတူတူဘဲ။ အချုပ်အချာအာဏာဟာ ခေါင်းတုံးပေါ် ထိပ်ကွက်နေတဲ့ အပေါ်ကလူတစုမှာသာ တည်တယ်။ နင်းပြားတွေဖြစ်တဲ့ ပြည်သူလူထုကြီးမှာမတည်ဘူး။ (၂၄) ဒီမိုကရေစီစံနစ်မှာတော့၊ အာဏာဟာ ပြည်သူလူထုမှာတည်တယ်။ ဒါကြောင့်၊ ပြည်သူလူထုသာလျှင်၊ အာဏာပိုင်ဖြစ်တယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ဟာ၊ ပြည်သူလူထုရဲ့အာဏာကို၊ ပြည်သူလူထုက ကြည်ဖြူတဲ့ကာလအတောအတွင်းသာလျှင် ထိန်းသိမ်းထားရတဲ့ လူတွေဖြစ်တဲ့အတွက်၊ ဒီအစိုးရအဖွဲ့ဟာ

အာဏာပိုင်တွေမဟုတ်ဘူး။ အာဏာထိန်းတွေသာဖြစ်တယ်။

အာဏာဆိုတာဟာ မီးနဲ့အင်မတန်တူတယ်။ မီးဟာ လူက နိုင်အောင်ထိန်းနိုင်လျှင်၊ လူ့အကျိုးကို အများကြီးဖြစ်ထွန်းစေနိုင်တယ်။ မီးကလူကိုနိုင်ယင်၊ လူဟာ အဖတ်ဆည်မရအောင် ပျက်စီးတယ်။ ဒီနည်းအတိုင်းဘဲ၊ အာဏာဆိုတာဟာ လူက နိုင်အောင်ထိန်းနိုင်ယင်၊ လူ့အကျိုးကို အများကြီး စွမ်းဆောင်နိုင်တယ်။ ခေါင်းဆောင်တွေ ဘယ်လောက်ဘဲ တော်နေနေ၊ သူတို့ရဲ့စိတ်ကူးတွေ၊ အကြံဉာဏ်တွေ၊ စီမံကိန်းတွေဟာ ဘယ်လောက်ဘဲ ကောင်းကောင်း၊ အာဏာမရှိယင် ဒီလူတွေဟာ စိတ်ကူးနဲ့သာ ရူးနေရတဲ့ အရူးတွေ အတွေးသမားတွေ လေထဲတိုက်အိမ်ဆောက်သမားတွေသာ ဖြစ်နိုင်တယ်။ အာဏာမရှိယင်၊ လူတွေအကျိုးရှိအောင်လဲ ဘာကိုမှ ထိထိ ရောက်ရောက် မလုပ်နိုင်ဘူး။ ဘယ်ပြည်တော်သာကိုမှလဲ မတည်ဆောက်နိုင်ဘူး။ ဘယ်လူ့လောကကိုမှလဲ မဖန်တီးနိုင်ဘူး။ အာဏာ ရမှသာ ကိုယ့်စိတ်ကူးတွေ၊ အကြံ ဉာဏ်တွေ၊ စီမံကိန်းတွေကို အကောင်အထည် ဖေါ်နိုင်မယ်။ လူအကျိုးစီးပွါးတွေကိုလဲ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မယ်။

ဒါပေမဲ့ အာဏာကိုလူကနိုင်အောင် မထိန်းနိုင်ဘဲ၊ အာဏာကလူကိုနိုင်သွားယင်၊ လူတွေပျက်စီးဘို့သာ ပြင်ကြပေတော့။ မီးအကြီးအသေးလိုက်ပြီး၊ သူဖျက်ဆီးတဲ့ဒဏ်ဟာ ကြီးကျယ်သလို၊ အာဏာဟာလဲ အသေးအကြီးကို လိုက်ပြီး သူဖျက်ဆီးတဲ့ဒဏ်ဟာ ကြီးကျယ်တယ်။ အာဏာသေးယင်၊ လူတစုလောက်၊ ဒီလူတစုပါဝင်တဲ့ အဖွဲ့အစည်း တခုလောက်၊ ဒီအဖွဲ့အစည်းတည်ရှိတဲ့ နိုင်ငံတနိုင်ငံလောက်သာ ပျက်စီးနိုင်

တယ်။ အာဏာကြီးယင်၊ တကမ္ဘာလုံးပျက်စီးတဲ့အထိ၊ အာဏာရဲ့ ဖျက်စီးတဲ့ဒဏ်ဟာ ကြီးကျယ်နိုင်တယ်။ ဟစ်တလာအစရှိတဲ့ အာဏာရူးတွေကို ကြည့်ပါ။ သူတို့ကိုအချိန်မှီ ဖျက်ဆီးပြစ်နိုင်လို့သာ ဒီကမ္ဘာကြီးဟာ အသက်ရှုပေါက်ကလေးရသွားခဲ့တယ်။ ဒီအာဏာရူးတွေကို အချိန်မှီ မသုတ်သင်နိုင်ယင်၊ ဒီကမ္ဘာကြီးတခုလုံး ပျက်စီးတဲ့အထိ၊ မီးဟုန်းဟုန်းတောက်သွားနိုင်တယ်။

ဗမာ့ရာဇဝင်ကိုဘဲကြည့်ကြည့်၊ ကမ္ဘာ့ရာဇဝင်ကိုဘဲကြည့်ကြည့်၊ လူဆိုယင် ရှင်ဘုရင်ဘဲဖြစ်ဖြစ်၊ သမတဘဲဖြစ်ဖြစ်၊ အာဏာရှင်ဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ်၊ အတားအဆီး၊ အချုတ်အချယ်မရှိတဲ့ လုံးဝအာဏာနှင့် ပတ်သက်လာယင် ဘယ်သူ့ကိုမှ စိတ်မချရဘူးဆိုတဲ့ သခ်ၤာစကြီးတွေကို၊ ထင်ထင်ရှားရှားကြီးတွေ့ကြရပါလိမ့်မယ်။

(၂၅) ဒီမိုကရေစီစံနစ်မှာဆိုယင် ဘယ်သူရဲ့လက်ထဲကိုမှ အာဏာကိုလုံး၀ ပုံပြီးအပ်မထားဘူး။ အစိုးရအဖွဲ့က ထင်ရာမရမ်းနိုင်အောင် အစိုးရအဖွဲ့ကို ပါလီမန်က ထိန်းထားတယ်။ ပါလီမန်ကထင်ရာမရမ်းနိုင်အောင် ပါလီမန်ကို ပြည်သူလူထုကထိန်းထားတယ်။ ဒီလိုဆင့်ကဲဆင့်ကဲ ချုတ်ချယ် ထိန်းသိမ်းထားတဲ့အတွက် ပါလီမန်က ဘယ်လောက်ဘဲ ရမ်းချင်ရမ်းချင်၊ အစိုးရအဖွဲ့က ဘယ်လောက်ဘဲ ရမ်းချင်ရမ်းချင်၊ စိတ်နောက်ကိုပါ ရမ်းချင်လို့ မဖြစ်တော့ဘူး။ ဒါဟာ ဒီမိုကရေစီရဲ့အရသာဘဲ။

ကျုပ်တို့တတွေ ကျုပ်တို့ရဲ့ ရှေ့မှာရှိနေတဲ့ လမ်းမကြီး

၂ ခုအနက် ဘယ်လမ်းကို လိုက်မလဲဆိုတာကို အပြီးအပိုင် မဆုံးဖြတ်ခင် အခုကျုပ်ပြောခဲ့တဲ့ အချက်အလက်ကို သေသေချာချာလေးလေးနက်နက် စစ်ဆေးခဲ့တယ်။ လေ့လာခဲ့တယ်။ ဝေဘန်ခဲ့တယ်။ ဒီလိုလေးလေးနက်နက် သေသေချာချာ လေ့လာစုံစမ်း ဝေဘန်ပြီးတဲ့နောက်မှ၊ အာဏာရှင်လမ်းကိုပယ်ပြီး ဒီမိုကရေစီလမ်းကို ရွေးချယ်လိုက်ခြင်း ဖြစ်တယ်။ ကျုပ်တို့ရဲ့ ဒီဆုံးဖြတ်ချက်အပေါ်မှာ ပြည်ထောင်စုကြီးရဲ့ အနာဂတ်ရာဇဝင်တခုလုံး တည်ရှိနေတဲ့အတွက် ဒီဆုံးဖြတ်ချက်ကို ချမှတ်တဲ့အခါမှာ ကျုပ်တို့ဟာ သမန်ကာ လျှံကာ သဘောမျိုးနဲ့မဟုတ်ဘဲ၊အခုလို လေးလေးနက်နက် ဆင်ခြင်စဉ်းစားပြီး ရွေးချယ်လိုက်ခြင်းဖြစ်တယ်။

(၂၆) ကျုပ်တို့အနေနဲ့ ပြောရယင် အာဏာလုပွဲတွေ ဝင်ယင်း သားကိုအဘေကသတ်၊ အဘေကိုသားကသတ်၊ ညီကို အစ်ကိုကသတ်၊ အစ်ကိုကို ညီကသတ်၊ အဲဒီ တသတ်ထဲသတ်၊ တလုထဲလုယင်း၊ အင်အား ဆုတ်ယုတ်ပြီး၊ နယ်ချဲ့သမားရဲ့ ခြေဘဝါးအောက်မှာ ပြားပြားဝပ်နေရအောင်ပို့ပေးခဲ့တဲ့ ရှင်ဘုရင်အာဏာရှင် စံနစ်မျိုးကိုလဲ မလိုချင်တော့ဘူး။ (၂၇) ပြည်သူလူထုကြီး တရပ်လုံးကို ကျွဲတွေ၊ နွားတွေလို ဒလကြမ်းဖိနှိပ်ချုပ်ချယ် ဘမ်းဆီး သတ်ဖြတ်နေတဲ့ နာဇီအာဏာရှင်စံနစ်တို့၊ ဖက်ဆစ်အာဏာရှင်စံနစ်တို့၊ ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စံနစ်တို့၊ဆိုတာတွေကိုလဲ ဘယ်နည်းနဲ့မှမနှစ်မြို့နိုင်ဘူး။ (၂၈) ဒီတော့ ကျုပ်တို့အတွက်တခြားလမ်းတွေကို တွေးဘို့မရှိတော့ဘူး၊ဒီမိုကရေစီလမ်းတလမ်းဘဲရှိတော့တယ်ဆိုတာ မိုလ်မှူးတို့ ကောင်းကောင်း မှတ်ထားကြစေလိုတယ်။

ကျုပ်တို့ရဲ့ ပန်းတိုင်ကိုလဲ အခုပြောပြီးပြီ။ ဒီပန်းတိုင်ကို ရောက်အောင် ဘယ်လမ်းနဲ့ သွားမယ်ဆိုတာကိုလဲ ကျုပ်ပြောပြီးပြီ။ အခု ကျုပ်ပြောရ မှာကတော့ တခြားဟာ မဟုတ်ဘူး။ ဒီပန်းတိုင်ကို ရောက်ဘို့အတွက်၊ နိုင်ငံတော်အစိုးရက လှမ်းပြီးခဲ့တဲ့ ခြေလှမ်းများ အကြောင်းပင်ဖြစ်တယ်။

၁၉၄၇ ခုနှစ်က စပြီး၊ ဒီကနေ့အထိ အစိုးရက လုပ်ခဲ့တဲ့ လုပ်ငန်းတွေကို အခွင့်အခါရတိုင်း ကျုပ်ကိုယ်တိုင် မကြာခဏ ပြောပြီးခဲ့တဲ့အတွက်၊ ဒီဟာတွေကို ဒီကနေ့ ဒီနေရာမှာ ထပ်ပြီးပြောဘို့ မလိုတော့ဘူး။ ဒီကနေ့ ဗိုလ်မှူးတို့ကို လက်ဆောင်ပေးဘို့အတွက် ကျုပ်ယူလာခဲ့တဲ့ မိန့်ခွန်းစာအုပ်တွေထဲမှာ စုံစုံလင်လင်ပါတယ်။ ရှေ့ကိုလုပ်မဲ့ လုပ်ငန်းတွေဆိုယင်လဲ၊ သက်ဆိုင်ရာ ဝန်ကြီးအသီးသီးက အသေးစိတ် ပြောဟောကြပါလိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်။ ဒီတော့ ပြည်တော်သာ တည်ဆောက်ဘို့အတွက် အစိုးရကလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို အကြမ်းစားလောက် ကျုပ်ပြောပြမယ်။ အစိုးရလုပ်ငန်းကို အကြမ်းအားဖြင့် ဌာနကြီးသုံးခု ခွဲထားပါတယ်။ ဤဌာနတွေကတော့-(၁) လူ၏တိုးတက်ရေး၊ (၂) နိုင်ငံကို ပြန်လည် ထူထောင်ရေး၊ (၃) ပြည်တော်သာ စီးပွားရေး တည်ဆောက်ရေး တို့ပင် ဖြစ်တယ်။

ဒီဌာနကြီးသုံးခုဟာ တခုတခုကို မိန့်ခွန်းလေးငါးခြောက်ခုလောက်စီပေးမှ ပြည့်ပြည့်စုံစုံဖြစ်နိုင်မယ်။ ဒီတော့ ဒီကနေ့ ကျုပ်မိန့်ခွန်းထဲမှာ ဒါတွေထည့်ပြောသွားဘို့တော့ မဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့ ဒီလုပ်ငန်းကြီးတွေကို လုပ်တဲ့နေရာမှာ၊

ကျုပ်တို့ရင်ဆိုင်တွေ့နေရတဲ့ အခက်အခဲတွေကဘယ်လို၊ ကျုပ်တို့ရဲ့ချွတ်ယွင်းမှုတွေက ဘာတွေ၊ ကျုပ်တို့ဖြေရှင်းရမဲ့ ပြဿနာကြီးတွေက ဘယ်လောက် ခက်ခဲတယ်ဆိုတာတွေကိုတော့ ဗိုလ်မှူးတို့ သဘောပေါက်နိုင်အောင် အကြမ်းအားဖြင့် ကျုပ်ရှင်းလင်းပြချင်တယ်။

ပြည်တော်သာဟာ ဘာလဲဆိုတာကို၊ ကျုပ်ရဲ့မိန့်ခွန်းအစမှာ ပြောခဲ့ပြီးတဲ့အတွက်၊ ဒီပြည်တော်သာဟာ ဘယ်လောက်ကြီးကျယ်တဲ့ လုပ်ငန်းကြီးလဲဆိုတာကို ဗိုလ်မှူးတို့ ကောင်းကောင်းသဘောပေါက်ပြီးပြီ။ ဒီတော့ ရှေးဦးစွာ ဒီလောက်ကြီးကျယ်တဲ့ လုပ်ငန်းကြီးကို ဝိုင်းပြီးလုပ်ကြမဲ့လူတွေကို မှတ်ကျောက်တင်ကြည့်ရအောင်။

ပြည်တော်သာကို ဝိုင်းပြီး တည်ဆောက်ကြမဲ့ လူတွေကို စာရင်းယူလိုက်ယင် အကြမ်းအားဖြင့် (၁) ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်တွေ၊ (၂) အမှုထမ်းတွေ၊ (၃) ကျွမ်းကျင်သူတွေ ပါရဂူကြီးတွေဖြစ်ကြပါတယ်။

ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်တွေထဲမှာဆိုယင်၊ ကျုပ်ကစပြီး အားလုံးလိုလိုဘဲ စေတနာတော့ရှိပါရဲ့။ လက်တွေ့လုပ်သက်ကြတော့ အနည်းနဲ့ အများဆိုသလို ချို့တဲ့နေကြတယ်။ ကျုပ်တို့ဟာ အဖျက် နိုင်ငံရေးသမားဘဝကနေပြီး၊ လွတ်လပ်ရေးရတာနဲ့ တပြိုင်နက်၊ အပြုနိုင်ငံရေးသမားဘက်ကို ချက်ခြင်းကူးပြောင်းပြီး တာဝန်ထမ်းကြရတယ်။ ဒီတော့ လက်တွေ့လုပ်သက်ဆိုတာ ဘယ်ရှိမလဲ။ ပြည်တော်သာတည်ဆောက်ဘို့၊ လိုအပ်တဲ့ လက်တွေ့ လုပ်သက်ကို မပြောထားနဲ့ သာမန် အုပ်ချုပ်ရေး

အတွက် လိုအပ်တဲ့လက်တွေ့ လုပ်သက်ကလေးကိုတောင် မရှိခဲ့ကြဘူး။ အမှုထမ်းတွေကျပြန်တော့လဲ လက်တွေ့ လုပ်သက်တော့ရှိပါရဲ့၊ ဒါပေမဲ့ သူတို့လက်တွေ့ လုပ်သက်ဟာ သာမန်အုပ်ချုပ်ရေးအတွက် လိုအပ်တဲ့ လက်တွေ့လုပ်သက်ဘဲ ဖြစ်တယ်။ ပြည်တော်သာ တည်ဆောက်ဘို့ သိပ်ပြီးမလုံလောက်သေးဘူး။ ကျွမ်းကျင်သူတွေနဲ့ ပါရဂူတွေဆိုပြန်တော့လဲ ကျုပ်တို့မှာ သိပ်များများစားစားမရှိဘူး။ ရှိသလောက် လူတွေကလဲ ပြည်တော်သာ တည်ဆောက်ရေးရဲ့ အချို့ လုပ်ငန်းတွေမှာသာ ကျွမ်းကျင်ကြတယ်။ အချို့လုပ်ငန်းတွေ ကြတော့ အရှင်းကို မကျွမ်းကျင်ကြဘူး။ အခုပြောခဲ့တာတွေဟာ၊ ပြည်တော်သာကို ဝိုင်းဝန်း တည်ဆောက်ကြမဲ့ ကျုပ်တို့တတွေရဲ့ အခြေအနေဘဲ ဖြစ်တယ်။

လူစာရင်းကို ကြည့်ပြီးတဲ့နောက်၊ ပြည်တော်သာ တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ ပစ္စည်းကရိယာ တန်ဆာပလာစာရင်းကိုစစ်ဆေးကြည့်ရအောင်။ ဒီပစ္စည်းကိရိယာ တန်ဆာပလာဟာ ကျုပ်တို့ရဲ့နိုင်ငံမှာ ရှေးအခါတုန်းကတည်းက များများစားစားရှိခဲ့တာ မဟုတ်ဘူး။ ဒီအထဲမှာ ဒုတိယကမ္ဘာစစ်ကြီးကတကြိမ်၊ သူပုန်ရောင်စုံတွေက တကြိမ် ဖျက်ဆီးပစ်လိုက်ကြတဲ့အတွက်၊ ရှင်နဲ့ရာမှာ အင်္ဂလူထွက်ဆိုသလို လောင်စာနဲ့ပြာပုံသာ ကျန်တော့တယ်။

ဒီအခြေအနေနဲ့ ကျုပ်တို့တတွေ ပြည်တော်သာကြီး ကို တည်ဆောက်သွားကြရမှာဖြစ်တယ်။ ဒီအခြေအနေကို ပုံနှိုင်းပြရမယ်ဆိုယင်၊ လက်သမားတယောက်ဟာ၊ လွှစုတ်တလက်၊ ရဲတင်းတိုတချောင်းနဲ့ သုံးထပ်တိုက်ကြီးတလုံးကိုတည်ဆောက်

ဘိုတာဝန်ပေးထားတာနဲ့တူနေတယ်။ဒါပေမဲ့ကျုပ်တို့တတွေမှာတော့ အင်မတန်ကြီးမားတဲ့ ယုံကြည်ချက်တခု ရှိနေတယ်။ ဒီယုံကြည်ချက်ကတော့ တခြားမဟုတ်ဘူး၊ ကျုပ်တို့ရဲ့ လက်ရှိအခြေအနေဟာ ဘယ်လောက်ပင် ဆိုးနေပေမဲ့လဲ၊ ကျုပ်တို့တတွေမှာ ဇွဲရှိမယ်၊ သတ္တိရှိမယ်၊ အမြော်အမြင်ရှိမယ်၊ စေတနာရှိမယ်ဆိုယင်၊ ကျုပ်တို့ ရင်ဆိုင်တွေ့နေရတဲ့ အခက်အခဲအားလုံးကို၊ ကျုပ်တို့တတွေ လွန်မြောက်ပြီး၊ ကျုပ်တို့မျှော်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်ရမယ်ဆိုတဲ့ ယုံကြည်ချက်ဘဲဖြစ်တယ်။အလုပ်ကြီးတွေကိုလုပ်ယင် အခက်အခဲတွေနဲ့ရင်ဆိုင်တွေ့ရမယ်ဆိုတာကတော့ အထူးအဆန်းမဟုတ်ပါဘူး။ ကျုပ်တို့တနိုင်ငံထဲသာ ကွက်ပြီး တွေ့ကြရတာမဟုတ်ဘူး။ တခြားနိုင်ငံတွေမှာလဲ၊ ကိုယ့်ပန်းတိုင်ကို ကိုယ်တည်ဆောက်နေကြတဲ့လူတွေဟာ၊ ကျုပ်တို့လို အခြေဆိုး အနေဆိုးက နေပြီး၊ ဇွဲကောင်းကောင်း၊ သတ္တိကောင်းကောင်းနဲ့ တည်ဆောက်သွားကြရတာပါဘဲ။ သူတို့တောင်တည်ဆောက်နိုင်သေးယင်၊ ကျုပ်တို့တတွေ ဘာဖြစ်လို့ မတည်ဆောက်နိုင်ရမှာလဲ။ ကျုပ်တို့ရင်ဆိုင်တွေ့ရတဲ့ အခက်အခဲတွေနဲ့ ဒီအခက်အခဲတွေကို ကျော်လွန်ဘို့အတွက်၊ ကျုပ်တို့ရဲ့ ကြိုးပမ်းချက်တွေကို ဗိုလ်မှူးတို့ကောင်းကောင်း သဘောပေါက်နိုင်အောင် သာဓကတခုနှစ်ခုကို ကျုပ်ထုတ်ပြမယ်။

ကျုပ်တို့အာဏာသိမ်းပြီးတဲ့နောက် ကျုပ်တို့အမွေရလိုက်တဲ့ ပညာရေးစံနစ်ကြီးဟာ၊ ကျွန်ပညာရေးစံနစ်ကြီးဘဲ ဖြစ်တယ်။ ဒါကို သခင်ပညာရေးစံနစ်ဖြစ်အောင် ကျုပ်တို့ လုပ်ချင်တယ်။ ဒီလိုလုပ်ချင်တဲ့အတွက် (၁) ပြည်ထောင်စုသားမှန်သ

မှု အရေး၊ အဘတ်၊ အတွက်နှားလည်သူများ ဖြစ်လာရမည်၊ (၂) လိုအပ်သော လက်မှု စက်မှု လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများ အလုံ အလောက် ပေါ်ပေါက်လာရမည်၊ (၃) ပြည်ထောင်စုတာဝန်အသီးသီးကို ကျွမ်းကျင် လုံလောက်စွာ ထမ်းဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသူများ ဖြစ်လာရမည်၊ (၄) ပြည်ထောင်စုအတွင်း စာမတတ်မှုနည်းပါးသွား၍ ဗလငါးတန်နဲ့ ပြည့်စုံသော ပြည်ထောင်စုသားများ ပေါ်လာရမည်၊ (၅) ပြည်ထောင်စုအတွင်း ဒီမိုကရေစီဝါဒကြီး တည်တံ့ခိုင်မြဲရမည်ဆိုတဲ့ အဓိကအချက်ကြီး ၅ ချက်ကို အစိုးရကဆုံးဖြတ်ပေးခဲ့တယ်။

ဒီလို ဆုံးဖြတ်ပေးတာကတော့ သိပ်မခက်လှဘူး။ ဘယ်သူမဆို လွယ်လွယ်နဲ့ဘဲ ဆုံးဖြတ်ပေးနိုင်တယ်။ ဒီဆုံးဖြတ်ချက်ကို အကောင်အထည်ဖေါ်ဘို့ ပညာရေးဌာနကို အစိုးရက တာဝန်ပေးလိုက်တယ်။ ဒီတာဝန် ပေးအပ်ချက်အရ၊ ပညာရေးဝန်ကြီး ကြီးမှူးတဲ့ပညာရေးပါရဂူအဖွဲ့က ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းတခုကို ရေးဆွဲခဲ့ကြတယ်။ ဒီစီမံကိန်းကို ရေးဆွဲတာလဲ သိပ်ပြီး မခက်လှဘူး။ ဒါပေမဲ့ ဒီစီမံကိန်းကို ဘယ်လိုအကောင်အထည်ဖေါ်မလဲ။ ဒီနေရာကျတော့၊ ကျုပ်တို့တတွေ အခက်နဲ့ရင်ဆိုင်တိုးနေပြီ။ ဒီစီမံကိန်းကို အကောင်အထည်ဖေါ်ဘို့ ဆရာတွေလိုတယ်။ ကျောင်းသုံး စာအုပ်တွေလိုတယ်။ ပညာရေးနဲ့စပ်ဆိုင်တဲ့ကိရိယာတန်ဆာပလာတွေလိုတယ်။ ဒါတွေကျုပ်တို့မှာမရှိဘူး။ ဆရာတွေနဲ့ပက်သက်ယင် စက်မှု လက်မှု အတတ်တွေကို သင်ကြားပေးနိုင်တဲ့ ဆရာတွေ၊ ပညာအရပ်ရပ်ကို သင်ကြားပေးနိုင်မဲ့ ခေတ်မှီ ဆရာတွေကို

အသာထားလိုက်အုံး၊ အရိုးဆုံးအလွယ်ဆုံးဆိုတဲ့ မူလတန်းပြ ဆရာ ရိုးရိုးကလေးတွေတောင် ကျုပ်တို့မှာ လုံလုံလောက် လောက်မရှိဘူး။

အစိုးရက လောဘတကြီးနဲ့ တနှစ်ကို မူလတန်းကျောင်း တထောင်ကျစီ ဖွင့်ဘို့ ဆုံးဖြတ်တယ်။ ဒီမူလတန်းကျောင်း တထောင်ဖွင့်နိုင်အောင် တခြားဘက်တွေမှ အသုံးစရိတ်တွေ လျှော့ပြီး ငွေတွေ စုဆောင်းပေးခဲ့တယ်။ ဒါပေမဲ့ မူလတန်း ကျောင်းဆရာတွေ လုံလုံလောက်မရှိလို့ မူလတန်းကျောင်း တွေကို ၃-၄ နှစ်လောက်တုန်းက ကျုပ်တို့ ဖွင့်ချင်သလောက် ဖွင့်မပေးခဲ့နိုင်ဘူး။ လွှစုတ်တချောင်း၊ ရဲတင်းတိုတလက်သာ ရှိပြီး သုံးထပ်တိုက်ကြီးကို တည်ချင်တဲ့ လက်သမား ကျရောက် နေတဲ့ဘဝမျိုး ကျုပ်တို့မှာ ကျရောက်ခဲ့ရဘူးတယ်။ ဒါပေမဲ့ ကျုပ်တို့ကတော့ ဒီအခက်အခဲကိုလျှော့မပေးဘူး။ လိုရင်ကြံဆ နည်းလမ်းရ ဆိုတဲ့အတိုင်း နည်းလမ်းတွေရှာပြီး၊ မူလတန်း ကျောင်းဆရာ ၂ လသင်တန်းတွေ ဖွင့်ပေးခဲ့တယ်။ ၇ တန်း အောင်ယင်၊ ဒီ ၂ လသင်တန်းကိုတက်နိုင်တယ်။တချို့နေရာတွေ မှာ ၇ တန်းအောင်တဲ့ ဆရာလောင်းတွေ လုံလုံလောက် လောက်မရနိုင်ယင်၊ ပညာအရည်အချင်းကို ၅ တန်း၊ ၆ တန်း အထိ လျှော့ပေးလိုက်တယ်။ ဒီ ၂ လသင်တန်းတွေကိုဖွင့်ပြီး၊ တနှစ်ကို မူလတန်းကျောင်းဆရာတွေ ၁,၀၀၀ စီမွေးထုတ်ခဲ့ တယ်။ ၂ နှစ်စမ်းကြည့်တဲ့အခါမှာ၊ ဒီသင်တန်းဟာ အတော် အောင်မြင်တာကိုတွေ့တဲ့အတွက် ယခုလာမည့် အောက်တိုဘာ လ ၁ ရက်နေ့မှစပြီး ၂ လသင်တန်းတွေကို၊ တနှစ်မှာ တကြိမ် လုပ်မည့်အစား၊ တနှစ်မှာ ၆ ကြိမ်လုပ်ဘို့ အစီအစဉ်တွေ လုပ်

ပြီးကြပြီ။ ဒီအစီအစဉ်တွေအရ၊ ရှေ့အဘို့ကို တနှစ်မှာ မူလတန်းကျောင်းဆရာပေါင်း ၆,၀၀၀ ခန့်စီ ပေါ်ပေါက်လာတော့မယ်။ လှေကြီးထိုးရိုးရိုးနည်းနဲ့ သွားနေယင်၊ မူလတန်းကျောင်းဆရာပေါင်း ရှစ်ထောင်လောက်ရဘို့ အနှစ်အစိတ်သုံးဆယ်လောက် စောင့်ရမယ်။ ဒီအချိန်အထိ ကလေးတွေက စောင့်မနေနိုင်ဘူး။ ဒီတော့ သုံးလေးနှစ်အတွင်းမှာ၊ ကျုပ်တို့လိုချင်တဲ့ ဆရာရှစ်ထောင်ရအောင် ဖြတ်လမ်းနဲ့ ကြိုးစားယူလိုက်တယ်။

ကျန်းမာရေးဘက်မှာဆိုယင်လဲ ဆရာဝန်တွေ အမြောက်အမြားလိုနေတယ်။ အခုဘဲဆရာဝန်တွေ မလုံ မလောက် ဖြစ်နေလို့ အိန္ဒိယနိုင်ငံက ဆရာဝန်တွေကိုငှါးရပြီးပြီ။ ဒီလိုချည်းဘဲ သူများနိုင်ငံက ဆရာဝန်တွေကို ကြာရှည်အားကိုးနေလို့ မဖြစ်ဘူး။ ကျုပ်တို့ရဲ့ရည်ရွယ်ချက်နဲ့ဆိုယင်၊ တနှစ်ကိုဆရာဝန် တထောင်လောက် လိုချင်တယ်။ စစ်မဖြစ်ခင်က ဆိုယင် ဆေးကောလိပ်ကျောင်းက နှစ်စဉ်အောင်တဲ့ ဆရာဝန် အရေ အတွက်ဟာ၊ ၁၀ ယောက်ခန့်လောက်ဘဲ ရှိလိမ့်မယ်။ လွတ်လပ်ပြီးတဲ့နောက်လဲဒီအခြေအနေဟာ ထူးထူးခြားခြားကြီးပြောင်းလဲမသွားသေးဘူး။ ဒီတော့ကျုပ်တို့ကလဲ ဆရာဝန်တွေ တနှစ်တထောင်လောက်လိုချင်၊ ဆေးကောလိပ်ကလဲ ဆရာဝန်တွေကို ၁၄-၅ယောက်၊အယောက် ၂၀ ထက်ပိုပြီးမပေးနိုင်။ကျုပ်တို့လဲ အကြံရ ခပ်ကျပ်ကျပ်နဲ့ဆရာဝန်တွေပိုပြီး ထွက်လိုထွက်ငြားဆိုပြီး၊ ဆရာဝန် သင်တန်းကို ဆယ်တန်း အောင်ပြီး၊ ၇ နှစ် သင်ရမဲ့ အစား၊ ၅နှစ်နဲ့ ပြီးအောင် လုပ်ပေးဘို့ သက်ဆိုင်ရာ ဆရာကြီးများနဲ့ တိုင်ပင်နှီးနှောကြည့်ကြတယ်။

ဆရာကြီးများကလဲ ဒီလိုသာအတင်းလျှော့လိုက်ယင်၊ လူနာတွေကို ပျောက်အောင်ကုနိုင်မဲ့ ဆရာဝန်တော့ ထွက်လာမှာမဟုတ်ဘူး၊ လူတွေကိုသတ်ပစ်တဲ့ ဆရာဝန်တွေသာ ထွက်လာလိမ့်မယ်လို့ ပြောတာနဲ့ ပဌမနှစ်က ဒီအကြံကို ကျုပ်တို့လက်လျှော့ခဲ့ရတယ်။ ဒါပေမဲ့ ဒီနှစ်တကြိမ် ထပ်မံ ဆွေးနွေးကြည့်ကြတဲ့အခါ၊ အကယ်၍ ၈ တန်းနဲ့ ၉ တန်းတွင် အခြေခံဆေးပညာရပ်တွေကို သင်ပေးနိုင်အောင် အစိုးရကစီစဉ်ပေးနိုင်ယင် ဆရာဝန် သင်တန်းကို ၇ နှစ်ကနေပြီး ၆ နှစ်အထိလျှော့ပေးပါ့မယ်လို့ သက်ဆိုင်ရာ ဆရာကြီးများက ကတိပေးကြတယ်။ ကျုပ်တို့လဲ ဒီအတိုင်းဘဲ ဒီနှစ်ကစပြီး ကျောင်းတချို့မှာ စီစဉ်ပေးပြီးပြီ။ ကျုပ်တို့ လိုချင်တဲ့အတိုင်း နှစ်စဉ်နှစ်တိုင်းဆရာဝန်တွေတိုးတိုးပြီး ထွက်နိုင်အောင် အခုပြောခဲ့တဲ့အစီစဉ်တွေသာမကသေးဘူး။ စတိုင်ပင်ထောက်ပံ့ကြေးတွေကိုလဲ ဆေးကောလိပ်မှ တနှစ်ထက်တနှစ်တိုးပြီး ပေးသွားဘို့ကျုပ်တို့ စီစဉ်နေတယ်။ ယခု ဆေးကောလိပ် တကျောင်းနဲ့အားမရသေးလို့ ပြည်ထောင်စု ဆေးရုံကြီးနဲ့ အတူတူ ဆေးကောလိပ်အသစ်တခု နောက်ထပ်ပြီးဖွင့်ပေးဘို့ကိုလဲ ကျုပ်တို့စီစဉ်ခဲ့ရတယ်။ ဒါနဲ့လဲ မတင်းတိမ်သေးဘူး။ ဖြစ်နိုင်လျှင်ဖြစ်နိုင်ခြင်း၊ မန္တလေးမှာလဲ ဆေးကောလိပ်တခု နောက်ထပ်ဖွင့်ဘို့ ကျုပ်တို့ကြိုးစားနေကြတယ်။ ဒီနည်းတွေနဲ့ တနှစ်ကိုဆရာဝန်တွေ ၁၄-၅ ယောက်လောက်ထွက်နေတဲ့အခြေအနေတွေ၊ နိုင်ငံခြားဆရာဝန်တွေကို မှီခိုနေရတဲ့ အခြေအနေတွေကနေပြီး၊ ကျုပ်တို့ လိုလားနေတဲ့အတိုင်းတနှစ်တနှစ်ကို ဆရာဝန်တွေ ၄၊၅၊၆ ရာထက်မနည်း ထွက်အောင် ကျုပ်တို့ကြိုးစား

နေကြတယ်။ မကြာခင်ဘဲ လိုတဲ့အတိုင်း ဆရာဝန်တွေ ထွက်ရမယ်။ ကြိုးစားက ဘုရားဖြစ်နိုင်တယ် ဆိုတဲ့အတိုင်း ကျုပ်တို့တတွေ ဇွဲကောင်းကောင်း၊ သတ္တိရှိရှိနဲ့သာ ကြိုးစား သွားကြမယ်ဆိုယင်၊ ပြည်တော်သာ တည်ဆောက်ရေး အတွက်ကျုပ်တို့ ယခု ရင်ဆိုင်နေရတဲ့ အခက်အခဲအားလုံးကို ကျော်လွှားမြောက်ရမယ်လို့ ကျုပ်တို့ယုံကြည်တယ်။

ဒီတော့ ပြည်တော်သာ တည်ဆောက်ဘို့ အတွက် (၁) ကိုယ့်အင်အား၊ ကိုယ့်အခြေအနေကို စုံစမ်း တိုင်းထွာခြင်း၊ (၂) ဒီလို စုံစမ်း တိုင်းထွာ ပြီးတဲ့နောက် သိရတဲ့ ကိုယ့်အင်အားနဲ့ ကိုယ့်အခြေအနေအပေါ်ကို အမှီပြုပြီး စီမံကိန်းများ ရေးဆွဲခြင်း၊ (၃) စီမံကိန်းများကို အကောင် အထည်ဖေါ်ရန် လိုအပ်သော ကျွမ်းကျင်သူများ၊ ပစ္စည်းကိရိယာ တန်ဆာပလာများ စုဆောင်းခြင်း၊ (၄) ပြည်တော်သာကို တည်ဆောက်ခြင်း ဆိုတဲ့ အဆင့်ကြီး ၄ ဆင့်ရှိတဲ့အနက်၊ တချို့ လုပ်ငန်းတွေဆိုယင်၊ စတုတ္ထ အဆင့်အထိတောင် ရောက်နေကြပြီ။ တချို့ လုပ်ငန်းတွေဆိုယင် တတိယ အဆင့်ကို ရောက်နေကြပြီ။ တချို့ဆိုယင် ပဌမအဆင့်နဲ့ ဒုတိယအဆင့် လောက်ကိုသာ ရောက်နေကြသေးတယ်။ ကျုပ်တို့ရဲ့လုပ်ငန်းတွေကို ယခုလက်ရှိအခြေအနေမှာ အကဲခတ်မယ်ဆိုယင်၊ မပြီးသေးတဲ့ ပန်းချီကားကြီးကို ကြည့်ရတာလို အားရမှာတော့ မဟုတ်ဘူး။ ကျုပ်တို့ကိုယ်တိုင်လဲ သိပ်ပြီးအားမရသေးဘူး။ ဒါပေမဲ့ ကျုပ် မကြာခဏ ပြောခဲ့တဲ့အတိုင်း၊ အခု အုန်းပင်စိုက်၊ အခု အုန်းသီး သီး ဆိုတာ မျိုးဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သလို အင်မတန် ထုထယ် ကြီးမားတဲ့ ပြည်တော်သာကြီးကို တည်ဆောက်တဲ့

နေရာမှာလဲ ချက်ခြင်းလက်ငင်းပြီးစေချင်လို့မဖြစ်ဘူး။ဇွဲကောင်း ကောင်းနဲ့ ကျုပ်တို့တတွေ စောင့်ကြရမှာဘဲ။

ဗိုလ်မှူးတို့။ ပန်းတိုင်ရယ်၊ ပန်းတိုင်ကို သွားရမဲ့ လမ်းရယ်၊ အစိုးရက လှမ်းပြီးခဲ့တဲ့ ခြေလှမ်းတွေရယ်၊ ကျုပ် ပြောပြီးပြီ။ အတော်ဘဲ ရှည်သွားပြီ။ အခုပြောရမဲ့ အကြောင်းကတော့ တခြားဟာ မဟုတ်ဘူး။ ပြည်တော်သာ တည်ဆောက်တဲ့ နေရာမှာ ဗမာ့တပ်မတော်ဟာ ဘယ်နေရာကို ယူရမလဲ ဆိုတဲ့ အချက်ပင် ဖြစ်တယ်။ ဒီ အချက်ကတော့ ကျုပ် အထူး ရှင်းပြဘို့ လိုတဲ့ အချက် မဟုတ်ပါဘူး။ တပ်မတော် သားတိုင်း ကောင်း ကောင်း သဘောပေါက်ပြီးသား ဖြစ်နေပြီ။ ကိုယ်လက် မကျန်း မမာ ဖြစ်နေတဲ့လူ တယောက်ဟာ အလုပ်ဆိုလို့ ဘာအလုပ် ကိုမှ မလုပ်နိုင်သလို၊ မီးလောင်နေတဲ့ သင်္ဘောတစင်းကို ဘယ် ခရီးသွားဘို့မှ အသုံးချလို့မရသလို၊ ပြည်တွင်းသောင်းကျန်းသူ တွေ ပြင်ပ ရန်သူတွေနဲ့ ဒင်းကြမ်းပြည့်နေတဲ့ နိုင်ငံတနိုင်ငံမှာလဲ ဘယ်ပြည်တော်သာကိုမှ မတည်ဆောက်နိုင်ဘူး။ ကျုပ်တို့ တ တွေဟာ ရောင်စုံ သူပုန်တွေကြောင့် သုံးနှစ်လုံးလုံး ဘယ် ပြည် တော်သာ လုပ်ငန်းကိုမှ ကောင်းအောင် မလုပ်ခဲ့နိုင်ဘဲ၊ လက် ပိုက် ကြည့်ခဲ့ရတာကို ဗိုလ်မှူးတို့လဲ သိကြသားဘဲ။ ဒီတော့ ကျုပ်တို့အားလုံး မျှော်မှန်းနေတဲ့ ပြည်တော်သာကြီးကို အမြန် ပြီးမြောက် စေချင်တယ်ဆိုယင်၊ ဗမာ့တပ်မတော်က ထမ်းရွက် ရမဲ့တာဝန်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ပြည်ထောင်စု ကြီးကို ပြည်တွင်း ပြည်ပ ရန်သူတွေရဲ့ ဘေးက လွတ်မြောက် အောင် လုပ်ပေးဘို့ တာဝန်ဘဲဖြစ်တယ်။ ဒါကြောင့် ဒီတာဝန်

ကြီးကို ဆထက် ထမ်းပိုးတိုးပြီး ထမ်းရွက်ကြဘို့ ကျုပ် လေးနက်စွာ တိုက်တွန်းလိုက်တယ်။

အခု ကျုပ်ပြောခဲ့တဲ့ တာဝန်ကြီးကို ထမ်းရွက်ရမဲ့ တပ်မတော်သားများရဲ့ အရည်အချင်းဟာ ဘယ်လို အရည်အချင်းမျိုးဖြစ်ရမလဲ။ ဒီအချက်နဲ့ ပတ်သက်ပြီး တပ်မတော်သားတိုင်းလိုက်နာကျင့်သုံး ဆောက်တည်ရမဲ့"စစ်သည်တော်ကျင့်ဝတ်" တွေကို တပ်မတော်သားတိုင်း နားလည်ပြီး ဖြစ်နေပြီ။ ဒီတော့ အခုလို အခွင့်ကောင်း ကြုံတဲ့အခါ အရည်အချင်းနဲ့ ပတ်သက်ပြီး ကျုပ်တခုဘဲ ပြောချင်တယ်။ ဒါကတော့ တခြားဟာ မဟုတ်ဘူး ဗမာ့ တပ်မတော် သားတွေဟာ သေနတ်ကိုင်တွေ မဖြစ်ကြဘဲ၊ တပ်မတော်သား စစ်စစ်တွေသာ ဖြစ် ကြ ပါစေ ဆိုတဲ့ စကားဘဲဖြစ်တယ်။

ဒီလိုဆိုရင် သေနတ်ကိုင် ဆိုတာဟာ ဘယ်လိုဟာလဲ။ တပ်မတော်သား စစ်စစ်ဆိုတာက ဘယ်လိုဟာလဲ။ ဥပမာ သင်္ကန်း ဝါဝါဝတ်ထားတိုင်း ဘုန်းကြီးမဟုတ်ဘူး။ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ဘုရားအလိုတော်ကျ အတိုင်း ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကိုသာ ဘုန်းကြီးလို့ ခေါ်တယ်။ သားတွေမယားတွေနဲ့ တိတ်ဖိတ်ပုန်း ဖေါက်ပြန်ပြီး ဖဲရိုက်၊ကြက်တိုက်၊ အရက်သောက်နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ သင်္ကန်းဝတ်ထားပေမဲ့ သူတို့ကို ဘုန်းကြီးလို့ မခေါ်ဘူး။ သင်္ကန်းဝတ်လို့ ခေါ်တယ်။

ဒီလိုဘဲ ဗမာ့တပ်မတော်ထဲမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တိုင်းကိုလဲ ဗမာ့တပ်မတော်သားလို့ မခေါ်နိုင်ဘူး။ စစ်သည်တော် ကျင့်

ဝတ်တွေကို လိုက်နာ ကျင့်ကြံ စောင့်ထိန်းနေတဲ့ လူများကိုသာ တပ်မတော်သားလို့ ခေါ်နိုင်တယ်။ သေနတ်အားကိုးနဲ့ ခိုး၊ ဆိုး၊ တိုက်ခိုက်နေတဲ့လူတွေ၊ လူထုကို အနိုင်ကျင့်နေတဲ့ လူတွေ၊ ကိုယ့်ကိုယ်တိုင်က ကာကွယ်စောင့်ရှောက်ပေးရမဲ့ အခြေခံ ဥပဒေစည်းမျဉ်းနှင့် ပြည်ထောင်စုကြီးကို တိုက်ရိုက်အားဖြင့်ဖြစ်စေ၊ သွယ်ဝိုက်တဲ့နည်းဖြင့်ဖြစ်စေ သစ္စာဖောက်နေတဲ့ လူတွေကျတော့ တပ်မတော်သားလို့ မခေါ်နိုင်တော့ဘူး။ သေနတ်ကိုင်လို့ဘဲ ခေါ်ကြရလိမ့်မယ်။

ဒါကြောင့် ပြည်တော်သာကို တည်ဆောက်တဲ့ နေရာမှာ အရေးကြီးတဲ့ နေရာတခုက ပါဝင် ဆောင်ရွက်ရမဲ့ တပ်မတော်သားတွေဟာ သေနတ်ကိုင်တွေ မဖြစ်ကြဘဲ၊ ပြည်ထောင်စုသူ ပြည်ထောင်စုသားတို့ စိတ်ချယုံကြည်စွာ ဂုဏ်ယူ အားကိုးရမဲ့ ဗမာ့ တပ်မတော်သား စစ်စစ်တွေ ဖြစ်ကြပါစေလို့ ကျုပ် ဒီနေရာကနေပြီး လေးနက်စွာ ဆုတောင်းလိုက်ပါတယ်။

# ၅။ တက္ကသိုလ်ကျောင်းသား

## ၁၉၅၁-ခုနှစ်၊ ဒီဇင်ဘာလ ၂၂-ရက်နေ့၊ ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင် မိန့်ခွန်း

ကျောင်းသူ ကျောင်းသားအပေါင်းတို့၊

ဒီကနေ့ တက္ကသိုလ်ဘွဲ့နှင်းသဘင်ကြီးမှာ၊ စာမေးပွဲအောင် မြင်ပြီးတဲ့ ကျောင်းသူ ကျောင်းသားတွေကိုသာ ဘွဲ့များကို အပ် နှင်းရုံမဟုတ်ဘဲ၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသား အားလုံး ကို အမှူးပြု၍၊ ပြည်ထောင်စုတခုလုံးရှိ ကျောင်းသူ ကျောင်း သား အားလုံးကိုလဲ ဒီနေရာကနေပြီး၊ ကျုပ်က တာဝန်ကြီး တခု အပ်နှင်းလိုပါတယ်။ ဒီတာဝန်ကြီးကတော့တခြားမဟုတ် ပါဘူး။ မင်းတို့ ကျုပ်တို့ရဲ့ ပြည်ထောင်စု ကြီးကို ရေမျက်နှာ ပြင်လို မငြိမ်မသက် ဖြစ်နေတဲ့ ဘဝက၊ မြေမျက်နှာပြင် လို တည်တံ့ ခိုင်မြဲတဲ့ ဘဝကို ရောက်အောင် တည်ဆောက်ပေးဖို့ တာဝန်ဖြစ်တယ်။

ဒီ တာဝန်ကြီးဟာ ဘယ်လောက် ကြီးမားတဲ့ တာဝန်ကြီး ဖြစ်တယ် ဆိုတာကို ရှင်းမပြခင်၊ ပြည်ထောင်စုကြီးရဲ့ အတိတ် ရာဇဝင်ကို အကျဉ်းချုပ်အားဖြင့် ကျုပ်ပြောပြလိုတယ်။ ဒီရာဇ ဝင် အကျဉ်းချုပ်ကို မင်းတို့ကြားရတော့မှ၊ မင်းတို့ပြည်ထောင် စုကြီးဟာ (၁) ဘယ်လောက်အထိပျက်စီး ယိုယွင်းနေတယ်၊ (၂) ဘာကြောင့် ဒီလောက်အထိ ပျက်စီး ယိုယွင်းရတယ်၊ (၃) ရှေ့ကို ဒို့တတွေ ဘယ်လောက်အထိ ကြိုးစားစရာရှိ သေးတယ်ဆိုတဲ့ အချက်ကြီး ၃ ချက်ကို မင်းတို့ကွက်ကွက် ကွင်း ကွင်းကြီး သဘောပေါက်မယ်။

ကဲ မြန်မာရာဇဝင် အကျဉ်းချုပ်ကို ပြောရမယ်ဆိုယင်၊ မြန်မာနိုင်ငံကို တကောင်း အဘိရာဇာက အစပြုပြီး၊ နောက်ဆုံး သီပေါရှင်ဘုရင်အထိ၊ ရှင်ဘုရင်တွေနဲ့အုပ်ချုပ်ခဲ့တယ်။ ရှင်ဘုရင်ဆိုတာက မင်းတို့အားလုံး သိကြတဲ့အတိုင်း၊ လူထုကြီး တရပ်လုံးက သူတို့ရဲ့စိတ်တိုင်းကျ ရွေးကောက်တင်မြှောက်လိုက်တာ မဟုတ်ဘူး။ ရှင်ဘုရင်တွေဟာ သူတို့ရဲ့ဘုန်းနဲ့ လက်ရုံးကို အားကိုးပြီး၊ ရှင်ဘုရင် လုပ်နေကြတာ။ ဒီတော့ အနော်ရထာမင်းစော၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းတုန်းမင်းတရားကြီး အစရှိတဲ့ ရှင်ဘုရင်ကြီးများက လွဲပြီး၊ ရှင်ဘုရင် ခပ်များများဟာ လူထုနဲ့ အဆက်အသွယ် များများ မရှိကြဘူး။ ဒီတော့ ဒို့ရဲ့ရာဇဝင် တလျှောက်လုံးမှာ သီပေါ ရှင်ဘုရင်အထိ ကျန်းမာရေးမဏ္ဍိုင်၊ ပညာရေးမဏ္ဍိုင်၊ စာရိတ္တမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ တိုင်းရင်းသား စည်းလုံးရေးမဏ္ဍိုင် ဆိုတဲ့ နိုင်ငံတနိုင်ငံရဲ့ အရေး အကြီးဆုံး မဏ္ဍိုင်ကြီးငါးခုကို များသောအားဖြင့် ရှင်ဘုရင်တွေက တည်ဆောက်ပေးတယ်လို့ မရှိလှဘူး။ ဒီမဏ္ဍိုင်ကြီး ငါးခုကို ပြည်သူလူထုကြီးဟာ သူတို့တတ်သရွေ့၊ မှတ်သရွေ့၊ စွမ်းအားရှိသရွေ့သာ တည်ဆောက်သွားကြရတာဘဲ။ ဒီလိုဖြစ်တဲ့အတွက် တကောင်း အဘိရာဇာက စပြီး၊ သီပေါရှင်ဘုရင်အထိ ဒို့နိုင်ငံကြီးမှာ ဒီမဏ္ဍိုင်ကြီးငါးခုဟာ အားအင်တောင့်တင်းခြင်း မရှိခဲ့ဘူး။

သီပေါမင်းပါတော်မူပြီးတဲ့နောက် အင်္ဂလိပ်တွေ ရောက်လာပြန်တော့လဲ၊ ပြည်သူ လူထုကြီးက ကျေကျေ နပ်နပ်နဲ့ ရွေးကောက်တင်မြှောက်လို့ ရောက်လာကြတာ မဟုတ်ဘူး။ ဒို့ရဲ့ဆန်တွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကိုလိုချင်လို့၊

လက်ရုံးကိုအားကိုးပြီး၊ ရောက်လာကြတာ။ ဒီမဏ္ဍိုင်ကြီး ငါးခုကို တည်ဆောက်ပေးဘို့ အတွက် ရောက်လာကြတာ မဟုတ်ဘူး။

ရှေ့ဦးစွာကျန်းမာရေးမဏ္ဍိုင်ကို စစ်ကြည့်မယ်။ အချို့က ဆေးရုံတွေကိုလက်ညှိုးထိုးပြပြီး ကျန်းမာရေးမဏ္ဍိုင်အတွက် ဗြိတိသျှနယ်ချဲ့သမားတွေလုပ်သွားကြတယ်မဟုတ်ဘူးလားလို့ မေးကောင်း မေးကြလိမ့်မယ်။ စာရင်းတွေကို ကျုပ်ပြပါမယ်။ ဒီစာရင်းတွေကို ကြည့်ခြင်းအားဖြင့် ကျန်းမာရေးနဲ့ ပတ်သက်ပြီး၊ ဗြိတိသျှနယ်ချဲ့သမားတွေ ဘယ့်လောက်သာလုပ်ခဲ့တယ်ဆိုတာ မင်းတို့ မှန်းကြည့် နိုင်ပါလိမ့်မယ်။ လူဦးရေ ၄၉၇၇၅ ယောက်အတွက် ဆေးရုံတရုံသာရှိတယ်။ လူဦးရေ ၂၀၉၀၇ ယောက်အတွက် ဆရာဝန်တယောက်သာရှိတယ်။ ကလေး ၁၀၀၀ မွေးယင် မွေးမွေးခြင်း သေတဲ့ ကလေးတွေ ဟာ ၃၀၀ ခန့်ရှိတယ်။ အမေရိကန်ပြည်မှာ ကလေးတထောင်မွေး လျှင် ၄၄ ယောက်သာ သေကြတယ်။ ဘယ်လ်ဂျီယံပြည်မှာ၊ ၅၉ ယောက်သာသေကြတယ်။ ဩစတြေးလီးယားပြည်မှာ ၂၀ ယောက်သာ သေကြတယ်။ မြန်မာပြည်မှာတော့၊ ၃၀၄ ယောက်လောက် သေကျေပျက်စီးတယ်။

လူတွေရဲ့သက်တမ်းဟာ ရှစ်ဆယ်လို့ဆိုပေတဲ့လဲ ကျန်းမာရေး ပါရဂူတွေရဲ့ တွက်ကိန်းအရဆိုလျှင်၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှာရှိတဲ့လူတွေရဲ့သက်တမ်းဟာ ဖျမ်းမျှခြင်း အားဖြင့် ၅၀ ခန့်ရှိပြီး၊ ဒို့မြန်မာနိုင်ငံမှာဆိုယင် ဖျမ်းမျှခြင်း အားဖြင့် ၂၀ ကျော်ကျော်သာရှိတယ်။ဒီလောက်တိုတောင်းတဲ့ နှစ်ကာလအတွင်းမှာတောင်၊ နှစ်စဉ်ဝမ်းရောဂါနှင့် သေကြ

တဲ့လူတွေ၊ ပုလိပ်ရောဂါနှင့်သေကြတဲ့ လူတွေ၊ ကျောက်ရောဂါနှင့်သေကြတဲ့လူတွေ၊ ငှက်ဖျားရောဂါနှင့် သေကြတဲ့လူတွေ၊ ချောင်းဆိုးသွေးပါရောဂါနှင့် သေကြတဲ့လူတွေ၊ ကုဋ္ဌနူနာရောဂါနှင့်သေကြတဲ့လူတွေဟာ မနဲပါဘူး။ ဒီစာရင်းတွေကို ကြည့်လိုက်ယင်၊ ကျန်းမာရေးမဏ္ဍိုင်နှင့်ပတ်သက်ပြီး၊ ဗြိတိသျှနယ်ချဲ့သမားတွေ လုပ်သွားတာဟာ ပြည်သူလူထု တရပ်လုံးအတွက်မဟုတ်ဘဲ၊ လူတစုအတွက်သာ ဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

ကျန်းမာရေးမဏ္ဍိုင်ကို တည်ဆောက်တယ် ဆိုတာဟာ ရောဂါဖြစ်လာမှ ကုပေးဘို့ဆရာဝန်တွေကို ခန့်ပေးရုံ၊ ဆေးရုံတွေဆောက်ပေးရုံနဲ့ မလုံလောက်ဘူး။ ရောဂါမဖြစ်နိုင်အောင် ကာကွယ်ပေးဘို့ အစီအစဉ်တွေလဲ အများကြီးလုပ်ပေးရအုံးမယ်။ ဒီကာကွယ်ရေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး၊ ဗြိတိသျှနယ်ချဲ့သမားတွေဟာ ဟုတ်ဟုတ်ဟတ်ဟတ် ဘာမှလုပ်မသွားကြဘူး။ ဘာတခုမှ လုပ်မသွားကြဘူး။

ကဲ ပညာရေးမဏ္ဍိုင်ကိုကြည့်ကြအုံးစို့။ အင်မတန်လှပတဲ့ ဒီတက္ကသိုလ်အဆောက်အအုံကြီးကို လက်ညှိုးထိုးပြပြီး၊ပညာရေးမဏ္ဍိုင်အတွက်၊ဗြိတိသျှနယ်ချဲ့သမားတွေလုပ်သွားသားဘဲမဟုတ်ဘူးလားလို့၊ တချို့ကမေးကောင်း မေးကြပေလိမ့်မယ်။ ဗြိတိသျှနယ်ချဲ့မသားတွေ ပေးခဲ့တဲ့ပညာရေးဟာ သူတို့ရဲ့ နယ်ချဲ့လုပ်ငန်းကြီးကို အထောက်အပံ့ ပေးနိုင်ရုံသာ ဖြစ်တဲ့ပညာရေးဖြစ်နေလို့၊ ဒီလိုပညာရေးမျိုးက မွေးထုတ်လိုက်တဲ့ လူတွေဟာ အပေါ်ကသခင်ပေးခိုင်းတဲ့လုပ်ရှိမှ အလုပ်လုပ်တတ်တဲ့ လူတွေသာ ဖြစ်တယ်။ ကိုယ့်နိုင်ငံနဲ့တကွ၊ ကမ္ဘာကြီး တခုလုံး

တိုးတက်အောင်၊ ကိုယ့်ဒူးကိုယ်ချွန်ပြီး လုပ်ပေးနိုင်တဲ့အထိ အရည်အချင်း ရှိတဲ့လူတွေ မဟုတ်ကြဘူး။ ဒီကနေ့အထိ၊ ဒီတက္ကသိုလ်က ဘွဲ့ရတဲ့လူပေါင်း အမြောက်အမြားရှိပြီး၊ ဒီလူတွေထဲက စက်မှုလက်မှုလုပ်ငန်းမှာဘဲဖြစ်ဖြစ်၊ စီးပွါးရေးမှာဘဲဖြစ်ဖြစ်၊ ကျန်းမာရေးမှာဘဲဖြစ်ဖြစ်၊ ပညာရေးမှာဘဲဖြစ်ဖြစ်၊ အနဲဆုံး စာနယ်ဇင်း လောကမှာဘဲဖြစ်ဖြစ်၊ စွန်းလွန်းတမံ ခေါင်းဆောင်နိုင်တဲ့ လူတွေဘယ်နှစ်ဦးများ ပေါ်ထွက်ခဲ့ပြီလဲ။

နောက်ပြီးတော့၊ ဒီတက္ကသိုလ်ကျောင်းကြီး တကျောင်းတည်းနဲ့ ပညာရေးမဏ္ဍိုင်တည်ဆောက်ဘို့ မလုံလောက်ပါဘူး။ ပြည်ထောင်စုအတွင်းမှာ စာသင်နေကြတဲ့လူတွေထဲက၊ ဒီတက္ကသိုလ်ကျောင်းကြီးကိုလာနိုင်တဲ့လူတွေဟာ လက်တဆုပ်လောက်တောင် မရှိပါဘူး။ အမှန်စင်စစ် ပြောရယင်၊ သိပ္ပံပညာ၊ စက်မှုလက်မှုပညာ၊ ဘဏ်လုပ်ငန်းပညာ၊ ငွေရေးကြေးရေးပညာ၊ ကူးသန်းရောင်းဝယ်ရေးပညာ၊ စီးပွါးရေးပညာ၊ ကမ္ဘာ့သမိုင်းပညာ၊ ဖီလော်ဆော်ဖီ ခေါ်တဲ့ ယထာဘူတပညာ၊ ကမ္ဘာ့စာကြီး ပေကြီး အစရှိတဲ့၊ ပြည်ထောင်စုကို၊ တိုးတက်နေတဲ့ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်း လိုက်နိုင်အောင် လုပ်ပေးနိုင်စွမ်းရှိတဲ့ ပညာရပ်တွေဟာ၊ ပြည်ထောင်စုကြီးတခုလုံးကို အပိုင်းပေါင်း ငါးသိန်းလောက် ပိုင်းယင်၊ တပိုင်းလောက်ကိုသာ ရောက်ပါသေးတယ်။ ကျန်တဲ့ လေးသိန်းကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့်ကိုးပိုင်းလောက်ဟာဖြင့်၊ ဒီပညာရပ်တွေနဲ့ပတ်သက်ပြီး၊ အမှောင်အတိဘဲ ဖြစ်နေပါသေးတယ်။

ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ ပညာရေးစံနစ်အရ၊ ခေတ်မီပညာတွေကိုတတ်ချင်ယင် အင်္ဂလိပ်စာကိုတတ်မှ ဖြစ်နိုင်တဲ့အတွက်၊ ခေတ်မီပညာတွေကို လှည်းနေလှေအောင်း မြင်းစောင်းမကျန် ပြန့်ပွားနိုင်ရန်ကိစ္စမှာ၊ အိပ်မက်မက်ရုံလောက်၊ စိတ်ကူးနဲ့ရှုးကြည့်ရုံလောက်သာ ဖြစ်နိုင်တယ်။ တကယ်လက်တွေ့လုပ်ဘို့ဆိုယင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

အခု ပြောခဲ့တာတွေထက်၊ အဆပေါင်းများစွာ ပိုဆိုးတဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အချက်တချက်ရှိပါသေးတယ်။ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ ပညာရေးစံနစ်ဟာ သူတို့ရဲ့နယ်ချဲ့လုပ်ငန်းကို အထောက်အပံ့ဖြစ်ရုံသာ လုပ်ထားတဲ့စံနစ်ကြီးဖြစ်တဲ့အတွက်၊ ဒီပညာရေးစက်ယန္တရားကြီးထဲကို ရောက်လို့အတော်ကလေးကြာတယ်ဆိုယင်ဘဲ၊ အတော်အတန် စိတ်ဓာတ်ချူချာတဲ့လူတွေဟာ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေ၊ ကိုယ့်စကား၊ ကိုယ့်နိုင်ငံအစရှိတာတွေကို အထင်သေးတဲ့စိတ်ဓာတ်တွေ၊ သူများနိုင်ငံကဟာတွေကိုမှ အထင်ကြီးတဲ့စိတ်ဓာတ်တွေ၊ အမေကျော်ဒွေးဒေါ်လွမ်းတဲ့စိတ်ဓာတ်တွေ၊ မျိုးချစ်စိတ်ဇာတိသွေး ဇာတိမာန်စိတ် ခေါင်းပါးမှုတွေဟာ ဒီလူတွေမှာ တနေ့တခြား တိုးတက်စွဲကပ်လာတာဘဲ။ ဒါက၊ လူမျိုးတမျိုးအနေနဲ့ လူစဉ်မမှီအောင် လုပ်ပေးလိုက်တဲ့အတွက်၊ သင်သင့်တဲ့ပညာတွေကို မသင်ရတာထက် ပိုပြီးဆိုးသေးတယ်။

စီးပွားရေးဏ္ဍိုင်နဲ့ပတ်သက်ပြီး ပြောရယင်လဲ၊ ကြောက်ဘို့လန့်ဘို့ ကောင်းအောင် အခြေအနေကဆိုးတယ်။ မင်းတို့ပြည်ထောင်စုကြီးမှာ၊ သဘာဝချမ်းသာကြွယ်ဝနေတဲ့ အခြေအနေနဲ့ဆိုယင်၊ တနိုင်ငံလုံးဟာ အခလွတ်ပညာရေးစံနစ်တွေ

ကိုရော၊ အခလွတ်ကျန်းမာရေးစံနစ်တွေကိုရော တည်ထောင်ပေးပြီးတဲ့အပြင်၊ပြည်ထောင်စုကြီးရဲ့ ဘယ်အပိုင်းမှာဘဲနေနေ၊ ပြည်ထောင်စုသားမှန်ယင် မိသားစုတိုင်း နှစ်စဉ် ဝင်ငွေဟာ ခြောက်ထောင်က တသောင်းအထိ အနဲဆုံးရနိုင်တယ်။ ဒီလောက်အဖိုးတန်မြေကြီးတွေ၊ ဒီလောက်အဖိုးတန် သစ်တောတွေ၊ ဒီလောက်အဖိုးတန် ရေနံတွေ၊ ဒီလောက် အဖိုးတန်ကျောက်မီးသွေး၊ သံ၊ ခဲ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အစရှိတဲ့သတ္တုတွေ၊ ဒီလောက်အဖိုးတန်တဲ့ ရေတံခွန်အင်အားတွေဒုနဲ့ဒေးပေါများနေတဲ့ နိုင်ငံတနိုင်ငံမှာ၊ ဆဲ့ခုနစ်သန်းလောက်သာရှိတဲ့ လူထုကလေးအတွက် ဒီလောက် ချမ်းသာအောင်မှလုပ်မပေး နိုင်ဘူးဆိုယင်၊ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမျိုးကလုပ်ပေးနိုင်မှာလဲ။

ဒါပေမဲ့ ဗြိတိသျှနယ်ချဲ့စံနစ်ကြောင့်၊ တို့တတွေရဲ့စီးပွားရေးအခြေအနေဟာ ဘယ်လိုဖြစ်ခဲ့ရသလဲ၊ ကမ္ဘာကျော် စီးပွားရေး ပါရဂူတွေရဲ့ တွက်ကိန်းအရဆိုယင်၊ ဆဲ့ခုနှစ်သန်းသောပြည်ထောင်စုသားတွေမှာ တယောက်လျှင် နေ့စဉ်ဝင်ငွေဟာ ခြောက်ပြားခန့် လောက်သာ ရှိတယ်။ တလမှာ ငွေ ၃ိ ကျပ်လောက်ရှိပြီး၊ တနှစ်မှာ ၃၆ လောက်သာရှိတယ်။ ဒါလောက်ဘဲ ဝင်ငွေရှိတာဟာ ဘာအံ့ဩစရာရှိသလဲ။ ဝင်ငွေ အကြီး အကျယ် ရနိုင်တဲ့ ဆန်၊ သစ်၊ ရေနံ၊ သတ္တု၊ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးတွေဟာ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ လက်ထဲမှာ အားလုံးရှိနေတာဘဲ။ ဒါတွေတင် မကသေးပါဘူး။ အင်္ဂလန် နိုင်ငံမှာလုပ်တဲ့ ကုန်ချောတွေကိုရောင်းဘို့၊ ဈေးကွက်မရှိမှာစိုးလို့၊ မြန်

မာနိုင်ငံသားတွေအတွက် ဝင်ငွေအများကြီး တိုးတက်အောင် လုပ်ပေးနိုင်တဲ့စက်မှုလုပ်ငန်းတွေကို ဗမာနိုင်ငံမှာထူထောင်ဖို့ အလားအလာတွေ အများကြီး ရှိနေပေတဲ့လဲ၊ ထူထောင်ခွင့်မရဘဲ၊ ကုန်ရိုင်း ထုတ်ပေးရတဲ့ နိုင်ငံ တနိုင်ငံ အဖြစ်နဲ့သာ တင်းတိမ်ခဲ့ရတယ်။

စီးပွားရေး မဏ္ဍိုင် အကြောင်းကို ပြောပြီးလို့၊ စာရိတ္တ မဏ္ဍိုင်ရဲ့အကြောင်းကို ပြောတော့မယ်။ စာရိတ္တမဏ္ဍိုင်နဲ့ပတ်သက်ပြီး များသောအားဖြင့် နားလည် နေကြတာက အင်မတန် ကျဉ်းမြောင်းနေတယ်။ အဲဒီကျဉ်းကျဉ်း မြောင်းမြောင်း နားလည်နေတဲ့ လူတွေကို၊ စာရိတ္တမဏ္ဍိုင် ပျက်တယ်ဆိုတာဟာ ဘာလဲလို့မေးယင်၊ ငွေကြေးနဲ့ ပတ်သက်ပြီး ဖေါက်ပြန်တာ၊ မိန်းမနဲ့ပတ်သက်ပြီးဖေါက်ပြန်တာ၊ သေရည်သေရက်နဲ့ ပတ်သက်ပြီး ဖေါက်ပြန်တာ၊ အလောင်းအစားနဲ့ ပတ်သက်ပြီး ဖေါက်ပြန်တာ၊ တာတွေလောက်ကို ပြောတတ်ကြလိမ့်မယ်။ အမှန်စင်စစ်တော့ စာရိတ္တ မဏ္ဍိုင်ရဲ့ နယ်နိမိတ်ဟာ ဒါ့ထက် ကျယ်ဝန်းတယ်။

နှစ်ပေါင်း အတော်ကြာ လောက်တုန်းက ရုပ်ရှင်ကား တကားကို ကျုပ်ကြည့်ဘူးတယ်။ ဒီကားဟာ ကျောင်းသားသူငယ် ကလေးတွေကို စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်အောင် လုပ်ပေးနေတဲ့ အကြောင်းတွေကို ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားဖြစ်တယ်။ ဒီ ရုပ်ရှင်ကားရဲ့ တနေရာမှာ၊ ဆရာတပည့်နှစ်ယောက် ရွာတရွာကို အလယ်သွားကြတဲ့ အကြောင်း ပြထားတယ်။ ဒီရွာရဲ့ အိမ်တအိမ်ရှေ့ကို ရောက်တော့၊ ရေစည်ပိုင်း တခုပေါ်က ရေခွက်တလုံး မြေကြီးပေါ်ကျနေဒါကိုတွေ့ရတယ်။ တပည့်

လုပ်တဲ့လူက အမှတ်တမဲ့ ရေခွက်ကိုကျော်ပြီး လျှောက်သွားတာဘဲ။ ဒီအခါမှာ ဆရာက သူ့တပည့်ပြန်ခေါ်ပြီး၊ ရေခွက်ကို ရေစည်ပိုင်းပေါ် ပြန် အတင်ခိုင်းတယ်။ အမှန်စင်စစ် ဆိုယင် စာရိတ္တမဏ္ဍိုင်ရဲ့ နယ်နိမိတ်ထဲမှာ၊ ဒီလို ရေခွက် ကျနေတာကို ကောက်မတင်ဘဲ ကျော်သွားမိတဲ့၊ အင်မတန် သေးငယ်တဲ့ အမှုအခင်းကလေးတွေကစပြီး၊ ငွေနဲ့၊မိန်းမနဲ့၊ သေရည်သေရက်နဲ့၊ အလောင်းအစားနဲ့ ပတ်သက်ပြီးဖေါက်ပြန်ကြတဲ့ အမှုအခင်းကြီးတွေ အထိ၊ အမှုအခင်းပေါင်း ထောင်သောင်းနဲ့ ချီပြီး ပါဝင်ကြတယ်။

ဒီအမှုအခင်းထောင်သောင်းတွေဟာ ဘာတွေလဲဆိုဒါကို တခုစီရေတွက်ပြနေရယင်၊ တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူး။ ဒီတော့ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်တယ်ဆိုတာဟာ ဘယ်လိုဟာလဲ။ စာရိတ္တမဏ္ဍိုင် ပျက်ပြားတယ်ဆိုတာဟာ ဘယ်လိုဟာလဲ ဆိုတာကို သဘောပေါက်အောင် အကျဉ်းချုပ် အားဖြင့် ကျုပ်ပြောပြပါမယ်။ ကိစ္စတခုဟာ

(၁) မှန်တယ်။ အကျိုးရှိမယ်။ တဖက်သားနာလိုမယ်။ အဲဒီကိစ္စမျိုးကို ပြောဖြစ်အောင်လဲ ပြောရမယ်။ လုပ်ဖြစ်အောင်လဲ လုပ်ရမယ်။

(၂) မှန်တယ်။ အကျိုးရှိမယ်။ တဖက်သားမနာလိုဘူး။ ဒီကိစ္စမျိုးကိုလဲ ပြောဖြစ်အောင်လဲ ပြောရမယ်။ လုပ်ဖြစ်အောင်လဲ လုပ်ရမယ်။

(၃) မှန်တယ်။ အကျိုးမရှိဘူး။ တဖက်သားမနာလိုဘူး။ ဒီကိစ္စမျိုးကို မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၄) မမှန်ဘူး။ အကျိုးရှိမယ်။ တဖက်သားနာလိုမယ်။ ဒီကိစ္စမျိုးကိုလဲ မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၅) မမှန်ဘူး။ အကျိုးမရှိဘူး။ တဖက်သားနာလိုမယ်။ ဒီကိစ္စမျိုးကိုလဲ မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၆) မမှန်ဘူး။ အကျိုးမရှိဘူး။ တဖက်သားမနာလိုဘူး။ ဒီကိစ္စမျိုးကိုလဲ မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

ဒီနေရာမှာ အချက်တခုကို လေးလေးနက်နက် ပြောချင်တယ်။ မပြောရဘူး၊ မလုပ်ရဘူးဆိုတဲ့ကိစ္စတွေကို ရှောင်နိုင်ရုံနဲ့ လဲမလုံလောက်သေးဘူး။ စာရိတ္တကြံ့ခိုင်ချင်တယ်ဆိုယင်၊ ပြောဖြစ်အောင်လဲပြော၊ လုပ်ဖြစ်အောင်လဲလုပ် ဆိုတဲ့ကိစ္စတွေကို၊ ပြောဖြစ်အောင်လဲ ပြောရမယ်၊လုပ်ဖြစ်အောင်လဲ လုပ်ရမယ်။ မပြောရဘူး၊ မလုပ်ရဘူးဆိုတဲ့ အတန်းစားတွေထဲမှာပါတဲ့ကိစ္စတွေကို ကျူးလွန်မှသာ စာရိတ္တမင်္ဂလာ ပျက်တာ မဟုတ်ဘူး။ ပြောဖြစ်အောင်လဲပြော၊ လုပ်ဖြစ်အောင်လဲလုပ် ဆိုတဲ့ နယ်နိမိတ်အတွင်းမှာရှိတဲ့ ကိစ္စတွေကို မပြောဘဲ၊ မလုပ်ဘဲနေယင်လဲ၊ စာရိတ္တမင်္ဂလာ ပျက်စီးချို့တဲ့တယ်လို့ ခေါ်တာဘဲ။

အခုပြောခဲ့ဒါတွေကိုကြည့်လိုက်ရုံနဲ့၊ စာရိတ္တမင်္ဂလာရဲ့နယ်နိမိတ်ဟာ ဘယ်လောက်အထိ ကျယ်ဝန်းတယ်ဆိုတာကို မင်းတို့သိနိုင်ပြီ။ ဒီတော့ နိုင်ငံတနိုင်ငံရဲ့ မင်္ဂလာကြီးတွေထဲမှာ၊ စာရိတ္တမင်္ဂလာဟာ နိုင်ငံရဲ့ တည်တံ့ခိုင်မြဲရေး၊ တိုးတက်

ကြီးပွါးရေးတို့အတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာကို အကျဉ်းချုံးပြီးကြည့်လိုက်ကြအုံးစို့။

နိုင်ငံတနိုင်ငံဟာ ကျန်းမာရေးမဏ္ဍိုင်၊ ပညာရေးမဏ္ဍိုင်၊ စီးပွါးရေးမဏ္ဍိုင်၊ စည်းလုံးရေးမဏ္ဍိုင်ဆိုတဲ့ မဏ္ဍိုင်ကြီးတွေ ဘယ်လောက်ဘဲ အင်အားတောင့်တင်းနေပေစေ၊ စာရိတ္တမဏ္ဍိုင်ကြီးတခုတည်း ချို့တဲ့ပျက်စီးရုံနဲ့၊ဒီနိုင်ငံဟာအဖိုးမထိုက်တန်တဲ့နိုင်ငံ၊ မတိုးတက်တဲ့နိုင်ငံ၊တည်တံ့ခိုင်မြဲခြင်းမရှိတဲ့ နိုင်ငံဖြစ်နိုင်တယ်။ ဥပမာ၊ အင်မတန်ကောင်းတဲ့ ကျန်းမာရေးနဲ့လဲ ပြည့်စုံတယ်။ ရုပ်ရည်ရူပကာယကလဲပြေပြစ်ချောမောလို့ အလှပြိုင်ပွဲမှာ ပဌမဆုရတယ်။ ပညာဘက်မှာဆိုယင်လဲ မဟာဝိဇ္ဇာကို ဂုဏ်ထူးနဲ့အောင်တယ်။ ပစ္စည်းကလဲ သိန်းလေးဆယ်လောက်ချမ်းသာတယ်။ ဆွေမျိုးညာတကာရဲ့ အင်အားကလဲ အင်မတန်တောင့်တင်းတယ်။ ဒါပေမဲ့ စာရိတ္တမဏ္ဍိုင်ကျတော့ သီဟဗာဟု မယ်တော်က အမကြီးခေါ်ရမဲ့ ဟာမျိုးဆိုယင်၊ ဒီမိန်းကလေးဟာ တန်ဘိုးရှိတဲ့ မိန်းကလေး ဖြစ်နိုင်ပါအုံးမလား။ သူရဲ့ရုပ်ရည်ရူပကာယ၊ သူ့ရဲ့မဟာဝိဇ္ဇာဘွဲ့ထူး၊ သူရဲ့သိန်းလေးဆယ်၊ သူရဲ့ဆွေမျိုးအင်အားတွေဟာ တန်ဘိုးရှိပါအုံးတော့မလား။ လူကောင်းသူကောင်းထဲကသူ့ကို အတည်တကျ အိမ်ထောင်ပြုဝံ့မဲ့လူ ပေါ်ပေါက်နိုင်ပါအုံးမလား။ ဒါကိုကြည့်ခြင်းအားဖြင့် စာရိတ္တမဏ္ဍိုင်ဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုဒါထင်ရှားနေပြီ။

အခုပြောခဲ့တဲ့အတိုင်း အင်မတန့်ကို ကျယ်ဝန်းပြီး၊ နိုင်ငံတနိုင်ငံရဲ့မဏ္ဍိုင်ကြီးတွေထဲမှာ အရေးအကြီးဆုံး မဏ္ဍိုင်ကြီးဖြစ်နေတဲ့ အတွက်၊ နယ်ချဲ့သမားတွေရဲ့ လက်အောက်ကို

မရောက်ဘဲ၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေနိုင်ကြတဲ့ နိုင်ငံတွေမှာ ဆိုယင်၊ စာရိတ္တ မဏ္ဍိုင်ကြီးကို ပုခက်တွင်းကတည်းကစပြီး တည်ဆောက်ပေးဘို့ နည်းမျိုးစုံနဲ့ ဝိုင်းဝန်း ကြိုးစားကြတယ်။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက်၊ အတန်းထဲမှာ သင်ရတဲ့ သင်ခန်းစာတွေနဲ့လဲ စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းပြီးကြံ့ခိုင် အောင် လုပ်ပေးကြတယ်။ ကျောင်းသားအရွယ် လူမမယ် ကလေးတွေပါဝင်ကပြကြတဲ့ ပြဇာတ်ကလေးတွေနဲ့လဲစာရိတ္တ မဏ္ဍိုင်ကြီးကို ဝိုင်းဝန်း တည်ဆောက်ပေးကြတယ်။ ကျောင်း ရဲ့ ကစားကွင်းထဲမှာ ကစားကြတဲ့ ကစားနည်းမျိုးစုံနဲ့လဲ စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး ကြံ့ခိုင်အောင် လုပ်ပေး ကြတယ်။ ကလေးတွေအတွက် သီးသန့်ရိုက်ကူးပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေနဲ့လဲ စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး ကြံ့ခိုင်အောင်လုပ်ပေးတယ်၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်တဲ့ နေရာ မှာ တကမ္ဘာလုံးက အတုယူရလောက်အောင် ကြီးကျယ် မွန် မြတ်တဲ့ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျောက်ရုပ်၊ကြေးရုပ်တွေ၊ရုပ်ပုံကား တွေရှိတဲ့ ပြတိုက်တွေကို ခေါ်သွားခြင်းအားဖြင့်လဲ၊ စာရိတ္တ မဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး တည်ဆောက်ပေးကြတယ်။ ဒါတွေ တင် မကသေးဘူး၊ ကျောင်းလွှတ်လို့ အိမ်ပြန်ရောက်တဲ့ အခါ၊ စာရိတ္တမဏ္ဍိုင်ကို ဆက်လက်ပြီး တည်ဆောက် ပေးနိုင်ရေး အတွက် မိဘတွေရဲ့ အကူအညီ ကိုလဲ တောင်းယူ လိုက်ကြ သေးတယ်။

ဒီနည်းတွေနဲ့ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံကို နှစ်နှစ်ကာကာ ချစ်တဲ့စိတ်ဓာတ်တွေ၊ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံအတွက် အ သက်စွန့်ဘို့ဝန်မလေးတဲ့ စိတ်ဓာတ်တွေ၊ အမေကျော်ဒွေးဒေါ်

လွှမ်းရမှာကိုရှက်တတ်တဲ့စိတ်ဓာတ်တွေ၊ ကိုယ့်ဒူးကိုယ်ချွန်ချင်တဲ့ စိတ်ဓာတ်တွေ၊ စည်းကမ်းရဲ့တန်ဘိုးကို သိတတ်တဲ့ စိတ်ဓာတ်တွေ၊ အချိန်ကိုလေးစားတဲ့ စိတ်ဓာတ်တွေ၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းရွက်တဲ့ စိတ်ဓာတ်တွေ၊ အများအကျိုးအတွက် သည်ပိုး ရွက်ဆောင်လိုတဲ့ စိတ်ဓာတ်တွေ၊ ကိုယ့်ထက်အားငယ်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ကြင်နာသနားတတ်တဲ့ စိတ်ဓာတ်တွေ၊ တဖက်သားကယုံလို့ပုံအပ်ထားတဲ့ယုံကြည်ချက်ကို သစ္စာဖေါက်ရမှာ ရှက်တတ်တဲ့ စိတ်ဓာတ်တွေ၊ ကိုယ်ကအနိုင်ရနေတဲ့အခါမှာ စိတ်ဓာတ်တွေ အဆမတန်သိပ်မတက်ဘို့နဲ့ ကိုယ်ကရှုံးပြန်ယင်လဲ စိတ်ဓာတ်တွေ အဆမတန်ကျမသွားဘို့ ထိန်းသိမ်းပေးနိုင်တဲ့ စိတ်ဓာတ်တွေ အစရှိတဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခံ့သထက်ခိုင်ခံ့အောင် ပြုလုပ်ပေးနိုင်တဲ့ စိတ်ဓာတ်တွေကို နယ်ချဲ့သမား လက်အောက် မရောက်ဘဲ ကိုယ့်မင်း ကိုယ့်ချင်းနဲ့ နေနိုင်တဲ့ နိုင်ငံတွေမှာ နည်းမျိုးစုံတွေနဲ့ မြေတောင် မြှောက်ပေးကြတာဘဲ။

''ဗြိတိသျှ လူမျိုးတွေဟာ ဘယ်တိုက်ပွဲတွေမှာဘဲ ရှုံးရှုံး၊ နောက်ဆုံးတိုက်ပွဲမှာတော့ အမြဲတမ်းနိုင်တယ်'' ဆိုတဲ့စကားဟာ ဗြုန်းခနဲ ကြည့်လိုက်ယင်၊ ဝါကြွားတဲ့ စကားလိုလိုထင်ရပေမဲ့၊ အမှန်စင်စစ်ဆိုတော့ သက်သေခံ အထောက်အထားများက မှန်တယ်လို့ အတည့်အလင်း ထောက်ခံ ထားတဲ့ စကားရပ် ကြီးဖြစ်တယ်။ ဒီလို အနိုင်ရခဲ့တာတွေဟာ တခြားဟာတွေကြောင့် ဒါလောက် မဟုတ်ပါဘူး။ ဗြိတိသျှတို့ရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ အစွမ်းကုန် တောင့်တင်း နေလို့ဘဲ ဖြစ်တယ်။

ကိုယ့်မင်းကိုယ်ချင်းနဲ့ နေနိုင်တဲ့ နိုင်ငံတွေမှာ၊ စာရိတ္တမဏ္ဍိုင်ကြီးရဲ့ တောင့်တင်းခိုင်မာရေးအတွက် နည်းမျိုးစုံတွေနဲ့ ဝိုင်းဝန်းတည်ဆောက်ကြတာကို ကျုပ်တို့တွေ့ရပြီ။ ကျုပ်တို့နိုင်ငံမှာတော့ စာရိတ္တမဏ္ဍိုင်ကြီး ကြံ့ခိုင်ရေးအတွက် နယ်ချဲ့သမားတွေရဲ့ တလက်ထက်လုံးမှာ ဘယ်လိုများတည်ဆောက်ခဲ့ကြသလဲ။ ဒီအဖြေကိုတော့ ခပ်ရှင်းရှင်းဘဲ ဖြေရလိမ့်မယ်။ နယ်ချဲ့သမားတွေဟာ သူတို့ရဲ့ ဆွေတွေမျိုးတွေကိုပစ်ပြီး၊ မိုင် ၆၀၀၀ ကျော်ကွာတဲ့ ကျုပ်တို့ဗမာနိုင်ငံကိုလာပြီး အုပ်စိုးတာဟာ ဗမာတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်အောင်တည်ဆောက်ပေးဘို့လာပြီးအုပ်စိုးတာ မဟုတ်ပါဘူး။ ကျုပ်တို့နိုင်ငံက အဆီအနှစ်တွေကိုရနိုင်တဲ့ နည်းတွေနဲ့ယူဘို့ လာခဲ့ကြတာဘဲ။ အနို့ပြီးတော့လဲ ဗမာ့စာရိတ္တမဏ္ဍိုင်ကြီးကြံ့ခိုင်လို့ ဗမာတွေဟာ ကိုယ့်အမျိုးနဲ့ကိုယ့်နိုင်ငံကို နှစ်နှစ်ကာကာ ချစ်နေကြယင်၊ ကို့အမျိုးနဲ့ကိုယ့်နိုင်ငံအတွက်၊ အသက်စွန့်ဘို့ ဝန်မလေးတဲ့ စိတ်ဓာတ်တွေ တဖွါးဖွါး ပေါ်ပေါက်နေကြယင်၊ အမေကျော်ဒွေးဒေါ်လွမ်းရမှာကို တကယ်တမ်း ရက်တတ်နေကြယင်၊ ကိုယ့်ဒူးကိုယ်ချွန်တဲ့ စိတ်ဓာတ်တွေ ရင့်သန်နေကြယင်၊ စည်းကမ်းရဲ့တန်ဘိုးကို တကယ်တမ်း သိနေကြယင်၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းရွက်လိုတဲ့ စိတ်ဓာတ်တွေ ရှိနေကြယင်၊ အများအကျိုးအတွက် သည်ပိုးရွက်ဆောင်နေတဲ့စိတ်တွေ တနိုင်ငံလုံးပြန့်နေကြမယ်ဆိုယင်၊ နယ်ချဲ့သမားတွေဟာ ဒီနိုင်ငံကိုဘယ်လိုလုပ်ပြီး အုပ်လို့ရတော့မှာလဲ။ ဒီနိုင်ငံမှာ ဘယ်လို ကြာရှည် နေနိုင်တော့မှာလဲ။ ဒီနိုင်ငံရဲ့ အဆီအနှစ်တွေကို ဘယ်လိုလုပ်ပြီးရအောင်ယူနိုင်တော့မှာလဲ။

ဒီတော့ ဒီနိုင်ငံအပေါ်မှာထားရှိတဲ့ သူတို့ရဲ့ ရည်ရွယ်ချက်နဲ့ ဝါဒကိုထိခိုက်စေမဲ့ စာရိတ္တမဏ္ဍိုင်တည်ဆောက်ရေးလုပ်ငန်းကို ဒီနယ်ချဲ့သမားတွေဟာ အလကားသက်သက် အမိုက်ခံပြီး လုပ်ပေးကြပါမလား။ လုပ်မပေးပါဘူး။ မျက်ဖြူဆိုက်လေဆရာကြိုက်လေဆိုတဲ့ စကားအတိုင်း၊ ဒို့ရဲ့စာရိတ္တမဏ္ဍိုင်ကြီးပျက်စီးလေလေ ဒီနယ်ချဲ့သမားတွေက ကြိုက်လေလေဖြစ်မှာပေါ့။ ဒီတော့တို့တတွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခံ့သထက်ခိုင်ခံ့လာအောင် တည်ဆောက် မပေးတဲ့အပြင်၊ နည်းပရိယာယ်အမျိုးမျိုးတွေနဲ့တောင် တို့တတွေရဲ့စာရိတ္တမဏ္ဍိုင်ကြီးကို၊ ဒီနယ်ချဲ့သမားတွေဟာ ကြိုးစားပြီး ဖျက်ဆီးပစ်ကြလိမ့်အုံးမယ်။ ဘယ်လိုနည်းပရိယာယ်နဲ့ ဖျက်ဆီးတယ်ဆိုတာကိုတော့ ဒီကနေ့မပြောတော့ဘူး။ အင်မတန်ရှည်သွားလိမ့်မယ်။

အဲသလို သူတို့က ဖျက်ဆီးပစ်လို့ ပျက်စီးရတဲ့အထဲမှာ၊ သူတို့ရဲ့ နယ်ချဲ့စံနစ်ကြောင့် စီးပွားရေး ကျပ်တည်း ကျဉ်းမြောင်းလာတဲ့အတွက်၊ အူမ မတောင့်လို့ သီလ မစောင့်နိုင်ကြတော့ဘဲ၊ စာရိတ္တပျက်ပြားကြဒါ တွေကလဲ တပုံကြီးဘဲ။ အမျိုးသမီးကလေးတွေ ပြည့်တန်ဆာမ ဖြစ်သွားကြရတာတွေ၊ အစကတော့ လူကောင်းဘဲ သားတွေသမီးတွေ ငတ်ပြတ်ပြီး တငိုငိုတယိုယိုဖြစ်နေတာမြင်တော့စိတ်မထိန်းနိုင်တော့ဘဲ ထားဆွဲပြီး တိုက်ယင်းက တဖြည်းဖြည်းနဲ့ သူခိုးကြီး၊ ထားပြကြီး ဖြစ်လာကြရတာတွေ၊ ဒါတွေဟာ အူမ မတောင့်တဲ့ အတွက် သီလ မစောင့်နိုင်တဲ့ သာဓကကြီးတွေဘဲ။ ဒါတွေကို တခုစီလျှောက်ပြောနေယင်လဲ ဒီကနေ့ ပြီးတော့မှာ မဟုတ်ဘူး။ အင်မတန်ရှည်သွားလိမ့်မယ်။

ဒါပေမဲ့ ဒို့တတွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီး ဘယ်လောက်အထိ ပျက်စီးခဲ့ရတယ် ဆိုတာကိုတော့ မင်းတို့ တွေးကြည့် နိုင်အောင် အကျဉ်းချုံးပြီး ကျုပ်ပြောပြပါမယ်။ ဒီလို သဘောပေါက်နိုင်ဘို့အတွက် သီပေါမင်း လက်ထက်မှာ ဗမာနိုင်ငံကို နယ်ချဲ့သမားတွေ သိမ်းယူပြီးတဲ့နောက် များမကြာမီ မြန်မာကဗျာဆရာကြီး အချုပ်တန်း ဆရာဖေ ရေးသွားခဲ့တဲ့ တေးထပ် တပုဒ်ကို ကျုပ်ရွတ်ပြပါမယ်။

## အချုပ်တန်း ဆရာဖေ ရေးသော တေးထပ်။

မြန်မာတွေ စည်းကမ်းဖေါက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ၊
နည်းလမ်းမှောက် အသစ်မှီသည်၊ ညစ်ပလီလူမျိုး။ ။
မိပစ်လို့ ဖရှောင်သွေ့တယ်၊ ဂွကောင်တွေ ခွေးဖြစ်
ပေါ့ဗျိုး။ ။မြန်မာချင်း ကြွားကြချင်၊ ထားပြသွင်
လူဆိုး။ ။ကုလားမြင် သူ့မေ (ရိုး)၊ ခုမြေလျှိုး ပုန်း
ရှောင်။ ။မိုက်မနော်ပြုမဟေးတို့က၊ သူ့ပထွေးတော့
ခွေးသို့ မဟောင်။ ။ပြောရေ့ဟဲ့ ရာဇဝင် ပြောင်
အောင်၊ စာသင်တောင် ဒူးချလို့၊ ပလူးရ ပြေးကြို့
က၊ ခွေးသို့ပမာ။ ။တွေးမိတိုင်း အရှိုးနာသည်၊
အမျိုးပါ ဆဲချင်တော့လေး။ ။

ဒီတေးထပ်တပုဒ်နဲ့ဘဲ၊ ဒီအချိန်အခါက မျိုးချစ်စိတ်ဓါတ်ခန်းခြောက်နေပုံ၊ အမေကျော်ခွေးဒေါ်လွှမ်းပုံ၊ ဇာတိသွေး ဇာတိမာန်ပျက်ပြားပုံ အစရှိသည်တို့ကို မင်းတို့တတွေ ပြေးပြီးတော့ မြင်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်။ နယ်ချဲ့စံနစ်ဆိုတာဟာ မင်းတို့သိကြတဲ့အတိုင်းဘဲ၊ အဖျက်အဆီးမှာ အင်မတန်

မြန်တယ်။ ဒီတော့ ဟိုအချိန်အခါတုန်းကတောင် ဒို့တတွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ ဒီလောက်အထိ ပျက်ပြားနေတယ် ဆိုယင်၊ ခုနေအခါမျိုးမှာ ဘယ်လောက်အထိ ရစရာမရှိအောင် ပျက်ပြား နေလိမ့်မယ် ဆိုတာကို၊ မင်းတို့ဘဲ တွေးကြည့်ကြ ပေတော့။

ခုနေအခါ ဒို့တတွေဟာ လွတ်လပ်တယ်ဆိုပေမဲ့၊ ဒို့လက်ထဲမှာရှိတဲ့ လွတ်လပ်ရေးဟာ လေးနှစ်သားတောင် မပြည့်သေးဘူး။ ဒီတော့ နယ်ချဲ့သမားတွေ လက်အောက်မှာ၊ နှစ်ပေါင်း တရာကျော်လောက်ခံခဲ့ရတဲ့ဒဏ်တွေဟာ ခုထက်ထိ မပြေကြသေးဘူး။ ဒဏ်တွေ မပြေရုံသာမကသေး၊ ဗုံးလေရာ ဖရုံဆင့်ဆိုသလို၊ လွတ်လပ်ရေးရပြီးလို့ သုံးလလောက်အကြာကစပြီး ခုထက်ထိ၊ ရောင်စုံသူပုန်တွေက နည်းမျိုးစုံနဲ့ ဆူပူသောင်းကျန်းကြတဲ့အတွက် အတော်ကြီးကို ပျက်စီးခဲ့တဲ့ ဒို့ရဲ့စာရိတ္တမဏ္ဍိုင်ကြီးဟာ၊ ရစရာမရှိတဲ့ အခြေအနေကို ပြန်ပြီးရောက်သွားတယ်။

တနိုင်ငံလုံးကို ဖြန့်မကြည့်ဘဲ အလွန် ကျဉ်းမြောင်းသေးတဲ့ မင်းတို့ရဲ့ တက္ကသိုလ်တဝိုက်ကို ကြည့်ယင်ဘဲ၊ ခြစားနေတဲ့ စာရိတ္တမဏ္ဍိုင်ကြီးရဲ့ အရိပ်အရောင်ကို မင်းတို့ကိုယ်တိုင် တွေ့နိုင်ကြသားဘဲ။ ကျောင်းသားအချင်းချင်းတယောက်ကိုတယောက် အပါးတင်ကြတာတွေ၊ ထမင်းဝိုင်းစားတဲ့အခါမှာ စားဘော်စားဘက်ချင်း မျှမျှတတ စားကြရအောင် သဘော မထားဘဲ ကိုယ်ဝယင်ပြီးရော ဆိုတဲ့သဘောနဲ့ လောဘတကြီး စားသွားကြတာတွေ၊ သူများတတွေ အိပ်ချိန်မှန်း စာကျက်ချိန်မှန်း မသိ စကားတွေကျယ်ကျယ်လောင်လောင်ပြော၊ ခုံဖိနပ်သံတဂေါက်

ဂေါက်၊ သီချင်းသံ တညံ့ညံ့နဲ့ တဖက်သားကို အနှောင့် အရှက် ပေးနေတာတွေ၊ ကျောင်းသူကလေးတွေကို မဟားဒရား လိုက်ပြီး လုပ်နေကြတာတွေ၊ ဒါတွေဟာလဲ စာရိတ္တမဏ္ဍိုင် ပျက်ပြားနေတာဘဲ။

မင်းတို့ရဲ့ တက္ကသိုလ်နယ်နိမိတ်က အပြင်ဘက်ကို လှမ်းပြီး ကြည့်လိုက်ယင်လဲ၊ လူတန်းစားအမျိုးမျိုးရဲ့ စာရိတ္တမဏ္ဍိုင်ဟာ ခြအမျိုးမျိုးစားနေတာကို မင်းတို့ တွေ့ကြရလိမ့်မယ်။ တချို့က အဝေးကြီးလှမ်းမကြည့်ကြဘူး။ မျက်မွေးတဆုံးကိုသာ ကြည့် ပြီး၊ တိုင်းပြည် ခဏ ခဏ ပျက်ပေးစေချင်ကြတယ်။ ဒီလိုပျက် မှလဲ သူတို့အတွက် လုလို့ယက်လို့ ကောင်းမှာကို။ တချို့ကလဲ ဘယ်သူသေသေ ငတေမာယင် ပြီးရောဆိုတဲ့သဘောနဲ့၊ နည်း အမျိုးမျိုးသုံးပြီး ငွေရအောင်အတွင်ရှာကြတာဘဲ။ တချို့ကလဲ လက်ထဲ ကိုင်ထားရတဲ့ အာဏာတွေကို၊ အခွင့်ကောင်း ရသ လောက်အလွဲသုံးစားလုပ်နေကြတာဘဲ။ တချို့ကလဲ အာဏာ သာရမယ်ဆိုယင်၊ ဘာဘဲလုပ်ရလုပ်ရ၊ ဘနဖူးသိုက်တူးရတဲ့ အလုပ်မျိုးပင် ဖြစ်ပါစေ၊ လုပ်တော့မယ် ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဟိုမျက်စပစ်၊ ဒီမျက်စပစ်၊ ဟိုလက်ယပ်ခေါ်၊ ဒီလက်ယပ်ခေါ်နဲ့ ထင်ရာတွေ လျှောက်စိုင်း နေကြတော့တာဘဲ။

ခုအခါဘယ်လိုများ ဖြစ်နေကြတယ်ဆိုတာ မသိတော့ဘူး။ သူတို့ရဲ့ မျက်မွေးတဆုံးကိုသာကြည့်ပြီး ငမ်းငမ်းတက် ဖြစ်နေ ကြတာဘဲ။ ဒီလူတွေဟာ ပြည်ထောင်စုကြီး ပျက်မှာလဲ မကြောက်ဘူး။ ပြည်ထောင်စုကြီး ပျက်ယင် သူတို့ပါရောပြီး ပျက်စီးရမှာကိုလဲ ဂရုမစိုက်ဘူး။ ပြည်ထောင်စုကြီးနဲ့ သူတို့ပါ ပျက်စီးပြီးတဲ့နောက် သူတို့ရဲ့ နာမယ်ပျက်ကြီးဟာ ကမ္ဘာမှာ

ဥဒါန်းတွင်ပြီး ကျန်ရစ်မှာကိုလဲ သူတို့မတွေးနိုင်ကြဘူး။ အဓမ္မစံနစ်နဲ့ရတဲ့ အာဏာတွေ၊ စည်းစိမ်တွေ၊ တန်းခိုးတွေ၊ ပစ္စည်းတွေရဲ့ သက်တမ်းဟာ မျက်စိတမှိတ် လျှပ်တပြက် လောက်ဖြစ်ပြီး၊ ဒီအဓမ္မစံနစ်ကြောင့် သူတို့ခံရမဲ့ သံသရာရဲ့သက်တမ်းဟာ အဆမတန် ရှည်လျားတယ်ဆိုတဲ့ အချက်ကြီးကိုလဲ သူတို့ဘယ်နည်းနဲ့မှ သိတော့မှာ မဟုတ်ဘူး။ အခုပြောခဲ့တာတွေဟာ ဒို့တတွေရဲ့ လက်ရှိ စာရိတ္တမဏ္ဍိုင်ကြီးကို မင်းတို့တွေးကြည့်နိုင်အောင်အကျဉ်းအားဖြင့် ကျုပ်ဖေါ်ပြလိုက်တာဘဲ။

စာရိတ္တမဏ္ဍိုင်ကြီး ပြီးတဲ့နောက် မဏ္ဍိုင်ကြီး ငါးခုတွင်၊ နောက်ဆုံး မဏ္ဍိုင်ကြီးဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးရေး မဏ္ဍိုင်ကြီးရဲ့အကြောင်းကို ကျုပ်ပြောတော့မယ်။ ဒီမဏ္ဍိုင်ရဲ့အကြောင်းကတော့ သိဘိုအင်မတန်လွယ်ပါတယ်။ ဒါကြောင့် ကျုပ်အရှည်ကြီး ပြောနေဘို့မလိုပါဘူး။ နယ်ချဲ့စံနစ်ကြီး ထမြောက်အောင်မြင်ရေးအတွက်၊ နယ်ချဲ့သမားသုံးတဲ့ အကြီးဆုံး လက်နက်ကြီးဟာ ခွဲပြီးအုပ်စိုးတဲ့ လက်နက်ဘဲဖြစ်တယ်။ ဒီတော့ ဒို့နိုင်ငံမှာ နယ်ချဲ့စံနစ်ကြီး ထမြောက်အောင်မြင်ရေး အတွက် နယ်ချဲ့သမား တွေဟာ ခွဲပြီး အုပ်စိုးရတယ် ဆိုတဲ့ ဒီလက်နက်ကြမ်းကြီးကို ကေန်သုံးရမှာဘဲ။ နယ်ချဲ့သမားတို့ရဲ့ ဒီလက်နက် ကြမ်းကြီးကြောင့် သူတို့အုပ်စိုးသွားတဲ့ နှစ်ပေါင်း တရာကျော်အတွင်းမှာ၊ ဒို့သွေးချင်းသားချင်း တိုင်းရင်းသား အချင်းချင်းတွေဟာ အိုးမဲသုတ်ပေးထားတဲ့ အိမ်ကြက်တွေလို ဖြစ်လာကြတယ်။ တယောက်ကို တယောက် အထင်လွဲ၊ တယောက်ကို တယောက်မသင့်တော်ဖြစ်။ ကုန်ကုန်ပြောလိုက်မယ်။ နယ်ချဲ့သမားတွေရဲ့ လက်အောက်မှာတုန်းက သွေးချင်း သား

ချင်း တိုင်းရင်းသား အချင်းချင်း တွေဟာ တယောက်နဲ့ တယောက် မျက်နှာချင်း ဆိုင်ကြရမှာကလေးလောက်ကိုတောင်၊ အင်မတန် တာဝန်လေးတဲ့ အခြေအနေကို ရောက်လာခဲ့ကြတယ်။

ဒီတော့ အစကပြန်ပြီး ကောက်ရမယ်ဆိုယင်၊ ဒို့ပြည်ထောင်စုကြီးရဲ့ မဏ္ဍိုင်ကြီး ငါးခုရှိတဲ့အနက်၊ ကျန်းမာရေး မဏ္ဍိုင်ရော၊ ပညာရေးမဏ္ဍိုင်ရော၊ စီးပွါးရေး မဏ္ဍိုင်ရော၊ စာရိတ္တမဏ္ဍိုင်ရော၊ တိုင်းရင်းသား စည်းလုံးရေး မဏ္ဍိုင်ရော၊ ဒီမဏ္ဍိုင်ကြီးငါးခုစလုံးဟာ၊ ဗြိတိသျှအစိုးရဆီက ဒို့တတွေက အာဏာလွှဲယူလိုက်ရတဲ့ အချိန်အခါမှာ၊ အပျက်ကြီး ပျက်နေတယ်ဆိုတာကို မင်းတို့ မြင်ကြရပြီ မဟုတ်လား။ အိမ်တိုင်တွေမခိုင်လို့ အိမ်ကြီးယိုင်နေရတဲ့ဟာကို ဘာမှအံ့သြစရာမရှိသလို၊ ဒို့နိုင်ငံရဲ့ မဏ္ဍိုင်ကြီးငါးခု ခြစားနေတဲ့အတွက် ဒို့နိုင်ငံကြီးတခုလုံး ဟိုကထောင် ဒီကထနဲ့ မငြိမ်မသက်ဖြစ်နေရတာဟာလဲ ဘာမှအံ့သြစရာမရှိဘူး။ ဆားများများစားယင် ရေငတ်တယ်။ ရေငတ်ယင်ရေမကြာခဏ သောက်ရမှာဓမ္မတာဘဲ။ ဒီလိုဘဲနယ်ချဲ့စံနစ်အောက်ကိုရောက်လာရယင် ဒို့နိုင်ငံဘဲဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံဘဲဖြစ်ဖြစ်၊ အမေရိကန်နိုင်ငံဘဲ ဖြစ်ဖြစ်၊ ဘယ်နိုင်ငံဘဲဖြစ်ဖြစ်၊ ဒီနိုင်ငံတော့ မသက်သာဘူး။ သူ့ရဲ့မဏ္ဍိုင်ကြီးငါးခုဟာ ခြစားခံရတော့မှာဘဲ။ ဒီမဏ္ဍိုင်ကြီးငါးခု ခြစားခံရပြန်ယင်လဲ၊ ဒီနိုင်ငံဟာမသက်သာပြန်ဘူး။ ဒို့ပြည်ထောင်စုမြန်မာနိုင်ငံကြီး အခု ဖြစ်နေရသလို ဟိုကထောင် ဒီကထနဲ့ တလှုပ်လှုပ်တရွရွနဲ့ ဖြစ်နေကြရမှာဘဲ။

ဒီတော့ ရေမျက်နှာပြင်လို မငြိမ်မသက်ဖြစ်နေတဲ့ ဒို့ပြည်ထောင်စုကြီးကို မြေမျက်နှာပြင်လို တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုကြီး ဖြစ်လာစေချင်တယ် ဆိုယင် ဒို့တတွေအတွက် တခြားလမ်းမရှိဘူး။ ခြစားနေတဲ့ ဒီမဏ္ဍိုင်ကြီးငါးခုကို၊ ဒို့ပြည်ထောင်စုသားတွေ ကိုယ်တိုင် အစွမ်းကုန်ဝိုင်းပြီး ခိုင်ခံ့အောင် တည်ဆောက်ပေးဘို့ လမ်းတလမ်းတည်းဘဲ ရှိတယ်။ တိုင်းပြည်ကြီး မငြိမ်မသက်နဲ့ နေရထိုင်ရတာ၊ သိပ်စိတ်ညစ်စရာကောင်းတာဘဲကွာလို့ ညည်းနေရုံနဲ့မပြီးဘူး။ ငြိမ်းချမ်းရေးရအောင်မြန်မြန်လုပ်ပေးပါလို့ အစိုးရကိုတောင်းဆိုနေရုံနဲ့လဲမပြီးဘူး။ ဟိုလူကိုအပြစ်ဖို့၊ ဒီလူကိုအပြစ်ဖို့ ဖို့နေရုံနဲ့လဲမပြီးဘူး။ အစိုးရကိုချရယင်ပြီးရောဆိုပြီး မိုက်ရူးရဲသဘောမျိုးနဲ့ ဟိုတိုက်ပွဲတွေဆင်၊ ဒီတိုက်ပွဲတွေဆင်၊ ဆင်နေရုံနဲ့လဲမပြီးဘူး။ ဟိုမျှော်ကြည့်၊ ဒီမျှော်ကြည့်၊ ဟိုလက်ယပ်ခေါ်၊ ဒီလက်ယပ်ခေါ်၊ ခေါ်နေတာမျိုးနဲ့လဲမပြီးသေးဘူး။ ဒီဟာတွေလုပ်နေကြခြင်းအားဖြင့် ပိုပြီးဆိုးသွားချင်သာ ဆိုးသွားမယ်။ ကုန်ကုန်ပြောလိုက်မယ်။ သေနတ်တွေနဲ့ တဒိန်းဒိန်း တဒိုင်းဒိုင်း တပစ်တည်းပစ်နေရုံနဲ့လဲ မပြီးသေးဘူး။ သေနတ်နဲ့တည်တံ့ခိုင်မြဲအောင် လုပ်ထားရတဲ့ နိုင်ငံတနိုင်ငံဟာ သေနတ်ကိုရုပ်သိမ်းလိုက်တဲ့အခါ ဒီနိုင်ငံဟာ ပြိုကျတာဘဲ။

ဒို့မျှော်မှန်းထားတဲ့ တည်တံ့ခိုင်မြဲရေးက ဒီလိုသေနတ်နဲ့ ကျားကန် ထားရတဲ့ တည်တံ့ခိုင်မြဲရေးမျိုး မဟုတ်ဘူး။ သေနတ်ရှိရှိ မရှိရှိ၊ ဘယ်အဖွဲ့ရှိရှိ မရှိရှိ၊ ဘယ်ခေါင်းဆောင်ရှိရှိ မရှိရှိ၊ ဘာမှမပူရဘူး။ သူ့ဟာနဲ့သူ တည်တံ့ခိုင်မြဲ နေနိုင်တဲ့ တည်တံ့ခိုင်မြဲရေးမျိုးကိုမှ ဒို့က လိုချင်တယ်။ ဒီလိုတည်တံ့

ခိုင်မြဲရေးမျိုးကိုမှလဲ စိတ်ချရတဲ့ တည်တံ့ခိုင်မြဲရေးလို့ ခေါ်နိုင်တယ်။ ဒီလိုစိတ်ချရတဲ့တည်တံ့ ခိုင်မြဲရေးကို ရနိုင်ရေးအတွက်ဆိုယင်တော့၊ ဒို့မှာ တခြားလမ်း မရှိဘူး။ အခု ပြောခဲ့တဲ့ ခြစားနေတဲ့ မဏ္ဍိုင်ကြီး ငါးခုကို ခိုင်ခံ့တဲ့ မဏ္ဍိုင်ကြီးတွေ ဖြစ်လာအောင် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ပြည်ထောင်စုသားမှန်သမျှ အစွမ်းကုန် ဝိုင်းဝန်းတည်ဆောက်ပေးကြရလိမ့်မယ်။

ဒီလိုတည်ဆောက်တဲ့နေရာမှာ၊ လူထုကတော့ အမှန်စင်စစ်မှာ နောက်ကလိုက်ပြီး ဆောင်ရွက်ကြရမှာဘဲ။ စကားဥပမာအားဖြင့် ပြောရမယ်ဆိုယင်၊ ဒီမဏ္ဍိုင်ကြီးတွေကို တည်ဆောက်တဲ့နေရာမှာ၊ တိုင်သယ်၊ ရွှံ့ပေါ်ထိုး၊ သံရိုက်ဆိုတဲ့ အလုပ်ကြမ်းတွေ လောက်သာလုပ်ဘို့ အသုံးချနိုင်မှာ။ ဦးနှောက်ကိုသုံးပြီး ရှေ့တန်းက ခေါင်းဆောင် သွားဘို့ဆိုတဲ့ အလုပ်ကတော့ မင်းတို့တတွေက လုပ်ရမှာဘဲ။ ဥပမာ၊ ကျန်းမာရေးမဏ္ဍိုင်ကြီး တည်ဆောက်ဘို့ အတွက် ခွဲတဲ့ စိတ်တဲ့ ဘက်မှာ အင်မတန် ကျွမ်းကျင်တဲ့ ဆရာဝန်တွေ လိုတယ်။ ဆေးကုတဲ့ဘက်မှာ အင်မတန်ကျွမ်းကျင်တဲ့ ဆရာဝန်တွေလိုတယ်။ မိခင်နဲ့ကလေး စောင့်ရှောက်ရေး လုပ်ငန်းတွေ ဘက်မှာ ကျွမ်းကျင်တဲ့ ဆရာဝန်တွေလိုတယ်။ သူနာပြုဆရာမတွေလိုတယ်။ ဝမ်းဆွဲဆရာမတွေလိုတယ်။ ရောဂါဘယ မဖြစ်နိုင်အောင် ကာကွယ်ပေးတဲ့ အတတ်မျိုးစုံကို နားလည်တဲ့ ဆရာဝန်တွေလိုတယ်။ ရောဂါဘယကို တိုက်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသားတွေကို အင်အား တောင့်တင်းတဲ့ ဗမာသစ်တွေ ဖြစ်လာအောင် ဖန်တီးပေးနိုင်တဲ့ အားကစား ပါရဂူတွေကိုလိုတယ်။

ပညာရေးမဏ္ဍိုင် တည်ဆောက်ရေးအတွက်၊ စက်မှုပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေ လိုတယ်။ လက်မှုပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေလိုတယ်။ နှုတ်မှုပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေလိုတယ်။ သိပ္ပံပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေလိုတယ်။ ရာဇဝင်၊ မဟာဝင်၊ စာပေ ပရိယတ္တိ အစရှိသည်တို့မှာ ကျွမ်းကျင်တဲ့ ပါရဂူတွေလိုတယ်။

စီးပွားရေးမဏ္ဍိုင်ကို တည်ဆောက်တဲ့ နေရာမှာလဲ၊ ဘဏ် လုပ်ငန်း၊ ငွေလဲလှယ်ရေးလုပ်ငန်း၊ နိုင်ငံခြားနှင့်ကုန်စည် ကူး သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ခေတ်မှီစက်ရုံတည်ဆောက်ခြင်း အုပ်ချုပ်ခြင်း အစရှိတဲ့လုပ်ငန်း၊ ဒီ လုပ်ငန်းရပ်တွေမှာ၊ ကျွမ်း ကျင်တဲ့ ပါရဂူတွေအများကြီးလိုတယ်။

စာရိတ္တမဏ္ဍိုင် တည်ဆောက်တဲ့ နေရာမှာလဲ စာရိတ္တ မြှင့် တင်ရေး နည်းနာ နိသျည်း အမျိုးမျိုးကို အထူးကျွမ်းကျင် နား လည်တဲ့ ပါရဂူတွေလိုတယ်။

စည်းလုံးရေးမဏ္ဍိုင် တည်ဆောက်တဲ့နေရာမှာလဲ၊ အမြင် လဲကျယ်၊ သဘောထားလဲကြီး၊ သည်းခံတဲ့ ဂုဏ်နဲ့လဲပြည့်စုံ၊ လူပေါင်းစုံကလဲ ကြည်ညို လေးစားနိုင်တဲ့ သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင် ကောင်းတွေ လိုတယ်။

ဒီပါရဂူတွေ၊ ဒီ ခေါင်းဆောင်တွေဟာ ဘယ်သူတွေ ဖြစ် နိုင်သလဲ။ ဖိုးသုညတွေထဲကတော့ ဒီလိုပါရဂူတွေ၊ ဒီလိုခေါင်း ဆောင်တွေ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီလိုပါရဂူတွေ၊ ဒီလို ခေါင်းဆောင်တွေ ဖြစ်ချင်တယ်ဆိုယင် ပညာတတ်တွေ ထဲက မှသာ ဖြစ်နိုင်တယ်။ မင်းတို့သာဖြစ်နိုင်တယ်။ ဒါကြောင့်မို့လဲ

အစိုးရမှာ ငွေကြေးနဲ့ပတ်သက်ပြီး အကြီးအကျယ် အကျပ်အတည်းနဲ့ တွေ့နေပေတဲ့လဲ၊ ပညာရေးအတွက်ကျတော့ ပညာရေးဌာနက တနှစ်အတွင်း သုံးနိုင်မယ် ဆိုသလောက် ငွေကို မဖြတ်မတောက်ဘဲ ကျုပ်တို့ ထုတ်ပေးခဲ့တယ်။ ကျုပ်တို့တတွေ ပညာရေးကို ဘယ်လို သဘောထားတယ် ဆိုတာ သိရအောင် ပညာရေးအတွက် ဗြိတိသျှအစိုးရရှိစဉ်က သုံးခဲ့တဲ့အသုံးစရိတ်နှင့် ကျုပ်တို့အခုသုံးတဲ့ အသုံးစရိတ်နှစ်ခုကို ယှဉ်ပြချင်တယ်။

၁၉၃၉-၄၀ ခုနှစ်။ ။ပညာရေးအတွက် အသုံးပြုငွေ ၉၇,၇၃,၀၀၀ိ။ (၎င်းအထဲတွင် တက္ကသိုလ်သို့ ထောက်ပံ့ငွေ ၁၁,၁၂,၇၉၀ိ ပါသည်။ )

၁၉၅၁-၅၂ ခုနှစ်။ ။ပညာရေးအတွက် အသုံးပြုငွေ ၅,၇၅,၆၂,၀၀၀ိ။ (၎င်းအထဲတွင် တက္ကသိုလ်သို့ ထောက်ပံ့ငွေ ၅၀,၀၀,၀၀၀ိ ပါသည်။ )

ပညာရေးအတွက် ဒီလောက်ဘဲ သုံးနိုင်သေးတာကို ကျုပ်တို့မကျေနပ်သေးပါဘူး။ ပြည်ထောင်စုရဲ့အခြေအနေ သာသာယာယာဖြစ်လာတာနဲ့အမျှ၊ အစိုးရဝင်ငွေကောင်းလာတာနဲ့အမျှ၊ မဏ္ဍိုင်ကြီးငါးခုကို ရှေ့တန်းကနေပြီး တည်ဆောက်ပေးကြမဲ့ သားကောင်းရတနာများ၊ သမီးကောင်းရတနာများကို ဖန်တီးပေးမဲ့ပညာရေးအတွက်ကိုတော့ အသုံးစရိတ်ကို တိုးချဲ့သွားရမှာဘဲ။

အမှန်အတိုင်းပြောရယင်၊ ဒီမဏ္ဍိုင်ကြီးငါးခုကို စံနစ်တကျ တည်ဆောက်ရေးအတွက်၊ စီမံကိန်းတွေကိုတော့ ရေးဆွဲပြီး

ကုန်ပါပြီ။ တချို့နေရာတွေမှာဆိုယင်၊ ဒို့မှာ စွမ်းအားရှိသလောက် စတင်ဆောင်ရွက်နေကြပါပြီ။ ဒါပေမဲ့ ဒီစီမံကိန်းကို အကောင်အထည်ဖေါ်ပေးမဲ့လူတွေကိုမရနိုင်သေးတဲ့အတွက်၊ ဒီစီမံကိန်းတွေဟာ ဒို့လိုချင်သလောက် ခရီးမရောက် နိုင်ကြသေးဘူး။ ဒီစီမံကိန်းတွေကို အကောင်အထည်ဖေါ်တဲ့ နေရာမှာ၊ ငွေရှိရုံ၊ ပစ္စည်းရှိရုံ၊ စီမံကိန်းကောင်းရုံနဲ့ မပြီးသေးဘူး။ ဒီစီမံကိန်းကိုခေါင်းဆောင်ပြီး အကောင်အထည် ဖေါ်ပေးနိုင်တဲ့ ပါရဂူတွေ၊ ကျွမ်းကျင်သူတွေကို လိုသေးတယ်။ အမှန်စင်စစ်ပြောရယင်၊ အကောင်အထည်ဖေါ်ပေးမဲ့ လူဟာ၊ ငွေရယ်၊ ပစ္စည်းရယ်၊ ကောင်းတဲ့စီမံကိန်းရယ် သုံးခုစလုံးပေါင်းထားတာထက်တောင်ပိုပြီး အရေးကြီးသေးတယ်လို့ ကျုပ်ယုံကြည်တယ်။ ဒီယုံကြည်ချက်ကြောင့်ဘဲ မင်းတို့ကျောင်းသူ၊ ကျောင်းသားတွေကို ကျုပ်အင်မတန် အားကိုးတယ်။ အင်မတန်လဲ မြှောက်စားချင်တယ်။ အင်မတန်လဲ ကူညီချင်တယ်။ မင်းတို့လိုချင်သမျှ အကူအညီတွေကို ဖြစ်နိုင်ယင်၊ ဆရာစားမချန်ဘဲ၊ ဈေးမဆစ်ဘဲ၊အကုန်လုံးပေးချင်တယ်။ ကုန်ကုန်ပြောလိုက်မယ်ကွယ်။ ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားဆိုယင်တောင်၊ ဒို့တတွေမှာ တင်ထားချင်တဲ့စိတ်တွေ အများကြီးရှိတယ်။ ဒို့တတွေကသာမက၊ ပြည်ထောင်စုကြီးရဲ့တည်တံ့ခိုင်မြဲရေးကို စေတနာကောင်းနဲ့ အထူးလိုလားတောင့်တနေတဲ့ ပြည်သူလူထုကြီးတရပ်လုံးကလဲ မင်းတို့တတွေအပေါ်မှာ အင်မတန်ကြီးမားတဲ့ မြှော်လင့်ချက်ကြီးနဲ့ မြှော်လင့်နေကြတယ်။ အင်မတန်ကြီးမားတဲ့ယုံကြည်ချက်ကြီးနဲ့ အားကိုးနေကြတယ်။ အင်မတန်ကြီးမားတဲဆန္ဒကြီးနဲ့ တောင့်တနေကြတယ်။

ဒီလို၊ လူရော ရှင်ပါ တနိုင်ငံလုံးက မင်းတို့ ကျောင်းသူ ကျောင်းသားတွေအပေါ်မှာ အာရုံပြုနေတဲ့အခါမှာ၊ မြော်လင့်နေတဲ့အခါမှာ၊ အတောင့်တကြီး တောင့်တနေတဲ့ အခါမှာ၊ မင်းတို့ကလဲမြော်လင့်ရာ၊ အာရုံပြုရာ၊ အတောင့်တကြီးတောင့်တရာရောက်အောင်၊ အင်မတန့်ကို ဒုက္ခတွေ ပင်လယ်ဝေနေရရှာတဲ့ ပြည်သူလူထုကြီး တရပ်လုံးရဲ့ မျက်နှာကို ထောက်ထားပြီး၊ မဟာ့ဗြိုင်ကြီးငါးခုအတွက် အထူးလိုနေတဲ့ပါရဂူတွေ၊ ခေါင်းဆောင်တွေ ဖြစ်လာကြအောင် အစွမ်းကုန် ကြိုးစားကြပါ။ ကြိုးစားကြဘို့လဲ အထူးတိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံလိုက်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဆိုယင်လဲ၊ ထပ်မံပြီးဖပ်ရှင်းရှင်းပြောပါရစေ။ ကျုပ်တို့တတွေဟာ နယ်ချဲ့သမားတွေလိုအမြတ်ထုတ်ချင်လို့ အစိုးရတက်လုပ်နေတာ မဟုတ်ပါဘူး။ ပြည်သူလူထုအတွက် အကျိုးဆောင်ချင်တဲ့ အတွက် အစိုးရ လုပ်နေခြင်းသာဖြစ်တယ်။ ဒီတော့ ပြည်သူလူထု အကျိုးအတွက်လဲ ဖြစ်မယ်၊ အစိုးရကလဲ တတ်နိုင်မယ်ဆိုတဲ့ လိုသားချက်တွေ ရှိနေယင်၊ ဒီလိုလားချက်တွေအတွက် တိုက်ပွဲဆင်ပြီး တောင်းနေစရာ မလိုပါဘူး။ ဗြိတိသျှအစိုးရ လက်ထက် တုန်းကလို စည်းကြီး ကမ်းကြီးတွေ သိပ်လုပ်မနေကြဘဲ၊ အာဏာပိုင်တွေနဲ့ ချိန်းတွေ့၊ တွေ့ပြီးလိုလားချက်တွေချပြ၊ တယောက် အခက်အခဲတွေကို တယောက်ပွင့်ပွင့်လင်းလင်းဆွေးနွေးကြ ပြီးတော့ လုပ်ပေးနိုင်သမျှတွေကို လုပ်ပေးကြ။ နိုင်ငံတော် အစိုးရဟာ အကျိုးလဲရှိမယ်၊ အစိုးရကလဲ တတ်နိုင်မယ်ဆိုတဲ့ လိုလားချက်တွေ မှန်သမျှကို ဆရာစား မချန်ဘဲ၊ ဈေးမဆစ်ဘဲ အစွမ်းကုန်

ကူညီမယ်ဆိုတာကို တက္ကသိုလ်အဓိပတိအနေနဲ့ရော၊ ဝန်ကြီးချုပ် အနေနဲ့ရော ကျုပ်ကတိပေးပါတယ်။

ဒါပေမဲ့၊ မင်းတို့ကျောင်းသူကျောင်းသားတွေဟာ ပြည်သူလူထုကြီးတရပ်လုံးက မင်းတို့အပေါ်မှာ အင်မတန်ကြီးမားတဲ့ မြှော်လင့်ချက်ကြီးနဲ့ထားရှိနေတဲ့ စေတနာတွေကို၊ သင့်လျော်အောင် တုံ့ပြန်ခြင်း မပြုဘဲ၊ အမေရင့်မကြီး တယောက်လုံးကို ကျော်ပြီးအလွမ်းခံနေရတဲ့ ဒွေးဒေါ်တွေအတွက်၊ နောက်လိုက်တွေ၊ ဖိနပ်ကိုင်တွေ၊ အိပ်ရာလိပ်ထမ်းတွေ စုဆောင်းပေးရာဌာနကြီးတခုလို့ ဒီတက္ကသိုလ်ကြီးကိုသဘောထားပြီး၊ ရမ်းချင်ရာတွေကို လျှောက်ရမ်းနေကြမယ်ဆိုယင်တော့၊ ရှေ့အဘို့မှာ ဒို့တတွေက လက်ပိုက်ပြီး ကြည့်နေနိုင်မှာ မဟုတ်တော့ဘူး ဆိုတာကို၊ တက္ကသိုလ် အဓိပတိအနေနဲ့ရင်း၊ ဝန်ကြီးချုပ်အနေနဲ့ရင်း၊ ကျုပ်အတိအလင်းကျေညာတယ်။

ဒါတင်မကသေးဘူး၊ ပြည်သူလူထုကြီးတရပ်လုံးက မင်းတို့အပေါ်မှာ အင်မတန်ကြီးမားတဲ့ မြှော်လင့်ချက်ကြီးနဲ့ ထားရှိနေတဲ့စေတနာတွေကို သင့်လျော်အောင် တုံ့ပြန်ခြင်း မပြုဘဲ၊ တက္ကသိုလ်ပြင်ဘက်က အာဏာရူးတွေ၊ နယ်ချဲ့သမားရဲ့လက်ကိုင်တုတ်တွေ၊ အာဏာမဲ့ နိုင်ငံရေး သမားတွေရဲ့ ပယောဂတွေကိုအဝင်ခံပြီး၊ ချစ်တီးခေါင်း သန်းရှာသလို ဘာမှ အကြောင်း လုံလုံလောက်လောက် မရှိဘဲ၊ တောင်တိုက်ပွဲဆင်၊ မြောက်တိုက်ပွဲဆင်ပြီး၊ စာကိုကြိုးကြိုးစားစား သင်နေကြတဲ့ ကျောင်းသူ ကျောင်းသားတွေကို အနှောင့်အရှက် ပေးနေကြမယ်ဆိုယင်လဲ၊ ရှေ့အဘို့မှာ ဒို့တတွေက လက်ပိုက်ပြီးကြည့်မ

နေနိုင်တော့ဘူးဆိုဒါကို တက္ကသိုလ် အဓိပတိအာခနေနဲ့ရင်း၊ ဝန်ကြီးချုပ်အနေနဲ့ရင်း ကျုပ်အတိအလင်း ကျေညာတယ်။

ဒီတက္ကသိုလ်ကြီးမှာ နိုင်ငံရေး ပယောဂတွေ၊ နိုင်ငံရေး သံယောဇဉ်တွေ အဟုတ်တကယ်ကင်းစင်ပြီး၊ ပြည်သူလူထုရဲ့ အကျိုးကို စေတနာရှိးနဲ့ သည်ပိုးရွက်ဆောင်ချင်ကြတဲ့ကျောင်းသူကျောင်းသားတွေရဲ့ ဒုဒယ်ကြီးဟာ အင်မတန်ကြီးမားပါတယ်။ ဒီတော့ ဒီဒုဒယ်ကြီးတခုလုံးကိုသော်ရင်း၊ အထူးသဖြင့် ဒီကျောင်းသား ဒုဒယ်ကြီးကို ရှေ့ဆောင်လမ်းပြ လုပ်နေတဲ့ ကျောင်းသား ကျောင်းသူ ခေါင်းဆောင်များကိုရင်း၊ ကျုပ်အထူး မေတ္တာရပ်စမ်းပါရစေ။ မဏ္ဍိုင်ကြီးငါးခုကို ကြံ့ခိုင်အောင် တည်ဆောက်ရမဲ့ လုပ်ငန်းဟာ မသေးပါဘူး။ လွတ်လပ်ရေး ရတယ်ဆိုရုံနဲ့၊ ဒီမဏ္ဍိုင်ကြီးတွေဟာ သူတို့ဘာသာ သူတို့အလိုအလျောက် ကြံ့ခိုင်လာကြမှာ မဟုတ်ဘူး။ လွတ်လပ်ရေးဆိုတာဟာ အမှန်စင်စစ်တော့၊ ပြည်သူလူထုကြီးရဲ့ဘဝသစ်ထူထောင်ရေးအတွက် အကျိုးရှိမဲ့လုပ်ငန်းတွေ၊ ကောင်းမဲ့လုပ်ငန်းတွေကို လုပ်ပေးနိုင်တဲ့ အာဏာမျှသာ ရှိသေးတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ပေါ်လာအောင် ဒီအာဏာတွေကိုကိုင်ပြီး၊ ဒို့တတွေအစွမ်းကုန် အလုပ်လုပ်ပေးကြရအုံးမယ်။ အလုပ်လုပ်ကြရအုံးမယ်။ ဒါကိုကောင်းကောင်း သတိပြုကြပါ။ အာဏာကိုရထားပြီး၊ အလုပ်မလုပ်ကြဘဲ တိုက်ပွဲဆင်တမ်း၊ တောခိုတမ်း၊ သူပုန်ထတမ်း ကစားနေကြမယ်ဆိုယင် ပြည်သူလူထုကြီးဟာ ဘဝသစ်နဲ့တွေ့ရမှာ မဟုတ်ဘူး။ နိုင်ငံသာ ပျက်မှာဘဲ။

မင်းတို့ကိုအပိုတွေ အလိုတွေမပါဘဲ၊ လူပြိန်းကြိုက် စကားတွေမပါဘဲ ပြောရဦးမယ်။ တိုင်းပြည်မှာလဲ ငြိမ်းငြိမ်းချမ်းချမ်း ရှိပြီး၊ မင်းတို့တတွေအားလုံး၊ ဒို့တတွေအားလုံးနဲ့ တနိုင်ငံလုံး ကပါ အစွမ်းကုန် ဝိုင်းကြိုးစားတာတောင်၊ မဏ္ဍိုင်ကြီး ငါးခု အသင့်အတင့် ခိုင်မာ တောင့်တင်းတယ် ဆိုတဲ့ အခြေအနေကို ရောက်လာအောင် အနှစ် နှစ်ဆယ်လောက် လုပ်ယူရမယ်။

ဒီတော့ မင်းတို့တတွေဟာ သန့်ရှင်းသော ကျောင်းသား ထုကြီးကို ရှေ့ဆောင်လမ်းပြ ပြုတဲ့နေရာမှာ၊ ခေါင်းအေးအေး၊ ဇွဲနွေ့ရရ၊ သတ္တိရှိရှိနဲ့ လုပ်ကြစမ်းပါ။ တက္ကသိုလ်အာဏာပိုင် တွေနဲ့သော်၎င်း၊ အစိုးရနဲ့သော်၎င်း အတိုက်အခံ ခဏခဏ လုပ်မပေးယင် သူရဲဘောနဲ့တယ်ဟူ၍၎င်း၊ တက္ကသိုလ်အာဏာ ပိုင်တွေရဲ့ လက်ကိုင်တုတ်တွေ၊ အစိုးရ လက်ကိုင်တုတ်တွေ ဖြစ် သွားပြီဟူ၍၎င်း အထင်ခံရမှာ ကြောက်ပြီး၊ ဟိုရမ်း၊ ဒီရမ်း ဟိုတိုက်ပွဲဆင်၊ ဒီတိုက်ပွဲဆင် ဆင်ရတဲ့ ဘဝမျိုးကိုတော့ ဘယ် နည်းနဲ့မှ အရောက် မခံပါနဲ့။

ကြောက်တယ် အထင်ခံရမှာစိုးလို့ ထပြီး ရမ်းပြတယ်ဆိုတဲ့ အလုပ်မျိုး အတွက်တော့ သတ္တိသိပ်ရှိဘို့ မလိုပါဘူး။ မိုက်ရူးရဲ ကလေးတွေမှာ ရှိတဲ့သတ္တိလောက်နဲ့ ဘဲလုပ်နိုင်ပါတယ်။ ဒါပေ မဲ့ ကိုယ်မှန်တယ်ထင်တဲ့ ကိစ္စတခုမှာ ဘယ်သူက ဘာထင်တာ ကိုမှ ဂရုမစိုက်ဘဲ ကိုယ် မှန်တယ်ထင်တာကို မှန်သလို လုပ် သွားနိုင်ဘို့ဆိုယင်၊ တကယ်နှစ်လုံးရည်ရှိမှဖြစ်နိုင်မယ်။ ဒီတော့ မင်းတို့ သန့်ရှင်းတဲ့ ကျောင်းသားထုကို ရှေ့ဆောင်လမ်းပြ ပြု နေတဲ့ ကျောင်းသား ကျောင်းသူ ခေါင်းဆောင် တွေကို၊ အခု ကျုပ်ပြောခဲ့တဲ့ နှလုံးရည်နဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်း

တွေ ဖြစ်ပါစေလို့ ကျုပ် စေတနာ ကောင်းနဲ့ ဆုတောင်း လိုက်ပါတယ်။

ယခုနှစ် ဘွဲ့အသီးသီးကို ဆွတ်ခူးသွားကြတဲ့ ကျောင်းသူ ကျောင်းသားတွေလဲ ကျုပ်အထက်က ပြောခဲ့တဲ့ မဏ္ဍိုင်ကြီး ငါးခုကို တည်ဆောက်တဲ့ နေရာမှာ၊ ရှေ့တန်းကနေပြီး စွန်း လွန်းတမံ တည်ဆောက်ပေးနိုင်တဲ့ ပြည်ထောင်စုကြီးရဲ့ သား ကောင်း ရတနာ အစစ်တွေ၊ သမီးကောင်း ရတနအစစ်တွေ ကေန်အမှန် ဖြစ်နိုင်ကြပါစေလို့လဲ စေတနာကောင်းနဲ့ ကျုပ် ဆုတောင်း လိုက်ပါတယ်။

## ၆။ ပြည်ထောင်စုလူငယ်

**၁၉၅၃-ခုနှစ်၊ နိုဝင်ဘာလ ၂၉-ရက်နေ့၊**
**ပြည်ထောင်စု လူငယ်စည်းရုံးရေးမှူးသင်တန်းဆင်းပွဲ မိန့်ခွန်း။**

ညီမောင်တို့—

ဒီကနေ့ တခြားစကားတွေကို မပြောခင်၊ ၁၉၅၁-ခုနှစ်၊ ပြည်ထောင်စု လူငယ်ရေးရာ ဗဟိုကောင်စီ အက်ဥပဒေရဲ့ ရာဇဝင်အတိုချုပ်ကို ငါအနည်းငယ် ရှင်းပြချင်တယ်။ အခုငါ ရှင်းပြမဲ့ အချက်ပေါ်မှာ၊ မောင်တို့အဖွဲ့ကြီးရဲ့ နောင်ရေးဟာ တိုက်ရိုက်ကြီး တည်ရှိနေတဲ့အတွက်၊ မောင်တို့ အထူးဂရုစိုက်ပြီး၊ နားထောင်ကြလိမ့်မယ်လို့ ငါမျှော်လင့်တယ်။

၁၉၅၁-ခုနှစ် ပြည်ထောင်စု လူငယ်ရေးရာ ဗဟိုကောင်စီ (မူလ) ဥပဒေကြမ်းရဲ့ အပိုဒ် (၃) အပိုဒ်ငယ်(၂)မှာ၊ "ပညာရေးဌာနဝန်ကြီးသည် ရာထူးအလျောက် ဗဟိုကောင်စီ ဥက္ကဋ္ဌ ဖြစ်ရမည်'' လို့ ဖေါ်ပြထားတယ်။ နောက်ပြီးတော့ အပိုဒ် (၄) အပိုဒ်ငယ် (၁) မှာ၊ "ဗဟိုကောင်စီသည်၊ မိမိတို့အထဲမှ (၁၄) ဦးထက်မများသော အဖွဲ့ဝင်များကို ရွေးချယ်၍ အမှုဆောင်အဖွဲ့ ဖွဲ့စည်းရမည်။ ထိုအမှုဆောင်အဖွဲ့တွင် ပညာရေးဌာနဝန်ကြီးသည်၊ရာထူးအလျောက်ဥက္ကဋ္ဌဖြစ်ရမည်လို့'' ဖေါ်ပြထားတယ်။ နောက်ပြီးတော့ ဒီဥပဒေကြမ်းရဲ့ ဇယားမှာ ပြည်ထောင်စု လူငယ်ရေးရာ ဗဟိုကောင်စီတွင် ပါဝင်ရမည့် ပုဂ္ဂိုလ် (၄၈) ဦးရဲ့စာရင်းကို ဖေါ်ပြထားတယ်။ ဒီ(၄၈) ဦးစလုံးရဲ့ နာမည်တွေကိုတော့ အချိန်ကုန်မှာစိုးလို့ အကုန်လုံး ဘတ်မပြောတော့ဘူး။ ဒီ (၄၈) ဦးထဲမှာ၊ နိုင်ငံတော်အစိုးရ

အဖွဲ့ဝင် ဝန်ကြီးပေါင်း (၈) ဦး ပါဝင်တယ်ဆိုတဲ့အချက်ကိုဘဲ ဖေါ်ပြချင်တယ်။

ဒီ (မူလ) ဥပဒေကြမ်းကို လွှတ်တော်သို့တင်ပြီး အတည်ပြုရမဲ့နေ့မှာ မူလကရည်ရွယ်ထားတဲ့အတိုင်း အတည်မပြုသေးဘဲ၊ စိစစ်ရေးကော်မီတီသို့ ဒီဥပဒေကြမ်းကို လွှဲလိုက်တယ်။ စိစစ်ရေးကော်မီတီက ဒီဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်ပြီးတင်လိုက်တဲ့အခါမှာ—

(၁) နိုင်ငံတော်တရားဝန်ကြီးချုပ်သည်၊ ဗဟိုကောင်စီ၏ ဥက္ကဋ္ဌဖြစ်လာ၍ ပညာရေးဌာန ဝန်ကြီးသည် ဗဟိုကောင်စီရဲ့ ဒုတိယ ဥက္ကဋ္ဌဖြစ်သွားတယ်။

(၂) အမှုဆောင်အဖွဲ့ရဲ့ဥက္ကဋ္ဌဟာ ပညာရေးဝန်ကြီးမဟုတ်တော့ဘဲ နိုင်ငံတော် တရားဝန်ကြီးချုပ်ဖြစ်လာတယ်။

(၃) ဗဟိုကောင်စီမှာ နိုင်ငံတော် အစိုးရ အဖွဲ့ဝင်ဝန်ကြီးပေါင်း(၈) ဦးမဟုတ်တော့ဘဲ၊ (၂)ဦးအထိ လျော့ကျသွားတယ်။ နောက်ပြီးတော့လဲ ရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌဟာ ဗဟိုကောင်စီဝင်အဖြစ်နဲ့တိုးလာတယ်။

ဒီ (မူလ) ဥပဒေကြမ်းကနေပြီး ယခုလက်ရှိ ဥပဒေကြမ်းအဖြစ်သို့ အခုပြောခဲ့တဲ့အတိုင်း၊ ပြောင်းပစ် လိုက်တာဟာဘာ့ကြောင့်လဲ။ ဒီမေးခွန်းကို တိတိလင်းလင်း ပြတ်ပြတ်သားသား ဖြေရလိမ့်မယ်။ ဒီလိုပြောင်းပစ်လိုက်တာဟာ တခြား

ကြောင့် မဟုတ်ဘူး။ ပြည်ထောင်စု လူငယ်ရေးရာ အဖွဲ့ကို ဖဆပလ ခါးပိုက်ဆောင် အဖွဲ့မဟုတ်ဘဲ၊ ပြည်သူပိုင် အဖွဲ့ စစ်စစ်ကြီးဖြစ်စေချင်လို့ဘဲ ဖြစ်တယ်။

ခါးပိုက်ဆောင်အဖွဲ့တွေကို ဖွဲ့တယ်ဆိုတဲ့စံနစ်ဟာ၊ ဒီမိုကရေစီဝါဒကို သက်ဝင် ယုံကြည်တဲ့ လူတွေလက်ခံနိုင်တဲ့ စံနစ်မျိုး မဟုတ်ဘူး။ အာဏာရှင်စံနစ်ကို သက်ဝင် သုံးကြည့်တဲ့လူတွေသာ အသုံးပြုတဲ့စံနစ်ဖြစ်တယ်။

ဒီမိုကရေစီစံနစ်ကို သက်ဝင်သုံးကြည့်တဲ့လူတွေဟာ လူထုရဲ့ထောက်ခံမှုကိုယူပြီး အစိုးရဖွဲ့စည်းကြတယ်။ အစိုးရအဖြစ်နဲ့ တည်မြဲဘို့ ပြည်သူလူထုရဲ့ထောက်ခံချက်ကိုသာ အားကိုးတယ်။ ခါးပိုက်ဆောင်အဖွဲ့တွေကို အားမကိုးဘူး။ အာဏာရှင်စံနစ်ကို သက်ဝင် ယုံကြည်တဲ့ လူတွေကတော့ အာဏာသိမ်းဘို့အတွက် ပြည်သူလူထုရဲ့ထောက်ခံမှုကို အားမကိုးဘူး။ လက်နက်ကို အားကိုးပြီး အာဏာသိမ်းကြတယ်။ သူတို့ကိုယ်တိုင် အာဏာရှင်စံနစ်နဲ့ တည်တံ့ခိုင်မြဲဘို့ဆိုယင်လဲ၊ ပြည်သူလူထုရဲ့ထောက်ခံမှုကို အားမကိုးဘူး။ သူတို့ဖွဲ့စည်းထားတဲ့ ခါးပိုက်ဆောင်အဖွဲ့တွေကိုသာ အားကိုးကြတယ်။

ဒီမိုကရေစီကျဆုံးခြင်းရဲ့ အကြီးကျယ်ဆုံး လက်သည်ကြီးတဦးဟာ၊ ခါးပိုက်ဆောင်အဖွဲ့တွေ ဖွဲ့စည်းမှုဘဲဖြစ်တယ်။ လူငယ်အဖွဲ့ကို ခါးပိုက်ဆောင် အဖွဲ့အဖြစ်နဲ ဖွဲ့စည်းတာကို လက်ပိုက်ပြီးကြည့်နေယင်၊ နောက်တဆင့်ရဲအဖွဲ့နဲ့ တပ်မတော်ကိုပါ ခါးပိုက်ဆောင် အဖွဲ့တွေအဖြစ်နဲ့ တက်ပြီးဖွဲ့ကြလိမ့်မယ်။ ဒီလိုရဲအဖွဲ့နဲ့ တပ်မတော်ကို ခါးပိုက်ဆောင်အဖွဲ့တွေ အဖြစ်နဲ့ ဖွဲ့

တာကို လက်ပိုက်ပြီး ကြည့်နေယင်၊ နောက်တဆင့်တက်ပြီး အုပ်ချုပ်ရေး စက်ယန္တရားကြီး တခုလုံးကိုပါ ခါးပိုက်ဆောင် စက်ယန္တရားကြီး အဖြစ်နဲ့ ရှေ့တလှမ်းတိုးပြီး ဖွဲ့ကုန်ကြလိမ့်မယ်။ ဒီလိုဖွဲ့ပြီးတဲ့နေ့ဟာ ဒီမိုကရေစီ ဈာပန ပြုကျတဲ့နေ့ဘဲလို့ မှတ်ရလိမ့်မယ်။

ဒီမိုကရေစီမှာ ပြည်သူလူထုက ထောက်ခံနေတုန်း အစိုးရအဖွဲ့ဟာ တည်မြဲတယ်။ ပြည်သူလူထုက ဒီအစိုးရ အဖွဲ့ကို မထောက်ခံတဲ့ အခါမှာ၊ ဒီအစိုးရအဖွဲ့ဟာ ပြည်သူလူထုက ထောက်ခံတဲ့ အစိုးရတက်လာနိုင်အောင် ဖယ်ပေးရမယ်။ ဒီလို ပြည်သူလူထုက အသစ်တင် မြှောက်လိုက်တဲ့ အစိုးရတက်လာတဲ့အခါမှာ၊ ဒီအစိုးရအဖွဲ့ရဲ့ အမိန့်ကိုနာခံပြီး လူငယ်တွေရဲ့ ကိစ္စကို ဆောင်ရွက်ကာ၊ ပြည်ထောင်စု လူငယ်အဖွဲ့ ရှိရမယ်။ ငြိမ်ဝပ်ပိပြားရေးကိုဆောင်ရွက်ဘို့ ရဲအဖွဲ့လဲရှိရမယ်။ ကာကွယ်ရေးကိုဆောင်ရွက်ဘို့ တပ်မတော်လဲရှိရမယ်။ ပြည်ထောင်စုတခုလုံးကို ထိန်းသိမ်းအုပ်ချုပ်ဘို့ အုပ်ချုပ်ရေး စက်ယန္တရားလဲ ရှိရမယ်။ ဒီတော့၊ ဒီပြည်ထောင်စုလူငယ်အဖွဲ့တွေ၊ ရဲအဖွဲ့တွေ၊ တပ်မတော်တွေ၊ အုပ်ချုပ်ရေး စက်ယန္တရားတွေဟာ၊ ဘယ်နည်းနဲ့မှ ခါးပိုက်ဆောင်အဖွဲ့တွေ မဖြစ်ရဘူး။ ဘယ်အစိုးရတက်လာလာ၊ တက်လာတဲ့ အစိုးရအဖွဲ့အားလုံးက စိတ်ချယုံကြည်စွာနဲ့ လက်ခံနိုင်တဲ့ ပြည်ထောင်စုလူငယ်အဖွဲ့တွေ၊ ရဲအဖွဲ့တွေ၊ တပ်မတော်တွေ၊ အုပ်ချုပ်ရေး စက်ယန္တရားတွေ ဖြစ်ရမယ်။

ပြည်ထောင်စု လူငယ်အဖွဲ့တွေ၊ ရဲအဖွဲ့တွေ၊ တပ်မတော်တွေ၊ အုပ်ချုပ်ရေး စက်ယန္တရားတွေဟာ၊ ဟိုနိုင်ငံရေးအစည်း

အရုံးရဲ့ ခါးပိုက်ဆောင်အဖွဲ့တွေ၊ ဒီနိုင်ငံရေး အစည်းအရုံးရဲ့ ခါးပိုက်ဆောင်အဖွဲ့တွေ၊ ပြည်ထောင်စုကြီးကို သစ္စာခံတဲ့အဖွဲ့တွေမဟုတ်ဘဲ၊ ဟိုနိုင်ငံရေးအစည်းအရုံးကို သစ္စာခံတဲ့အဖွဲ့တွေ၊ ဒီနိုင်ငံရေး အစည်းအရုံးကို သစ္စာခံတဲ့အဖွဲ့တွေ ဖြစ်နေယင်၊ ဒီနိုင်ငံရေးအစည်းအရုံးတွေ ပြုတ်ကျတဲ့အခါမှာ၊ ဒီအဖွဲ့တွေ၊ ဒီစက်ယန္တရားတွေလဲ ပြုတ်ကျရမှာဘဲ။ ဒါကတော့ ဓမ္မတာဘဲ။ ဘယ်သူမှ မငြင်းနိုင်ဘူး။ အစိုးရအဖွဲ့တခုဟာ ကိုယ့်ကိုသစ္စာမခံဘဲ၊ တခြားကို သစ္စာခံနေတဲ့အဖွဲ့တွေ၊ စက်ယန္တရားတွေကို ဘယ်နှယ်လုပ်ပြီး ယုံယုံကြည်ကြည် စိတ်ချလက်ချ လက်ခံနိုင်မလဲ။

ဒီတော့ အာဏာရှင်တွေအသုံးပြုတဲ့၊ ခါးပိုက်ဆောင်အဖွဲ့ကို ဖွဲ့တဲ့စံနစ်ကို ငါတို့ဟာ ဒီမိုကရေစီကို သက်ဝင်ယုံကြည်တဲ့အနေနဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ ဒီအချက်ကို မင်းတို့ ကောင်းကောင်း သဘော ပေါက်ထားရမယ်။ ဖဆပလ အဖွဲ့ဘဲ ဖြစ်ဖြစ်၊ ဘယ် နိုင်ငံရေး အဖွဲ့ဘဲ ဖြစ်ဖြစ်၊ ပြည်သူလူထုက ထောက်ခံတဲ့ အခါမှာ အစိုးရအဖွဲ့ဖြစ်မယ်။ ပြည်သူလူထုက မထောက်ခံတဲ့အခါမှာ ပြုတ်ကျမယ်။ နိုင်ငံရေးအဖွဲ့ အမျိုးမျိုးတွေဟာ၊ အခုငါပြောခဲ့တဲ့ နည်းအတိုင်း အစိုးရတက်ဖြစ်တဲ့အခါ ဖြစ်လိမ့်မယ်။ ပြုတ်ကျတဲ့အခါ ပြုတ်ကျလိမ့်မယ်။ ဒါပေမဲ့ ဘယ်သူဘဲတက်တက်၊ ဘယ်သူဘဲပြုက်ပြုတ် မင်းတို့ရဲ့ ပြည်ထောင်စု လူငယ်အဖွဲ့ကတော့ ဘယ်တော့မှ မပြုတ်ရဘူး။ ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲ နေသလောက် ဒီ အဖွဲ့ဟာလဲ တည်တံ့ ခိုင်မြဲနေရမယ်။

ညီမောင်တို့။ တခါတုန်းက ဖဆပလအဖွဲ့ဝင် တဦးဟာ လူထု ပညာရေးမှူး တဦးနဲ့ ပတ်သက်ပြီး ငါ့ကို တိုင်ဘူးတယ်။ ဒီအကြောင်း ကလေးကို မင်းတို့နဲ့ သက်ဆိုင်နေတဲ အတွက်၊ နဲနဲဇာတ်ခကြောင်း ပြန်ပါရစေ။

လွန်ခဲ့တဲ့ ရွေးကောက်ပွဲတုန်းက၊ မဲဆန္ဒရှင်တဦးဟာ သူ့မဲကို ဘယ်မဲပုံးထဲ ထည့်ရမလဲလို့ လူထုပညာရေးမှူး တဦးကို မေးတယ်။ "ဒီတော့ မဲထည့်တာဟာ ခင်ဗျားတို့ရဲ့ ဒီမိုကရေစီ အခွင့်အရေး ဖြစ်တယ်။ ဒီတော့ ခင်ဗျား ကောင်းမယ်ထင်တဲ့ မဲပုံးထဲကို ခင်ဗျားထည့်လိုက်ပေါ့" လို့ လူထုပညာရေးမှူးက ပြန်ပြောတယ်။ ဒါကို ဖဆပလ အဖွဲ့ဝင်တဦးက ကြားတော့၊ အင်မတန် စိတ်ဆိုးတယ်။ ဒါကြောင့် ငါ့ကို ဝန်ကြီးချုပ်အနေနဲ့ရော၊ ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌအနေနဲ့ရော၊ လူထုပညာရေးမှူးကို မကျေနပ်တဲ့အကြောင်း တိုင်ကြားတယ်။ ဒီဖဆပလ အဖွဲ့ဝင်နဲ့ လူထုပညာရေးမှူးတို့ရဲ့ ခြားနားချက်ကတော့ တခြားဟာ မဟုတ်ဘူး။ ဖဆပလ အဖွဲ့ဝင်က လူထုပညာရေး အဖွဲ့ကို ဖဆပလရဲ့ ခါးပိုက်ဆောင်အဖွဲ့လို့ ယူဆထားတယ်။ လူထုပညာရေးမှူးကတော့ လူထုပညာရေးအဖွဲ့ဟာ၊ဘယ်သူရဲ့ ခါးပိုက်ဆောင်အဖွဲ့မှမဟုတ်ဘူး၊ ပြည်သူပိုင်အဖွဲ့လို့ယူဆထား တယ်။ ဒါဟာခြားနားချက်ဘဲ။ ဒီတော့၊ "မဟုတ်ဘူး။ ခင်ဗျား အယူအဆမှားနေပြီ။ လူထုပညာရေးမှူးဟာ၊ ခင်ဗျားအလိုရှိတဲ့အတိုင်း ဖဆပလ မဲပုံးထဲကို မဲထည့်ပါလို့ပြောယင် သူ့ကို ကျွန်တော် အရေးယူရလိမ့်မယ်။ လူထု ပညာရေးမှူး အနေနဲ့ သူပြောတဲ့ စကား ဟာမှန်တယ်" လို့ ဒီ ဖဆပလ အဖွဲ့ဝင်ကို ငါပြန်ပြီး ပြောလိုက်ရတယ်။

အခုလဲ မင်းတို့တတွေမှာ မင်းတို့လုပ်ရမဲ့ တာဝန်ရှိတယ်။ ဒီတာဝန်ကို ၁၉၅၁-ခုနှစ် ပြည်ထောင်စု လူငယ်ရေးရာ ဗဟိုကော်မီတီ အက်ဥပဒေရဲ့ နိဒါန်းအစမှာ ''ယခုခေတ်လူငယ်များအား ကြီးပြင်း လာသောအခါတွင် အရည်အချင်းနှင့် ပြည့်စုံ၍ အဆင့်အတန်းမြင့်သော ပြည်သူပြည်သား ကောင်းများ ဖြစ်မြောက်စေရန် လေ့ကျင့်မှုများ ဖန်တီးပေးရန်'' လို့ အတိအလင်း ဖေါ်ပြထားတယ်။ ဒီတော့ ဒီတာဝန်ကို မင်းတို့ အစွမ်းကုန် ထမ်းရွက်ကြရမယ်။

နောက်ပြီးတော့၊ ဒီတာဝန်လောက် ကြီးလေးတဲ့ တာဝန်တခုရှိသေးတယ်။ ဒီတာဝန်ကတော့ တခြားဟာ မဟုတ်ဘူး။ ဒီမိုကရေစီကို မင်းတို့တတွေ အစွမ်းကုန် ကာကွယ်ပေးဘို့ တာဝန်ဘဲဖြစ်တယ်။

မင်းတို့သိတဲ့အတိုင်းဘဲ၊ ဒီမိုကရေစီဆိုတာဟာ အာဏာရှင်စံနစ်လို လူတွေရဲ့ မူလအခွင့်အရေးတွေကို ဖျက်ဆီးပစ်တဲ့ စံနစ်မဟုတ်ဘူး။ မူလ အခွင့်အရေးတွေကို နိုင်ငံသူနိုင်ငံသားများ တရားသဖြင့်ခံယူရရှိနိုင်အောင်၊ အကာအကွယ်ပေးထားတဲ့ စံနစ်ဖြစ်တယ်။ ဒီတော့ နိုင်ငံရေး ထားပြတွေဟာ၊ အဲဒီ ဒီမိုကရေစီက ခွင့်ပြုထားတဲ့ အခွင့်အရေးတွေကို အလွဲသုံးစားလုပ်ပြီး၊ တနေ့နေ့မှာ ဒီမိုကရေစီကိုပင် အသေပြန်သတ်တဲ့ အထိ ဆိုးဝါးယုတ်မာကြတယ်။

ဒီတော့ ဒို့ရဲ့ပြည်ထောင်စုကြီးထဲမှာ၊ ဒီနိုင်ငံရေး ထားပြတွေဟာ၊ ဘယ်နည်းနဲ့မှ ခေါင်းထောင်မထနိုင်အောင်၊ ခြေကုပ်ကလေးကိုပင် မရနိုင်အောင် မင်းတို့အစွမ်းကုန် ကြိုးစား

ကြရလိမ့်မယ်။ ဒီမိုကရေစီစံနစ်နဲ့ အာဏာရှင်စံနစ်အကြောင်းတွေကိုမသိသေးတဲ့ ပြည်ထောင်စုလူငယ်တွေကို သိအောင်လုပ်ပေးရလိမ့်မယ်။ ဒီမိုကရေစီကို ယုံကြည်တဲ့ စိတ်ဓာတ်တွေဟာလူငယ်တွေရဲ့ ရင်ထဲမှာတဖွါးဖွါးပေါ်လာအောင် မြေတောင်မြှောက်ပေး ရမယ်။ ကုန်ကုန်ပြောလိုက်မယ်။ လိုအပ်မယ်ဆိုယင်၊ ဒီမိုကရေစီကို ကာကွယ်ဘို့ မင်းတို့ရဲ့ ရင်ကို မြေကတုတ်လုပ်ဘို့ အသင့်ရှိကြရမယ်။ ဒါဟာမင်းတို့ရဲ့ အရေးအကြီးဆုံးတာဝန်ကြီးတခုဘဲလို့ မင်းတို့မှတ်ထားကြရမယ်။

ဒီတော့ မင်းတို့နဲ့ဆိုင်တဲ့တာဝန်တွေကိုသာ၊ မင်းတို့စွဲစွဲမြဲမြဲသဲသဲမဲမဲဇောက်ချပြီး လုပ်ကြရမယ်။ ဒီလိုမဟုတ်ဘဲ ဟိုအဖွဲ့ရဲ့လက်ကိုင်တုတ်လိုလို၊ ဒီအဖွဲ့ရဲ့ လက်ကိုင်တုတ်လိုလို၊ ဟိုလိုလိုဒီလိုလို ယောင်သုံးဆယ်တွေ ဖြစ်မနေကြနဲ့။ မင်းတို့တတွေကိုအပ်လိုက်တဲ့ တာဝန်တွေကို မလုပ်ဘဲ၊ ယောင်သုံးဆယ်တွေလုပ်နေကြမယ်ဆိုယင်၊ မင်းတို့အဖွဲ့အတွက် အသုံးပြုထားရတဲ့ပြည်သူလူထုရဲ့ဘဏ္ဍာတွေကို အလွဲသုံးစားရာရောက်လိမ့်မယ်။ နောက်ပြီးတော့၊ မင်းတို့သစ္စာရှိရမဲ့ ပြည်ထောင်စုကြီးကိုလဲ သစ္စာဖေါက်ရာရောက်လိမ့်မယ်။

ဒါပေမဲ့ ဒီနေရာမှာ တခုတော့ အတိအလင်းမှာလိုက်ပါရစေ။ ညီမောင်တို့ဟာ ဖဆပလရဲ့ ခါးပိုက်ဆောင်တွေ မဟုတ်ဘူးဆိုတာနဲ့၊ နယ်ဆင်းသွားပြီး ဖဆပလအဖွဲ့ဝင်တွေနဲ့ ရန်ဖြစ်ဘို့ မဟုတ်ဘူးနော်။ နိုင်ငံရေးသမား မှန်သမျှကို အမြင်ကပ်လာဘို့လဲ မဟုတ်ဘူးနော်။ မင်းတို့ ဝန်ထမ်းမှူးတွေ အနေနဲ့၊ ဘယ်သူနဲ့မဆို သင့်မြတ်အောင် ပေါင်းရမယ်။ အမြင်ကပ်တဲ့စိတ်တို့၊ သဝင်တိုတဲ့စိတ်တို့၊ သူဖြူယင်ငါမဲမယ်ဆိုတဲ့ အလကား

နေယင်း အတိုက်အခံ လုပ်နေချင်တဲ့စိတ်တို့ နဲနဲမှ မရှိရဘူး။ လူသစ်တည်ပြီး ပြည်သစ်ဆောက်မဲ့ ဗိသုကာတွေနဲ့၊ ဒီစိတ်ဆိုး စိတ်မိုက်စိတ်ရိုင်းတွေဟာ ပြဒါးတလမ်း သံတလမ်း တဇောင်း ချေးနဲ့၊ မျက်ချေးဘဲဖြစ်တယ်။ ဒီတော့ ဒီစိတ်မျိုးတွေကို မင်း တို့နိုင်အောင်ထိန်းရမယ်။ မင်းတို့ဝန်ထမ်းမှုးတွေရဲ့ အနေနဲ့ ဆိုယင်၊ လူတိုင်းနဲ့သင့်မြတ်အောင် ပေါင်းနိုင်တာ၊ ရိုသေထိုက် တဲ့လူတွေကို ရိုသေတာ၊ ချီးကျူး ပူဇော်ထိုက်တဲ့ လူတွေကို ချီးကျူးပူဇော်တာ၊ တဘက်သားကို ရန်ဖြစ် မလွှတ်လိုက်ဘဲ ကိုယ့်လုပ်ငန်း အောင်မြင်အောင် ဆွဲဆောင်နိုင်တာတွေဟာ ဂုဏ်ထူးတခု၊ အရည်အချင်း တရပ်ဖြစ်တယ်လို့ မင်းတို့အထူး မှတ်ထားကြရမယ်။

မင်းတို့တတွေဟာ ဘယ်သူရဲ့ခါးပိုက်ဆောင်တွေမှ မဟုတ် ဘဲ ပြည်သူပိုင် ဝန်ထမ်းမှုးတွေ အဖြစ်နဲ့ အလျှင်းမလုပ်ဘဲ ရှောင်ရှားရမှာကတော့—

(၁) ဟိုနိုင်ငံရေးအဖွဲ့၊ ဒီနိုင်ငံရေးအဖွဲ့တွေရဲ့ ကိစ္စတွေထဲ မှာ ဝင်ရောက်စွက်ဖက်ခြင်း။

(၂) ဟိုနိုင်ငံရေးအဖွဲ့၊ ဒီနိုင်ငံရေးအဖွဲ့တွေက မင်းတို့ရဲ့ အဖွဲ့မှာဝင်ပြီး စွက်ဖက်နိုင်အောင်၊ မင်းတို့ကလမ်း ဖွင့်ပေးခြင်း။

(၃) ရာထူးဌာနန္တရတိုးတက်ရေးအတွက် မိမိလုပ်ဆောင် ရမဲ့အလုပ်ကို ထူးထူးချွန်ချွန် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် မိမိ၏စွမ်းရည်သတ္တိကို အားမ ကိုးဘဲ၊ ရေသာခိုသမားများ လုပ်နေကျ အတိုင်း၊

အရှိန်အဝါရှိသူများကို ကပ်ရပ် အားကိုးခြင်းဆိုတဲ့ ကိစ္စသုံးရပ်ဘဲ ဖြစ်တယ်။

ဒါတွေကို ရှောင်ယင်အိုအောင် မဆင်းရဲဘူး။ ဒါတွေကို မရှောင်ယင် မင်းတို့တတွေ၊ အနေးနဲ့အမြန်ဆိုသလို ဒုက္ခနဲ့ တွေ့ကြရမယ်ဆိုတာကို ငါအတိအလင်း မှာလိုက်တယ်။

ဒို့တတွေဟာ ဒို့ရဲ့မှန်ကန်သော နိုင်ငံရေးလမ်းစဉ်၊ ဒို့ရဲ့ သတ္တိ၊ ဒို့ရဲ့စင်ကြယ်မှု၊ ဒို့ရဲ့ပြည်သူလူထုကို ရှေ့ဆောင်နိုင်သည့် စွမ်းရည်တို့ကိုသာ ဒို့ယုံကြည်တယ်။ ဒို့အားကိုးတယ်။ တခြားဘယ်သူ့ကိုမှ အားမကိုးဘူး။ ဖဆပလ အဖွဲ့ကြီးဟာ မင်းတို့ရဲ့အကူအညီကို သွယ်ဝိုက်တဲ့နည်းနဲ့ဘဲဖြစ်ဖြစ်၊ တိုက်ရိုက်နည်းနဲ့ဘဲဖြစ်ဖြစ်၊ မလိုဘူး။

မင်းတို့အထဲမှာ ငါအခုပြောနေတဲ့အချက်ကို သဘောမကျတဲ့ဝန်ထမ်းမှူးတွေ ရှိကောင်း ရှိနေပေလိမ့်မယ်။ ရှိနေယင် ဒီဝန်ထမ်းမှူးတွေက "ဖဆပလဟာ ခါးပိုက်ဆောင် အဖွဲ့တွေဖွဲ့ဖွဲ့၊ မဖွဲ့ဖွဲ့၊ နောင်တက်လာမဲ့ အဖွဲ့တွေကတော့ ခါးပိုက်ဆောင်အဖွဲ့တွေကို ဖွဲ့ကြမှာဘဲ။ ဒီတော့၊ဖဆပလ က ခါးပိုက်ဆောင်အဖွဲ့တွေကို မဖွဲ့ယင် အ-ရာကျမှာပေါ့" ဆိုတဲ့ ဆင်ခြေမျိုးကို ပေးကောင်းပေးကြလိမ့်မယ်။ ဒီဆင်ခြေဟာ အင်မတန်မှားတဲ့ဆင်ခြေဘဲ။ ဖဆပလဟာ ဒီဆင်ခြေကိုပေးပြီး ခါးပိုက်ဆောင်အဖွဲ့တွေကိုဖွဲ့ယင်၊ နောင်လာမဲ့အဖွဲ့တွေကလဲ ဖဆပလကတောင်ဖွဲ့သေးတာဘဲ။ ဒို့လဲ ဖွဲ့မှာပေါ့ဆိုတဲ့ ဆင်ခြေမျိုးနဲ့ မို့လုံးစက္ကူကပ်သီချင်းလို ခါးပိုက်ဆောင်အဖွဲ့တွေဟာ ဘယ်

တော့မှ ဆိုးမှာမဟုတ်တော့ဘူး။ ဒီလို မိုးမဆိုးမြေမဆိုးဖြစ်နေ ယင်၊ ဒီမိုကရေစီဟာ အမြန်ဆုံးပြာကျမှာဘဲ။

ဒီတော့သူများတွေ ဘယ်လိုလုပ်မယ်ဆိုတာတွေကို ပြောမ နေကြနဲ့။ ဘယ်သူတွေ ဘယ်လိုဘဲ တရားပျက်ပျက်၊ ကိုယ်မ ပျက်ဘို့ အရေးကြီးတယ်။ ဘယ်သူတွေ ဘယ်လိုဘဲ လမ်းမှားကို လိုက်လိုက်၊ ကိုယ်မလိုက်မိဘို့ အရေးကြီးတယ်။ ဘယ်သူတွေ မဟုတ်တာတွေကို ဘယ်လိုဘဲလုပ်လုပ်၊ ကိုယ်မလုပ်မိဘို့အရေး ကြီးတယ်။ ဒို့တတွေကသာ ခြေလှမ်းမှန်မှန် ချီတက်သွားကြ ပါ။ နောက်လူတွေ ခြေလှမ်းမှားလာယင်၊ ပြည်သူလူထုက ငုံ့ ခံနေမှာ မဟုတ်ဘူး။ တရားအတိုင်း ဆုံးမကြလိမ့်မယ်။ ဒို့က သာ ပြည်ထောင်စုကြီးကို လက်ဦးတည်ဆောက်ရတဲ့ လူတွေ အနေနဲ့၊ မှားတဲ့ သမိုင်းစာကြီးကို ချပေးခဲ့ကြမယ် ဆိုယင်၊ ပြည်ထောင်စုကြီးထဲမှာ၊ အစဉ်တစိုက် အဖတ်ဆယ်လို့ရတော့ မှာ မဟုတ်ဘူး။ ဒို့တတွေဟာ တောင်လုပ် မြောက်လုပ်နဲ့၊ တွေ့ကရာတွေကို အရမ်း လျှောက်လုပ်နေကြတာ မဟုတ်ဘူး။ ဒို့တတွေ ( မင်းတို့တတွေ အပါအဝင်) ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ လွှပ်လပ်ရေး ရတာနဲ့၊ ပြည်ထောင်စုကြီး ဟာ တည်ဆောက် ပြီးစီးသွားတာ မဟုတ်သေးဘူး။ အိမ်ပုံစံ ကိုဆွဲပြီးရုံနဲ့၊ အိမ်ဆောက်မပြီးသေးဘူးဆိုတဲ့ သဘောမျိုးပေါ့။ ဒီတော့၊ ပြည်ထောင်စုကြီးကို ဒို့တတွေ တည်ဆောက်နေတဲ့ အခါမှာ၊ ခိုင်ခံ့တဲ့အုတ်မြစ်ကို သေသေချာချာချမိဘို့ အင်မတန် အရေးကြီးတယ်။

ဒီအထဲမှာ ဖဆပလ ဟာ၊ ပြည်ထောင်စုကြီးတည်ဆောက် ဘို့တာဝန်ကို ဦးဦးဖျားဖျား ထမ်းရွက်ရတဲ့အတွက် ဒို့တတွေ

ဟာ အထူးသတိ ထားကြရလိမ့်မယ်။ နိုင်ငံ တနိုင်ငံကို ဦးဦး ဖျားဖျား တည်ဆောက်ခွင့်ရကြတဲ့ လူတွေဟာ၊ မဲတောင်းပြီး အစိုးရဖွဲ့တတ်တဲ့ နိုင်ငံရေးသမားတွေ ဖြစ်နေရုံနဲ့ မလုံလောက် သေးဘူး။ နိုင်ငံသူ နိုင်ငံသားတွေကို အလုပ်အကိုင်မှာရော၊ အ ပြောအဆိုမှာရော၊ အတွေးအခေါ်မှာရော လမ်းမှန်ကို ရောက် အောင် လမ်းပြပေးနိုင်တဲ့ ပြည်သူ့ မီးရှူးတန်ဆောင်ကြီး တွေလဲ ဖြစ်ကြရအုံးမယ်။ ဒီလိုလမ်းမှန်ကို ရောက်အောင် ပို့ပေးနိုင်တဲ့မီးရှူးတန်ဆောင်ကြီးတွေမဟုတ်ဘဲ၊ ဦးဦးဖျားဖျား တည်ဆောက်ခွင့် ရကြတဲ့ လူတွေက လူသာမန်တွေ ဖြစ်ပြီး၊ ပြည်ထောင်စုကြီးကို တော်သလို လျော်သလို ပေါ့ပေါ့ဆဆ တည်ဆောက်သွားကြမယ်ဆိုယင်၊ မကောင်းတဲ့ အုတ်မြစ်ပေါ် မှာတည်ဆောက်ထားတဲ့ အဆောက်အအုံတွေဟာ ယွဲ့တဲ့တဲ့ စောင်းတောင်းတောင်း၊ ချိနဲ့နဲ့ဖြစ်နေရသလို၊ ဒို့ရဲ့ ညံ့ဖျင်း မှုတွေ၊ ဆင်ခြင်တုံတရားကင်းမဲ့မှုတွေ၊ စိတ်လိုက်မာန်ပါ ပြု ကျင့်မှုတွေကြောင့်၊ ဒို့ရဲ့ပြည်ထောင်စုကြီးတခုလုံးမှာမကောင်း တဲ့ဘေးတွေ၊ မကောင်းတဲ့ဒဏ်တွေ၊ မကောင်းတဲ့ အန္တရာယ် တွေဟာ၊ သားစဉ်မြေးဆက်၊ တကျတည်းကျရောက်နေမှာကို ငါအင်မတန်စိုးတယ်။ ဒါကြောင့် ဒို့ရဲ့လတ်တလောကိုယ်ကျိုး အတွက်၊ ဘာတွေကို ဘယ်လောက်ဘဲ လုပ်ချင်လုပ်ချင်၊ ဒီလို လုပ်ချင်တဲ့ စိတ်တွေကို နောင်လာနောက်သားတွေရဲ့ ကောင်း ကျိုးအတွက် ဒို့တတွေက အပြင်းအထန် ခံတွန်းလှန်ပစ် ရမယ်။

မင်းတို့ရဲ့လုပ်ငန်းဟာ လူသစ်တည်၍ ပြည်သစ်ဆောက်ရမဲ့ လုပ်ငန်းဖြစ်တယ်။ ဒါပေမဲ့ မင်းတို့ကိုယ်တိုင်က အမှန်ကိုမြင်

လျက်သားနဲ့၊ ကိုယ့်စိတ်ကို ကိုယ်မနိုင်လို့ အမှားနောက်ကို လိုက်နေမယ်ဆိုယင်၊ မင်းတို့ရဲ့လူသစ်တည်၍ ပြည်သစ်ဆောက် ရမဲ့လုပ်ငန်းဟာ ဘယ်နည်းနဲ့မှ အောင်မြင်မှာ မဟုတ်ဘူး။ ဒါကြောင့် မင်းတို့ရဲ့ လုပ်ငန်းကို တကယ်တမ်း အောင်မြင်စေ ချင်တယ်ဆိုယင်၊ တောင်ကြည့် မြောက်ကြည့် ကြည့်မနေကြနဲ့။ တောင်လုပ် မြောက်လုပ် လုပ်မနေကြနဲ့။ ဟိုလိုလို ဒီလိုလို ယောင်သုံးဆယ်တွေ ဖြစ်မနေကြနဲ့၊ ပြည်ထောင်စု လူငယ် ရေးရာ ဗဟိုကောင်စီက ချမှတ်ပေးလိုက်တဲ့ လူသစ်တည်၍ ပြည်သစ်ဆောက်ရမဲ့ တာဝန်နဲ့ ဒီမိုကရေစီကို အစွမ်းကုန် ကာကွယ်ရန် တာဝန်တွေကိုသာ အာရုံပြုပြီး အစွမ်းကုန် ကြိုးစားကြဖို့ ငါလေးနက်စွာတိုက်တွန်းလိုက်တယ်။

# ၇။ ကျောင်းဆရာ

## ၁၉၅၂-ခုနှစ်၊ မေလ ၁၄-ရက်နေ့၊ ကျောင်းဆရာများ ညီလာခံ မိန့်ခွန်း

ဆရာတို့။ လွန်ခဲ့တဲ့နှစ်က ရန်ကုန်မှာ ဆရာတို့ အခုအစည်း အဝေးမျိုး ကျင်းပတုန်းက၊ ဆရာတို့နဲ့တွေ့ဘို့ ကျွန်တော်ကြိုး စားပါသေးတယ်။ ဒါပေမဲ့ အကြောင်းမညီညွတ်လို့ မတွေ့ လိုက်ရဘူး။ ဆရာတို့ကိုပေးဘို့ အမှာလွှာတခုကိုသာ ရေးပြီး၊ ပညာရေးဝန်ကြီးကို ဘတ်ပြဘို့ပြောလိုက်ရတာဘဲ။

ဒီနှစ်တော့ ဆရာတို့နဲ့ ဘယ်နည်းနဲ့ မဆို တွေ့မယ်လို့ သန္နိဋ္ဌာန်ချထားတဲ့အတွက်၊ အခုအစည်းအဝေးရဲ့နောက်ဆုံး ရက်မှာလာတွေ့ခြင်း ဖြစ်ပါတယ်။ ဆရာတို့နဲ့တွေ့ဘို့သန္နိဋ္ဌာန် ချထားတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ အရေးကြီး တဲ့စကားတခွန်းနှစ်ခွန်းကို မှာလိုက်ချင်လို့ဖြစ်ပါတယ်။

ဆရာတို့။ လွတ်လပ်ရေးရပြီးတဲ့နောက် ပြည်ထောင်စုကြီး ရဲ့ တာဝန်တွေကို ရှေ့ဆုံးတန်းကနေပြီး ထမ်းရွက်နေရတဲ့ လူတွေထဲမှာ၊ ဆရာတို့လဲ ပါဝင်ပါတယ်။ ဘယ်လိုပါဝင်ကြ တယ်ဆိုတာကို ကျွန်တော်အနည်းငယ် ရှင်းပြပါရစေ။

လွတ်လပ်ရေး ရပြီးတဲ့နောက်၊ ပြည်ထောင်စုကြီးနဲ့ ပတ် သက်တဲ့တာဝန်ဟူသရွေ့ဟာ ပြည်ထောင်စုသားတွေရဲ့ လက် ထဲကိုကျရောက်ခဲ့ပါတယ်။ ယခင်ကျွန်ဘဝတုန်းကလို၊ ဘာကိစ္စ ဘဲဖြစ်ဖြစ်၊ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့တာဝန်၊ ဗြိတိသျှနယ်ချဲ့ သမားတွေလုပ်ကြလိမ့်မယ်ဆိုပြီး၊ အခြားလူတွေကို မျှော်ကြည့်

နေလို့မဖြစ်တော့ဘူး။ ဗြိတိသျှနယ်ချဲ့သမားတွေနှစ်ပေါင်းတရာ လောက်အုပ်စိုးသွားတဲ့ အတောအတွင်းမှာ၊ မလွတ်လပ်ဘဲကြီးငါးခု စလုံးကို ခြစားထားတဲ့အတွက်၊ ယိမ်းတိမ်းတိမ်း၊ ယိုင်တိုင်တိုင် ဖြစ်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို တည်တံ့အောင် လုပ်ဖို့တာဝန်၊ပြည်ထောင်စုကြီးကိုပြည်တွင်းရန်ပြည်ပရန်တွေ မှ ကာကွယ်ပေးဖို့တာဝန်၊ နိုင်ငံခြားနဲ့ဆက်သွယ်ရေးတာဝန်၊ ပြည်တွင်းအုပ်ချုပ်မှုတာဝန်၊ လောင်စာနဲ့ပြာပုံဖြစ်နေတဲ့ဘဝ ကို ပြန်လည် ထူထောင်ဖို့ တာဝန်အစရှိတဲ့ တာဝန်တွေဟာ ဘယ်နိုင်ငံခြားသားတွေရဲ့တာဝန်တွေမှမဟုတ်ဘူး။ ကျွန်တော် တို့ရဲ့ တာဝန်တွေဖြစ်လာပြီ။ ဒီတာဝန်တွေကို ဘယ်သူကမှ ထမ်းမှာမဟုတ်ဘူး။ ကျွန်တော်တို့ဘဲ ထမ်းကြရမှာဘဲ။ ဒီတော့၊ ကျွန်တော်တို့တတွေ ဖိုးသုညတွေ ဖြစ်နေကြမယ်ဆိုယင်၊ ဒီတာ ဝန်တွေကို ဘယ်နည်းနဲ့မှ ထမ်းနိုင်မှာမဟုတ်ဘူး။

သေနတ်ကိုင်ပြီး တိုင်းပြည်ကာကွယ်ရတဲ့ စစ်သားလုပ်ချင် ယင်လဲ ပညာတတ်ဖို့လိုတယ်။ ပေါက်တူးကိုင်ပြီး လောင်စာ နဲ့ ပြာပုံဖြစ်နေတဲ့ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင် ပေးရမဲ့ ပြန်လည်ထူထောင်ရေး တပ်သား လုပ်ချင်ယင်လဲ ပညာတတ်ဖို့လိုတယ်။ စက်ဆရာလုပ်ချင်ယင်လဲ ပညာတတ် ဖို့လိုတယ်။ ဆေးဆရာလုပ်ချင်ယင်လဲ ပညာတတ်ဖို့ လိုတယ်။ ကုန်သည်လုပ်ချင်ယင်လဲ ပညာတတ်ဖို့ လိုတယ်။ နိုင်ငံရေး သမားလုပ်ချင်ယင်လဲ ပညာတတ်ဖို့ လိုတယ်။ အုပ်ချုပ်ရေး သမားလုပ်ချင်ယင်လဲ ပညာတတ်ဖို့လိုတယ်။ ရုံးစေလုပ်ချင် အုံး ပညာတတ်ဖို့လိုတယ်။ ဘယ်အလုပ်ကိုဘဲလုပ်ချင်လုပ်ချင်၊

ပညာတတ်ဘို့လိုတယ်။ ကုန်ကုန်ပြောလိုက်မယ် ထင်းခွေရေခတ် အလုပ်မှာတောင် ပညာတတ်ယင်၊ ပိုကောင်းတယ်။

ဒီလိုနေရာတကာတိုင်းမှာ လိုနေတဲ့ပညာကို တတ်မြောက်အောင် တကယ်လုပ်ပေးနိုင်သူတွေဟာ တခြားလူတွေ မဟုတ်ဘူး။ ဆရာတို့ဘဲ ဖြစ်တယ်။ ဆရာတို့ဟာ အရေးပါသမျှတို့ရဲ့ ရေသောက်မြစ်ကြီးတွေ ဖြစ်နေတဲ့အတွက် ပြည်ထောင်စုကြီးရဲ့ တာဝန်ကြီးတွေကို ရှေ့ဆုံးကထမ်းပေးနေကြရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ၊ ဆရာတို့လဲ ပါဝင်တယ်လို့ ကျွန်တော်ပြောခြင်း ဖြစ်ပါတယ်။

ဆရာတို့။ ဆရာတို့ဟာ ပြည်ထောင်စုအတွင်းမှာ ရှိကြတဲ့ အရေးပါသမျှတို့ရဲ့ ရေသောက်မြစ်ကြီး ဖြစ်တယ် ဆိုတာကို ကျွန်တော်ပြောခဲ့ပြီ။ ဒီလိုရေသောက်မြစ်ကြီးတွေ ဖြစ်နေကြတဲ့ ဆရာတို့ဟာ ဘယ်တာဝန်တွေကို ဆောင်ရွက်ဘို့ ရှိတယ်ဆိုတာကို ကျွန်တော်အနည်းငယ် ရှင်းပြပါရစေ။ မိကျောင်းမင်းရေခင်းပြတယ်ဆိုသလို ဆရာတွေကို ဆရာလုပ်တယ်ဆိုတဲ့ သဘောနဲ့မဟုတ်ဘဲ၊ သတိပေးတဲ့အနေနဲ့ ပြောခြင်းသာ ဖြစ်တယ်လို့ ဆရာတို့က နားလည်ထားကြစေချင်ပါတယ်။

ဆရာတို့ရဲ့ တပည့်တွေ တင်ပြည့် ကျပ်ပြည့် ပညာတတ်မြောက်နိုင်ကြအောင်၊ နည်းကောင်းလမ်း ကောင်းတွေကို ရှာဖွေပြီး အစွမ်းကုန် သင်ကြားပြသဘို့ တာဝန် ဝတ္တရားဟာ ဆရာတိုင်းမှာ ရှိတယ်ဆိုတာကို၊ ဆရာဖြစ်သူတိုင်း ကောင်းကောင်းကြီးသိနေတဲ့အတွက်၊ ဒီအချက်ကို ကျွန်တော် မပြောလိုပါဘူး။ နောက်ပြီးတော့ ကိုယ့်တပည့်တွေဟာ ကြီးပွါးတိုး

တက်တဲ့ လူတွေဖြစ်လာအောင်၊ မကောင်းမြစ်တာ၊ ကောင်းရာ ညွှန်ပြ၊ ဆိုဆုံးမဘို့ တာဝန်ဝတ္တရားဟာ ဆရာဖြစ်သူတိုင်းရဲ့ တာဝန် ဖြစ်တယ်ဆိုတာကိုလဲ ဆရာတို့သိပြီးသား ဖြစ်နေတဲ့ အတွက်၊ ဒီအချက်ကိုလဲ ကျွန်တော်မပြောချင်ပါဘူး။

အခုကျွန်တော် ပြောချင်တဲ့ အချက်ကတော့ တခြားမဟုတ်ပါဘူး။ ဆရာတို့ရဲ့တပည့်တွေကို ဒီမိုကရေစီဝါဒ သက်ဝင်ယုံကြည်တဲ့ ပြည်ထောင်စု သားကောင်း၊ သမီးကောင်းများ ဖြစ်လာအောင်လုပ်ပေးဘို့ တာဝန်ဘဲဖြစ်ပါတယ်။ သာမန်ကာ လျှံကာတွေးတဲ့ လူတယောက်အနေနဲ့ဆိုယင်၊ ဒီအချက်ဟာ ဘယ်လောက် အရေးကြီးတဲ့ အချက်မို့လို့ ဝန်ကြီးချုပ်က ဒီအစည်းအဝေးကြီးမှာချပြီး ပြောရတာလဲလို့ ကျွန်တော့ကို မေးမှာအမှန်ဘဲ။ ဒီအချက်ရဲ့ အရေးကြီးပုံကို ထင်ရှားလာအောင် ကျွန်တော်တို့ရဲ့ ရာဇဝင်ကို နောက်ခံကား အနေ ထားပြီး၊ ကျွန်တော်အနည်းငယ် ရှင်းပြချင်ပါတယ်။

နှစ်ပေါင်းနှစ် ထောင်လောက် ကြာမြင့်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ရာဇဝင် တလျှောက်လုံးမှာ အာဏာ လိုချင်တဲ့ လူတွေဟာ၊ အာဏာကို လက်နက်နဲ့သာ တိုက်ယူခဲ့ကြတာကို ဆရာတို့လဲ သိပြီးသား ဖြစ်နေတဲ့အတွက်၊ ကျွန်တော် အထူးချဲ့ပြီး ပြောဘို့ မလိုပါဘူး။ ဒီလိုအာဏာကို လက်နက်နဲ့ တိုက်ပြီး ယူခဲ့ကြတဲ့ အတွက်၊ (၁) ပြည်သူလူထု အကျိုးအတွက် အဖက်ဖက်မှာ အသုံးချနိုင်တဲ့ လူစွမ်းကောင်းတွေ အလဟဿ သေကျေပျက် စီးရခြင်း၊ (၂) အာဏာကို ရပြီးပြန်တော့လဲ မင်းလုပ်သူ တွေဟာ ပြည်သူလူထုရဲ့ အကျိုးကို မရွက်ဆောင်နိုင်ဘဲ၊ ကိုယ့် အာဏာတည်မြဲအောင်၊ အာဏာလုတဲ့ လူတွေကိုရော၊ အာ

ကောာ လုလိမ့်မယ်လို့ သူတို့ မယုံသင်္ကာဖြစ်တဲ့ လူတွေကိုရော၊ အတင်း ဒလကြမ်း ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်နေခြင်းဖြင့်သာ အချိန်ကုန်ရခြင်း၊ (၃) အတုမြင် အတတ်သင် ဆိုသလို တဦးက လက်နက်အားကိုးနဲ့ မင်းလုပ်လို့ ရမှန်းသိတော့၊ မင်းလုပ်ချင်တဲ့ အာဏာရှူးတွေဟာ တခြား ဘာအလုပ်ကိုမှ မလုပ်ကြတော့ဘဲ လက်နက်အင်အား လူအင်အားစုပြီး မကြာခဏ သူပုန်ထတမ်း ကစားကြခြင်း၊ (၄) ဒီလိုမကြာခဏ သူပုန်ထတမ်းကစားကြပြီး သူတဗိုလ် ငါတမင်းအနေနဲ့ ဗိုလ်တွေ မင်းတွေ မှိုပေါက်သလို ပေါက်လာကြတဲ့အတွက်၊ နိုင်ငံရဲ့အင်အားတွေဟာ ဆုတ်ယုတ် ပျက်ပြားပြီး နိုင်ငံခြားတခုခုရဲ့ လက်အောက် ကျွန်သဘောက်ဘဝသို့ သက်ဆင်းရခြင်း၊ (၅) သူပုန်ထတမ်း ကစားကြတဲ့ ဗိုလ်ရှူးတွေ၊ အာဏာရှူးတွေမှာ ပျော်ကြ ရွှင်ကြသလောက်၊ ပြည်သူလူထုကြီး တရပ်လုံးမှာ ကြိမ်မီးအုံးသည့်ပမာ ကျီးလန့်စာစား၊ အိုးပစ်အိမ်ပစ်၊ သားကွဲ မယားကွဲအစရှိတဲ့ ဆင်းရဲဒုက္ခ ဝဲဩဃကြီးထဲမှာ တဝဲလယ်လယ် နေရခြင်းဆိုတဲ့ ဒုက္ခတွေဟာ၊ လူ့နောက်မှာအရိပ်ပါသလို၊ လက်နက်နဲ့ တိုက်ပြီး အာဏာသိမ်းတဲ့ စံနစ်ဆိုးကြီးနောက်မှာ ထက်ချပ် ကပ်ပြီး ပါလာကြတာဘဲ။

အာဏာကို လက်နက်နဲ့တိုက်ပြီး သိမ်းယူတဲ့အတွက် ဒီလိုဒုက္ခတွေဖြစ်ရတယ်ဆိုတာမျိုးဟာ ဆရာတို့ကျွန်တော်တို့ရဲ့ ဗမာနိုင်ငံတငံတည်းမှာသာ ဖြစ်ရတာ မဟုတ်ပါဘူး။ ကမ္ဘာကြီးရဲ့ အရှေ့ဘက်ကိုဘဲကြည့်ကြည့်၊ အနောက်ဘက်ကိုဘဲကြည့်ကြည့်၊ တောင်ဘက်ကိုဘဲကြည့်ကြည့်၊ မြောက်ဘက်ကိုဘဲ ကြည့်ကြည့်၊ ဘယ်နိုင်ငံမှာမဆို အာဏာကိုလက်နက်နဲ့တိုက်ယူတဲ့ စံနစ်ဆိုး

တည်တံ့နေယင်တော့၊ အခု ကျွန်တော်ပြောခဲ့တဲ့ ဒုက္ခတွေကို အားလုံးသော်ငြင်း၊ သုံးလေးခုကိုသော်ငြင်း ဒီနိုင်ငံတွေမှာ တွေ့ကြရတယ်ဆိုတာဟာ ကမ္ဘာ့ရာဇဝင်က အထင်အရှား သက်သေခံနေသားဘဲ။ ကျွန်တော် အထူးပြောနေဘို့ မလိုပါဘူး။

ဒါကြောင့်၊ ဒီအဓမ္မစံနစ်ဆိုးကို ကျွန်တော်တို့ဟာ ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူး။ ကျွန်တော်တို့ တမျိုးလုံး၊ တပြည်ထောင်စုလုံးကို မသေသေအောင် သတ်ပစ်မဲ့ ဒီအဆိပ်ပင်ကြီးကို ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ မြေကြီးပေါ်မှာ ကြီးထွား သန်စွမ်းလာအောင် ကျွန်တော်တို့ ဘယ်နည်းနဲ့မှ ရေလောင်းမပေးနိုင်ဘူး။ ဒီအဆိပ်ပင်ကြီးကို၊ မသေသေအောင် သတ်နိုင်တဲ့နည်းနဲ့ သတ်ရမှာဘဲ။ ကုန်ကုန် ပြောလိုက်မယ်။ ကျွန်တော်တို့ အာဏာရနေတဲ့ အချိန်ကာလအတောအတွင်းမှာ၊ မဏ္ဍိုင်ကြီး ငါးခုစလုံးကို ခြစားနေတဲ့ ဘဝကနေပြီး၊ အသစ်ထူထောင်ပေးရမဲ့ ဘဝသစ်ထူထောင်ရေး လုပ်ငန်းကို လုပ်မပေးနိုင်ဘူးဆိုလျှင်တောင် ကျွန်တော်တို့ ဝမ်းမနည်းဘူး။ အမျိုးနဲ့ ပြည်ထောင်စုကြီးကို မသေသေအောင် သတ်ပစ်မဲ့၊ မပျက်စီး ပျက်စီးအောင် ဖျက်ဆီးပစ်မဲ့ ဒီ အဆိပ်ပင်ကြီးကို ကျွန်တော်တို့ သတ်ပစ်နိုင်တယ် ဆိုယင်ဘဲ၊ ကျွန် တော် တို့ ကျေနပ်ပြီ။

ဒီလိုလက်နက်အားကိုးနဲ့ အာဏာသိမ်းယူတဲ့ အဓမ္မစံနစ်ဆိုးကြီးကို အသေသတ်ပြီးတဲ့နောက်၊ အာဏာရရှိရေးအတွက် စံနစ်ကောင်းတခုကို ကျွန်တော်တို့ ရှာကြရလိမ့်မယ်။ ဒီစံနစ်ကောင်းကို ကျွန်တော်တို့တွေ့ပြီ။ ဒီစံနစ်ကောင်းဟာ တခြားမဟုတ်ဘူး။ ဒီမိုကရေစီစံနစ်ဘဲ ဖြစ်တယ်။ ဒီမိုကရေစီ စံနစ်

ဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုထဲမှာ တည်တံ့ခိုင်မြဲလာယင်၊ အာဏာလိုချင်တဲ့လူတွေဟာ လက်နက်အားကိုးနဲ့ တိုက်ယူဘို့ မလိုတော့ဘူး။ အာဏာကို တိုက်ပြီး ယူဘို့မလိုခြင်းကြောင့် (၁) ပြည်သူလူထု အကျိုးအတွက် အဖက်ဖက်မှာ အသုံးချနိုင်တဲ့လူစွမ်းကောင်းတွေ အလဟဿ သေကျေပျက်စီးခြင်းမဖြစ်ရတော့ဘူး။ (၂) အာဏာလက်ကိုင်ဖြစ်တဲ့ မင်းတွေဟာလဲ ကိုယ့်အာဏာ တည်မြဲရေး အတွက် အာဏာလုတဲ့လူတွေကိုရော၊ အာဏာကို လုယူလိမ့်မယ်လို့ သူတို့မယုံသင်္ကာဖြစ်တဲ့ လူတွေကိုရော၊ အတင်း ဒလကြမ်း ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်နေခြင်းဖြင့်သာ အချိန်ကုန်ဘို့ မလိုတော့ဘူး။ ရသမျှအချိန်အတွင်းမှာ ပြည်သူလူထုရဲ့ အကျိုးကို ဇောက်ချပြီး လုပ်ပေးနိုင်လိမ့်မယ်။ (၃) အာဏာကို လက်နက်အားကိုးနဲ့ လုလို့မရမှန်း သိကြယင်၊ မင်းလုပ်ချင်တဲ့ အာဏာရူးတွေလဲ မကြာခဏ သူပုန်ထတမ်း မကစားကြတော့ဘူး။ (၄) ဒီလို မကြာခဏ သူပုန်ထတမ်း မကစားကြရလို့ ဗိုလ်ရူးတွေ၊ အာဏာရူးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တဲ့အတွက်၊ နိုင်ငံရဲ့ အင်အားဟာလဲ တနေ့တခြား တိုးတက်ကြီးမား လာလိမ့်မယ်။ (၅) ပြည်သူ လူထုကြီး တရပ်လုံးဟာလဲ ကျီးလန့်စာစား၊ အိုးပစ်အိမ်ပစ်၊ သားကွဲ မယားကွဲ အစရှိတဲ့ ဆင်းရဲဒုက္ခ ဝဲသြဃကြီးမျိုးနဲ့ မတွေ့ရတော့ဘဲ၊ ရေတွေ့တဲ့ ကြာပမာကြည်သာရွှင်လန်း ဝမ်းမြောက်စွာ နေကြရလိမ့်မယ်။

ဒီအကြောင်းတွေကြောင့်၊ ဒီမိုကရေစီစံနစ်ကြီး ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမှာ တည်တံ့ခိုင်မြဲအောင် လုပ်ဘို့ ကျွန်တော်တို့ သန္နိဋ္ဌာန် ချပြီးပြီ။ သန္နိဋ္ဌာန် ချတဲ့အတိုင်းလဲ အထူး

ကြိုးစား နေကြပါပြီ။ ကျွန်တော်တို့ရဲ့ ကြိုးစားချက်တွေ ထမြောက် အောင်မြင်ရေးအတွက်၊ တခြားလူတွေထက် ဆရာတို့က အဆပေါင်းများစွာ ပိုပြီး အရေးကြီးပါတယ်။

ဒီမိုကရေစီ စံနစ် အောင်မြင်ဘို့ ဆိုတာဟာ၊ " အချုပ်အချာအာဏာသည်၊ ပြည်သူလူထုမှ ဆင်းသက်ရမည် " အစရှိတဲ့ ပုဒ်မတွေပါတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုရုံနဲ့ မပြီးဘူး။ လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဟောခွင့်၊ စည်းရုံးခွင့်တွေ ပေးထားရုံနဲ့လဲ မပြီးသေးဘူး။ လူထုဆီက အာဏာကို တရားသဖြင့် တောင်းယူနိုင်ဘို့ အတွက် ရွေးကောက်ပွဲတွေ ကျင်းပ ပေးရုံနဲ့လဲ မပြီးသေးဘူး။ ဒါတွေဟာ အမှန်စင်စစ်ဆိုယင်၊ ဒီမိုကရေစီ စံနစ်ရဲ့ အကိုင်း အခက်တွေသာဖြစ်သေးတယ်။

ဒီမိုကရေစီစံနစ်ရဲ့ ပင်စည် ပင်မကြီးကတော့ တခြား ဘယ်မှာမှ မရှိဘူး။ တိုင်းသူပြည်သားတွေရဲ့ အတွင်းစိတ်ဓါတ်ထဲမှာသာရှိတယ်။ အကိုင်းအခက်တွေကို ဘယ်လိုပင်ပြုပြင်စေကာမူ၊ ပင်စည် ပင်မကြီးက မသန်စွမ်းလျှင်၊ အကိုင်းအခက် တွေဟာ ချိနဲ့ ခြောက်သွေ့ ရဘီသကဲ့သို့၊ ဒီမိုကရေစီနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေကို ဘယ်လိုဘဲ ရေးဆွဲရေးဆွဲ၊ ဒီမိုကရေစီ အခွင့်အရေးတွေကို ဘယ်လိုဘဲ ပေးပေး၊ ရွေးကောက်ပွဲတွေကို ဘယ်လိုဘဲ ကျင်းပကျင်းပ၊ ပြည်သူပြည်သားများ ကိုယ်တိုင်က၊ ဒီမိုကရေစီစံနစ်ရဲ့ တန်ဘိုးကို ကောင်းကောင်း သဘောပေါက်ပြီး၊ ဒီမိုကရေစီ စံနစ်ကြီးဟာ သူတို့ရဲ့ အသွေးတွေ၊ အသားတွေ၊ အရိုးတွေထဲမှာ စွဲနေလောက်အောင် ဒီမိုကရေစီစံနစ်ကို သက်ဝင် ယုံကြည်သူများ မဟုတ်ကြယင်၊ ဒီဥပဒေတွေ ဒီအခွင့် အ

ရေးတွေ၊ ဒီရွေးကောက်ပွဲ တွေဟာ အချည်းနှီး အလဟဿ ဖြစ်ကြရမှာဘဲ။

ဒါ့ကြောင့် ကျွန်တော်တို့ဟာ ဥပဒေတွေ၊အခွင့်အရေးတွေ၊ ရွေးကောက်ပွဲတွေဆိုတဲ့ အကိုင်းအခက်တွေကို မွမ်းမံပြုပြင်ရုံနဲ့ အားရ တင်းတိမ်ခြင်း မရှိသေးဘဲ၊ ပင်စည် ပင်မကြီးနဲ့တူတဲ့ ပြည်သူလူထုရဲ့ စိတ်ဓါတ်ကိုပါ ဒီမိုကရေစီစံနစ်ကို သက်ဝင်ယုံကြည်တဲ့ စိတ်ဓါတ်တွေ ဖြစ်လာအောင် ပြုပြင်ပေးဘို့ အစီ အစဉ်တွေ ပြုလုပ်နေကြပါပြီ။ ဒီအစီအစဉ်တွေ ထဲမှာ ကျွန်တော်တို့ အများဆုံး အရေး ပေးမှာကတော့ တခြားမဟုတ်ဘူး။ ကျောင်းသူ ကျောင်းသား ကလေးတွေရဲ့ စိတ်ဓါတ်ကို ပြုပြင်ပေးဘို့ အစီအစဉ်တွေဘဲ ဖြစ်တယ်။ လူကြီးတွေရဲ့ စိတ်ဓါတ်ကို ပြုပြင်ပေးဘို့ ဆိုတာ ကတော့ မလွယ်လှဘူး။ ဒီတော့ လူကြီးတွေနဲ့ ပတ်သက်ပြီး၊ ဖြစ်သလိုကြည့်ပြီး စခန်း သွားရမှာဘဲ။ ဆရာတို့ ကျွန်တော်တို့ ကျောင်းသားဘဝ တုန်းကတော့ သူ့ကျွန်တွေ ဖြစ်နေကြရလို့ အခုလို အခွင့်ကောင်းတွေ မရခဲ့ကြရဘူး။ အခုလို အခွင့်ကောင်း ရနေတဲ့ အခါမှာတော့၊ ကျွန်တော်တို့ရဲ့ ကျောင်းသူ ကျောင်းသား ကလေးတွေကို အလေ့ကျပေါက်တဲ့ သစ်ပင်များလို ကြီးပြင်းချင်သလို ကြီးပြင်းလာကြပေစေလို့ ဆိုပြီး၊ လွှတ်မထားနိုင်ဘူး။

(၁) ငါတကော ကောချင်တဲ့ စိတ်ဓါတ်တွေကို စွန့်ပြီး အများနဲ့ စုပေါင်း ဆောင်ရွက်ခြင်းရဲ့ တန်ဘိုးကိုသိတဲ့ ပြည်ထောင်စု သားကောင်း၊ သမီးကောင်းတွေ ဖြစ်လာအောင် လုပ်ပေးရလိမ့်မယ်။ (၂) လက်နက်ထက် ကိုယ့်အရည်အချင်း၊ ကိုယ့်သီလ၊ ကိုယ့်သမာဓိကိုပို၍ ယုံကြည်အားကိုးတဲ့

ပြည်ထောင်စုသားကောင်း၊ သမီးကောင်းတွေ ဖြစ်လာအောင် လုပ်ပေးရလိမ့်မယ်။ (၃) ဘယ်သူသေသေ၊ ငတေမာပြီးရော ဆိုတဲ့ စိတ်ယုတ်စိတ်ညံ့တွေရဲ့ အပြစ်ကို တကယ်သဘော ပေါက်ပြီး အများအကျိုးအတွက်၊ ကိုယ့်သိက္ခာကို ကိုယ်စောင့် ထိန်းနိုင်တဲ့ ပြည်ထောင်စု သားကောင်း၊ သမီးကောင်းတွေ ဖြစ်လာအောင် လုပ်ပေးရလိမ့်မယ်။ (၄) အများရဲ့ဆုံးဖြတ် ချက်ကို ရိုသေ လေးစားနိုင်တဲ့ ပြည်ထောင်စု သားကောင်း သမီးကောင်းတွေ ဖြစ်လာအောင် လုပ်ပေးရလိမ့်မယ်။ (၅) အများရဲ့ ဆုံးဖြတ်ချက်ကို မရိုသေမလေးစားဘဲ၊ ငါတကော ကောချင်တဲ့လူ ပေါ်လာယင် ဒီလူကို ပြည်သူလူထုကြီးရဲ့ ရန်သူ နံပါတ် တစ်လို့သဘောထားနိုင်တဲ့ ပြည်ထောင်စုသားကောင်း သမီးကောင်းတွေ ဖြစ်လာအောင် လုပ်ပေးရလိမ့်မယ်။

ပြည်ထောင်စုသားတွေဟာ အခုပြောခဲ့တဲ့အ ရည်အချင်း တွေနဲ့ ပြည့်စုံမှသာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုထဲမှာ ဒီမိုကရေစီ စံနစ်ကြီးဟာ တည်တံ့ခိုင်မြဲမယ်။ ပြည်ထောင်စု သားတွေကို ဒီအရည်အချင်းတွေနဲ့ ပြည့်စုံလာအောင်လုပ်ပေး ဘို့ ဆိုပြန်ယင်လဲ၊ ကျောင်းတွေကစပြီး လုပ်ပေးမှဖြစ်လိမ့်မယ်။ တခါတုန်းက ဖခင်တဦးဟာ သူရဲ့ နှစ်၊ နှစ်သားကလေးကို ကျောင်းသွား အပ်တယ်။ သားက ငယ်နေလွန်းတဲ့ အတွက် အားနာတဲ့အနေနဲ့ ဖခင်ဖြစ်သူက "ဆရာရယ်၊ ကျွန်တော့က လေးဟာ ၂ နှစ်သာရှိသေးတဲ့အတွက်အခုလိုကျောင်းလာအပ်ရ တာ အင်မတန်အားနာပါတယ်" လို့ပြောတဲ့အခါ "ခင်ဗျားမှား နေပြီ။ ခင်ဗျာ့ကလေးကို ကျောင်းလာအပ်တာ ၂ နှစ်တောင် နောက်ကျသွားပြီ" လို့ ဆရာကပြန်ပြောတယ်။ ဒီဆရာရဲ့

စကားဟာ အင်မတန် လေးနက်တယ်။ ဒီဆရာရဲ့စကားကို ကျွန်တော် လေးလေးနက်နက် ထောက်ခံတယ်။ ဒါကြောင့် ဖြစ်နိုင်ယင် အထက်ကပြောခဲ့တဲ့ အရည်အချင်းတွေနဲ့ ပြည့်ဝတဲ့ ပြည်ထောင်စုသားကောင်း၊ သမီးကောင်းတွေဖြစ်လာရေး အတွက်၊ ကလေးတွေကိုကျောင်းမပို့ခင်၊ လူမှန်းသိတဲ့ အရွယ်ကစပြီး၊ မိဘတွေကပြုပြင်ပေးနိုင်ယင် ပိုကောင်းတယ်။ ဒါပေမဲ့ ဒီကိစ္စကတော့ စကားအဖြစ်နဲ့သာ ပြောရတယ်။ တယ်ပြီး မလွယ်လှဘူး။ အထက်ပါ အရည်အချင်းတွေနဲ့ ပြည့်ဝလာအောင် ဆရာတို့ကိုယ်တိုင် အစွမ်းကုန် ပြုပြင် ပေးလိုက်တဲ့ တပည့်တွေဟာ မိဘတွေဖြစ်လာတဲ့ အချိန်အခါရောက်မှ၊ အခု ကျွန်တော်တို့ လိုချင်တဲ့ ဒီကိစ္စဟာ ပြီးမြောက်နိုင်ပါလိမ့်မယ်။

ရှေးခေတ်ဆရာတွေဟာ သူတို့ရဲ့တပည့်တွေရဲ့ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလတွေကို မြှင့်တင်ပေးနိုင်ယင်၊ သူတို့ရဲ့ တာဝန်ဟာ ကျေပွန်နေပြီ။ အခုဆရာတို့ခေတ်ကျတော့ ဒီလို မဟုတ်တော့ဘူး။ ဆရာတို့ရဲ့တပည့်တွေရဲ့ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလတွေကို မြှင့်တင်ပေးရုံနဲ့ ဆရာတို့ရဲ့တာဝန်ဟာ ကျေပြီလို့ ဘယ်နည်းနဲ့မှ မဆိုနိုင်တော့ဘူး။ ဆရာတို့ရဲ့ တပည့်တွေကို ပြည်ထောင်စုကြီးထဲမှာ ဒီမိုကရေစီ စံနစ်တည် တံ့ခိုင်မြဲအောင် လုပ်ပေးနိုင်တဲ့ လူစွမ်းကောင်းတွေ ဖြစ်လာ သည်အထိ၊ ဆရာတို့အစွမ်းကုန် ကြိုးစားပေးနိုင်မှ ဆရာတို့ရဲ့ တာဝန်ဟာ ကျေပွန်ပြီလို့ ဆိုနိုင်ပေလိမ့်မယ်။

ကျွန်တော် အတည့်အလင်း ပြောပါရစေ။ အနာဂတ်ပြည် ထောင်စုကြီးဟာ ဆရာတို့ရဲ့ လက်ထဲမှာ ရောက်နေပါပြီ။ အနာဂတ် ပြည်ထောင်စုကြီးဟာ ဘယ်လို ပြည်ထောင်စုကြီး

ဖြစ်မလဲဆိုတာ အခြားဟာတွေထက်၊ ဆရာတို့ရဲ့ အစွမ်းပေါ်မှာ အများကြီးတည်နေပါပြီ။ အနာဂတ် ပြည်ထောင်စုကြီးဟာ ငွေတိုက်တွေဖေါက်၊ မီးရထားလမ်းတွေဖျက်၊ လူထုကို အနိုင်ကျင့်၊ သူပုန်ထတမ်း မကြာခဏကစားနေကြတဲ့ ဖိုးသည တွေရဲ့ ပြည်ထောင်စုဘဲ ဖြစ်မလား။ ဒါမှမဟုတ်ယင်လဲ၊ ပြည်ထောင်စုကြီး ပျက်ရုံမကလို့၊ ဘာဘဲဖြစ်ဖြစ် ဒို့ထင်ရာလုပ်မယ် ဆိုတဲ့သဘောနဲ့ အာဏာ အလွဲသုံးစားလုပ်ပြီး လပ်စားချင် တိုင်းလပ်စား၊ မတရားမှုတွေကို အကာအကွယ် ပေးချင်တိုင်း ပေး၊ ရမ်းချင်တိုင်းရမ်းနေကြတဲ့ မင်းတွေ၊ စိုးတွေ၊ အာဏာပိုင် နိုင်ငံရေးသမားတွေရဲ့ ပြည်ထောင်စုဘဲ ဖြစ်မလား။ အမြတ်ရ မယ်ဆိုယင် ဘနဖူးမှာတောင် သိုက်တူးဝံ့တဲ့ စီးပွါးရေး ကလိမ်ချုံတွေရဲ့ ပြည်ထောင်စုဘဲဖြစ်မလား။ လက်နက်အားကိုးနဲ့ ရမ်းချင်ရာတွေ လျှောက်ရမ်းနေတဲ့ စစ်ရူးတွေရဲ့ ပြည် ထောင်စုဘဲ ဖြစ်မလား။ အမေကျော် ဒွေးဒေါ်လွှမ်းနေတဲ့ လူတွေရဲ့ ပြည်ထောင်စုဘဲဖြစ်မလား။ နယ်ချဲ့သမားတွေ သွေးစုတ် ချင်တိုင်း သွေးစုတ်နေတာကို ခံနေရတဲ့ ပြည်ထောင်စုဘဲ ဖြစ် မလား။ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဆိုတဲ့ သဘောနဲ့ တာဝန်မဲ့ ပြောချင်ရာတွေပြော၊ ရေးချင်ရာတွေရေး၊ လုပ်ချင် ရာတွေလုပ်နေတဲ့ လူတွေရဲ့ ပြည်ထောင်စုဘဲ ဖြစ်မလား။ ဒါမှ မဟုတ်ယင်လဲ၊ မဏ္ဍိုင်ကြီးငါးခုစလုံးနဲ့ ပြည့်စုံပြီး ပြည်ထောင် စုကြီးကို မြေမျက်နှာပြင်ကဲ့သို့ တည်တံ့ခိုင်မြဲအောင် စွမ်း ဆောင်ပေးနိုင်မဲ့ လူစွမ်းကောင်း အာဇာနည်တွေရဲ့ ပြည် ထောင်စုဘဲ ဖြစ်မလား။ အခု ပြောခဲ့တဲ့ ပြည်ထောင်စုတွေ အနက်၊ ဘယ်ပြည်ထောင်စုမျိုးဖြစ်လာမယ်ဆိုတာဟာ တခြား

ဟာတွေထက် ဆရာတို့ရဲ့အစွမ်းပေါ်မှာ ပိုပြီးတည်နေပါတယ်။

ရှေးအခါက ကျွန်တော်တို့နိုင်ငံမှာ ဆရာတွေကို တော်ရုံ လျော်ရုံ နေရာထားခဲ့ကြတဲ့အတွက်၊ ဆရာ့နယ်ပယ်ထဲကို လူတော်တွေဟာ ဝင်သင့်သလောက် မဝင်ခဲ့ကြဘူး။ ဒီကနေ့ ပြည်ထောင်စုကြီးတခုလုံး ရင်ဆိုင်တွေ့နေရတဲ့ဒုက္ခတွေရဲ့အကြောင်းရင်းတွေကို ရှာလိုက်မယ်ဆိုရင် ဆရာတွေကိုထိုက်တန်တဲ့ နေရာမှာ မထားခဲ့ခြင်းဟာ အကြောင်းရင်းကြီးတခုအနေနဲ့ ပါဝင်တယ်လို့ ကျွန်တော်ပြောရဲတယ်။ ဒါကြောင့် ရှေ့အဘို့မှာဆိုယင် အစိုးရဟာ အင်အားရှိသရွေ့၊ ဆရာတွေကိုထိုက်တန်တဲ့ နေရာမှာထားဘို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချပြီးပြီ။ အခက်အခဲတွေနဲ့ ရင်ဆိုင်တွေ့နေရတဲ့ ကြားထဲကတောင်၊ ဆရာတွေရဲ့ အခြေအနေကို၊ အစိုးရရဲ့ အင်အားကြည့်ပြီး၊ မြှင့်တင်သလောက်လဲ မြှင့်တင်ပေးခဲ့ပြီးပြီ။ ဒီတော့ ချောင်ထိုးထားမှာဘဲဆိုတဲ့ အဖြစ်မျိုးကိုတော့ နောင်ကိုဘယ်နည်းနဲ့မှ မဖြစ်စေရဘူး။ အစိုးရရဲ့အင်အား၊ တိုင်းပြည်ရဲ့ အခြေအနေကိုကြည့်ပြီး ဆရာတွေရဲ့အခြေအနေဟာလဲ တိုးတက် ကောင်းမွန်လာစေရမယ်ဆိုတာကို နိုင်ငံတော်အစိုးရရဲ့ ကိုယ်စား၊ ဆရာတို့ရဲ့ ရှေ့မှောက်မှာ ကျွန်တော် လေးနက်စွာ ကတိပေးပါတယ်။ ဆရာတို့ကသာ အနာဂတ်ပြည်ထောင်စုကြီးဟာ မဏ္ဍိုင်ကြီး ငါးခုနဲ့ပြည့်စုံပြီး၊ ပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင် စွမ်းဆောင် ပေးနိုင်တဲ့ ပြည်ထောင်စု သားကောင်း၊ သမီးကောင်းတွေ၊ အာဇာနည်တွေ ဆထက်ထမ်းပိုး တိုးပွါးလာအောင် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပေးကြပါရန် ကျွန်တော်လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

# ၈။ တောင်သူလယ်သမား

## ၁၉၅၃–ခုနှစ်၊ မေလ–၂၄–ရက်နေ့၊ ဗ–တ–လ–စ ညီလာခံ မိန့်ခွန်းမှ

ဗ၊ တ၊ လ၊ စ (ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး)ရဲ့ ပန်းတိုင်ဟာ ပြည်တော်သာဖြစ်တယ်။ ဒီတော့ ပြည်တော်သာဟာ ဘာလဲ။ စစ်ဒဏ်နဲ့ သူပုန်ရောင်စုံတို့ရဲ့ ဒဏ်ကြောင့် ပြည်ထောင်စုကြီး တခုလုံးမှာ နံ့နေတဲ့ လောင်စာနဲ့ ပြာပုံတွေ ရှင်း။ ဗွက်ထနေတဲ့ လမ်းတွေကို ပြင်။ ကျိုးနေတဲ့ တံတားတွေနဲ့ မီးရထားလမ်းတွေကို အသစ်ဆောက်။ ပြိုပျက်နေတဲ့ အိမ်တွေကို အသစ်ပြန်တည်။ ပြည်ထောင်စုကြီးရဲ့ စပါးတွေ သစ်တွေ ရေနံတွေ သတ္တုတွေကို ဆထက်ထမ်းပိုး တိုးပြီး ထွက်အောင်လုပ်။ အခုကျွန်တော် ပြောခဲ့တာတွေကို လျှောက်ပြီးလုပ်နိုင်ယင်၊ ပြည်တော်သာဖြစ်ရောလား။ ဗ၊ တ၊ လ၊ စ ရဲ့ ပန်းတိုင်ဖြစ်ရမဲ့ ပြည်တော်သာ ဖြစ်ရောလား။ မဖြစ်သေးဘူး။

ဒါတွေလောက်ကိုသာလုပ်နိုင်ပြီး၊ အခုကျွန်တော်ပြောပြမဲ့ အရေးကြီးတာ တွေကို မလုပ်နိုင်ယင်၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ ''ရွှေကျောင်း ပြောင်ပြောင် ဝမ်း ခေါင်ခေါင်'' ဆိုတဲ့ စကားထဲက ကျောင်းတော်ကြီးလို ဖြစ်နေပါလိမ့်မယ်။ ကျောင်းတော်ကြီးက ရွှေတွေနဲ့ တဝင်းဝင်းဖြစ်နေပေမဲ့၊ ကျောင်းရှိ သံဃာတော်တွေမှာတော့၊ ဆွမ်းမဝ တချက်ဝတချက် ဖြစ်နေကြသလို၊ ပြည်ထောင်စုကြီးကို ကြည့်ရတာကတော့၊ သာသာယာယာ ရှိပါရဲ့၊ လူထုကြီး တရပ်လုံးမှာ

တော့ ဝမ်းခေါင်ခေါင် ဖြစ်နေလိမ့်မယ်။ ပြည်ထောင်စုကြီး တခုလုံးကို ကြည့်ရတာ ဘယ်လိုဘဲ သာယာသာယာ လူထုကြီးတရပ်လုံးမှာ ဝမ်းခေါင်ခေါင် ဖြစ်နေသရွေ့တော့၊ ကျွန်တော်တို့ ပြည်ထောင်စု ကြီးဟာ ဗ၊ တ၊ လ၊ စ ရဲ့ ပန်းတိုင်ဖြစ်ရမဲ့ ပြည်တော်သာ ဘယ်နည်းနဲ့မှ မဖြစ်သေးဘူး။

ဒီတော့၊ ဒီလိုလောင်စာနဲ့ ပြာပုံတွေရှင်း။ ဗွက်ထနေတဲ့လမ်းတွေပြင်။ မီးရထားလမ်းတွေ၊ တံတားတွေကို အသစ်ဆောက်။ အိမ်သစ်တွေကိုတည်။ စပါးတွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကို ဆထက် ထမ်းပိုး တိုးထွက်အောင် လုပ်တဲ့အပြင်၊ ပြည်တောင်စုကြီးကို တကယ့် ပြည်တော်သာ အစစ်ကြီး ဖြစ်အောင် နောင်ထပ်ပြီး လုပ်ရမဲ့ အရေးကြီးတဲ့ အချက်ဆိုတာဟာ ဘာလဲ။

ဒီမေးခွန်းကို ခပ်ရှေရှေကလေး ဖြေပါရစေ။ ကမ္ဘာ့သူကမ္ဘာ့သားတွေဟာ အမှားကြီး မှားနေကြတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်အမြိုက်ကို ခံနေရတဲ့အတွက် လုပ်သင့်တာကတခြား၊ တကယ် လုပ်နေကြတာကတခြားဖြစ်နေတယ်။ ဗုဒ္ဓဘာသာဝင်ဘဲဖြစ်ဖြစ်၊ ဟိန္ဒူဘာသာဝင်ဘဲဖြစ်ဖြစ်၊ မူစလင်ဘာသာဝင်ဘဲဖြစ်ဖြစ်၊ ခရစ်ယန်ဘာသာဝင်ဘဲဖြစ်ဖြစ်၊ နတ်စားတဲ့ ဘာသာဝင်ဘဲဖြစ်ဖြစ်၊ ဘယ် ဘာသာကိုမှ မယုံကြည်တဲ့လူဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ်၊ အိုရမဲ့ဘေးကြီး၊ နာရမဲ့ဘေးကြီး၊ သေရမဲ့ဘေးကြီးက ဘယ်သူမှ မလွတ်နိုင်ပါဘူး။ ဒါကတော့ ဘယ်သူဘဲဖြစ်ဖြစ် မငြင်းနိုင်ပါဘူး။ လက်တွေ့ ဖြစ်နေတာဘဲ။

နောက်ပြီးတော့လဲ လူတွေအားလုံး နေ့မနား၊ ညမနား တကောက်ကောက် ပါအောင် လိုက်နေကြတဲ့ မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ ကိုယ်အာရုံ၊ စိတ်အာရုံ ဆိုတာတွေဟာလဲ လက်ဖျစ် တတွက်တောင် မခံဘူး။ ခုတွေ့ ခုပျောက် ဖြစ်နေတယ်ဆိုတာကိုလဲ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါဟာလဲလက်တွေ့ ဖြစ်နေတာဘဲ။ နောက်ပြီးတော့လဲ ဘာတွေကိုဘဲ ရှာထား ရှာထား။ ဘာပစ္စည်းတွေကိုဘဲ စုစု။ သေတာနဲ့ တပြိုင်နက် ဘာတခုကိုမျှ ယူမသွားနိုင်ဘူး ဆိုတာကိုလဲ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါဟာလဲ လက်တွေ့ဖြစ်နေတာဘဲ။

ဒီတရားကြီး တွေကို၊ ဘယ်သူဘဲ ဖြစ်ဖြစ် မငြင်းနိုင်ပေမဲ့၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်အမြိုက်ကို ခံနေကြရတဲ့အတွက်၊ တကယ့် လက်တွေ့ကျတော့၊ ကိုယ့်အနားကပ်နေတဲ့ ဒီ တရားကြီးတွေကို ဘယ်သူမှ မမြင်ကြတော့ဘူး။ ဒီတော့ မကောင်းတဲ့ အာရုံတွေကို ခံစားနေကြတဲ့ လူတွေကလဲ ကောင်းတဲ့အာရုံတွေကို ခံစားချင်ကြတယ်။ ကောင်းတဲ့အာရုံတွေကို ခံစားနေကြတဲ့ လူတွေကလဲ ပိုပြီး ကောင်းတဲ့ အာရုံတွေကိုခံစားချင်ကြတယ်။ ပိုပြီး ကောင်းတဲ့ အာရုံတွေကို ခံစားနေကြတဲ့ လူတွေကလဲ အကောင်းဆုံး အာရုံတွေကို ခံစားချင်ကြတယ်။

ဒီလို လောဘဇောတွေက ဆင့်ကဲဆင့်ကဲတိုးပြီး မြှောက်ပင့်ပေးတာကို ခံရတော့ ပိုပြီးကောင်းသထက် ကောင်းတဲ့ အာရုံတွေခံစား စံစားနိုင်ဘို့၊ နည်းလမ်းတွေ ရှာကြရပြန်ရော။ နည်းလမ်းတွေ တွေ့ပြီ ဆိုမှဖြစ်ယင်၊ လုပ်ကြရပြန်ရော။ ဒီတော့

မမြဲတဲ့ သဘောတရားတွေ၊ ဒီဘ၀ဟာ သံသရာကြီးနဲ့ စာလိုက်ယင် မျက်စိတမှိတ် လျှပ်တပြက် လောက်တောင် မရှိအောင် တိုတောင်းတာတွေ၊ သေယင် ဘာမှ ယူမသွားနိုင်တာတွေ အစရှိတဲ့ အမှန်တရားကြီးတွေကို ဘာမှ မမြင်ကြတော့ဘူး။ အာရုံတွေကို ဆင့်ကဲဆင့်ကဲ တိုးပြီး ခံစားရအောင်ဆိုပြီး၊ လယ်ဆယ်ကေရှိတဲ့ လူတွေကလဲ ကေတရာ၊ ကေတရာရှိတဲ့ လူတွေကလဲ တထောင် တသောင်းအထိ တိုးရအောင်ကြိုးစားကုန်ကြရော။ စက်ရှိတဲ့ စက်ပိုင်တွေကလဲ တလုံးက နှစ်လုံး၊ နှစ်လုံးက လေးလုံးစသည်ဖြင့်တိုးပြီးရအောင်ကြိုးစားကုန်ကြရော။သတ္တုတွင်းတွေ၊ သစ်တောတွေ၊ ရေနံတွင်းတွေ ပိုင်တဲ့လူတွေကလဲ ဒီလိုဘဲ ဆထက်ထမ်းပိုး တိုးပြီး ရအောင် ကြိုးစားကြပြန်ရော။ ဒီလိုဘဲ လူတွေဟာ ရလေလိုလေ အိုတဏှာ တွေ ဖြစ်ကုန်ကြပါရော။ ဒီတော့ ဒီလို တကေ က ဆယ်ကေ၊ တတွင်းက နှစ်တွင်း၊ တတောက နှစ်တော၊ တတိုက် ကနှစ်တိုက် အစရှိသဖြင့် တိုးပွားလာအောင်လုပ်ဘို့ လူသုံးပစ္စည်းတွေကို လူသုံးဘို့ သက်သက်မဟုတ်တော့ဘဲ၊ အမြတ်ရဘို့ပါ ကြိုးစားလာကြရတယ်။

ဒီလို၊ လူသုံးပစ္စည်းတွေကို လူသုံးဘို့သက်သက် မဟုတ်ဘဲ အမြတ်ရဘို့ လုပ်တဲ့အချိန်ကစပြီး၊ လူသုံးပစ္စည်းတွေရဲ့ အပေါ်မှာ မူလကထားခဲ့ကြတဲ့ လူတွေရဲ့ အမြင်ဟာ တခါတည်း ပျောက်ကွယ်သွားတယ်။ ရှေးရှေးအခါက၊ ဒီလူသုံး ပစ္စည်းတွေဟာ ကမ္ဘာသူ ကမ္ဘာသားတွေ လိုသလောက် သုံးကြဘို့ ဖြစ်ပေမဲ့၊ အမြတ်ထုတ်တဲ့ အချိန်ကစပြီး၊ လူသုံးဘို့သက်သက် မဟုတ်တော့ဘူး။ လယ်ပိုင်ရှင်ကလေး တွေကနေပြီး၊ လယ်ပိုင်ရှင်ကြီးတွေ၊ စက်ပိုင်ရှင်ကလေးတွေကနေပြီး၊ စက်ပိုင်ရှင်ကြီး

တွေ၊ သတ္တုတွင်း၊ ရေနံတွင်း ပိုင်ရှင်ကလေးတွေက၊ ပိုင်ရှင်ကြီးတွေ၊ သစ်တောပိုင်ရှင်ကလေးတွေက သစ်တောပိုင်ရှင်ကြီးတွေ၊ တိုက်ပိုင်ရှင်ကလေးတွေက တိုက်ပိုင်ရှင်ကြီးတွေ အစရှိသဖြင့် ပစ္စည်းရှင် အတန်းအစားတွေ ဖန်တီးပေးဘို့ ပစ္စည်းတွေ ဖြစ်လာကြတယ်။ အဲဒီဖြစ်တဲ့ အချိန်ကစပြီး—

(၁) ပစ္စည်းရှင်လူတန်းစားနဲ့၊ ပစ္စည်းမဲ့ လူတန်းစားဆိုပြီး လူတန်းစား နှစ်စားပေါ်လာတယ်။

(၂) ဒီလိုလူတန်းစား နှစ်စားပေါ်လာတဲ့အတွက်၊ ပစ္စည်းမဲ့ လူတန်းစားတွေဟာ ပစ္စည်းရှင်တွေဆီမှာ ဝတ်ရေး နေရေး စားသောက်ရေးအတွက် မှီခိုကပ်ယပ်ပြီး၊ ပရိယေသန ဝမ်းစာရှာကြရတယ်။ ဒီလိုရှာကြတဲ့ အချိန်ကစပြီး၊ လူလူချင်း လူညွှန့်ပုးစားတဲ့ စံနစ်ဆိုးကြီး ပေါ်လာရပြန်တယ်။

(၃) ဒီလူလူချင်း လူညွှန့်ခူးစားတဲ့ စံနစ်ဆိုးကြီး ဆိုတာ၊ ပစ္စည်းမဲ့တွေဆီက ရသမျှယူ၊ နဲနိုင်သမျှ နဲနဲပြန်ပေးတဲ့စံနစ်ဆိုးကြီးဖြစ်လေတော့ ပစ္စည်းမဲ့တွေဟာ မဲ့သထက်ပိုမဲ့။ ဒီလိုမဲ့သထက် ပိုမဲ့တော့၊ နိုးဖွက် လုယက် တိုက်ခိုက်တာတွေလုပ်ကုန်ကြရရော။ ပြည့်တန်ဆာမ အလုပ်တို့၊ တိတ်တိတ်ပုန်း အလုပ်တို့ဆိုတာတွေကို လုပ်သူတွေက လုပ်ရပြန်ရော။

(၄) အသက်သေခြင်း အကြောင်းတရားဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုပြီး လေးပါးရှိတယ်။ ဒီတော့ လူလူချင်း လူညွှန့် ခူးစားတဲ့ စံနစ်ဆိုးကြီးရဲ့

အောက်မှာ၊ ပစ္စည်းမဲ့ လူတန်းစားဖြစ်ရတဲ့ လူတွေအတွက် ဘယ်မှာ အာဟာရ ကောင်းကောင်းစားနိုင်မလဲ။ ဘယ်မှာ ဥတုသုံးပါး ကာကွယ်နိုင်တဲ့ အိမ်ယာတို့၊ အဝတ် အစားတို့ လုံလုံ လောက်လောက် ရှိနိုင်ပါ့မလဲ။ ဒီလို မစားနိုင် မဝတ်နိုင် မနေနိုင်တဲ့ လူတွေအတွက် စိတ်ကကော ကောင်းနိုင်ပါအုံးမလား။ စိတ်မကောင်းတဲ့ နောက် ကိုယ်ကော ဘယ်မှာ ကောင်းနိုင်ပါအုံးမလဲ။ ဒီတော့ ပစ္စည်းမဲ့ လူတန်းစား စာရင်းထဲ ပါရကတဲက ဒီလူတွေမှာ အသက် ရှေစေနိုင်တဲ့ အကြောင်း တရားလေးပါးစလုံးဟာ ချို့တဲ့နေကြပြီ။ ဒီတော့ ရောဂါတွေ ထူပြောလာရောပေါ့။

(၅) ပစ္စည်းမဲ့ လူတန်းစားတွေဟာ မသေထမင်း မသေဟင်းကလေး တလုပ် နှစ်လုပ်ကို စားရဘို့ကိုဘဲ အပြေးအလွှား လုပ်နေရတဲ့ အတွက်၊ ပညာရေးကို ဘယ်မှာ ဂရုစိုက်နိုင် ပါတော့မလဲ။ ပညာရေးကို အင်မတန် ဂရုစိုက်တဲ့အတွက် သင်ကြားချင်တဲ့ လူတွေ ကျပြန်တော့လဲ၊ ပေါက်ပေါက် ရောက်ရောက် သင်ကြားနိုင်အောင် အထောက် အပံ့တွေ မရှိရှာကြဘူး။ ဒီတော့၊ လူ့အန္ဓတွေ မိုးသုည တွေဟာ မှိုပေါါသလို ပေါလာရပြန်တာပေါ့။

(၆) ဒီလို လူအန္ဓတွေ၊ မိုးသုညတွေ ပေါနေတဲ့ နိုင်ငံ တနိုင်ငံဟာ၊ ဘယ်မှာ လာပြီး တိုးတက်မှု ရှိနိုင်ပါတော့မလဲ။

ယခု ကျွန်တော်ပြောခဲ့တဲ့ အချက်ကြီး (၆) ချက်ကို တခုစီ လျှောက်ပြီး ဆင်ခြင် သုံးသပ်ခြင်းအားဖြင့်၊ လူသုံးပစ္စည်းကို လူတွေသုံးစွဲဘို့နေရာမှ အမြတ်ထုတ်ဘို့နေရာအထိ ကူးပြောင်း လိုက်တဲ့ စံနစ်ဆိုးကြီးကစပြီး၊ ကမ္ဘာကြီးအတွင်းမှာ ယနေ့ကြုံ တွေ့နေရတဲ့ မကောင်းတာတွေ ခပ်များများဟာ၊ ဘယ်လို ပေါ်ပေါက်လာတယ်ဆိုတာကို ကျွန်တော်တို့သိနိုင်ပါလိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဘူးကြတဲ့ ကမ္ဘာဦး အစတုန်း က ပေါ်ပေါက်ခဲ့ဘူးတယ်လို့ဆိုတဲ့ ပဒေသာပင်ကြီးအကြောင်း ကို ကျွန်တော်အနည်းငယ် ပြောပြချင်ပါတယ်။ သီးခံပြီး နား ထောင်ကြပါ။

ဒီပဒေသာပင်ကြီး ပေါ်ပေါက်တယ်ဆိုတဲ့ ခေတ်တုန်းက လူတွေဟာ လိုချင်တာရှိယင်၊ ဒီ ပဒေသာပင်ကြီးမှာ သွားပြီး ဆွတ်ယူလိုက်ကြတာဘဲ။ ဒီလိုယူနိုင်တဲ့အတွက် ဒီခေတ်တုန်းက လူတွေဟာ မဝတဲ့လူ၊ မဝတ်ရတဲ့လူ၊ အိမ်ကောင်းကောင်းနဲ့ မနေရတဲ့ လူရယ်လို့မရှိဘူး။ နေရေး၊ ထိုင်ရေး ချို့တဲ့လို့ ခိုးရ တိုက်ရတဲ့ သူခိုး ထားပြလဲ မရှိခဲ့ဘူး။ ပြည့်တန်ဆာ လုပ်ရတဲ့ လူရယ်လို့လဲမရှိခဲ့ဘူး။ ရောဂါထူပြောတယ်လို့လဲ မရှိခဲ့ဘူး။

ဒါပေမဲ့ လူတွေဟာ ကိုယ့်လောဘတွေကို ကိုယ်မထိန်း သိမ်းနိုင်တော့ဘဲ အမှန်လိုတာထက်ပိုပြီးဝိုင်းယူလိုက်ကြတော့၊ ဒီ ပဒေသာပင် ကြီးဟာ ကွယ်သွားတာဘဲလို့ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြားဘူးကြတယ်။ ဒီလို ပဒေသာပင်ကြီး ကွယ်ပြီးတဲ့နောက် ထမင်း နတ်မှန်အောင် မစားရတဲ့ လူတွေ၊ အဝတ် ကောင်းကောင်း မဝတ်ရတဲ့ လူတွေ၊ အိမ်ကောင်း ကောင်းနဲ့ မနေရတဲ့လူတွေ၊ ခိုးသား ထားပြတွေ၊ ပြည့်တန်

ဆာတွေ၊ ရောဂါ ထူပြောတာတွေ၊ တသီတတန်းကြီး ပေါ်ပေါက် လာခဲ့ကြတယ်။

ဒီ ပဒေသာပင်ကြီး ဆိုတာက အမှန် စင်စစ်တော့ စကား ဥပစာတင်ပြီး သုံးထားတဲ့ အသုံးအနှုန်းမျှသာဖြစ်တယ်။ ပဒေသာပင်ဆိုတာ တခြားဟာမဟုတ်ဘူး။မြေတွင်းမြေပြင် သဘာဝ ပစ္စည်းတွေနဲ့ ပြည့်လျှံနေတဲ့ ဒီကမ္ဘာကြီးဘဲဖြစ်တယ်။ ဒီကမ္ဘာကြီးထဲမှာ ပြည့်လျှံနေတဲ့ သဘာဝ ပစ္စည်းတွေကို လူတွေသုံးဘို့သာ အသုံးပြုကြမယ်ဆိုယင် အခု လက်ရှိ ကမ္ဘာသူ ကမ္ဘာသားတွေ နောက်ထပ် နှစ်ဆတိုးလာသည့်တိုင်အောင်၊ သုံးလို့ မကုန်ပါဘူး။ လူလိုင်း လူတန်းစေ့ နေနိုင်ဘို့ လုံလုံလောက်လောက် သုံးနိုင်တဲ့အပြင်၊ ပိုလျှံတောင် နေအုံးမယ်။ ဒါပေမဲ့ အခုတော့ ဒီလိုမဟုတ်ဘူး။ လူတိုင်းက ကိုယ်သုံးနိုင်တာထက် ပိုပြီးလိုချင်နေကြတယ်။ ဆင်းရဲသားကျောမွဲကလဲ လူတန်းစေ့ နေရရုံမကဘူး။ သူဌေး ဖြစ်ချင်တယ်။ သူဌေး ဖြစ်ပြန်တော့လဲ၊ သူဌေးကလေးအဖြစ်နဲ့ နေရတာကိုမကျေနပ်သေးဘူး။ သူဌေးကြီး ဖြစ်ချင်သေးတယ်။ သူဌေးကြီး တွေကလဲ ပိုကြီးကျယ်တဲ့ သူဌေးကြီးတွေ ဖြစ်ချင်ကြတယ်။ ဒီတော့ ပစ္စည်းတွေကို လိုတာထက် ပိုပြီးရနိုင်မယ်ဆိုယင်၊ ဘနဖူးကိုတောင် သိုက်တူးလိုက်ကြသေးတယ်။ ဒီတော့ ပစ္စည်းတွေဟာ လူတစုရဲ့လက်ထဲမှာ သူတို့ရဲ့ တသက်မဟုတ်ဘူး၊ ဆယ်သက် ပြန်သုံးတောင် ဘယ်နည်းနဲ့မှ မကုန်နိုင်ဘဲ တောင်ပုံယာပုံဖြစ်။ မရှိတဲ့လူကျတော့ ခါးကပ်နေတဲ့ နံ့ငယ်ပိုင်းအစုတ်ကလေးတောင် အနိုင်နိုင်ရှာကြရတယ်။ ဒီအချိန်ကစပြီး ပဒေသာပင်ကြီးလဲ ကွယ်တာဘဲ။

ပဒေသာပင်ပေါ်လာပုံနဲ့၊ ပဒေသာပင်ကွယ်ပျောက်သွားပုံ ဥပစာဟာ၊ လူသုံးပစ္စည်းတွေကို လူတွေသုံးရုံအတွက်သာ အသုံးပြုနေတုန်းက လူ့လောကကြီးဟာ ဘယ်လို၊ လူတွေလောဘထွက်လာပြီး လူသုံးပစ္စည်းတွေကို စီးပွါးရေးအဖြစ်နဲ့ အမြတ်ထုတ်လာကြတဲ့ အခါကျတော့၊ လူ့လောကကြီးဟာ ဘယ်ပုံ ဖြစ်လာတယ်ဆိုတာကို ရှေးပညာရှိကြီးများက စကားတင်စားပြီး ပြောသွားတဲ့ ဥပမာဘဲဖြစ်ပါတယ်။

ကဲ····ကျွန်တော် ပြောခဲ့တာလဲ အတော် ရှည်သွားပါပြီ။ ဒီတော့ ''ပြည်တော်သာဆိုတာဟာ ဘာလဲ'' အဲဒီမေးခွန်းကို ကျွန်တော်ဖြေပါတော့မယ်။ ပြည်တော်သာဆိုတာ လောင်စာနဲ့ ပြာပုံတွေရှင်းရုံ၊ လမ်းတွေပြင်ရုံ၊ မီးရထားလမ်း၊ တံတားအစရှိသည်တို့ကို အသစ်ပြင်ဆောက်ရုံ၊ အိမ်သစ်တိုက်သစ်တွေ တည်ပေးရုံ၊ စပါးတွေ သစ်တွေ ရေနံတွေ သတ္တုတွေကိုဆထက်ထမ်းပိုးတိုးပြီးထွက်အောင် လုပ်ပေးရုံသာမက၊ ပစ္စည်းရှင်နဲ့ ပစ္စည်းမဲ့လူတန်းစား စံနစ်ဆိုး၊ လူလူချင်း လူညွန့်ခူးစားနေတဲ့ စံနစ်ဆိုး၊သူခိုးတွေ ခါးပိုက်နှိုက်တွေလုယက်သမားတွေ ထားပြတွေ ပြည့်တန်ဆာတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပေးနေတဲ့ စံနစ်ဆိုး၊ ရောဂါထူပြောအောင် လုပ်ပေးနေတဲ့စံနစ်ဆိုး၊ လူအန္ဓတွေဖြစ်ပေါ်အောင် ဖန်တီးပေးတဲ့ စံနစ်ဆိုး၊ နိုင်ငံတနိုင်ငံကို တိုးတက်မှုမရှိစေဘဲ ဆုတ်ယုတ်အောင် လုပ်နေတဲ့စံနစ်ဆိုး၊ အဲဒီစံနစ်ဆိုးတွေ မှန်သမျှကို အမြစ်ကနေပြီး တော်လှန်ပစ်ဘို့ ကိုလဲ ကျွန်တော်တို့ ကြိုးစားကြရမယ်။

လောင်စာနဲ့ပြာပုံရှင်း၊ လမ်းတွေပြင်၊ မီးရထားလမ်းတွေ အသစ်ဆောက်၊ အိုးသစ် အိမ်သစ်တွေထူထောင်၊ ထွက်ကုန်

ပစ္စည်းတွေ ဆထက်ထမ်းပိုးတိုးပြီး ထွက်အောင်ကိုသာ လုပ်ထားပြီး၊ ဒီစံနှုန်းဆိုးတွေကိုဘော်လှန်မပစ်ဘူးဆိုယင်၊ ကျွန်တော်ခုတင်က ပြောခဲ့တဲ့အတိုင်း ရွှေကျောင်းပြောင်ပြောင်၊ ဝမ်းခေါင်ခေါင် ဖြစ်မှာဘဲ။

ဒီတော့မေးခွန်းအနည်းငယ်ကို ကျွန်တော်ကဘဲ ပြန်ပြီးမေးပါရစေ။

နိုင်ငံတနိုင်ငံမှာ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေက သိပ်ကောင်း၊ အိုးအိမ်တွေက သိပ်လှ၊ ထွက်ကုန်တွေ ကျပြန်တော့လဲ သိပ်ထွက်ပါရဲ့၊ ဒါပေမဲ့ အဲဒီနိုင်ငံမှာ လူလူချင်းလူ ညွှန့်ခွေးစားတာကို ခံနေရလို့ လူများစု လူထုကြီး တရပ်လုံးမှာ လူတန်းစေ့မနေရ၊ မဝတ်ရ၊ မစားရဘူးဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာလို့ ခေါ်နိုင်ကြပါ့မလား။ ခိုးသား ထားပြတွေ ပေါများနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ ပြည့်တန်ဆာတွေ ပေါများနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ ရောဂါထူပြောနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာလို့ ခေါ်နိုင်ကြပါမလား။ လူအန္ဓတွေ၊ ဖိုးသုညတွေ ပေါနေမယ်ဆိုယင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာ နိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ တိုးတက်မှုမရှိဘဲ၊ ဆုတ်ယုတ်မှုသာရှိနေတဲ့ နိုင်ငံမျိုးကို ပြည်တော်သာ နိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။ မခေါ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မခေါ်နိုင်ပါဘူး။

ဒါကြောင့်၊ ဗ၊ တ၊ လ၊ စ ရဲ့ ပန်းတိုင်ဖြစ်ရမဲ့ ပြည်တော်သာဟာ၊ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေ၊ အိုးအိမ်တွေ

ကကောင်းပြီး၊ ထွက်ကုန်ပစ္စည်းတွေ အများကြီးထွက်နေတဲ့ နိုင်ငံသာမက၊ လူလူချင်း လူညွန့်ခူးစားတဲ့ စံနစ်ဆိုးတွေ၊ ခိုးသားထားပြ၊ ရောဂါဘယ၊ ပြည့်တန်ဆာမ၊ လူအန္တနဲ့ ဖိုးသုည အစရှိတဲ့ အနိဋ္ဌာရုံတွေကို အမြစ်ကပါတော်လှန်သုတ်သင်ရှင်းလင်းပြီးဖြစ်တဲ့ နိုင်ငံတနိုင်ငံလဲ ဖြစ်ရမယ်ဆိုတာ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တိုင်း ထိပ်မှာသံမှိုနဲ့ နှက်ထားသလိုကို မှတ်ထားကြရမယ်။

ဗ၊ တ၊ လ၊ စ ရဲ့ ပန်းတိုင်ဖြစ်တဲ့ ပြည်တော်သာဆိုတာ စကားသုံးလုံးသာရှိတယ်။ အကောင်အထည်ဖေါ်ရမဲ့လုပ်ငန်းကတော့ ဘယ်လောက်ကြီးမားတယ်ဆိုတာကို အခုကျွန်တော်ပြောခဲ့တဲ့ အချက်တွေကိုထောက်ပြီး သိနိုင်ပါပြီ။ ဒီပန်းတိုင်ကို ချီတက်တဲ့အခါမှာ ဗ၊ တ၊ လ၊ စ က ဘယ်အခန်းက ချီတက်ရမယ်ဆိုတာကို သေသေချာချာ ဆုံးဖြတ်နိုင်ဘို့ ကျွန်တော်တို့ရဲ့ ပြည်တော်သာ နိုင်ငံကြီးကို တည်ဆောက်တဲ့နေရာမှာ လုပ်ရမဲ့ လုပ်ငန်းကြီးတွေကို ကျွန်တော် အကျဉ်းချုပ် ဖေါ်ပြချင်ပါတယ်။ ဒီလုပ်ငန်းကြီးတွေဟာ အောက်ပါအတိုင်း ဖြစ်တယ်။

(၁) ပြည်ထောင်စုကြီးထဲမှာ ရှိတဲ့ လယ်၊ သစ်တော၊ သယ်ယူပို့ဆောင်ရေး၊ သတ္တုတွင်း၊ ရေနံတွင်း၊ လျှပ်စစ်ဓါတ်အားပေးရေးအစရှိတဲ့ သော့ချက်လုပ်ငန်းကြီးတွေရှိတဲ့အနက်၊ ချက်ခြင်းပြည်သူ့ပိုင်လုပ်နိုင်တဲ့ လုပ်ငန်းတွေကိုချက်ခြင်းလုပ်။ အခုချက်ခြင်း မလုပ်နိုင်သေးတဲ့လုပ်ငန်းတွေကို၊ အမြန်ဆုံးနည်းနဲ့ ပြည်သူ့ပိုင် ဖြစ်နိုင်အောင်၊ သင့်တော်တဲ့ အစီအစဉ်တွေကိုလုပ်။

(၂) လူသုံး ကုန်ပစ္စည်းတွေကို ပြည်ထောင်စုသားတွေ အတွက် လိုသလောက် လုံလုံလောက်လောက် ရအောင်အပြင်၊

နိုင်ငံခြားကိုပါ ပို့နိုင်အောင် လိုအပ်တဲ့ အစီအစဉ်တွေကို လုပ်ရမယ်။ လူသုံးပစ္စည်းတွေကို အခုပြောခဲ့တဲ့အတိုင်း ပိုပိုလျှံလျှံကြီး ထွက်အောင် လုပ်ဘို့ဆိုယင် လက်မှု ပညာလောက်ကို အားကိုးနေလို့ မဖြစ်ဘူး၊ စက်မှုလုပ်ငန်း အမြောက်အမြား ထူထောင်ရမယ်။

(၃) ဒီလို စက်မှုလုပ်ငန်းတွေကို တဖက်က ထူထောင်နေတုန်း၊ အခြားတဖက်က၊ စစ်ကြီးနဲ့ သူပုန်ရောင်စုံတို့ရဲ့ ဘေးဒဏ်ကြောင့် ပျက်စီးနေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အိုးအိမ်တည်ဆောက်ရေး အစရှိတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလဲ ရှေးကျွန်ခေတ် တုန်းကလို မဟုတ်တော့ဘဲ၊ ကျွန်တော်တို့ ချီတက်နေတဲ့ လမ်းစဉ်ကြီးနဲ့ ကိုက်ညီအောင် ပြန်လည်ထူထောင် ပေးသွားရမယ်။ ဥပမာ ကျန်းမာရေးဆိုယင် ရှေးတုန်းကလို လူသုံးလေးသောင်း ရှိတဲ့ မြို့နယ် တနယ်မှာ ဆေးရုံတခု၊ ဆရာဝန် တယောက် ဆိုတဲ့ တွက်ကိန်းနဲ့ လုပ်ထားတဲ့ ကျန်းမာရေးမျိုးကို ကျွန်တော်တို့ လက်မခံနိုင် တော့ဘူး။ အောက်ဆုံး ကျေးရွာအထိ ပြန့်နှံ့သက်ဆင်းတဲ့ ကျန်းမာရေး အစီအစဉ် တွေကို ကျွန်တော်တို့ လုပ်ရမယ်။ ပညာရေးဆိုပြန်ယင်လဲ၊ အပ်၌ချွန်သော အဖျားရှိ၏။ ဗူးသီးနုနု မခူးရ ဆိုတဲ့ စာမျိုးလောက်ကိုသာ ရေးတတ်ဖတ်တတ်စေနိုင်တဲ့ ကျွန်ပညာမျိုးကို ကျွန်တော့တို့ လက်မခံနိုင်တော့ဘူး။ စက်မှုလက်မှုတွေက အစပြုပြီး ပြည်တော်သာနိုင်ငံတနိုင်ငံအနေနဲ့ ထမ်းဆောင်ရမဲ့ တာဝန် မှန်သမျှကို စွန်းလွန်းတမံ ကျေပွန်စွာ ထမ်းဆောင်နိုင်စေမဲ့ သခင် ပညာရေး အစီအစဉ်များကို ကျွန်တော်တို့ လုပ်ရမယ်။ အိုးသစ် အိမ်သစ်

ဘွဲ့ထုထောင်မယ်ဆိုယင်လဲ ကြွက်သိုက် ငှက်သိုက်တွေနဲ့ ဘာမှ မခြားတဲ့ တဲစုတ် တဲပုပ်မျိုးတွေကို ကျွန်တော်တို့ လက်မခံနိုင်ဘူး။ လူတန်းစေ့စေ့နေနိုင်သုံးနိုင်မဲ့ အိုးအိမ်များကိုသာ ထူထောင် ပေးနိုင်မဲ့ အိုးအိမ်ထူထောင်ရေး အစီအစဉ်များကို ကျွန်တော် တို့ လုပ်ရမယ်။

(၄) ဒီလိုပြန်လည် ထူထောင်ရေး လုပ်ငန်းတွေနဲ့ စက်မှု လက်မှု လုပ်ငန်းသစ်တွေ ထူထောင် သွားနိုင်အောင်၊ အရေး အကြီးဆုံး ကိစ္စတရပ်ဖြစ်တဲ့ ငြိမ်းချမ်းရေးကို ရအောင်လဲ အ စွမ်းကုန် ကြိုးစားကြရမယ်။

(၅) ကျွန်တော်တို့ရဲ့ လမ်းစဉ်နဲ့ဝါဒကို တိုက်ဖျက်နေကြ တဲ့ ဖေါက်ပြန်ရေးသမား အမျိုးမျိုးတွေနဲ့လဲ၊ ဝါဒနဲ့လမ်းစဉ် တိုက်ပွဲတွေကို အမျိုးမျိုး ဆင်နွှဲကြရအုံးမယ်။

ဒါတွေဟာ ကျွန်တော်တို့ရဲ့ ပြည်တော်သာ နိုင်ငံကြီးကို တည်ဆောက်တဲ့ နေရာမှာ ကျွန်တော်တို့ လုပ်ရမဲ့ အကြီးဆုံး လုပ်ငန်းကြီး ငါးရပ်ဖြစ်တယ်။ ဒီအကြီးဆုံးလုပ်ငန်းကြီးငါးရပ် စလုံးမှာဘဲ၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ နောက်တန်းက မဟုတ်ဘူး၊ ရှေ့တန်းက နေကြရမယ်။ ဘာ့ကြောင့် ရှေ့ဆုံး တန်းက နေရမယ်ဆိုတာ ကျွန်တော် တခုစီရှင်းပြပါ့မယ်။

(၁) သော့ချက် လုပ်ငန်းကြီးတွေကို ပြည်သူပိုင်လုပ်ရမယ် လို့ ကျွန်တော်ပြောခဲ့တယ်။ ဒီလို ပြည်သူပိုင် လုပ်တဲ့အခါမှာ၊ ကျွန်တော်တို့ ဖ၊ဆ၊ပ၊လ ရဲ့ လမ်းစဉ်က လျော်ကြေးပေးပြီး ပြည်သူပိုင်လုပ်မဲ့ လမ်းစဉ် ဖြစ်တဲ့အတွက်၊ ဒီ သော့ချက် လုပ် ငန်းကြီးတွေကို ပြည်သူပိုင်လုပ်မယ်ဆိုယင် ငွေလိုလိမ့်မယ်။ ဒီငွေ

ဘယ်ကရမလဲ။ အခုလက်ရှိ အခြေအနေအရ ဆိုယင်တော့၊ ကျွန်တော်တို့ အလုံးအရင်းနဲ့ ရစရာရှိတဲ့ ငွေတွင်းဟာ ဆန်ဘဲရှိတယ်။ ဆန်တွေများများ နိုင်ငံခြား ရောင်းနိုင်ယင် ငွေများများရမယ်။ ဒီလိုဆန်များများ ရောင်းနိုင်အောင် ဆန်များများထွက်အောင် လုပ်ပေးရမယ်။ စပါးများများထွက်ဘို့ တခြားလူတွေထက် ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေက ရှေ့ဆုံးတန်းက ကြိုးစားပေးကြရမယ်။

(၂) စက်မှုလက်မှု လုပ်ငန်းတွေကို အမြောက်အမြား ထူထောင်ရမယ်ဆိုယင် ငွေလိုလိမ့်မယ်။ ဒီငွေကို ဘယ်ကရမလဲ ဆန်ကဘဲရမယ်။ ဒီတော့ နိုင်ငံခြားကို ဆန်တွေများများရောင်းနိုင်အောင်၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေကဘဲ ရှေ့တန်းကနေပြီး ကြိုးစားပေးကြရမယ်။ နောက်ပြီးတော့လဲ ငွေအပြင်၊ ဒီစက်ရုံတွေမှာဝင်ပြီး နေရာအသီးသီးမှာ အလုပ် လုပ်ကြဘို့ လူတွေလိုလိမ့်မယ်။ ဒီလူတွေ ခပ်များများဟာလဲ တောင်သူလယ်သမား လူတန်းစားထဲက ထွက်ရမှာဘဲ။

(၃) ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ကျွန်တော်တို့ ချီတက်နေတဲ့လမ်းစဉ်နဲ့ လျော်ညီအောင် လုပ်မယ်ဆိုယင်လဲ၊ ခုတင်ကပြောခဲ့သလို ငွေနဲ့လူနဲ့လိုလိမ့်မယ်။ ဒီအတွက်လဲ တောင်သူလယ်သမားတွေကိုဘဲ အားကိုးရလိမ့်မယ်။ ဒီအတွက်လဲ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေကဘဲ ရှေ့တန်းကနေပြီး ကြိုးစားပေးကြရမယ်။

(၄) ငြိမ်းချမ်းရေးရအောင် လုပ်ရမယ်ဆိုယင်လဲ၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေ ရှေ့ဆုံးတန်းကနေပြီး၊ ကြိုးစားကြရလိမ့်

မယ်။ ကျွန်တော်တို့ ပြည်ထောင်စုမှာ တောင်သူလယ်သမားတွေဟာ (၈၅) ရာခိုင်နှုန်းလောက်ရှိတဲ့အတွက်၊ ငြိမ်းချမ်းရေးရဲ့တာဝန်ကို ပြည်ထောင်စုသားတွေကို ဝေပုံချ ကြည့်လိုက်ယင်၊ တောင်သူလယ်သမားတွေက (၈၅) ရာခိုင်နှုန်းထက်မနဲ တာဝန်ယူကြရလိမ့်မယ်။ ယခုအခါ လက်နက်ကိုင်တပ်ပေါင်းစုတွင် ပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးအတွက်၊ ရင်မြေကတုတ်လုပ်ပြီး တိုက်ခိုက်နေကြတဲ့ ရဲဘော်တွေကိုကြည့်ယင်လဲ၊ တောင်သူလယ်သမား သားသမီးတွေက အပုံကြီးများတယ်။ နယ်တွေကို ကြည့်လိုက်ယင်လဲ၊ အစိုးရ လက်နက်ကိုင်တပ်ပေါင်းစုက နေရာတကာတိုင်းကို ရောက်နိုင်ကြတာ မဟုတ်ဘူး။ ဒီတော့ တောရွာတွေမှာ ကိုယ့်အိုး ကိုယ့်အိမ်ကို သူပုန်ရောင်စုံတွေရဲ့ဘေးမှဖြစ်သလိုနည်းမျိုးစုံနဲ့ ကာကွယ်နေရသူတွေဟာ တောင်သူလယ်သမားတွေဘဲ ဖြစ်တယ်။ ဒီတော့ ငြိမ်းချမ်းရေးရဘို့ဆိုတဲ့ နေရာမှာလဲ၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ ရှေ့တန်းကနေပြီး ဆောင်ရွက်ကြရမယ်ဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ရှားနေပါတယ်။

(၅) ဝါဒနဲ့လမ်းစဉ်တိုက်ပွဲဆိုပြန်ယင်လဲ၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဘဲ ရှေ့တန်းကနေကြရအုံးမယ်။ ဖေါက်ပြန်ရေးသမား အမျိုးမျိုးတွေက မြို့ကြီးပြကြီးတွေမှာ သူတို့ရဲ့ မဟုတ်မဟုတ် ဖေါက်ပြန်ရေးဝါဒတွေကို ဖြန့်ဖြူးမှာကို ကျွန်တော်တို့မကြောက်ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြို့ကြီး ပြကြီးတွေမှာတော့ ဗဟုသုတ အတွေ့အကြုံ အကြားအမြင်တွေက များပြီးမျက်စိကြီး နားကြီးဖြစ်နေတဲ့ လူတွေက ဒုနဲ့ဒေးဖြစ်နေတော့၊ ဒီဖေါက်ပြန်ရေးသမားတွေ ပြောချင်တိုင်း ပြော၊ ဟောချင်

တိုင်းဟော၊ ဝါဒတွေ ဖြန့်ဖြူးချင်တိုင်း ဖြန့်ဖြူးချင်လို့ မရဘူး။ ဒါပေမဲ့ တောင်သူလယ်သမားတွေမှာတော့၊ အလိုလိုမှ ဗဟုသုတ အကြားအမြင် နဲနေရတဲ့အထဲ၊ သူပုန်ရောင်စုံတွေရဲ့ဘေးဒဏ်ကြောင့် ပြည်တွင်း ပြည်ပရဲ့သတင်းမှန်၊ စစ်သတင်းမှန်တွေနဲ့ အဆက်တွေပြတ်နေတဲ့အတွက်၊ ဖေါက်ပြန်ရေးသမားတွေ ပြောတိုင်းဟောတိုင်း၊ ဝါဒတွေဖြန့်ဖြူးတိုင်း ယုံရမလိုလို၊ လက်ခံရမလိုလို ဖြစ်နေကြရရှာတယ်။ ဒါကြောင့် ဒီဖေါက်ပြန်ရေးသမားတွေ မရောက်သေးတဲ့ နေရာတွေရော၊ ရောက်ပြီးသား နေရာတွေရော၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေက ရောက်နိုင်သမျှ ရောက်အောင် သွားကြရမယ်။ ပြည်တွင်း ပြည်ပသတင်းမှန်၊ စစ်သတင်းမှန်တွေကို တောင်သူလယ်သမားတွေ သိအောင် သတင်းပို့ပေးရမယ်။ ဖ၊ ဆ၊ ပ၊ လ ရဲ့လမ်းစဉ်တွေ၊ ဝါဒတွေ၊ လုပ်ငန်းတွေကို တောင်သူလယ်သမားတွေ နားလည်အောင် သဘောပေါက်အောင် ပြောပြရမယ်။ အကြိမ်ကြိမ် အဖန်ဖန် ရှင်းပြရမယ်။ အထူးကြိုးစားပြီး ဟောပြော ပြသကြရမယ်။ ဒီလိုလုပ်ငန်းတွေကို ကြည့်ခြင်းအားဖြင့်လဲ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ ဒီဝါဒနဲ့ လမ်းစဉ်တိုက်ပွဲမှာလဲ ဘာ့ကြောင့် ရှေ့တန်းကနေရမယ်ဆိုတာ ထင်ရှားနေတယ်။

ဗ၊တ၊လ၊စ ရဲ့ပန်းတိုင်ကိုလဲကျွန်တော်ပြောခဲ့ပြီးပြီ။ ဒီပန်းတိုင်ကြီးကို ချီတက်တဲ့နေရာမှာ လုပ်ရမဲ့ လုပ်ငန်းတွေကိုလဲ ကျွန်တော်ရှင်းပြပြီးပြီ။ ဒီတော့ ဗ၊တ၊လ၊စ အဖွဲ့ဝင် တွေဟာ ဘယ်လိုလူစားတွေ ဖြစ်ရမယ်ဆိုတာ ကျွန်တော် အရှည်ကြီး ပြောနေဘို့မလိုဘူး။ ကိုယ့်ဟာကို ဆုံးဖြတ်နိုင်ကြပြီလို့ ကျွန်တော်ယုံကြည်တယ်။ ဒါပေမဲ့ပညာရှိသတိဖြစ်ခဲ ဆိုတဲ့ စကား

အရ၊ယခုလို ဗ၊တ၊လ၊စ အဖွဲ့ဝင်တွေနဲ့ စုံစုံညီညီ၊ ရင်းရင်း နှီးနှီးတွေ့ရတဲ့အခါမှာ၊ သတိပေးတဲ့အနေနဲ့ ပြည်တော်သာ နိုင်ငံကြီး တည်ဆောက်ရန်အဓိဋ္ဌာန်ပြုထားတဲ့ ဗ၊တ၊လ၊စ အ ဖွဲ့ဝင်တိုင်းမှာ ရှိပြီးသား ဖြစ်ရမဲ့ ဂုဏ်အင်္ဂါ ခြောက်ပါးကို ကျွန်တော် အကျဉ်းချုံးပြီး ဖေါ်ပြလိုပါတယ်။ ဒီဂုဏ်အင်္ဂါ ခြောက်ပါးတို့မှာ (၁) စေတနာ၊ (၂) ကျွမ်းကျင်မှု၊ (၃) စည်းကမ်းသေဝပ်မှု၊ (၄) လက်ရုံးရည်နဲ့ နှလုံးရည်၊ (၅) အကြားအမြင်များမှု၊ (၆) ဇွဲ တို့ပင်ဖြစ်ပါတယ်။ ဒီဂုဏ်အင်္ဂါ တွေကို တခုစီအနဲငယ် ချဲ့ပြီးပြောချင်တယ်။

## (၁) စေတနာ

ဘယ်အလုပ်ကိုဘဲလုပ်လုပ်စေတနာဟာအရင်းခံဘဲ။ ဟင်း တဟင်းကို အမွှေးအကြိုင် အစရှိသည်တို့ဖြင့် ဘယ်လောက် ပင် ကောင်းအောင် ချက်ထားပေမဲ့၊ဆားမပါလျှင်ဒီဟင်းဟာစား မဖြစ်သလိုဘဲ ဘယ်အလုပ်မှာမဆိုစေတနာမရှိယင်၊ ဒီအလုပ် ဟာပေါ့ပျက်ပျက်၊ရှော်တော်တော်၊ ညံ့တံ့တံ့ဖြစ်မှာမလွဲတော့ ဘူး။ ဒီတော့ ဗ၊တ၊လ၊စ ထဲကိုဝင်ချင်တဲ့လူရှိယင်၊ဒီလူရဲ့စေတ နာကိုကျကျနနလေးလေးပင်ပင်သေသေချာချာကြီး စစ်ရမယ်။

(က) ဒီလူဟာ တောင်သူ လယ်သမားတွေ အပေါ်မှာ စေတနာကောင်းရှိတဲ့ လူတယောက် ဟုတ်ရဲ့လား။

(ခ) ဒီလူဟာ ပြည်တော်သာနိုင်ငံကြီး တည်ဆောက်ချင် တဲ့ စေတနာကောင်း အဟုတ် အမှန် ရှိတဲ့ လူတ ယောက်ဟုတ်ရဲ့လား။

ဗ၊တ၊လ၊စ အဖွဲ့ထဲကို ဝင်ချင်တဲ့လူတိုင်းကို ဒီ အချက် နှစ်ချက်နှင့်ပတ်သက်ပြီး မေးခွန်းအမျိုးမျိုးနဲ့ စစ်ရမယ်။ လက်တွေ့အလုပ်အမျိုးမျိုးနဲ့ စစ်ရမယ်။ နည်းအမျိုးမျိုးနဲ့ စစ်ရမယ်။ အကြိမ်ကြိမ်အဖန်ဖန်စစ်ရမယ်။

ဗ၊တ၊လ၊စ ဟာအမတော်ကြေးဝေပေးရုံလောက်၊ မြေဩဇာကလေးဝေပေးရုံလောက်၊တောင်သူလယ်သမားတွေ စပါးဈေးမှန်မှန်ရမရ လက်မှတ် ထုတ်ပေး ရုံလောက် အတွက်သာ တည်ထောင်ထားတဲ့ အစည်းအရုံး မဟုတ်ဘဲ၊ ပြည်တော်သာ နိုင်ငံကြီးကို လူထောင်ဘို့အထိ တည်ထောင်တဲ့ အစည်းအရုံးကြီးဖြစ်တဲ့အတွက်၊ဗ!တ၊လ၊စ အဖွဲ့ဝင်တဦးကို ဒီလို နည်းအမျိုးမျိုးနဲ့ မှတ်ကျောက်တင်တာဟာမလွန်ရုံသာမက၊ ဒီလို မှတ်ကျောက်မတင်ယင် ဗ၊တ၊လ၊စဟာမှားမယ်။

စေတနာသန့်သန့်ရှင်းရှင်းရှိတဲ့ လူတွေသာမက၊ အမတော်ကြေးဖြတ်စားချင်တဲ့အတွက် အစည်းအရုံးထဲ ဝင်ချင်တဲ့လူတွေရော၊ တောင်သူ လယ်သမားတွေဆီက ကောက်ပဲသီးနှံ ဈေးတွေကို နှိမ်ပြီး ဝယ်ချင်တဲ့ စက်သူဌေးတွေ အဝယ်တော်တွေ ပွဲစားတွေနဲ့ (ဝါးစေ) ချင်တဲ့ အတွက်၊ ဗ၊တ၊လ၊စ အဖွဲ့ဝင် လုပ်ချင်တဲ့လူတွေရော၊ ကိုယ့်တူသား နောင်မယ် တွေကို လယ်ကောင်းကောင်းချပေးချင်တဲ့အတွက် ဗ၊တ၊လ၊စ အစည်း အရုံးထဲဝင်ချင်တဲ့လူတွေရော၊ တောင်သူ လယ်သမား တွေရဲ့ အကျိုးဆိုတာလနားမလည်ဘူး၊ ပြည်တော်သာ ဆိုတာလဲ နားမလည်ဘူး၊ ဘာကိုမှလဲနားမလည်ဘူး၊ ဗ၊တ၊လ၊စ ထဲကိုဝင်ရမှ လူတွင်ကျယ် လုပ်နိုင်မယ်ဆိုတာ လောက်ကိုသာ နားလည်ပြီး အစည်းအရုံးဝင်ဖြစ်ချင်တဲ့ လူတွေရော၊ သဗ္ဗရနံပေါင်းသိမ်းရုံး

ပြီးအဖျင်းတွေရော၊ အလှေးတွေရော၊ အခွံတွေရော၊ စေတနာ အနုတ်စုံတ်ဂုတ်စုတ်သမားတွေရောအစည်းအရုံးထဲကိုအဝင်ခံရမယ်ဆိုယင်၊ ဗ၊တ၊လ၊စ ဟာအခုကျွန်တော်ပြောခဲ့တဲ့ ပြည်တော်သာပန်းတိုင်ကို ရောက်မှာမဟုတ်ဘူး။ အသူတရာနက်တဲ့ ချောက်ထဲကျမှာဘဲ။

ဒီလိုသာအုတ်အရောရော၊ ကျောက်အ ရောရော ဖြစ်နေကြမယ်ဆိုယင်၊ ဗ၊တ၊လ၊စ ဟာပြည်တော်သာနိုင်ငံကြီးကို တည်ဆောက်နိုင်မှာ မဟုတ်ဘူး။····ခွေးထောက်မြစ်ယှက်၊ စပ်ရောဘက်၊ သရက်ပင်မင်း၊ သီးချိုကင်း ဆိုတဲ့ ရှေး ပညာရှိကြီးများ စပ်ဆိုခဲ့တဲ့လင်္ကာကလေးဟာ ဗ၊တ၊လ၊စ၊ ကြီးရဲ့ အရေး အကြီးဆုံးဆောင်ပုဒ်တခုဖြစ်ပါစေ။

ဒီတော့ ဒီဆောင်ပုဒ်ကို လက်ကိုင်ထားပြီး၊ စေတနာ အနုတ်စုတ် ဂုတ်စုတ်သမားတွေကို၊ ဗ၊တ၊လ၊စ ထဲမှာ လိုက်ပြီးရှာကြပါ။ ရှိတယ်ဆိုယင် ဒီလို ဖိုးညစ်ပတ် မယ်ညစ်ပတ် တွေဟာ အရှာရ မခက်ပါဘူး။ ဒီလိုရှာကြပြီး၊ တွေ့တာနဲ့ တပြိုင်နက်၊ ဒီဖိုးညစ်ပတ်မယ်ညစ်ပတ်တွေကို အိုးတလုံးနဲ့ ကြိုးတချောင်းစီပေးလိုက်ကြပါ။ ဒီကြိုးနဲ့ ဒီအိုးကိုသူတို့ရဲ့လည်ပင်းမှာဆွဲပြီး၊ ဟောဟို အနောက်က စစ်ကိုင်း တံတားကြီး ပေါ်က ဧရာဝတီမြစ်ကြီးထဲဇောက်ထိုးဆင်းပြီး၊ သူတို့ရဲ့ ညစ်ပတ်ရေး ဇာတ်လမ်းကြီးကိုနိဂုံးချုပ်လိုက်ကြပါစေ။

အကယ်၍အချိန်ရောက်နေရာတွေမှာ သက်ဆိုင်ရာ အစည်းအရုံးရဲ့ အာဏာပိုင် အချိန်နဲ့ ဒီ ဖိုး ညစ်ပတ် မယ် ညစ်ပတ် တွေဟာ (ဝါးစေ)နေကြတဲ့အတွက်၊ ဘယ်သူ့ကိုယ်မှ ဘယ်သူကအရေးမယူကြဘူးဆိုယင် ပြည်တော်သာနိုင်ငံကြီးကို ထူထောင်ချင်ကြ

တဲ့ တောင်သူလယ်သမားထုကြီး တရပ်လုံးဟာ၊ဒီဖိုးညတ်ပတ် မယ်ညစ်ပက်တွေ၊ ဗ၊တ၊လ၊စ ထဲမှာ မနေဝံ့အောင်၊ ခိုကိုး စရာမရှိအောင်၊ တခဲနက်အုံကြွပြီး၊ တရားသော နည်းမျိုးစုံနဲ့ ထုတ်ပယ်ပစ်ကြပါ။

လူသေရဲ့ပါးစပ်ထဲက ကူးတို့ခကို နှိုက်ယူရဲတဲ့လူဟာ၊ ညစ် ပတ်ရမဲ့နေရာမှာ ကမ်းကုန်နေတဲ့လူဘဲလို့ ကျွန်တော်ငယ်ငယ် တုန်းကယူဆမိခဲ့တယ်။ လယ်ယာ အမတော်ကြေး ငွေတွေကို ဖြတ်စားတဲ့လူတွေ၊ တောင်သူလယ်သမားတွေရဲ့ ကောက်ပဲသီး နှံဈေးတွေကို နှိမ်ပြီးဝယ်နေတဲ့ စက်ပိုင်ရှင်တွေ၊ အဝယ်တော် တွေ၊ ပွဲစားတွေရဲ့ လက်ကိုင်ဒုတ်တွေ၊ တောင်သူ လယ်သမား တွေရဲ့ အကျိုးကိုဆောင်ရွက်ဘို့အတွက် အပ်နှင်းထားတဲ့ အာ ဏာတွေကို အလွဲသုံးစားလုပ်နေတဲ့လူယုတ်မာတွေကို တွေ့ရ တော့မှဘဲ၊ လူသေရဲ့ပါးစပ်ထဲကကူးတို့ခကိုနှိုက်ယူတဲ့ လူယုတ် မာတွေထက် ၁၄-၅ ဘူတာလောက် လွန်ပြီး ယုတ်မာကြတဲ့ ဖိုးညစ်ပတ်မယ်ညစ်ပတ်တွေကိုကျွန်တော်တွေ့ရပေတော့တယ်။

ဒီတော့ ပြည်တော်သာ နိုင်ငံကြီးကို အသက်နဲ့လဲပြီး ထူ ထောင်မယ်လို့ အကြီးဆုံးအဓိဋ္ဌာန်ကြီးကိုပြုပြီး၊ နေ့မနား ည မနား ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ဗ၊တ၊လ၊စ အဖွဲ့ဝင်သူ တော်စဉ်အပေါင်းကို၊ ဒီနေရာကနေပြီး ကျွန်တော်မေတ္တာရပ် စမ်းပါရစေ။

ခါချဉ်ကောင်မာန်ကြီး၍ တောင်ကြီးကို ဖြိုမဲ့ကြံ၊ ခါးက မ သန် ဆိုတာမျိုး မဖြစ်ရဘဲ၊ ပြည်တော်သာ နိုင်ငံကြီးကို ထူ ထောင်တဲ့နေရာမှာ အားရှိရှိနဲ့ ထိထိရောက်ရောက် ထူထောင် နိုင်အောင်၊ ဗ၊တ၊လ၊စ အရေးခြုံပြီး၊ အတွင်းမှာ လှည့်စားနေ

တဲ့ခြံကောင်၊ လောက်ကောင်တွေကို၊ အားမနာတမ်း၊ ဟိုဟာ ဒီဟာတွေကိုတွေးပြီးမကြောက်တမ်း၊ အစွမ်းကုန်ထုတ်ပစ် ကြ ပါလော့။ ဒီလိုထုတ်ပစ်ကြဘို့ ကျွန်တော်လေးနက်စွာ တိုက် တွန်းလိုက်ပါတယ်။

## (၂) ကျွမ်းကျင်မှု

ဘယ် အလုပ်ကိုဘဲ လုပ်လုပ် ကျွမ်းကျင်မှု ရှိရမယ်။ အိမ် ဆောက်တာဘဲဖြစ်ဖြစ်၊ လှေထိုး လှော်တိုက် ဖေါင်လိုက်တာဘဲ ဖြစ်ဖြစ်၊ ဆေးကုတာဘဲဖြစ်ဖြစ်၊ ဘယ်အလုပ်ဘဲ ဖြစ်ဖြစ် ကျွမ်း ကျင်မှုရှိယင်ကောင်းတယ်။ လုပ်တော့လုပ်တာဘဲ၊ ဘာမှနားမ လည်ဘူး၊ အူကြောင်ကြောင်ဖြစ်နေမယ်ဆိုယင် ကိုယ့် အတွက် လဲအသုံးမကျ၊ သူများမှာလဲအကျိုးယုတ်၊ အလုပ်လဲပျက်တတ် တယ်။ ခုတင်က ကျွန်တော်ပြောခဲ့တဲ့ အတိုင်း၊ ဗ၊တ၊လ၊စ ဟာ အမတော်ကြေး ဝေရုံလောက်၊ ဘာလောက် ညာလောက်က လေးအတွက်သာ တည်ထောင်ထားတာမဟုတ်ဘဲ၊ ပြည်တော် သာ နိုင်ငံကြီးထူထောင်ဘို့အထိ တည်ထောင်ထားတဲ့ အစည်း အရုံးကြီးဖြစ်တဲ့အတွက်၊ဗ၊တ၊လ၊စအဖွဲ့ဝင်တိုင်းဟာအူကြောင် ကြောင်၊ တောင်ငေး မြောက်ငေး ငေးနေရတဲ့လူစားတွေ မဖြစ် စေချင်ဘူး။ ကိုယ်ထမ်းရွက်ရတဲ့ တာဝန်အသီးသီးကို ကျွမ်း ကျွမ်းကျင်ကျင် ထမ်းဆောင်နိုင်တဲ့လူစားတွေဖြစ်ရမယ်။

ဘယ်သူမှ မွေးကတည်းက ကျွမ်းကျင်လာကြတာ မဟုတ် ပါဘူး။ မုဆိုးစိုင်သင်ဆိုသလို အလုပ်လုပ်သွားယင်း ကျွမ်းကျင် လာကြတာပါဘဲ။ ဒီတော့ဒီကနေ့အဘို့ မကျွမ်းကျင်သေးတဲ့လူ တွေလဲ ဘာမှ အားငယ်နေစရာ မရှိပါဘူး။ လိုလျှင်ကြံဆနည်း

လမ်းရဆိုတဲ့အတိုင်း ကျွမ်းကျင်ချင်တဲ့ဆန္ဒရှိယင်၊ ကိုယ့်ကိုယ်ကို ကျွမ်းကျင်တဲ့ လူတယောက် ဖြစ်လာအောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းတွေဟာ ပေါ်လာမှာမလွဲပါဘူး။

ဒီတော့မသိတာရှိယင်စူးစမ်းရှာဖွေ။ ကိုယ့်ထက် တော်တဲ့ လူတွေဆီမှာ ချဉ်းကပ်။ အခွင့်ရတိုင်း ဆွေးနွေးပွဲကို လုပ်။ ကိုယ့်အပေါ် ကျရောက်နေတဲ့ တာဝန်တွေဆိုယင်လဲ၊ ဝတ်ကျေတန်းကျေမလုပ်နဲ့ ဖိဖိစီးစီးလုပ်ပေး။ ဒီလိုလုပ်ယင်းက ကျွမ်းကျင်တဲ့လူဘယောက် ဧကန်ဖြစ်လာမှာပါဘဲ။ သံတုံးကြီးကိုတောင် သွေးပါများလို့ ချွန်ထက်လာနိုင်သေးယင်၊ လူရင့်မကြီးတယောက်လုံးဘဲ ဖိဖိစီးစီး ကြိုးစားလိုက်ယင် ဘာဖြစ်လို့ကျွမ်းကျင်တဲ့လူမဖြစ်နိုင်ရမှာလဲ။

## (၃) စည်းကမ်းသေဝပ်မှု

ဗ၊တ၊လ၊စ ဟာလူ ၂-ယောက် ၃-ယောက်ထဲနဲ့ တည်ထောင်ထားတဲ့ အစည်းအရုံးမဟုတ်ဘူး။ သောင်းနဲ့ သိန်းနဲ့ ချီပြီး တည်ထောင်ထားတဲ့ အစည်းအရုံးကြီး ဖြစ်တဲ့ အတွက် အစည်းအရုံးဝင်တိုင်း စည်းကမ်းသေဝပ်မှုရှိဘို့ အများ ကြီး လိုတယ်။

ဗ၊တ၊လ၊စ အဖွဲ့ဝင်တွေဟာ သောင်းနဲ့ သိန်းနဲ့ချီပြီး ရှိနေတဲ့အတွက်၊ ဒီအစည်းအရုံးဝင်တွေ အားလုံးကို၊ ဘယ်သူကမှ လိုက်ပြီး စေ့စေ့စပ်စပ် ထိန်းသိမ်းနေနိုင်မှာ မဟုတ်ဘူး။ ဒီလို စေ့စေ့စပ်စပ် မထိန်းသိမ်းနိုင်တဲ့ အတွက်၊ စည်းကမ်းတွေဖေါက်ဖျက်ပြီး၊ ကိုယ်ထင်ရာကိုယ်စိုင်းနေကြမယ် ဆိုယင်၊ ဗ၊တ၊လ၊စ ပျက်မှာဘဲ။ ဒီတော့ ဗ၊တ၊လ၊စ အဖွဲ့ဝင်တိုင်း

ဟာ ပ၊တ၊လ၊စ ရဲ့ တည်တန့် ခိုင်မြဲရေး အတွက် စည်းကမ်း သေဝပ်ဖို့အများကြီးလိုတယ်။

စည်းကမ်းဆိုတာဟာ တခြား မဟုတ်ပါဘူး။ ဘာဘဲဖြစ် ဖြစ်၊ ဘယ်သူဘဲ စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ လုပ်သင့် တာဆိုယင်လုပ်ပြီး၊ မလုပ်သင့်တာဆိုယင် မလုပ်ဘဲ နေနိုင် အောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်မှုဘဲဖြစ်တယ်။ စည်းကမ်း သေဝပ်မှုဆိုတာဟာ အပြင်ဘက်က ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ အမိန့်တွေထဲမှာရှိတာမဟုတ်ဘူး။ ကိုယ့်စိတ် ထဲမှာဘဲရှိတယ်။ ဒီတော့စည်းကမ်းသေဝပ်မှုနှင့် ပတ်သက်ပြီး၊ လွယ်လွယ်နဲ့ သဘောပေါက်နိုင်အောင် ကျွန်တော်တို့ကျောင်း မှာ သင်ခဲ့ရဘူးတဲ့ သိုးဆောင်းပုံကလေး တပုံကို ကျွန်တော် ပြောပါရစေ။

တခါတုန်းက ကက်ဆာဘီယင်းကားဆိုတဲ့ သူငယ်ကလေး တယောက်ရှိတယ်။ သူ့မှာအဖေကြီးတယောက် ရှိတယ်။ သူ့ အဖေကြီးက ကက်ဆာဘီယင်းကားကို သင်္ဘောရဲ့ တနေရာ မှာသွားပြီး စောင့်နေဖို့အမိန့်ပေးတယ်။ များမကြာမီ အဖေ ကြီးဟာ ရန်သူရဲ့ လက်ချက်နဲ့ သေဆုံးပြီး၊ သင်္ဘောလဲ မီး လောင်သွားတယ်။ ဒီအခါမှာ တခြား သင်္ဘောသား တွေက အသက်ကယ်လှေထဲမှာ သူတို့နဲ့အတူ လိုက်ခဲ့ဖို့ ခေါ်ပေမဲ့၊ ကက်ဆာဘီယင်းကားက လိုက်မသွားဘူး။ သင်္ဘောနဲ့ အတူ တူ မီးလောင်ခံပြီး သေလိုက်တယ်။ ဒီသူငယ်ဟာ ဘာဘဲဖြစ် ဖြစ်၊ သူ့အဖေကိုယ်တိုင်စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ အ မိန့်ကိုနားထောင်ရမယ်ဆိုတဲ့အတိုင်း သူ့အဖေပြောတဲ့နေရာ မှာ သွားနေတယ်။ သူ့အဖေရဲ့အမိန့် နောက်ထပ်မရဘဲ၊ ဒီ

နေရာကတခြားထွက်သွားယင် မှားမဲ့အတွက် ဘာဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲစောင့်ကြည့်ကြည့်၊ တခြားထွက်မသွားဘူး။ အသေခံတယ်။ အဲဒါဟာ စည်းကမ်းသေဝပ်မှုဘဲဖြစ်တယ်။

ဗ၊တ၊လ၊စ အဖွဲ့ဝင်တွေလဲ သောင်းနဲ့သိန်းနဲ့ချီပြီး ရှိနေတဲ့အတွက်၊ အပေါ်ကချပေးလိုက်တဲ့ တာဝန်တွေကို အဖွဲ့ဝင်တိုင်းကျေကျေပွန်ပွန်လုပ်တယ်၊ မလုပ်ဘူးဆိုတာကို ဌာနချုပ်ကဘယ်မှာသိနိုင်မလဲ။ အဖွဲ့ဝင်တွေဘဲသိနိုင်ကြမှာဘဲ။ ဒီတော့ ဌာနချုပ်က နေရာတကာတိုင်း လိုက်ပြီး ပြောပြော၊ မပြောပြော၊ အစည်းအရုံးဝင်တိုင်းကို နေရာတကာတိုင်းမှာ လိုက်ပြီး၊ စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ အဖွဲ့ဝင်တိုင်းဟာ ကိုယ့်အပေါ် ကျရောက်နေတဲ့ တာဝန် တိုင်းကို တာဝန် ကျေပွန်အောင်လုပ်။ မလုပ်သင့်တာ ဆိုယင်၊ အသက်ပေးပြီး ရှောင်ရှားခြင်းဖြင့် စည်းကမ်းသေဝပ်မှုရှိကြဘို့ ကျွန်တော် လေးနက်စွာတိုက်တွန်းလိုက်ပါတယ်။

## (၄) လက်ရုံးရည်နဲ့ နှလုံးရည်

ဗ၊တ၊လ၊စ အဖွဲ့ဝင်တွေဟာ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံနိုင်ကြဘို့အရေးကြီးတယ်။ ဒီလိုလက်ရုံးရည်နဲ့ နှလုံးရည်ဆိုပြီးတော့၊ အရည်အချင်းနှစ်ခုရှိတဲ့အနက် လက်ရုံးရည်ရှိဘို့က လွယ်တယ်၊ နှလုံးရည်ရှိဘို့က ပိုခက်တယ်။ လူတယောက်ဟာတိုက်ရခိုက်ရမဲ့ကိစ္စဆိုယင်၊ ရဲရဲရင့်ရင့် တိုက်ရဲခိုက်ရဲတယ်ဆိုယင် ဒီလူဟာလက်ရုံးရည်ရှိတဲ့လူဘဲ ဖြစ်တယ်။ နှလုံးရည်ဆိုတာကတော့ တခြားဟာမဟုတ်ဘူး၊ ဘဝင် မမြင့်မြင့်အောင် ပတ်ဝန်းကျင်ကမြှောက်ပင့်ပေတာကို ခုခံ တိုက်

ဖျက်နိုင်တဲ့အရည်အချင်း၊ မှန်လဲမှန်မယ် အကျိုးလဲရှိမယ် ဆိုတဲ့ကိစ္စမျိုးနဲ့ ရင်ဆိုင်တွေ့ရယင်၊ ဂတိလေးပါး မလိုက်စားဘဲ ပြောရဲလုပ်ရဲခြင်း၊ ကိုယ့်ထက် အားနည်းသော သူများ အပေါ်တွင် စာနာထောက်ထားညှာတာနိုင်ခြင်း၊ အောင်မြင်မှုတွေနဲ့တွေ့ယင်လဲ သိပ်ပြီးစိတ်တက်ကြွမှုမရှိခြင်း၊ မအောင်မြင်မှုတွေနဲ့တွေ့ရယင်လဲ သိပ်ပြီးစိတ်တုန်လှုပ်မှုမရှိခြင်း အစရှိတဲ့ အရည် အချင်းတွေဟာ နှလုံးရည်ဘဲဖြစ်တယ်။

လက်ရုံးရည်ဆိုတာကတော့ သိရတာ တော်တော် လွယ်တဲ့အတွက် ကျွန်တော်ရှင်းမပြချင်တော့ပါဘူး။ ဒါပေမဲ့ နှလုံးရည်နဲ့ပတ်သက်ပြီးတော့၊ အနည်းငယ်ရှင်းပြပါရစေ။ ဥပမာ၊ အမတော်ကြေးကိစ္စကို ကြည့်ရအောင်။ အမတော်ကြေး ငွေဟာ ကိုးသိန်းခန့်က နေပြီး၊ ငါးကုဋေခန့်အထိ တိုးပေး ခဲ့ရတယ်။ ငြိမ်းချမ်းရေးရာခိုင်နှုန်းအပြည့်ရပြီလို့၊ ပြည်ထောင်စု အတွင်းမှာရှိကြတဲ့ လယ်တွေကို အကုန်လုံး လုပ်နိုင်တဲ့ အခါကျယင်၊ ဒါထက်တိုးပြီး ပေးကြရအုံးမယ်။ ဒီလို အမတော်ကြေးငွေတွေ ထုတ်ချေးနေတာဟာ အစိုးရမှာငွေပိုငွေလျှံတွေ ရှိလို့မဟုတ်ဘူး။ ပြည်တော်သာလုပ်ငန်းတွေအတွက်၊ တဘက်ကနေပြီး ငွေတွေကို ကုဋေနဲ့ ချီသုံးနေရပြီး၊ အခြား တဘက်မှာ ပြည်တော်သာရဲ့ ရန်သူဖြစ်တဲ့ သူပုန်ရောင်စုံတွေကို သုတ်သင်ရှင်းလင်းဘို့ငွေတွေကို ကုဋေနဲ့ချီပြီးသုံးနေရတဲ့အထဲက၊ မပေးမဖြစ်တဲ့ငွေအနေနဲ့ ဒီအမတော်ကြေးငွေတွေကို ခဲခဲယဉ်းယဉ်း ထုတ်ပေးခဲ့ကြရတာ။ ဒီတော့ တောင်သူလယ်သမား တွေရဲ့ အကျိုးအတွက် ဒီ အမတော်ကြေးငွေတွေကို နှစ်စဉ် နှစ်တိုင်း မှန်မှန်ထုတ်ပေးဘို့ရယ်၊ တနှစ်ထက်တနှစ်တိုးပြီး ထုတ်ပေးဘို့

ရယ် အင်မတန်အရေးကြီးပါတယ်။ ဒီလို အရေးကြီးတဲ့ အလုပ်ကို မှန်မှန်လုပ်သွားနိုင်ဘို့ တောင်သူလယ်သမားတွေ ဆီက အမတော်ကြေး ငွေတွေကို နှစ်စဉ်နှစ်တိုင်း မှန်မှန် ပြန်ရဘို့အရေးကြီးပါတယ်။ ချေးသွားတုန်းက ငါးကုဋေချေသွား၊ ပြန်ဆပ်တော့ တကုဋေ လောက် ချန်ထားပြီး၊ လေး ကုဋေ လောက်သာ ပြန်ဆပ်။ ဒီလို သုံးလေးနှစ်လောက်လဲ လုပ်ပြီးရော၊ အစိုးရမှာလဲ အမတော်ကြေးငွေ ပေးစရာမရှိတော့ဘူး။ ဒီတော့တောင်သူလယ်သမားတွေလဲ တပြုံကြီးစုတ်ကြမှာဘဲ။

ဒါတွေကို ဗ၊တ၊လ၊စ အဖွဲ့ဝင်တိုင်း သဘော ပေါက်ကြတယ်။ ဒါပေမဲ့ ဗ၊တ၊လ၊စ အဖွဲ့ဝင် အချို့ဟာ အမတော်ကြေးငွေတွေကို ထုတ်ပေးစရာရှိတဲ့အခါမှာ ရှေ့ဆုံးက နေပြီး ထုတ်ပေးခဲ့သေမဲ့၊ အမတော်ကြေးကို ပြန်ပြီး တောင်းစရာရှိတဲ့ အခါကျတော့! ခေါင်းရှောင်တောင်တောင် လုပ်နေကြတယ်။ အားမနာတမ်း ဖိဖိစီးစီး တောင်းမပေးကြဘူး။ တော်ရုံယော်ရုံလုပ်နေကြတယ်။ အမတော်ကြေးငွေတွေကို မှန်မှန်ပြန်ဆပ်မှ တောင်သူလယ်သမားတွေ အတွက် အမတော်ကြေး ငွေတွေကို မှန်မှန်ထုတ်ပေးနိုင်မယ်ဆိုတာ ယုံကြည် လျက်သားနဲ့၊ ကိုယ့်ယုံကြည်ချက်အတိုင်း မှန်တဲ့ အလုပ်တခုကို အားမနာတမ်း ဖိဖိ စီးစီး မလုပ်ရဲကြဘူး။ အမတော်ကြေး ပြန်မဆပ်ချင်တဲ့လူတွေက အထင်လွဲမှာကို ကြောက်သလိုလို၊ အကြည်ညိုပျက်သွားမှာကို ရှိသလိုလို၊ ဘာလိုလိုဖြစ်နေကြတယ်။

ဒီလို မှန်တာကိုတိတိကျကျ ဘာမျှမကြောက်မရွံ့ဘဲ မလုပ်ရဲတာဟာ နှလုံးရည် ချွတ်ယွင်းမှုရဲ့ သာဓကကြီးတခုဘဲ ဖြစ်တယ်။ ကြွေးတွေပြန်မဆပ်ယင်လဲ ကိစ္စမရှိဘူး။ သုံးလေးနှစ်

ကြာတဲ့အခါ ဖါဆါပါလ ဌာနချုပ်ကို ပြေးပြီး၊ ဒီကြွေးတွေကို နောက်ထပ်ပြီး လျှော်ပစ်ပါလို့ တိုက်တွန်းဘို့များ၊ ဒီ လူတွေ စိတ်ကူးနေကြသလားမဆိုနိုင်ဘူး။ ဒီလိုစိတ်ကူးယင်တော့ဒီလူ တွေမှားလိမ့်မယ်။ ဖါဆါပါလ ဌာနချုပ်မှာနှိုက်ယူတိုင်းရနိုင်တဲ့ ငွေတွင်းကြီးရှိတာမဟုတ်ဘူး။ ဟိုနိုင်ငံဒီနိုင်ငံဆိုတာတွေကလဲအ လကားပေးမှာမဟုတ်ဘူး။ပြီးတော့လဲငွေချေးလို့ရတိုင်းတောင် ချေး မြောက်ချေး ချေးရတာမျိုးလဲမကောင်းလှပါဘူး။ အင် မတန့်ကိုမျက်နှာငယ်ရတဲ့အလုပ်မျိုးဖြစ်တဲ့အတွက်၊ အင်မတန့် ကိုကြီးကျယ်တဲ့အကျပ်အတည်းကြီးမျိုးနဲ့ တွေ့မှဘဲချေးဘို့ငါးဘို့ ကောင်းပါလိမ့်မယ်။ ဒီတော့ ခင်ဗျားတို့ ကျွန်တော့်ကို ချစ် ချင်လဲချစ်၊ မုန်းချင်လဲမုန်း၊ အရေးမကြီးပါဘူး။ အခွင့်ရတုန်း တိတိလင်းလင်း သတိပေးစမ်း ပါရစေ။ အမတော်ကြွေးတွေ ကို နှစ်စဉ်နှစ်တိုင်း မှန်မှန် ရချင်တယ်၊ တိုးပြီး ရချင်တယ်ဆို ယင်တော့၊ မှန်မှန်ပြန်ဆပ်ကြ။ မှန်မှန်ဆပ်ယင်၊ မှန်မှန်ရမယ်။ တိုးပြီးရမယ်။ မှန်မှန်မဆပ်ကြယင် တောင်သူလယ်သမားတွေ လျော့ပြီး ဆပ်သလောက်အမတော်ကြွေးငွေလျော့သွားမှာဘဲ။ နောက်ဆုံးတနေ့ ပေးစရာမရှိယင်၊ ဘာဘဲဖြစ်ဖြစ် အမတော် ကြွေးကိုပိတ်ပစ်လိုက်ရမှာဘဲ။

## (၅) အကြားအမြင်များမှု

ပြည်သူ့ရဲဘော်တွေ ဖါဆါပါလ ထဲက ခွဲမထွက်ခင် တနေ့ မှာ သူတို့ရဲ့ပဌမတန်းက ခေါင်းဆောင်လေးငါးဦး ကျွန်တော် နဲ့အရေးတကြီးလာတွေ့ကြပါတယ်။ ကျွန်တော်နဲ့ တွေ့တဲ့ အ ခါမှာ၊ ခေါင်းဆောင်တဦးက ပြည်ထောင်စုအစိုးရက၊ အင်

လိပ်နဲ့ အမေရိကန်တို့ကို စစ်ကျေညာပေးဘို့ ကျွန်တော့်ကို တိုက်တွန်းပါတယ်။ ဒီအခါမှာ၊ ငိုအားထက် ရယ်အားသန် ဆိုတာလို၊ သူတို့ကိုကျွန်တော်မကြိမ်းမောင်းမိဘဲ၊ များစွာ သနားသွားပါတယ်။ ဒီတော့ သူတို့ရှေ့မှာ ကမ္ဘာ့ မြေပုံကြီးကို ချပြပြီး၊ ခြသေ့်အရေခြုံပြီး ခြသေ့်လိုဟောက်လိုက်တဲ့ မြေခွေးဟာ၊ သားရဲတိရစ္ဆာန်တွေရဲ့ အစာဖြစ်ရသလို၊အင်္ဂလိပ်၊ အမေရိကန်တို့ကို အခြောက်တိုက် စစ်ကျေညာလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ လက်တဆုပ်လောက်ရှိတဲ့ပြည်ထောင်စုဟာ ဘယ်ပုံ ဘယ်နည်းကျေမွသွားနိုင်တယ်ဆိုတာကို၊ ကျွန်တော်က အကျိုးနဲ့အကြောင်းနဲ့ရှင်းပြရပါတယ်၊

ဒီလိုရှင်းပြတဲ့အခါ၊ ဒီလိုဆိုယင် စတိ စစ်ကျေညာပေးပါလို့ သူတို့အထဲက ရဲဟော်တဦးက ထပ်ပြီး ကွန့်လိုက်ပြန်သေးတယ်။ ဒီအခါမှာ စစ်ကျေညာတယ် ဆိုတာဟာ စတိကတမျိုး၊ စတိမဟုတ်တာကတမျိုးဆိုပြီး၊ နှစ်မျိုးမရှိဘူး။ စစ်ကျေညာယင် ကျေညာတာဘဲ။ တမျိုးတဲ့သာ ရှိတယ်လို့ ပြန်ရှင်းပြရတယ်။ ဒီတော့မှသူတို့လဲ ငြိမ်သွားကြတော့တယ်။အဲတာဟာ အကြားအမြင်ချို့တဲ့မှုရဲ့ သာဓကကြီး တခုဘဲဖြစ်တယ်။

ပြည်တော်သာ နိုင်ငံကြီးကို ထူထောင်တဲ့နေရာမှာ၊ ရှေ့ဆုံးတန်းကနေရမဲ့ ဗ၊ တ၊ လ၊ စ အစည်းအရုံးဝင်တွေဟာ ကိုယ့်အစည်းအရုံးရဲ့ နံရံလေးခုအတွင်းမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကိုလောက်သာ သိနေရုံနဲ့ မလုံလောက် သေးဘူး။ ကိုယ့်ပြည်ထောင်စုအရေး၊ နိုင်ငံတကာ့ အရေးတွေကိုလဲ ခရာစေ့တွင်းကျ မဟုတ်တောင်၊ အတော်အတန် ခေါက်မိအောင် ကြိုးစားပြီး ဆည်းပူးထားကြရမယ်။ ဒီလို ဆည်းပူး ထားနိုင်မှ

ကိုယ်ရဲ့ နိုင်ငံရေး အတွေး အခေါ် အယူ အဆတွေဟာ အမှား နဲ့မယ်။ ဒီလိုမဟုတ်ယင် ကိုယ်ဆင်းပြီးဝပ်နေတဲ့ နွားခြေရာ ကွက်ထဲက ရေကိုဘဲ ပင်လယ်လောက် အထင်ကြီးနေတဲ့ ဖါး သူငယ်လို၊ နိုင်ငံရေးသမားတွေဟာ အထင်လွဲ အမြင်လွဲ ဖြစ် ကုန်ကြမှာကို စိုးရတယ်။

အခုလို ခေတ်ကြီးထဲမှာ အင်အား အတောင့်တင်းဆုံး ဆို တဲ့ အမေရိကန်နိုင်ငံဘဲဖြစ်ဖြစ်၊ ကျွန်တော်တို့ ပြည်ထောင်စုလို အင်အား အင်မတန်ချိနဲ့နေတဲ့ နိုင်ငံကလေးဘဲဖြစ်ဖြစ်၊ ဘယ် နိုင်ငံဘဲဖြစ်ဖြစ်၊ အချုပ်အချာ အာဏာတွေ ဘယ်လိုဘဲရရ၊ ပတ်ဝန်းကျင် အခြေအနေကို မကြည့်ဘဲ အရမ်းကာရော ကိုယ် ထင်ရာ ကိုယ်မလုပ်နိုင်ဘူး။

ဥပမာ၊ အီရန်အစိုးရနှင့် အင်္ဂလိပ်အစိုးရတို့ဟာ အဘာဒင် ရေနံလုပ်ငန်းနဲ့ ပတ်သက်ပြီး အကြီးအကျယ် စကားများတယ်။ ဒီ အစိုးရနှစ်ခုကို ယှဉ်လိုက်ယင်၊ အင်္ဂလိပ်အစိုးရက အများ ကြီး အင်အားရှိတာဘဲ။ အင်္ဂလိပ်စစ်တပ်ရဲ့ အစိတ်အပိုင်းက လေးကိုလွှတ်ပြီး အီရန်ကို သိမ်းလိုက်ယင်၊ အလွယ်ကလေးနဲ့ ရမှာဘဲ။ ဒါပေမဲ့ အင်္ဂလိပ်တွေ သိမ်းရဲ့လား။ မသိမ်းဘူး။ ပတ်ဝန်းကျင် အခြေအနေအရ၊ အဘိုး သန်းပေါင်းများစွာ တန်တဲ့ အင်္ဂလိပ်ပိုင် ရေနံလုပ်ငန်းကြီးကိုစွန့်ပစ်ခဲ့ပြီး၊ အင်္ဂလိပ် တွေ ဘိလပ်ကို ပြန်ခဲ့ကြရတယ်။

ကိုရီးယားကိုကြည့်ယင်လဲ တရုပ်စစ်သားတွေဟာ အပျော် ထမ်းတပ်သားတွေလို့ အမည်ပေးပြီး၊ ကိုရီယားထဲမှာ၊ မြောက် ကိုရီးယားဘက်က ဝင်တိုက်ပေးနေတာဘဲ။ စစ်ပစ္စည်း စစ်ကိရိ

ယာတန်ဆာပလာတွေလဲ တရုပ်ပြည်ကြီးက ဒလဟော သွင်းပေးနေတာဘဲ။ ဒီအတွက်ကြောင့် အမေရိကန် စစ်ဗိုလ်ကြီးတွေဟာ တရုပ်ပြည်မကြီးကို ဗုံးကြဲချင်နေတာ၊ လက်ကိုယားနေတာဘဲ။ ဒီအထဲမှာ၊ အမေရိကန် စစ်ဗိုလ်ချုပ် တဦးဖြစ်တဲ့ မက်အာသာဟာ အကဲဆုံးဘဲ။ ဒါပေမဲ့ တရုပ်ပြည်မကြီးကို အမေရိကန်တွေ ဗုံးကြဲနိုင်ရဲ့လား။ ဗိုလ်ချုပ်မက်အာသာ သာလျှင် အလုပ်ပြုတ်သွားတယ်။ ယနေ့အထိ အမေရိကန်တွေဟာ တရုပ်ပြည်မကြီးကို ဗုံးမကြဲနိုင်ကြသေးဘူး။

ဒီလိုမကြဲနိုင်တာဟာ၊အမေရိကန်အစိုးရမှာ အချုပ်အချာ အာဏာမရှိလို့လား။ အမေရိကန်တွေမှာ အားမရှိလို့လား။ မဟုတ်ပါဘူး။ အမေရိကန်တွေမှာ အချုပ်အချာ အာဏာလဲ ရှိတယ်။ အားလဲရှိပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင် အခြေအနေအရ၊ ကိုယ် လုပ်ချင်တာတွေ လုပ်လို့မရဘူး၊ လက်လျှော့ပေးတန်တဲ့နေရာမှာ ပေးရတယ်။

ကွန်မြူနစ်တို့ရဲ့ အဓိပတိဖြစ်တဲ့ ဆိုဗီယက်ရပ်ရှားကို ကြည့်အုံးမလား။ ဒီအတိုင်းပါဘဲ။ စတာလင် မသေခင်က ဆိုယင်၊ အနောက်ဘက် ဒီမိုကရေစီ နိုင်ငံတွေနဲ့ ဆိုဗီယက် ရပ်ရှားရဲ့ ဆက်ဆံမှုဟာ အင်မတန်တင်းမာတယ်။ ဘယ်နေရာမှာမှ လျှော့မပေးခဲ့ဘူး။ ဒီအတွက် ကမ္ဘာကြီးဟာ နှစ်ခြမ်းများ ကွဲထွက်သွားမလားလို့ ကမ္ဘာသူ ကမ္ဘာသားတွေ တထိတ်ထိတ်နဲ့နေလာခဲ့ကြရတယ်။ ဒါပေမဲ့ စတာလင် သေပြီးတဲ့နောက်၊ မာလင်ကော့ ဝန်ကြီးချုပ် ဖြစ်တာနဲ့ တပြိုင်နက် ဆိုဗီယက်တို့ရဲ့ လမ်းစဉ်ဟာ တမျိုး ပြောင်းသွားတယ်။ ကုလသမဂ္ဂ မှာလဲ ရပ်ရှားကိုယ်စားလှယ်တွေဟာ လုပ်ပုံ လုပ်နည်းရော၊ လေသံ

ရော သိသိသာသာကြီး ပြောင်းသွားတယ်။ ဆိုဗီယက် ဝါဒဖြန့်ချိရေး ဌာနကြီးတွေဖြစ်တဲ့ အသံလွှင့်ရုံနဲ့ သတင်းစာတွေကလဲ လေသံတမျိုး ပြောင်းသွားတယ်။

ကိုရီးယားမှာဆိုယင်လဲ နာဖျားမကျန်းဖြစ်နေတဲ့ စစ်သားတွေနဲ့ ဒဏ်ရာရနေတဲ့ စစ်သားတွေ လဲလှယ်ရေး ကိစ္စကြီးဟာ၊ အတော်ကြာကြာကြီး စေ့စပ်လို့ မရဘဲ ပျက်နေရာက၊ တဖန် ပြန်ပေါ်လာပြီး အောင်မြင်သွားတယ်။ ကိုရီးယား စစ်သုံ့ပန်းတွေ လဲလှယ်ရေးကိစ္စမှာလဲ၊ ကုလသမဂ္ဂမှာ အတည်ပြုလိုက်တဲ့ အိန္ဒိယရဲ့အဆိုကို၊ တရုပ်အစိုးရက ပယ်ချပစ်ပြီးမှ၊ ဒီအဆိုနဲ့ သဘောခြင်း ထပ်တူ ထပ်မျှလောက် ဖြစ်တဲ့ အဆိုကို တရုပ်အစိုးရတို့က တင်သွင်းလာကြပြန်တယ်။

ဒီတော့ ဒီလိုဖြစ်လာကြတာတွေဟာ၊ ဘာကြောင့်လဲ။ ဆိုဗီယက် ရပ်ရှားမှာ အချုပ်အချာ အာဏာတွေ မရှိလို့လား။ အားအင် မတောင့်တင်းလို့လား။ မဟုတ်ပါဘူး။ ဒီလို လုပ်ကြရတာတွေဟာ ဆိုဗီယက် ရပ်ရှားရဲ့ ပတ်ဝန်းကျင် အခြေအနေအရဘဲ ဖြစ်တယ်။

၁၉၃၅ ခုနှစ်နဲ့ ၁၉၃၈ ခုနှစ်အတွင်းလောက်တုန်းကလဲ၊ ဆိုဗီယက်ရပ်ရှားဟာ ပတ်ဝန်းကျင်အခြေအနေအရ သူ့လမ်းစဉ်တွေကိုရော၊ လေသံတွေကိုရော တမျိုး ပြောင်းခဲ့ရဘူးပြီ။ ဒီတုန်းက ပတ်ဝန်းကျင်အခြေအနေကဘော့ တခြားဟာမဟုတ်ဘူး။ အီတလီ၊ ဂျာမနီ၊ ဂျပန် တို့က သူ့ကို ဝိုင်းပြီးချဘို့ စိုင်းပြင်း နေကြတဲ့အတွက်ဘဲ ဖြစ်တယ်။

ဒီတုန်းကဆိုယင်၊ ကွန်မြူနစ် အင်တာနေရှင်နယ်လို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ် အဖွဲ့ချုပ်ကြီးရဲ့ လမ်းစဉ်ဟာ တမျိုး ပြောင်းလာတာကို တွေ့ရတယ်။ ရှေးအခါတုန်းက တပ်ပေါင်းစု လမ်းစဉ်ကို အချောင်သမား လမ်းစဉ်လို့ ရှုတ်ချခဲ့ပေမဲ့၊ ၁၉၃၅ ခုနှစ်က အစပြုပြီး၊ လက်ဝဲ ဂိုဏ်းသားခြင်း ပေါင်းထားတဲ့ တပ်ပေါင်းစု သာမက၊ ရှေ့သို့ တလှမ်းတိုးပြီး ဖက်ဆစ်ဝါဒကို စုပေါင်း ချေမှုန်းရန် ဖက်ဆစ်ဝါဒကို မလိုလားသူ မှန်သမျှပါဝင်တဲ့ အင်မတန်ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဝံနစ်ကိုပင် တကမ္ဘာလုံးရှိ ကွန်မြူနစ်ပါတီများက လိုက်နာဆောင်ရွက်ရန် ၊၁၉၃၅ ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ်ပါတီ အဖွဲ့ချုပ်ကြီးက ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒါတင်မကသေးဘူး။ ဆိုဗီယက်တွေ့ အာဏာ သိမ်းစဉ်ကစပြီး၊ နှစ်ပေါင်း ၂၀ ကျော် ရပ်ရွားမှာအတည်ဖြစ်ခဲ့တဲ့ ဆိုဗီယက် အုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းကိုပယ်ဖျက်ပြီး၊ ဒီမိုကရေစီ အရိပ်အရောင် အတော် ခပ်များများပါတဲ့၊ အင်္ဂလန် အမေရိကန် ပြင်သစ် အစရှိတဲ့ အနောက်ဘက် ဒီမိုကရေစီ နိုင်ငံများက လက်ခံနိုင်မဲ့ စတာလင် အခြေခံစည်းမျဉ်းလို့ ခေါ်တဲ့ အုပ်ချုပ်ရေး စည်းမျဉ်းတခုကို၊ ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့မှာ ဆိုဗီယက်တို့ အတည်ပြုခဲ့ကြတယ်။

ဒါတွေတင်မကသေးဘူး။ တကမ္ဘာလုံးမှာရှိတဲ့ ကွန်မြူနစ်ပါတီ အသီးသီးဟာလဲ ကမ္ဘာ့တော်လှန်ရေး ကြွေးကြော်သံတွေကို ရပ်စဲပစ်လိုက်ကြတာကိုလဲ တွေ့ခဲ့ရသေးတယ်။ ဒါတွေဟာ အမှန်စင်စစ်တော့၊ဆိုဗီယက်ရပ်ရွားဟာ သူ့ပတ်ဝန်းကျင်အခြေအနေကိုကြည့်ပြီး ဆောင်ရွက်ခြင်းဘဲ ဖြစ်တယ်။

ဒီလိုဘဲ ကျွန်တော်တို့ ပြည်ထောင်စုဟာလဲ၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့က အစပြုပြီး အချုပ်အချာ အာဏာ ရတယ်ဆိုတာ မှန်ပေမဲ့၊ ကိုယ်လုပ်ချင်တာတွေကို အရမ်း လျှောက်လုပ်လို့ မဖြစ်ဘူး။ ပတ်ဝန်းကျင် အခြေအနေကို အမြဲ အကဲခတ်ရတယ်။ ယှေ့လာရတယ်။ ဘာဘဲလုပ်ချင် လုပ်ချင်၊ ဒီပတ်ဝန်းကျင် အခြေအနေကို ဆင်ခြင် သုံးသပ်ပြီးမှ လုပ် ရတယ်။

ကျွန်တော်တို့ ဘာဘဲလုပ်ချင်လုပ်ချင်၊ အမြဲတမ်း မျက်ခြည် အပြတ်မခံရဲဘဲ၊ အမြဲတမ်း ဆင်ခြင်သုံးသပ်နေရတဲ့ ပတ်ဝန်း ကျင် အခြေအနေကတော့ တခြားဟာမဟုတ်ပါဘူး။ (၁) စစ် နဲ့ ရောင်စုံသူပုန်တို့ရဲ့ ဒဏ်ကြောင့်၊ တနိုင်ငံလုံးမှာ ပြည့်လျှံနေ တဲ့ လောင်စာနဲ့ပြာပုံ၊ (၂) နုနယ်တဲ့အရွယ်မှာပင် ရှိနေသေး တဲ့ အမျိုးသားစည်းလုံးရေး၊ (၃) ပြန်လည်ထူထောင်ရေးနဲ့ ပြည်တော်သာနိုင်ငံ ထူထောင်ရေးတို့အတွက်၊ လိုအပ်တဲ့ပညာ သည်များ၊ စက်ကရိယာ တန်ဆာပလာများ၊ ပစ္စည်းများ၊ (၄) ပထဝီဝင်အရ ပြည်ထောင်စုကို ဝိုင်းနေတဲ့ နိုင်ငံတွေနဲ့ သူတို့ရဲ့ စိတ်ခနသဘောထား၊ (၅) ကျွန်တော်တို့ရဲ့ ကိုယ်ပိုင် လက်နက်ကိုင်အင်အား၊ (၆) အမေကျော်ဒွေးဒေါ်လွှမ်းနေကြ တဲ့လက်ဝဲလက်ျာ ပဋိပက္ခတပ်သားများဆိုတဲ့ အချက်ကြီး ခြောက် ချက်ဟာ၊ ကျွန်တော်တို့ ဘာဘဲလုပ်လုပ်၊ မျက်ခြည်အပြတ်မခံ ရဲဘဲ၊ အမြဲတမ်း လှေ့လာသုံးသပ်နေရတဲ့ ပတ်ဝန်းကျင်အခြေ အနေကြီး ခြောက်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြား ရေးဝါဒကို ကြားနေရေးဝါဒလုပ်ရတာလဲ၊ အခု ပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများကြောင့်ဘဲ ဖြစ်တယ်။

နိုင်ငံခြားသားပိုင် လုပ်ငန်းတွေကို၊ ပြည်သူပိုင်လုပ်တဲ့အခါ မှာ လျော်ကြေးငွေပေးဘို့ ကျွန်တော်တို့ ဆုံးဖြတ်ရတာဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများကြောင့်ဘဲ ဖြစ်တယ်။ ရှိသမျှနိုင်ငံတကာနဲ့ သင့်အောင်ပေါင်း နေရတာ ဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများ ကြောင့်ဘဲဖြစ်တယ်။ အီး၊ စီ၊ အေ၊ ခေါ် အမေရိကန်အထောက် အပံ့တွေကို လက်ခံခဲ့ရတာဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေ အနေကြီးများကြောင့်ဘဲ ဖြစ်တယ်။ ကေ၊ အမ်၊ တီ အစိုးရနဲ့ အဆက်ဖြတ်ပြီး၊ တရုပ်ပြည်သူ့သမတ နိုင်ငံအစိုးရ ကို အသိအမှတ်ပြုရတာဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများကြောင့်ဘဲ ဖြစ်တယ်။ နိုင်ငံခြားလုပ်ငန်း ကြီး တချို့ကို ချက်ခြင်း ပြည်သူပိုင်မလုပ်သေးဘဲ၊ နိုင်ငံခြား ကုမ္ပဏီတွေနဲ့ နိုင်ငံတော်အစိုးရတို့ အစုစပ်လုပ်ငန်းတွေ လုပ် ကြဘို့ စီစဉ် နေရတာဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများကြောင့်ဘဲ ဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂ ထဲကို၊ အသင်းသားအဖြစ်နဲ့ ကျွန်တော်တို့ ဝင်ခဲ့ရတာဟာလဲ၊ အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေ အနေကြီးများကြောင့်ဘဲ ဖြစ်တယ်။

ဒီတော့ ဒီလိုပတ်ဝန်းကျင် အခြေအနေတွေကို မဆင်ခြင် မသုံးသပ်ဘဲ၊ အင်္ဂလိပ်နဲ့ အမေရိကန်ကို စတီကလေးဖြစ်ဖြစ် စစ်ကျေညာဘို့ တိုက်တွန်းသွားကြတဲ့ ပြည်သူ့ရဲဘော်ခေါင်း ဆောင်တွေလို၊ နိုင်ငံခြားသားတွေရဲ့ ပစ္စည်းတွေကို လျော်ကြေး မပေးဘဲ၊ ဟိုဟာတွေ အတင်းသိမ်းခိုင်း၊ ဒီဟာတွေ အတင်း သိမ်းခိုင်းနေတဲ့ ကွန်မြူနစ်တွေလို၊ တွေ့ကရာတွေကို မိုက်ရူးရဲ

လျှောက်လုပ်နေမယ်ဆိုယင်၊ ဒီပြည်ထောင်စုကြီးဟာ ငါးပါး သာမက၊ သံဃာစင်ကြီးပါ မှောက်သွားလိမ့်မယ်။

ဒါကြောင့် ပြည်တော်သာ နိုင်ငံကြီး တည်ဆောက်နေတဲ့ နေရာမှာ ရှေ့ဆုံးတန်းကနေရမဲ့ ဗ၊ တ၊ လ၊ စ အစည်းအရုံး ဝင်တွေဟာ ဘယ်ဟာကိုဘဲ လုပ်လုပ်၊ အမှားနဲနဲနဲ့လုပ်နိုင် အောင် အကြားအမြင်တွေကို ရနိုင်သမျှ ကြိုးစားပြီးစုကြ ရမယ်။

ဒီတော့ အကြားအမြင်များဘို့ ဗ၊ တ၊ လ၊ စ ဌာနချုပ် က တလတကြိမ်ထုတ် မဂ္ဂဇင်းကောင်းကောင်း တစောင်ထုတ် ဝေဘို့ ကျွန်တော်လေးနက်စွာ အကြံပေးလိုတယ်။ ဒီမဂ္ဂဇင်း ထဲမှာ ဗ၊ တ၊ လ၊ စ အစည်းအရုံးဝင်တွေ မသိမနေအပ်တဲ့ ပြည်ထောင်စုရေးရာ၊ နိုင်ငံတကာ့ရေးရာတွေကို အထူးဂရုစိုက် ပြီး ဖေါ်ပြသွားရမယ်။ ဗ၊ တ၊ လ၊ စ အစည်းအရုံးတိုင်းလဲ ဒီမဂ္ဂဇင်းကို မဂ္ဂဇင်းဘိုးမှန်မှန်ပေးပြီး၊ လစဉ်မှာယူကြရမယ်။

## (၆) ဇွဲ

ဇွဲဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ကျွန်တော် အထူးပြောဘို့ မလိုပါဘူး။ ပြည်တော်သာနိုင်ငံ တနိုင်ငံ ထူ ထောင်ဘို့ လုပ်ငန်းဟာ အင်မတန် ကြီးမားတဲ့ လုပ်ငန်းတရပ် ဖြစ်တဲ့အတွက်၊ ဒီလုပ်ငန်းကြီးကို အကောင်အထည် ဖေါ်တဲ့ နေရာမှာ ဇွဲဘယ်လောက် လိုမယ်ဆိုတာကိုလဲ ကျွန်တော် အ ထူးပြောဘို့ မလိုပါဘူး။ ဗ၊ တ၊ လ၊ စ အစည်း အရုံးဝင်တွေ ဟာ၊ အကုန်လုံး သိပြီးသားဖြစ်ပြီလို့ ကျွန်တော် ယုံကြည်ပါ တယ်။ ဆန်ကို ဆန်ဆိုင်မှာ သွားပြီးတော့ ဝယ်တဲ့အခါ ပိုက်ဆံ

ပေးနိုင်ယင် လိုသလောက်ရတဲ့အတွက်၊ ဆန်ဆိုတာဟာ လွယ်လွယ်နဲ့ရသလိုလို လယ်အကြောင်း နားမလယ်တဲ့လူတွေက ယူဆစရာ အကြောင်းရှိတယ်။ ဒါပေမဲ့ ဆန်အိုးထဲကို ဆန်ရောက်လာရေးအတွက်၊ လယ်ယာမိးရှို့တဲ့အလုပ်ကစပြီး၊စပါးတွေကို တလင်းထဲ ပုံတဲ့အထိဟာ ဆင့်ကဲ ဆင့်ကဲ ဘယ်လို ဇွဲကောင်းကောင်းနဲ့ ဒုက္ခခံပြီး လုပ်ခဲ့ရတယ်ဆိုတာကို တောင်သူ လယ်သမားတွေကတော့ သိကြပါတယ်။ ပြည်တော်သာ လုပ်ငန်း အကောင်အထည် ဖေါ်တယ်ဆိုတာဟာ၊ ဒီဆန်ဖြစ်အောင် လုပ်ရတဲ့ အလုပ်ထက် အဆပေါင်း သိန်းပေါင်းများစွာ ကြီးကျယ်ပါတယ်။ ဒီတော့ ဆန်ဖြစ်အောင် လုပ်တဲ့ အလုပ်ကလေးတခုကိုပင်၊ တောင်သူ လယ်သမားတွေဟာ ဇွဲကောင်းကောင်းနဲ့ လုပ်နေရယင်၊ ပြည်တော်သာနိုင်ငံ ထူထောင်ဘို့ လုပ်ငန်းစဉ်ကို၊ ဇွဲဘယ်လောက် လိုမယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။

ပြည်တော်သာနိုင်ငံ ထူထောင်တဲ့နေရာမှာ နှောင်နှစ်ခါပြီးမလား၊ နောက် သုံးလေးနှစ်ကြာယင် ပြီးမလား အစရှိသည်ဖြင့် မေးမနေကြနဲ့။ ကုန်ကုန် ပြောလိုက်မယ်၊ ဘယ်တော့လောက်များ ပြီးမလဲလို့တောင် မေးမနေကြနဲ့။ ပြည်တော်သာနိုင်ငံ တည်ထောင်လို့ မပြီးမခြင်း ဒို့တည်ထောင်သွားမယ်ဆိုတဲ့ ဇွဲနဲ့ ခါးတောင်းကျိုက် မဖြုတ်ဘဲ ဆောင်ရွက်ကြရမယ်။ ပြည်တော်သာ နိုင်ငံကြီးကိုတော့ ထူထောင်ချင်တယ်၊ ဇွဲကတော့ တယ်မရှိ လှဘူးဆိုယင် ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးဖြိုမဲ့ကြံ၊ ခါးကမသန် ဆိုသလိုဖြစ်နေလိမ့်မယ်။

''ရောမ နိုင်ငံကြီးကို တနေ့တည်းနဲ့ ထူထောင် ပြီးစီးတာမဟုတ်ဘူး'' လို့ဆိုတဲ့ သိုးဆောင်း စကားပုံ တခုရှိတယ်။ ဒီ

စကားပုံကတော့ တခြားဟာကိုပြောတာမဟုတ်ပါဘူး။အလုပ်ကြီးကြီးကျယ်ကျယ် တခုခုကို လုပ်ချင်ယင်၊ နေ့ချင်း လချင်း နှစ်ချင်း ပြီးအောင်လုပ်ဘို့တော့ မဖြစ်နိုင်ဘူး။ တနေ့တလံ ပုဂံဘယ်ပြေးမလဲ ဆိုတဲ့ ဇွဲမျိုးနဲ့ ဒီအလုပ်ကြီးကို မပြီးမချင်း လုပ်ရမယ်လို့ ဆိုလိုခြင်းဘဲ ဖြစ်တယ်။ ဒါကြောင့် ပြည်တော်သာနိုင်ငံ တနိုင်ငံကို ထူထောင်တဲ့နေရာမှာ၊ ရှေ့ဆုံးတန်းက နေရမဲ့ ဗ၊တ၊လ၊စ အစည်းအရုံးဝင် တွေဟာ အစွမ်းကုန် ဇွဲကောင်းကြရမယ်။

အခုကျွန်တော်ပြောခဲ့တဲ့ ဂဏ်အင်္ဂါ ခြောက်ရပ်ဟာ ဗ၊တ၊လ၊ စ အဖွဲ့ဝင်တိုင်းမှာ မရှိမဖြစ်တဲ့ ဂဏ်အင်္ဂါ ခြောက်ရပ်ဖြစ်တယ်။ ဒီတော့ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ ဒီအင်္ဂါခြောက်ရပ်နဲ့ ပြည့်စုံကြဘို့ အထူးကြိုးစားကြ စေချင်တယ်။

ဗ၊တ၊လ၊စ မှာဘဲဖြစ်ဖြစ်၊ ဖ၊ဆ၊ပ၊လ မှာဘဲဖြစ်ဖြစ်၊ ဘယ်အစည်းအရုံး အသင်း အဖွဲ့မှာဘဲ ဖြစ်ဖြစ်၊ အရေး အကြီးဆုံးကိစ္စကတော့ လူများများရဘို့ မဟုတ်ပါဘူး။ လူကောင်းကောင်းရဘို့ဘဲ ဖြစ်တယ်။ အရေအတွက်က အရေးမကြီးဘူး။ အရည်အချင်းက ပိုပြီး အရေးကြီးပါတယ်။ အမတော်ကြေးခေါင်းပုံဖြတ်သမားတွေ၊တောင်သူလယ်သမားတွေရဲ့ ကောက်ပဲသီးနှံတွေကို ဈေးနှိမ်ပြီးဝယ်နေတဲ့ စက်ပိုင် ပွဲစား အဝယ်တော်တို့ရဲ့ လက်ကိုင်ဒုတ်တွေ၊ တောင်သူလယ်သမား အကျိုးအတွက် ဆောင်ရွက်ပေးဘို့ အပ်နှင်းထားတဲ့ အာဏာတွေကို အလွဲသုံးစားလုပ်တဲ့ လူညစ်ပတ် လူယုတ်မာတွေ အစရှိတဲ့ လူရှုပ် လူပွေလူယုတ်မာတွေနဲ့ အရောရောအနှောနှောဖြစ်နေတဲ့ အစည်းအရုံးဝင်ပေါင်း တသန်းထက်၊ အခု ကျွန်တော်ပြခဲ့တဲ့

ဂုဏ်အင်္ဂါခြောက်ရပ်နဲ့ ပြည့်စုံတဲ့ အစည်းအရုံးဝင် တရာက ပို့ပြီး အဘိုးတန်ပါတယ်။ ဒီလိုဆိုယင် ဗ၊ တ၊ လ၊ စကို ပို့ပြီး တောင့်တင်း ခိုင်မာလာအောင်၊ တည်တံ့ ခိုင်မြဲလာအောင် လုပ်ပေးနိုင်ပါလိမ့်မယ်။ ဗ၊ တ၊ လ စ က အဓိဋ္ဌာန်ပြုထားတဲ့ ပြည်တော်သာ နိုင်ငံကြီးတည်ထောင်ရေးမှာပို့ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်လာပါလိမ့်မယ်။ ဒါကြောင့် ဗ၊တ၊လ၊စ အဖွဲ့ဝင်တွေဟာ အခုကျွန်တော်ပြောခဲ့တဲ့ ဂုဏ်အင်္ဂါ ခြောက်ရပ်နဲ့ ရာခိုင်နှုန်းအပြည့် ပြည့်စုံကြဖို့ အထူး ကြိုးစားကြပါရန် ကျွန်တော် ထပ်ဆင့်ပြီး သတိပေးလိုက်ပါတယ်။

ကဲ ကျွန်တော် ပြောတာလဲ အတော် ရှည်သွားပါပြီ။ ဒါကြောင့် ကျွန်တော် ပြောပြီးခဲ့တဲ့ စကားတွေ အားလုံးကို ဗ၊ တ၊ လ၊ စ အစည်း အရုံးဝင်တွေ မှတ်မိလွယ်အောင် ပြန်ပြီး အကျဉ်းချုံးပါရစေ………။

ဗ၊ တ၊ လ၊ စ ရဲ့ ပန်းတိုင်ဟာဘာလဲ။ ဗ၊ တ၊ လ၊ စရဲ့ပန်းတိုင်ဟာ ပြည်တော်သာ နိုင်ငံကြီး တည်ဆောက်ရေးပင် ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို ရောက်တောင် ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ ဘယ်အခန်းက ပါရမလဲ။ ပြည်တော်သာ နိုင်ငံကြီး တည်ဆောက်ရေးအတွက် လိုအပ်တဲ့ ငွေ၊ လူ၊ ပစ္စည်း အစရှိသည်တို့ကို ရှာရတဲ့ နေရာမှာရော၊ ငြိမ်းချမ်းရေးကို ရအောင် လုပ်တဲ့နေရာမှာရော၊ လမ်းစဉ်နဲ့ ဝါဒတိုက်ပွဲတွေကို ဆင်နွှဲတဲ့ နေရာမှာရော၊ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင် တွေဟာ ရှေ့ဆုံးတန်းက ပါရမယ်။ ခေါင်းဆောင်တွေ အခန်းက ပါဝင်အသုံးတော်ခံရမယ်။ ဒီအခန်းက ပါရမဲ့ ဗ၊ တ၊ လ၊ စ အဖွဲ့ဝင် တွေဟာ ဘယ်လို လူစားတွေ ဖြစ်ရမလဲ။ ဒီအခန်းကပါရမဲ့ ဗ၊တ၊လ၊စ

အဖွဲ့ဝင်တွေဟာ (က) စေတနာကောင်း၊ (ခ) ကျွမ်းကျင်မှု၊ (ဂ) စည်းကမ်းသေဝပ်မှု၊ (ဃ) လက်ရုံးရည်နဲ့ နှလုံးရည်၊ (င) အကြားအမြင်၊ (စ) ဇွဲ တည်းဟူသော ဂုဏ်အင်္ဂါ ခြောက်ရပ်နဲ့ ပြည့်စုံတဲ့ လူတွေဖြစ်ရမယ်။

ဒါဟာ ဒီကနေ့ ညီလာခံကြီးမှာ ဒီ လုပ်ဖော်ကိုင်ဘက်တွေနဲ့ ဒီလိုရင်းရင်းနှီးနှီး တွေ့ရတဲ့ အခွင့်အရေးကြီးကို ရတုန်း ကျွန်တော့ ဝမ်းထဲမှာ ရှိသမျှတွေကို ထုတ်ဖော်ပြီး ပြောလိုက်တဲ့ စကားတွေရဲ့ အကျဉ်းချုပ်ဘဲ ဖြစ်ပါတယ်။ ဒီတော့ ယခု ကြွရောက်လာကြတဲ့ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဘက် တွေဟာ ဒီကနေ့ ကျွန်တော် ပြောသွားခဲ့သမျှ စကားတွေကို အကုန်လုံး မမှတ်မိသည့် တိုင်အောင်၊ အကျဉ်းချုပ်ကလေးကို မှတ်မိပြီး၊ ဒီအတိုင်းလိုက်နာ ကျင့်သုံး ဆောက်တည် ကြမယ်ဆိုယင် ကျွန်တော် အပင်ပန်းခံပြီး ပြောရကျိုး နပ်ပါပြီ။

ဒါကြောင့် ဗ၊ တ၊ လ၊ စ အဖွဲ့ဝင်တွေဟာ ကောင်းသော မင်္ဂလာ အပေါင်းတို့နှင့် ကောင်းစွာ ပြည့်စုံ ပါစေသတည်း။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးကိုအင်အား တောင့်တင်း ခိုင်မာသော အစည်းအရုံးကြီး ဖြစ်အောင် ကောင်းစွာ ကြိုးစား အားထုတ် နိုင်ပါစေသတည်း။ ပြည်တော်သာ နိုင်ငံကြီးကိုလည်း ကောင်းသော စေတနာ၊ ကျွမ်းကျင်မှု၊ စည်းကမ်းသေဝပ်မှု၊ လက်ရုံးရည်နှင့် နှလုံးရည်၊ အကြားအမြင်၊ ဇွဲတို့နှင့် အောင်မြင်စွာ တည်ဆောက်ပေးနိုင်သည် ဖြစ်ပါစေသတည်း။

# ၉။ ဒီမိုကရေစီဒေသန္တရစကောင်စီလူကြီး

## ၁၉၅၅ ခုနှစ်၊ဧပြီလ—ဂ ရက်နေ့၊ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အာဏာအပ်နှင်းပွဲမိန့်ခွန်း

ခရိုင်ကောင်စီ လူကြီးများနဲ့ ကြွရောက် လာကြ သော ပရိသတ်အပေါင်းတို့ခင်ဗျား။

ဗမာနိုင်ငံ၏ အုပ်ချုပ်ရေးရာဇဝင်မှာ မော်ကွန်းတင်ထိုက် တဲ့ယခုလိုနေ့ထူး နေ့မြတ်ကြီးမှာ၊ ဒီမိုကရေစီဒေသန္တရ အုပ် ချုပ်ရေး အာဏာအပ်နှင်းခြင်းနှင့်ပတ်သက်ပြီး ပြောကြားရ မယ်ဖြစ်တဲ့အတွက်၊ ကျွန်တော်များစွာ နှစ်ထောင်းအားရဖြစ် မိပါတယ်။ ၁၉၄၈ ခုနှစ်၊ ဗမာနိုင်ငံ အချုပ်အချာအာဏာ ပိုင် နိုင်ငံအဖြစ်သို့ ရောက်ရှိပြီး၊ လအနည်းငယ် အတွင်းမှာပင် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ပတ်သက်တဲ့ ကျေညာ ချက်တရပ်ကို ပြည်သူလူထုကြီးတရပ်လုံးသိစေရန် ကျွန်တော် ကိုယ်တိုင် ကျေညာခဲ့ပါတယ်။ ဒီကျေညာချက်ထဲမှာ အောက် ပါ အရေးကြီးသော အချက်အလက်များ ပါရှိပါတယ်။

''မြူနီကရေစီ အုပ်ချုပ်ရေး စက်ယန္တရားကို ဒီမိုကရေစီ အုပ်ချုပ်ရေး စက်ယန္တရားဖြစ်အောင် အမြန်ဆုံး ရေးဆွဲ၍ ကျွန်ုပ်ကိုယ်တိုင် ကက်ဘိနက် အဖွဲ့သို့ တင်သွင်းပြီး ကက်ဘိ နက်အဖွဲ့က အောက်ပါ သတ်မှတ်သည့် မူ အတိုင်း ဖြစ်ပေါ် လာအောင်အစီအစဉ်ပြုလုပ်ရန်ဖြစ်သည်။

(၁) ကျေးရွာအုပ်စုတိုင်းကို ကျေးရွာလူထု ကော်မီတီဖွဲ့ စည်းပြီး၊ အုပ်ချုပ်ရန်နှင့် များစွာသော တရားစီရင် ပိုင်ခွင့်

အာဏာ၊ ပုလိပ်အာဏာ၊ အခွန်တော် အာဏာတို့ကို အပ်နှင်းပေးရန် ဖြစ်သည်။

(၂) မြို့များတွင် ရပ်ကွက်ဆိုင်ရာ လူထု ကော်မီတီများ ရွေးကောက် တင်မြှောက်ပြီး၊ အုပ်ချုပ်မည်။ မှောင်ခို ဈေးတိုက်ဖျက်ရေး၊ ဈေးနှုန်းကန့်သတ်ရေး၊ အိမ်ခွန်အိမ်ခ၊ မြေခ စသော ကိစ္စများကို ဆောင်ရွက်ရန် အခွင့်အာဏာ အပြည့်အစုံရရှိသောကော်မီတီများဖြစ်လိမ့်မည်။

(၃) မြို့နယ်နှင့် ခရိုင်များအတွက်လည်း မြို့ပိုင်နှင့်အရေးပိုင်တို့သည် မြို့နယ်နှင့် ခရိုင်လူထု ကိုယ်စားလှယ်နှင့် ပူးတွဲအုပ်ချုပ်ရမည်ဖြစ်သည်။

(၄) အုပ်ချုပ်ရေး စက်ယန္တရားကြီး၏ အစိတ်အပိုင်းများဖြစ်သော ရာထမ်း မှုထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးတက်ခြင်း၊ ခွင့်ရက်စည်းကမ်း ထိန်းသိမ်းရေး၊ ညစ်ညမ်းမှု ပပျောက်ရေး၊ အလုပ် တွင်ကျယ်ရေး စသည်များကို လည်း အရာရှိအရာထမ်း တဦးတည်းက အုပ်ချုပ်ခြင်းမျိုး မဟုတ်ဘဲ၊ ရာထမ်းနှင့်မှုထမ်းတို့၏ ကိုယ်စားလှယ်များက တွဲဘက် အုပ်ချုပ်ရမည်ဖြစ်သော စံနစ်ဖြစ်လိမ့်မည်။ အရာရှိ ဆိုသည်မှာ သက်ဆိုင်ရာဌာနတွင် အကျွမ်းကျင်ဆုံးသော တာဝန်ခံ ရာထမ်း သဘောလောက်သာ ဖြစ်လာလိမ့်မည်။

ဒီကြေညာချက် ထုတ်ပြန်ပြီးနောက်၊ ကြေညာချက် ထဲမှာ ပါတဲ့အခြေခံမူများနဲ့ ပြည့်စုံသော ဒေသန္တရ အုပ်ချုပ်ရေး စံနစ်သစ်တရပ်ကို အသေးစိတ်လေ့လာပြီး၊ အစိုးရထံ အစီရင်ခံရန်အုပ်ချုပ်ရေးဘက်မှ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များနှင့် လူ

ထုကိုယ်စားလှယ်များ ပါဝင်တဲ့ ကော်မီတီတရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မီတီကဌာနအသီးသီးမှ ရာထမ်း မှုထမ်းများနှင့်၎င်း၊ လူထုကိုယ်စားလှယ်များနှင့်၎င်း၊ အကြိမ်ပေါင်းများစွာဆွေးနွေးပြီး၊ အစီရင်ခံစာတရပ်ကို နိုင်ငံတော်အစိုးရထံ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်အစိုးရကလည်း ထိုအစီရင်ခံစာကို အမှီပြုပြီး၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကြမ်းတရပ်ကို ၁၉၄၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ အတွင်းတွင် ကျင်းပခဲ့သော ပါလီမန်လွှတ်တော်သို့ တင်ပြခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ပါလီမန်လွှတ်တော်တွင် မည်သည့်ရည်ရွယ်ချက်နှင့် တင်ပြရခြင်းကို ကျွန်တော်ကိုယ်တိုင် လွှတ်တော်အစည်းအဝေးမှာ ရှင်းလင်းပြောပြခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်၊ ဖေဖေါ်ဝါရီလအတွင်းမှာ ပါလီမန်လွှတ်တော်၌ ပြောကြားခဲ့သည့်ကျွန်တော်၏စကားရပ်များထဲမှ အရေးကြီးတဲ့ အချက်ကြီးများကို ပြန်ပြောလိုပါတယ်။

ဗမာနိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပြဌာန်းချက်အရဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီဝါဒ သဘောတရားအတိုင်း ဖွဲ့စည်း တည်ထောင်ရမည် ဖြစ်တယ်။ ဒီမိုကရေစီ သဘောတရားများနှင့် ညီညွတ် ရန်မှာလည်း အရည်အချင်းနှစ်ရပ်နှင့်သာ ပြည့်စုံ ရပါတယ်။ ဒီအရည်အချင်းနှစ်ရပ်ကတော့၊ (၁) ထိုနိုင်ငံသည် အချုပ်အချာအာဏာပိုင်သောနိုင်ငံဖြစ်ရမည်၊ (၂) ထိုအချုပ်အချာအာဏာသည် လူတဦးလက်ထဲမှာသော်၎င်း၊ လူတစုလက်ထဲမှာသော်၎င်း မထားနိုင်။ တိုင်းသူပြည်သားတရပ်လုံး၏ လက်ထဲမှာသာထားရမယ်။ မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေး ရ

သည်နှင့်တပြိုင်နက် အချုပ်အချာ အာဏာနှင့် ပြည့်စုံပြီးဖြစ်ပါတယ်။ ထိုအချုပ်အချာ အာဏာကို၊ လူထု တရပ်လုံးက ရွေးကောက်တင်မြှောက်တဲ့ပါလီမန်လွှတ်တော်ကိုယ်စား၊နိုင်ငံတော်အစိုးရအဖွဲ့က ဆက်ခံဆောင်ရွက် ရသဖြင့် အချုပ် အချာအာဏာသည် တိုင်းသူပြည်သားတွေရဲ့လက်ထဲမှာရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ တိုင်းသူပြည်းသားတွေရဲ့ အာဏာကို ပါလီမန်အမတ်တွေလက်ထဲသို့ အပ်ထားခြင်းသာဖြစ်နေတဲ့အတွက်၊ ဒီအစိတ်အပိုင်းလောက်မှာသာ ဒီမိုကရေစီသဘောတရားနဲ့ ပြည့်စုံပြီးဖြစ်နေပါသေးတယ်။ ပါလီမန်အမတ်တွေထဲမှတဆင့် အစိုးရ အဖွဲ့-ဖွဲ့။ အစိုးရအဖွဲ့မှ တဆင့်နယ်တွေမှာ အရာရှိတွေခန့်ပြီး အုပ်ချုပ်တဲ့စံနစ် ဖြစ်နေသေးတော့၊ ကျွန်တော်တို့ မြင်နေရတဲ့ ဒီမိုကရေစီဆိုတာဟာ အထက်ပိုင်းမှာသာ ဒီမိုကရေစီစစ်နေသေးတယ်။ အောက်ပိုင်းမှာတော့၊ ဒီမိုကရေစီမဟုတ်ဘဲ၊ နိုင်ငံခြားသားလက်အောက်က ကျင့်သားရလာတဲ့ ဗြူရိုကရေစီ စံနစ်ကိုသာလျှင် ဆက်လက် အသုံးပြုနေရပါသေးတယ်။ ဒါကြောင့် အုပ်ချုပ်ရေးယန္တရားတပ်ဆင်တဲ့ အခါမှာ၊ ဒီမိုကရေစီ သဘောတရားများနှင့်ညီညွတ်တဲ့ဗဟိုအစိုးရတရပ်ကိုသာ ဖွဲ့စည်းတည်ထောင်ပြီးသည်နှင့် မလုံလောက်သေးပါဘူး။ ဗဟိုအစိုးရဆိုတာဟာ လူထုနဲ့အလှမ်းဝေးတယ်။ လူထုရဲ့ကိစ္စအဝဝကို အခါခပ်သိမ်းမျက်ခြည်မပြတ်မကြည့်နိုင်ဘူး။ ရွာမှာနေတဲ့ လူထုရဲ့ ပြဿနာအရပ်ရပ်ကို ရန်ကုန်မှာရှိတဲ့ အစိုးရက ဖြေရှင်း ရတာထက်ဒီရွာကလူထုရဲ့ပြဿနာကို ဒီရွာမှာရှိတဲ့ လူထုကိုယ်စားလှယ်တွေက ဖြေရှင်းပေးယင်ပိုပြီး ထိရောက်တယ်။ လျင်မြန်တယ်။ပို

ပြီးသဘာဝကျတယ်။ တနည်းအားဖြင့်ပြောရလျှင် ဗဟိုအစိုးရဆိုတာဟာ တနိုင်ငံလုံးနှင့်သက်ဆိုင်တဲ့နိုင်ငံခြားရေးကိစ္စ၊ နိုင်ငံတဝန်းလုံးရဲ့အခြေခံစီးပွားရေးကိစ္စ၊ နိုင်ငံတငန်းလုံးအကျုံးဝင်နေတဲ့ အခြားအုပ်ချုပ်ရေးကိစ္စအဝဝတွေကိုသာ တာဝန်ယူပြီး၊ ဒေသအလိုက် အုပ်ချုပ်ရေးကိစ္စ အဝဝတွေကိုတော့ ဒီဒေသကရွေးကောက်လိုက်တဲ့ လူထုကိုယ်စားလှယ်တွေက အုပ်ချုပ်စေရပါတယ်။ ဒီတော့ ဒီလိုဒီမိုကရေစီသဘောတရားနှင့်ပြည့်စုံတဲ့ဒေသန္တရအစိုးရအဖွဲ့တွေကို ဖွဲ့စည်းတည်ထောင်ပေးပါမှ၊ ဒီမိုကရေစီပီသသောအုပ်ချုပ်ရေးဖြစ်တယ်လို့ဆိုရမယ်။

ဒီရည်ရွယ်ချက်နဲ့ ပါလီမန်လွှတ်တော်မှာ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအက်ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်မူရင်းသဘောကတော့၊ နိုင်ငံသားတိုင်းဟာ မိမိတို့ဒေသနှင့် သက်ဆိုင်တဲ့ကိစ္စအားလုံးမှာ မိမိတို့က သာလျှင် စီမံခန့်ခွဲနိုင်ရန် အာဏာကိုဗဟိုအစိုးရက ပေးအပ်မည်ဖြစ်ပါတယ်။ ဗဟို အစိုးရက အာဏာအားလုံးကို လက်ကိုင်ထားပြီး အုပ်ချုပ်တဲ့ စံနစ်ဟာ ဗြူရိုကရေစီအုပ်ချုပ်ရေးစံနစ်သာဖြစ်ရမယ်။ ဒီမိုကရေစီ အုပ်ချုပ်ရေးအသစ်ကိုရဘို့ဆိုလျှင်၊ ကျေးရွာ၊မြို့နယ်၊ ခရိုင် စသည်တို့ရဲ့အုပ်ချုပ်မှု အာဏာဟာ ထိုဒေသများမှာ နေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ လက်ထဲမှာရှိရမယ်။ အုပ်ချုပ်မှု များမှာလဲ ထိုဒေသမှာနေကြတဲ့ နိုင်ငံသားတွေကထိရောက်စွာ ပါဝင်နိုင်ကြရမယ်။ စီမံနိုင်ကြရမယ်။ ဩဇာပေးနိုင်ကြရမယ်။ ဒီမိုကရေစီဝါဒကို လက်ခံသူတိုင်းဒီစံနစ်ကိုလက်ခံကြရမယ်။

ကျေးရွာမှာ ရွာသူကြီးကတဦးတည်းအုပ်စိုးသော စံနစ်မှ၊ ရွာသူ ရွာသားတို့က ရွေးကောက် တင်မြှောက်တဲ့ ကျေးရွာကောင်စီကအုပ်ချုပ်တဲ့စံနစ်သို့ပြောင်းလဲလိုက်ခြင်းဟာထူးခြားတဲ့ အချက်ဖြစ်ပါတယ်။ မြို့နယ်မှာဆိုလျှင်လဲ ဗဟို အစိုးရရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ မြို့ပိုင်ရဲ့အာဏာများကို လူထုကိုယ်စားလှယ်များပါဝင်တဲ့မြို့နယ်ကောင်စီက ယေဘုယျအားဖြင့် သုံးစွဲဆောင်ရွက်ရန်ဖြစ်ပါတယ်။ ခရိုင်မှာလဲထိုနည်းတူ ခရိုင်ဝန်က တဦးတည်းတာဝန်ခံအုပ်ချုပ်ရေးစံနစ်မှ၊ လူထု ကိုယ်စားလှယ်ပါဝင်တဲ့ခရိုင်ကောင်စီက အုပ်ချုပ်တဲ့စံနစ်သို့ ပြောင်းလဲမည်ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျေးရွာတရားရုံးဆိုပြီး တရားစီရင်မှုအာဏာနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်လဲ ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ ကျေးရွာ တရားရုံးတွေဟာ၊ ခက်ခဲနက်နဲတဲ့ ဥပဒေနှင့်ပတ်သက်တဲ့ ပြဿနာအရှုတ်အထွေးများကိုငှင်း၊ မကြာခဏဖြစ်ပေါ်တတ်တဲ့ ရာဇဝတ်မှုနဲ့ တရားမမှုအများအပြားကိုငှင်း စစ်ဆေးနိုင်ခွင့် ရှိလဲရှိလာပေလိမ့်မယ်။ ရွာမှာ ဖြစ်ပေါ်လေ့ရှိတဲ့ အမှုအခင်း အများအပြားဟာ အထက်ရုံးကြီးတွေကို ရောက်ဘို့မလိုဘဲ၊ ရွာထဲမှာပင်ဖြန်ဖြေ ဖြေရှင်းနိုင်ရန် စီစဉ်ချက်တရပ်ဖြစ်ပါတယ်။

နောက်ပြီးတော့၊ ဒီမိုကရေစီဒေသန္တရဥပဒေမှာပါတဲ့ အတိုင်း၊ စံနစ်တကျ ဆောင်ရွက်သွားကြမယ်ဆိုလျှင် လူနည်းစုပြဿနာနှင့်တကွ လူမျိုးစုပြဿနာများကိုလဲ ဖြေရှင်းပြီး ဖြစ်ပါလိမ့်မယ်။ ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်ရေး ဖန်တီးတည်ဆောက်ရာမှာ၊ သက်ဆိုင်ရာ ဒေသမှာရှိတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဒီဒေသနှင့် ပတ်သက်သမျှ ကိစ္စ အဝဝတို့ကို ကိုယ်ထိ

လက်ရောက်ပါဝင်ပြီး၊ ဩဇာပေးနိုင်ခြင်း၊ လှုံ့ဆော်နိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်း စတဲ့ အခွင့် အရေးများကို ရရှိမည် ဖြစ်သောကြောင့်၊ မည်သည့်ဒေသတွင်မဆို မိမိတို့ကြမ္မာကို မိမိတို့သဘောကျဖန်တီးနိုင်ခွင့် ရှိလာပေလိမ့်မည်။ ကရင်များ နေထိုင်တဲ့ကျေးရွာမှာဆိုလျှင်၊ ကျေးရွာကောင်စီနှင့် ကျေးရွာတရားရုံးမှာ ကရင်လူကြီးများသာ ပါဝင်လိမ့်မယ်။ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ မွန်၊ မြန်မာများနေထိုင်တဲ့ ကျေးရွာမှာလဲ ဒီအတိုင်းပင်ဖြစ်မယ်။ ဒါမှသာလျှင် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလက်ဆုပ်လက်ကိုင် ပိုင်ပိုင် နိုင်နိုင်ရတဲ့ ဒီမိုကရေစီ စံနစ်အစစ် အမှန်ဖြစ်မယ်။ ဒီအတိုင်းဆောင်ရွက်သွားလျှင် နိုင်ငံသားတိုင်းဟာ မိမိတို့ဒေသ၏ ဂုဏ်သိက္ခာကို မြှင့်တင်လိုတဲ့ စိတ်ဓာတ်များ ပေါ်ပေါက်လာပေလိမ့်မယ်။ လူမျိုးတမျိုးက အခြားတမျိုးအပေါ်မှာဖြစ်စေ၊ လူတစုကအခြားတစုအပေါ်မှာဖြစ်စေ၊ လူတဦးက အခြားတဦးအပေါ်မှာဖြစ်စေ နိုင်ထက် စီးနင်းနှိပ်စက်ကလူ ပြုမူနိုင်ရန် အကြောင်းမရှိတော့ပါ။ လူမျိုးရေး ဘာသာရေး ပဋိပက္ခမှုများလဲ ပေါ်ပေါက် နိုင်တော့ မယ် မဟုတ်ပါ။

ဒီလို ၁၉၄၉-ခုနှစ်၊ဖေဖေါ်ဝါရီလ-၁၄ ရက်နေ့ကပါလီမန်လွှတ်တော်ညီလာခံတွင် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကြမ်းတင်သွင်းစဉ်က ၎င်းအက်ဥပဒေကြမ်း၏ ရည်ရွယ်ချက်သဘောတရားများကို ကျွန်တော် ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ပါလီမန်လွှတ်တော်က၎င်းအက်ဥပဒေကိုအတည်ပြုပြီးတဲ့နောက်၊နည်းဥပဒေများရေးဆွဲခြင်း၊ ဌာနအသီးသီးနှင့်တိုင်ပင် နှီးနှောခြင်း၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး စက်

ယန္တရားသစ်ကိုမောင်းနှင်မည့် ရာထမ်းမှုထမ်းများအား သင်တန်းပေးခြင်း၊ လူထုတရပ်လုံးအား အုပ်ချုပ်ရေးသဘောတရားများနှင့်ပတ်သက်ပြီး သဘောပေါက် နားလည်လာအောင် လှုံ့ဆော်ပေးခြင်း စသည်တို့ကို နိုင်ငံတော်အစိုးရက အပူတပြင်း လုပ်ကိုင်ခဲ့ပါတယ်။ ဒီနောက်မှာမှ ဒေသန္တရ အဖွဲ့အသီးသီးကို ဖွဲ့စည်းရန်၊ ခရိုင်အချို့တို့မှာ ရွေးကောက်ပွဲများကို ကျင်းပပါတယ်။ ပြီးသမျှလဲပြီးပါပြီ။ အချို့ ခရိုင်များမှာ ကျင်းပဆဲဖြစ်ပါတယ်။ ရွေးကောက်ပွဲလုံးဝပြီးစီးပြီ ဖြစ်သောအင်းစိန်၊ မိတ္ထိလာနှင့်ကျောက်ဆယ်ခရိုင်များတွင် ယနေ့မှအစပြု၍ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး ယန္တရား အသစ်စတင်ရုပ်လုံးဖေါ်တော့မည် ဖြစ်ပါတယ်။ ယနေ့ကစပြီး၊ ဒီခရိုင် ၃–ခရိုင်မှာ ခရိုင်ကောင်စီ၊ မြို့နယ်ကောင်စီ၊ မြို့မကောင်စီ၊ ကျေးရွာကောင်စီနဲ့ ရပ်ကွက် ကော်မီတီဆိုပြီး ဒေသန္တရအဖွဲ့အသီးသီးရဲ့ လုပ်ငန်းသစ်များကို စတင် ဆောင်ရွက် ကြပါတော့မယ်။

ဒီတော့ ယနေ့ကစပြီး စတင်ဖွဲ့စည်းတဲ့ ကောင်စီများမှာဘယ်လို အာဏာသစ်တွေ ချက်ခြင်းရမလဲ။ ဘယ်လိုတာဝန်ဝတ္တရားတွေ ချက်ခြင်း ဆောင်ရွက်ရမလဲ။ ဘယ်လို ထူးခြားချက်တွေချက်ခြင်းတွေ့ရမလဲဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီးအနည်းငယ် ပြောပြ လိုပါတယ်။ ဒီကိစ္စကို မပြောမီ နိုင်ငံတော်အစိုးရက ချမှတ်တဲ့ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းကို ဒေါင့်အမျိုးမျိုးက ကြည့်ပြီး လူအမျိုးမျိုးက ပြစ်တင်ဝေဘန်ကြတာကိုပြောပြလိုပါတယ်။

အချို့က၊ နှစ်ပေါင်းများစွာ ကျင့်သားရလာခဲ့တဲ့ ဗြူရိုကရေစီအုပ်ချုပ်ရေးစံနစ်ကို အတော်ဘဲ သဘောကျသာယာနေကြတာကို တွေ့ရတယ်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ် ကြည့်လျှင် ဗြူရိုကရေစီစံနစ်ဟာ ခေတ်မမှီတဲ့ အုပ်ချုပ်ရေးစံနစ်ဖြစ်မှန်းသိကြသော်လဲ၊ ဒီလူတွေဟာ လက်ရှိတိုင်းပြည် အခြေအနေအရ လက်ရှိစံနစ်ကို မပြောင်းလဲဘဲ၊ ပိုနေမြဲ ကြားနေမြဲထားချင်ကြတယ်။ အချို့ ပုဂ္ဂိုလ်များကတော့ လက်ရှိ စံနစ်သည်ဗြူရိုကိုရေစီစံနစ်အရ အရာရှိများသာ အုပ်ချုပ်သော စံနစ်ဖြစ်တဲ့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေး အစစ် ဖြစ်အောင် အမြန်ဆုံး အာဏာ လွှဲပြောင်းလိုကြပါတယ်။ အချို့ ပုဂ္ဂိုလ်များကတော့ လက်ရှိစံနစ်ဟာ ဗြူရိုကရေစီ ဖြစ်သော်လည်း၊ သဏ္ဌာန်အားဖြင့် ဗြူရိုကရေစီ ခေါ်ဆိုနိုင်သော်လည်း၊ လက်တွေ့အားဖြင့် ပြည်တော်သာ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြသောကြောင့်၊ ဒီမိုကရေစီသဏ္ဌာန် ပေါ်ပေါက်နေပြီဖြစ်သဖြင့် ထိုစံနစ်အတိုင်းပင် ဆက်လက် တည်မြဲလိုကြပါတယ်။

ဒီလို၀ေဘန်ကြတဲ့ပုဂ္ဂိုလ်သုံးမျိုးမှာ၊တမျိုးကလက်ရှိဗြူရိုကရေစီစံနစ်ကို အတော်ဘဲ သဘောကျပြီး၊ နှစ်ပေါင်းများစွာ မပြောင်းလဲချင်ကြဘူး။ တမျိုးကတော့လဲ ဗြူရိုကရေစီ စံနစ်ကို အင်မတန်ရွံမုန်းပြီး နေ့ခြင်း ညချင်း ပြောင်းလဲ ပစ်ချင်တယ်။ ကျန်တမျိုးကတော့ လက်ရှိဗြူရိုကရေစီစံနစ်သည် ပြည်တော်သာ အဖွဲ့တွေနဲ့ပူးတွဲထားလို့ ဗြူရိုကရေးစီ မခေါ်နိုင်တော့ဘူးလို့အယူရှိတယ်။ ဒါပေမဲ့ ဒီပုဂ္ဂိုလ် သုံးမျိုးစလုံးမှာ သဘောချင်းတိုက်ဆိုင်တာတချက်ရှိတယ်။ဒါကတော့ဗြူရိုကရေစီ

စံနှစ်သည် ခေတ်မမှီ၍ ထိုစံနှစ်နေရာမှာ ဒီမိုကရေစီ စံနှစ်ကို အစားထိုးပြောင်းလဲရမယ်ဆိုတဲ့အချက်ဘဲဖြစ်တယ်၊ ချက်ခြင်း ပြောင်းလဲဘို့နဲ့၊ အချိန်ယူပြီး ပြောင်းလဲဘို့ ဆိုတဲ့ ကိစ္စမှာသာ သဘောကွဲလွဲကြတယ်။

အင်းစိန်၊ မိတ္ထီလာ၊ ကျောက်ဆယ်ခရိုင်များမှာ ပြည်သူလူထုတရပ်လုံး မလိုလားတဲ့ ဗြူရိုကရေစီအုပ်ချုပ်ရေး စံနှစ်နေရာမှာ ဒီမိုကရေစီစံနှစ် အစားထိုးလိုက်ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်ပေါင်း ၆၀ ကျော်ကျင့်သားရနေတဲ့ အုပ်ချုပ်ရေး စက်ယန္တရားအဟောင်းကို အမြစ်ကလှန်ပြီး၊ တခါမျှမကြုံဘူးသေးတဲ့စက်ယန္တရားအသစ်ကြီးကို ချက်ခြင်းတပ်ဆင်လိုက်လို့မဖြစ်သေးဘူးဆိုတာ အထူး သတိပြုစေလိုတယ်။ အိမ် ဟောင်းကို ဖျက်လိုက်ယင် အိမ်သစ်ဆောက်ဘို့ အတွက် ပစ္စည်း ကရိယာ အပြည့်အစုံနဲ့လက်သမား၊ ပန်းပု၊ ပန်းရံအပြည့်အစုံ အဆင်သင့်ရှိရမယ်။ ဒီလိုမပြည့်စုံသေးယင် အိမ်ဟောင်းက အသုံးပြုနိုင်သေးတဲ့ပစ္စည်းတွေကို ပြန်ပြီးအသုံးပြုရဦးမယ်။ မြန်မာနိုင်ငံဟာ အချုပ်အချာ အာဏာပိုင် နိုင်ငံအဖြစ် ရောက်ခဲ့တာ (၇) နှစ်ကျော်ခဲ့ပေမဲ့၊ မလွတ်လပ်သေးတဲ့ ခေတ်က အသုံးပြုနေတဲ့ ဥပဒေဟောင်းတွေ၊ စည်းကမ်းစံနှစ်ဟောင်းတွေ၊ ထုံးတမ်းစဉ်လာဟောင်းတွေကို အများအပြား ဆက်လက်အသုံးပြုနေရသေးတယ်။ ဒီလိုဘဲဒေသန္တရအုပ်ချုပ်ရေး ပြောင်းလဲတဲ့နေရာမှာလဲ သဏ္ဍာန်အားဖြင့် ဒီမိုကရေစီ စစ်သော အုပ်ချုပ်ရေးပုံသစ်သွန်းလောင်းလိုက်ပေမဲ့ ဒီပုံသစ်က အသုံးပြုရမဲ့ အာဏာနှင့်တာဝန်ဝတ်တရား၊ လုပ်ငန်းဆောင်တာများကို မြောက်မြားစွာလွှဲပြောင်းခြင်းမပြုသေးဘဲ၊ လက်တွေ့ လုပ်ရာ

မှာ ချောမောပြေပြစ်စေရန် အရေးကြီးတဲ့ အာဏာ၊ အရေးကြီးတဲ့ တာဝန်နှင့်ဝတ်တရားတွေကိုသာ ချက်ခြင်း ပြောင်းလဲထားခြင်း ဖြစ်ပါတယ်။ ဒီတော့ ယနေ့ခရိုင်သုံးခရိုင်မှာ အုပ်ချုပ်ရေးစံနစ်ပြောင်းလဲလိုက်သည်နှင့်တပြိုင်နက်၊ ဒီ စံနစ်သစ်အရ ဖွဲ့စည်းထားတဲ့အဖွဲ့တွေက ယနေ့ကစပြီး ဘယ်လို အာဏာသစ်တွေ၊ဘယ်လိုတာဝန်ဝတ်တရားသစ်တွေ၊ ဘယ်လိုလုပ်ငန်းဆောင်တာသစ်တွေ ထမ်းရွက်ဆောင်ရွက်ရမယ်၊ ဘယ်လို ထူးခြားချက်တွေနဲ့ တွေ့ကြုံခံစားကြရလိမ့်မယ်ဆိုတာကို ကျွန်တော်ရှင်းပြမယ်။

ဒေသန္တရ အဖွဲ့ အသီးသီးရှိတဲ့အနက်၊ခရိုင်ကောင်စီဟာ၊ ရှေးကကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေအရဖွဲ့စည်းခဲ့တဲ့ ဒိစတြိတ်ကောင်စီဟောင်းနဲ့ ခရိုင်ပြည်တော်သာ အဖွဲ့တို့ရဲ့ အာဏာများကိုငှင်း၊ တာဝန်ဝတ်တရားများကိုငှင်း ဆက်ခံရလိမ့်မယ်။ မြို့မကောင်စီဟာ၊ ရှေးက မြူနီစီပယ် အက်ဥပဒေအရ ဖွဲ့စည်းခဲ့တဲ့မြူနီစီပယ်အဖွဲ့ဟောင်းရဲ့ အာဏာနဲ့ တာဝန်ဝတ်တရားတွေကို ဆက်ခံရလိမ့်မယ်။ ကျေးရွာကောင်စီဟာ၊ ကျေးရွာသူကြီးဟောင်းရဲ့အာဏာနဲ့တာဝန်ဝတ်တရားတွေကို ဆက်ခံရလိမ့်မယ်။ ဒီတော့ အုပ်ချုပ်ရေးအာဏာ အပ်တယ်သာဆိုရတယ် အာဏာသစ်တွေ မပါဘဲ၊ ရှိပြီးသားအာဏာတွေကိုသာ အပ်လို့ ဘယ်လိုများထူးခြားပါသလဲလို့ မေးကြပေလိမ့်မယ်။ ယနေ့ကစပြီး ထူးခြားတဲ့အချက်တွေ၊ ထူးခြားတဲ့အခွင့် အရေးတွေကို ဘယ်လိုရရှိ ခံစားရတော့မယ် ဆိုတာကို ကျွန်တော်တခုစီရှင်းပြပါမယ်။

(၁) ရှေးကဆိုယင်၊ ဒေသန္တရ အဖွဲ့ဟောင်းတွေ ဖြစ်တဲ့ မြူနီစီပယ်အဖွဲ့များနှင့် ဒိစတြိတ်ကောင်စီ အဖွဲ့များဟာ တိုင်းမင်းကြီး၏ အုပ်ချုပ်ခြင်းကို ခံခဲ့ရပါတယ်။ လူထုကတင်မြှောက်တဲ့ အဖွဲ့များပေါ်တွင် အစိုးရက ခန့်ထားတဲ့ အရာရှိတဦးက အုပ်ချုပ်နေခြင်းဟာ မလိုလားအပ်ပါဘူး။ မလိုလားအပ်တဲ့ အတိုင်း ယနေ့ကစ၍ စတင်ဖွဲ့စည်းမဲ့ မြို့မကောင်စီနှင့် ခရိုင်ကောင်စီများအပေါ်မှာ တိုင်းမင်းကြီးက မည်သို့မျှ ချုတ်ချယ်နိုင်ခွင့် မရှိတော့ဘူး။

(၂) နိုင်ငံတော်အစိုးရက ခန့်အပ်တဲ့ အရာရှိတွေကိုယ်တိုင် ဦးစီးခေါင်းဆောင်တဲ့ မြို့နယ်ပြည်တော်သာအဖွဲ့နှင့် ခရိုင်ပြည်တော်သာအဖွဲ့တွေမှာ၊ ဒီအရာရှိတွေရဲ့ ခေါင်းဆောင်မှုဟာ မရှိတော့ဘဲ၊ လူထုက တင်မြှောက်တဲ့ ကောင်စီတွေက ခေါင်းဆောင်ပြီး၊ ယနေ့ကစ၍ ဆောင်ရွက်တော့မယ်။

(၃) ဒေသန္တရအဖွဲ့ဟောင်း တဖွဲ့ဖြစ်တဲ့ ဒိစတြိတ်ကောင်စီအဖွဲ့ဆိုတာဟာ စစ်ပြီးခေတ်ကစပြီး၊ လူထုကရွေးကောက်တင်မြှောက်တဲ့ အဖွဲ့မဟုတ်တော့ဘူး။ ထိုအဖွဲ့တွေကို ဖျက်သိမ်းပြီး အဖွဲ့ရဲ့အာဏာ တာဝန် ဝတ္တရားတွေကို ဗဟိုအစိုးရက ခန့်အပ်တဲ့ အရာရှိတဦးဖြစ်သော ခရိုင်ဝန်ကသာ အုပ်ချုပ်လာခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့ကစပြီး လူထုကိုယ်စားလှယ် အဖွဲ့ဖြစ်တဲ့ ခရိုင်ကောင်စီက ထိုအဖွဲ့ဟောင်းဖြစ်တဲ့ ဒိစတြိတ်ကောင်စီ၏ လုပ်ငန်းတွေကို အုပ်ချုပ်ဆောင်ရွက်ရတော့မယ်။

(၄) ကျေးရွာမှာဆိုလျှင် ငြိမ်ဝပ်ပိပြားရေးနဲ့ အခွန်တော်ကောက်ယူရေးတို့လောက်ကိုသာ ကြည့်ပြီး စီမံထားတဲ့ ရွာသူ

ကြီးတဦးတည်းရဲ့ အုပ်ချုပ်ရေးစံနစ်မှ၊ ယနေ့ကစပြီး လူထုက တင်မြှောက်တဲ့ကောင်စီက အုပ်ချုပ်ရေးသို့ ပြောင်းလိုက်တော့မယ်။ ရှေးကဆိုယင်၊ ရွာသူကြီးရဲ့ လုပ်ငန်းတွေထဲမှာ လူထုကြီးပွါးရေးအတွက် ဘာတခုမှ တာဝန်ယူပြီး လုပ်နိုင်ခွင့် မရှိခဲ့ဘူး။ ယခု ကျေးရွာကောင်စီမှာ ဆိုလျှင် လူထုကြီးပွါးရေးအတွက် ပြုလုပ်ဆောင်ရွက်နိုင်ရန် အက်ဥပဒေအရ အာဏာနှင့် တာဝန်ဝတ္တရားမြောက်မြားစွာ ပိုလာပါတယ်။

(၅) ကျေးရွာ တရားရုံးဆိုလျှင် ရွာအတွင်းမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ရာဇဝတ်မှုနှင့် တရားမမှုမြောက်မြားစွာတို့ကို စီရင်ဆုံးဖြတ်ခွင့် ရှိပါတယ်။ အမှုပေါင်းများစွာမှာ အမှုသည်များဟာ ငွေကြေးအကုန်အကျခံပြီး အထက်ရုံးတွေကို တက်ရောက်ရန်မလိုဘဲ ကျေးရွာအတွင်းတွင်ပင် ပြီးငြိမ်းစေခွင့် ရှိတော့မယ်။

(၆) ဒေသန္တရ စံနစ်ဟောင်း အရဆိုလျှင် ရွာသူကြီးကို ကျေးရွာလူထုက ရွေးကောက်ခဲ့တယ်။ မြူနီစီပယ်အဖွဲ့ဆိုလျှင်လဲ မြို့ပေါ်မှာရှိတဲ့ လူထုက ရွေးကောက်တင်မြှောက်ခဲ့တယ်။ မြို့နယ်နှင့်ခရိုင်မှာဆိုလျှင် လူထုကိုယ်စားလှယ် ပါဝင်တဲ့အုပ်ချုပ်ရေးအဖွဲ့ မရှိဘူး။ လူထုကိုယ်စားလှယ်လို့ ဆိုရမဲ့ရွာသူကြီးနဲ့ မြူနီစီပယ်လူကြီးများဆိုတာဟာလဲ အလွန်တရာ ကျဉ်းမြောင်းတဲ့ မဲဆန္ဒစံနစ်အရ ရွေးကောက်ထားတာ ဖြစ်တော့၊ မဲဆန္ဒရှင်တရာလျှင် ၂၀ လောက်ကသာ မဲပေးပြီး၊ တင်မြှောက်သောလူကြီးများသာ ဖြစ်ကြတယ်။ ယခု ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစံနစ်သစ် အရဆိုလျှင်၊ ကျေးရွာမှခရိုင်အထိ အုပ်ချုပ်ရေးမှာ ပါဝင်ရမဲ့ပုဂ္ဂိုလ်တွေကတော့၊ မဲမပေးမနေရစံနစ်ဖြင့် ရွေးကောက်ပွဲကျင်းပတဲ့ နေရာတိုင်းမှာ ၇၅ ရာခိုင်နှုန်းရှိသော

မဲဆန္ဒရှင်တို့က တင်မြှောက်ထားတဲ့ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ တနည်းအားဖြင့်ဆိုလျှင် ယနေ့မြင်နေရတဲ့ ခရိုင်သုံးခရိုင်က လူထုကိုယ်စားလှယ်တွေဟာ၊ မဲဆန္ဒရှင် အပေါင်းတို့ရဲ့ ၈၅ ရာခိုင်နှုန်း၏ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

ဒီအချက်တွေဟာ လက်ငင်း ဒေသန္တရအဖွဲ့ အသီးသီးက ခံစားခွင့်ရှိတဲ့ အခွင့်အရေးတွေ၊ အာဏာတွေ၊ တာဝန် ဝတ်တရားတွေဖြစ်ပါတယ်။ ဒီဟာတွေထက်ပိုပြီး အာဏာတွေပေးအပ်ဘို့ စီစဉ်လျက်ရှိပါသေးတယ်။ ဘယ်အချိန်မှာ ဘယ် အာဏာသစ်တွေ တိုးပေးမယ်ဆိုတာကို အခုမခန့်မှန်း နိုင်သေးပါဘူး။ အာဏာနှင့် တာဝန်ဝတ်တရားဆိုတာ ချက်ခြင်းထိုးအပ်လို့မဖြစ်ဘူး။ လက်တွေ့ ဆောင်ရွက်တဲ့ အခါမှာ ကျွမ်းကျင်မှုရှိလာသည့်အနှင့်အမျှ အာဏာတွေကို တဖြည်းဖြည်း လွှဲအပ်ပေးဘို့ အစီအစဉ်ရှိပြီးဖြစ်ပါတယ်။ ဥပမာတခု ပြောရမယ်ဆိုလျှင်၊ မြေခွန်တော်ဟာ ဗဟိုအစိုးရ၏ အခွန်တော်ဖြစ်သော်လည်း၊ လာမည့်နှစ်မှစပြီး ဒေသန္တရ အခွန်တော်အဖြစ် လွှဲပြောင်းပေးဘို့ စီစဉ်လျက်ရှိပါပြီ။ မြေခွန်တော်သာမက၊ ဒေသနှင့် သက်ဆိုင်တဲ့ အင်းခွန်၊ ယစ်မျိုးခွန်၊ မြို့မြေခွန်စသည်တို့ကိုလဲ ဒေသန္တရ အဖွဲ့များအား အမြန်ဆုံး လွှဲပြောင်းပေးရန် စီစဉ်ရပါမယ်။

ဗဟိုအစိုးရက ကောက်ခံလျက်ရှိသော လက်ရှိအခွန်တွေကို ဒီလို ခပ်များများ လွှဲပြောင်းပေးရုံ သာမက၊ ဒေသန္တရအဖွဲ့တွေက မိမိတို့အလိုရှိလျှင် စည်းကမ်း ဥပဒေများနှင့်အညီ အခွန်သစ် များကိုလည်း ကောက်ခံနိုင်အောင် စီစဉ်လျက် ရှိပါတယ်။ ဒီလိုအခွန်တော်ရှာဖွေနိုင်တဲ့ အာဏာတွေကို အသုံးပြု

လာနိုင်လျှင် ဒေသန္တရ အဖွဲ့တွေမှာ ဘဏ္ဍာရေး အခြေအနေ တောင့်တင်းလာပေလိမ့်မယ်။ ဘဏ္ဍာရေးအခြေအနေ တောင့်တင်းလာသည်နှင့်အမျှ လူထုကြီးပွားရေး လုပ်ငန်းတွေကို ဒေသန္တရအဖွဲ့တွေဟာ မိမိတို့ သဘောကျတဲ့အတိုင်း အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ပေလိမ့်မယ်။

ဒီလိုဘဏ္ဍာရေး တောင့်တင်းမှု၊ အုပ်ချုပ်မှု၊ လုပ်ငန်းကျွမ်းကျင်မှုတွေ ပြည့်ဝလာတဲ့အခါမှာ ဗဟိုအစိုးရက အုပ်ချုပ်နေတဲ့ ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၊ လမ်းနှင့်အဆောက်အအုံ လုပ်ငန်း စသည်တို့ကိုလဲ ဒေသန္တရ အဖွဲ့တွေကို ထိုက်သင့်သလောက် လွှဲပြောင်းပေးမည် ဖြစ်ပါတယ်။ ဗဟိုအစိုးရဆိုတာဟာ လူထုကြီးပွားရေးကိစ္စ အရပ်ရပ်တွေမှာ စီမံကိန်း ရေးဆွဲခြင်း၊ အထက်တန်း ရာထူးများခန့်အပ်ခြင်း၊ စည်းမျဉ်းဥပဒေ ရေးဆွဲခြင်း၊ တခရိုင်နဲ့တခရိုင် ပူးပေါင်း ဆက်စပ်ပေးခြင်း၊ အုပ်ချုပ်ရေး ကျွမ်းကျင်သူတွေ ပေါ်ပေါက်စေရန် သင်တန်းပေးခြင်း လောက်သာ ဆောင်ရွက်ပြီး၊ ကျန်အသေးစိတ် အုပ်ချုပ်ရေး ကိစ္စတွေကို တနေ့ကျယင် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့တွေကို လွှဲပေးရမယ်။

အာဏာလွှဲပြောင်းခြင်း ဆိုသည်မှာ ဒေသန္တရအဖွဲ့တွေရဲ့ ကျွမ်းကျင်မှုပေါ်မှာ အများဆုံး တည်ပါတယ်။ ကျွမ်းကျင်မှု ရရှိစေရန်လဲ အတော်ပင် ကြိုးစားဘို့ လိုအပ်ပါတယ်။ ကျွမ်းကျင်ပြီး၊ အရည်အချင်းနှင့် ပြည့်စုံ၍ အဆင့်အတန်း မြင့်သော ဒေသန္တရအဖွဲ့များ ဖြစ်ပေါ်လာစေရန်၊ လူထု ကိုယ်စားလှယ်များဖြစ်တဲ့ ကောင်စီ လူကြီးများနှင့် အုပ်ချုပ်ရေး ကျွမ်းကျင်

သူများဖြစ်တဲ့ ရာထမ်း မှူထမ်းများဟာ အစွမ်းကုန် ကြိုးစားကြရလိမ့်မယ်။

အာဏာဆိုတာဟာ လူကို ဖျက်ဆီးတတ်တယ်။ ကိုယ်ကျင့်တရား ပျက်ပြားစေတတ်တယ်။ တည်ကြည်သော သမာဓိကို ယိုင်လဲစေတတ်တယ်။ အာဏာရလာယင် အမြင်မှန် မရဘဲ စည်းကမ်းဥပဒေတွေကိုဥပေက္ခာပြုပြီးထင်တာလုပ်တတ်တယ်။ အဂတိတရား လိုက်စားချင်တဲ့ စိတ်တွေ ဝင်လာတတ်တယ်။ အာဏာမရခင် လူထုအကျိုးအတွက် ဆောင်ရွက် ပေးမယ်လို့ တွင်တွင်ကြီး အော်ဟစ်ခဲ့ပေမဲ့၊ အာဏာ ရပြီးတာနဲ့ တပြိုင်နက် လူထုကိုတခါတည်း မေ့ပစ်ပြီး၊ ကိုယ့်အကျိုး ကိုယ့်စီးပွားကိုယ့်ဆွေမျိုးသားချင်းရဲ့ စီးပွားကိုသာ အဓိကထားပြီးဆောင်ရွက်တတ်ကြတယ်။ လူကြီးမင်းများ ထင်ထင်ရှားရှားကြီး သိနေကြတဲ့ သာဓကတခုကို ပြရမယ်ဆိုယင်၊ လယ်ယာမြေ ကော်မိတီတွေကိုကြည့်ပါ။ လယ်ယာမြေ ကော်မိတီတွေဟာ တချို့ကတော့ လူထုရဲ့ အကျိုးစီးပွားကို တရားသဖြင့် ဆောင်ရွက်ကြပါရဲ့။ တာပေမဲ့ အတော်ခပ်များများဟာ လူထုအကျိုးစီးပွားအတွက်မဟုတ်ဘဲ ကိုယ့်အကျိုးကိုယ့်စီးပွား၊ ကိုယ့်ဆွေမျိုးသားခြင်းတွေရဲ့ အကျိုး စီးပွားတွေ လောက်ကိုသာ အဓိကထားပြီး လုပ်ခဲ့ကြတာကို ကျွန်တော် တွေ့ခဲ့ရတယ်။ ဒီ လယ်ယာမြေ ကော်မိတီတွေသာ မကသေးပါဘူး။ ပြည်ထောင်စုတခုလုံးမှာလဲ ဒီလိုမတော်မတရား ရှုပ်ရှုပ်ပွေပွေ လုပ်ကိုင်ကြတဲ့ ကိစ္စပျိုးတွေကို ကျွန်တော် အများကြီးတွေ့ရတယ်။ အဲဒီလို မတော်မတရား ကိစ္စတွေကို ရပ်တန်းကရပ်ဘို့သင့်ပြီ။ တခြားဘယ်နေရာ၊ ဘယ်ဌာနမှာဘဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဒီမိုကရေစီ ဒေသန္တရ

ကိုယ်ပိုင်အုပ်ချုပ်ရေးမှာတော့ ဒီလိုဟာမျိုးတွေဘယ်နည်းနဲ့မှ မဖြစ်ကြဘို့ ကျွန်တော် အထူးသတိ ပေးလိုပါတယ်။

ဒီမိုကရေစီဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးဟာ သာမန်အုပ်ချုပ်ရေးမျိုး မဟုတ်ဘူး။ နိုင်ငံတနိုင်ငံကိုအုပ်ချုပ်တဲ့နေရာမှာပြည်သူလူထုကြီးတရပ်လုံးဟာ လက်ပိုက်ပြီးငေးကြည့်နေတဲ့ အခြေအနေမျိုး မဟုတ်ဘဲ၊ တတ်စွမ်းနိုင်တဲ့ဘက်က ကိုယ်ထိလက်ရောက် ပါဝင် ဆောင်ရွက်နိုင်အောင် ပြည်သူလူထုကြီးတရပ်လုံးအား အခြေခံ အုပ်ချုပ်ရေးပညာကို လက်တွေ့သင်ကြားပေးနေတဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ဒါတင်မကသေးဘူး။ ဒီအုပ်ချုပ်ရေးဟာ၊ လူထုသံသရာတလျှောက်လုံးမှာ နင်းပြားအဖြစ်နဲ့သာ တင်းတိမ်ရောင့်ရဲခဲ့ကြရတဲ့ ပြည်သူလူထုကြီးတရပ်လုံးအား ယုံယုံကြည်ကြည်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာများ တစတစ တိုးချဲ့အပ်နှင်းပေးတဲ့ အုပ်ချုပ်ရေး ဖြစ်တယ်။ အမှန်အတိုင်းပြောရယင် ဒီမိုကရေစီ နိုင်ငံတွေလို့ ခေါ်နေကြတဲ့ နိုင်ငံတွေထဲမှာတောင်၊ ပြည်သူလူထုကြီးအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာတွေ ဒီလိုယုံယုံကြည်ကြည်နဲ့ လွှဲအပ်တဲ့ စံနစ်မျိုးရှိတဲ့ နိုင်ငံအရေအတွက်ဟာ သိပ်များမယ်မထင်ဘူး။ အင်မတန် နည်းလိမ့်မယ်။ ဒီတော့ အုပ်ချုပ်ရေး စံနစ်ကြီးကို တကယ်တန်း ထမြောက် အောင်မြင်အောင် လူကြီးမင်းတို့ အထူးဂရုစိုက်ကြိုးပမ်းကြရလိမ့်မယ်။

စံနစ်ကြီးကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ စံနစ်ကိုအကောင်အထည်ဖေါ်ရမဲ့ လူတွေကညံ့ကြလို့၊ ဖြောင့်ဖြောင့် မှန်မှန် မလုပ်ကြလို့၊ ဖြောင့်ဖြောင့်မှန်မှန် လုပ်ရဲတဲ့ သတ္တိ မရှိကြလို့၊ ကိုယ်လုပ်ရမဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအလုပ်ကို နားလည်သည်

ထက် နားလည်လာကြတဲ့ လူတော်တွေ ဖြစ်အောင် ကြိုးစား ချင်တဲ့ လုံ့လမရှိကြလို့၊ ဒီစံနစ်ကောင်းကြီးဟာ မရှုမလှ ပျက် စီးခြင်းကြီးမက ပျက်စီးရတယ်ဆိုယင် ပြည်သူလူထုကြီး တရပ် လုံးဟာ အနစ်နာကြီး နစ်နာကြလိမ့်မယ်။ လူကြီးမင်းတို့ရော၊ ကျွန်တော်ရော၊ ပြည်ထောင်စုသား အားလုံးတို့ဟာ ကမ္ဘာ့ တံထွေးခွက်ထဲ ပက်လက် မျောကြလိမ့်မယ်။ စံနစ်ကြီးကတော့ ကောင်းပါရဲ့။ ဒီပြည်ထောင်စုသားတွေ ညံ့လို့ ဒီစံနစ်ကြီးပျက် ရတယ်ဆိုတဲ့ စကားကြီးဟာ၊ ကမ္ဘာကျေသော်လည်း ဥဒါန်း မကျေဖြစ်လိမ့်မယ်။ တခုကြောင့် (၁) မမှန်တာကို ရှောင်ရှား နိုင်တဲ့ အရှက်နှင့်အကြောက် တရားများ မြဲပါစေ။ (၂) မှန် တာကို လုပ်ရဲတဲ့ သတ္တိထူးနဲ့ ပြည့်စုံပါစေ။ (၃) ကိုယ်ပိုင် အုပ်ချုပ်ရေးကို တဆင့်ထက်တဆင့် တိုးပြီး နားလည်တဲ့ လူ တော်တွေ ဖြစ်လာအောင် အစွမ်းကုန် ကြိုးစားနိုင်တဲ့ လုံ့လ ဝိရိယထူး တို့နှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် အထူး ဆု တောင်းလိုက်ပါတယ်။

## ၁၀။ မွန်နှင့်မြန်မာ

### ၁၉၅၄ ခုနှစ်၊ ဇန္နဝါရီလ၊ မော်လမြိုင်မြို့မွန်ယဉ်ကျေးမှု ညီလာခံ ဖွင့်ပွဲမိန့်ခွန်း

ကြွရောက်လာကြတဲ့ မွန်အမျိုးသားနဲ့ မွန်အမျိုးသမီး အပေါင်းတို့ခင်ဗျား။

ဒီနေ့ဒီနေရာမှာ ကျင်းပတဲ့ ပြည်တော်သာမွန်ယဉ်ကျေးမှု ညီလာခံသဘင်ကြီးနဲ့ ပြပွဲပြိုင်ပွဲများဟာ၊ ပြည်ထောင်စုကြီး တိုးတက်ကြီးပွားရေးဘမိုင်းမှာ မကြုံစဖူးထူးကဲတဲ့ လုပ်ငန်းကြီးတရပ်ဖြစ်တဲ့အတွက်၊ ကျွန်တော်ဝမ်းသာအားရ စိတ်တက်ကြွခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကဲ့သို့ပင် မွန်အမျိုးသား အမျိုးသမီးအပေါင်းတို့လဲ ဝမ်းသာအားရစိတ်တက်ကြွခြင်းဖြစ်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ပြည်တော်သာ မွန်ယဉ်ကျေးမှုညီလာခံသဘင်ကြီးနဲ့ ပြပွဲပြိုင်ပွဲများကိုကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အကြမ်းအားဖြင့်ဆိုရယင်၊ မွန်ယဉ်ကျေးမှုကိုအားပေးချီးမြှင့်ဘို့နဲ့ မွန်အမျိုးသားအမျိုးသမီးများဟာ မွန်ယဉ်ကျေးမှုကို အခြေပြုပြီး၊ မွန်မြတ်လှတဲ့ ပြည်ထောင်စု စိတ်ဓာတ် မွေးမြူဘို့၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလ ဆိုတဲ့ဗလငါးတန်နဲ့ပြည့်စုံကြဘို့ဖြစ်ပါတယ်။

မွန်ယဉ်ကျေးမှုကို အားပေး ချီးမြှင့်ရေးနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုယင်၊ ယဉ်ကျေးမှုဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို ကျွန်တော် ရှေးဦးစွာရှင်းလင်းပြောပြလိုပါတယ်။ ဘာဖြစ်လို့

လဲဆိုတော့ ယဉ်ကျေးမှုဆိုတဲ့စကားရဲ့ အဓိပ္ပါယ်ကို ခင်ဗျားတို့ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း နားလည်ပြီးမှ အမြင်မှန်ကို ရနိုင်ပါလိမ့်မယ်။ အမြင်မှန်ကိုရပြီးမှ၊ မွန်ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖွယ် ကိစ္စအရပ်ရပ်ကို စံနစ်တကျ ဆင်ခြင်ဆုံးဖြတ်နိုင်ကြပါလိမ့်မယ်။

ယဉ်ကျေးမှုဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ဟာ ကျယ်ဝန်းလှပါတယ်။ အကြမ်းအားဖြင့်ပြောရမယ်ဆိုယင်၊ ယဉ်ကျေးမှုဆိုတဲ့ စကားထဲမှာ (၁)ကိုးကွယ်မှုအယူဝါဒဆိုင်ရာဘာသာသာသနာရေး ယဉ်ကျေးမှု ဆိုတာဟာထိပ်ဆုံးကပါဝင်နေပါတယ်။ (၂) စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးဆိုတဲ့ အခြေခံ လူ့ဘဝ ယဉ်ကျေးမှုဆိုတာလဲပါဝင်နေပါတယ်။ (၃) မွေးရေး၊ သေရေး၊ လက်ထပ်ရေး၊ ကွာရှင်းရေး၊ အမွေဆက်ခံရေး အစရှိတဲ့ ဓလေ့ထုံးစံယဉ်ကျေးမှုဆိုဘာလဲ ပါဝင်နေပါတယ်။ (၄) လယ်ယာ စိုက်ပျိုးရေး၊ ကုန်သွယ် ရောင်းဝယ်ရေး၊ စက်မှုလက်မှု အရေး၊ ဆေးကုသရေး အစရှိတဲ့ အသက်မွေး ဝမ်းကျောင်း ယဉ်ကျေးမှုဆိုတာလဲ ပါဝင် နေပါတယ်။ (၅) သိမ်မွေ့ခြင်း၊ ဉာဏ်ကြီးခြင်း၊ သဘောထားကြီးခြင်း၊ စိတ်ကြည်နူးရွှင်ပျခြင်းဆိုတဲ့ သဘောဘရားတွေကိုအားပေးတတ်တဲ့ သီဆိုတီးမှုတ်ကခုန်မှုပညာတွေ၊ ပန်းချီ ပန်းပု ပန်းထိမ် ပန်းဘဲ ပန်းတော့ ပန်းတမော့ အစရှိတဲ့ ပညာတွေ ပါဝင်တဲ့ အနုပညာယဉ်ကျေးမှုဆိုတာလဲပါဝင်နေပါတယ်။

ယဉ်ကျေးမှုရဲ့ အဓိပ္ပါယ်ကို ကျွန်တော် အကြမ်းအားဖြင့် တင်ပြပြီးပါပြီ။ ဒီတော့တင်ပြခဲ့တဲ့ ယဉ်ကျေးမှုရဲ့ အဓိပ္ပါယ် အရ မွန်ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖွယ် ကိစ္စ

အရပ်ရပ်ရှိသဘောသကန်ကို ဆင်ခြင်ကြည့်ဘို့လိုပါတယ်။ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ မွန်ယဉ်ကျေးမှုနှင့် မြန်မာယဉ်ကျေးမှုတွေဟာ ရာခိုင်နှုန်း ၉၀ မက တလုံးတစည်းထဲဖြစ်ပြီး၊ တူညီနေတာကို တွေ့မြင်နိုင်ပါတယ်။

ကိုးကွယ်မှုအယူဝါဒ ဆိုင်ရာ ဘာသာ သာသနာရေးမှာဆိုယင် များစွာကုန်သော မွန်နဲ့မြန်မာတွေဟာ ဗုဒ္ဓဘာသာဝင်တွေသာ များပါတယ်။ သထုံသား ရှင်အရဟံနဲ့ ပုဂံသား အနော်ရထာမင်း၊ ကျန်စစ်သားမင်း တို့လက်ထက်မှာ ဗုဒ္ဓဘာသာဟာ တနိုင်ငံလုံးမှာ ထွန်းကားခဲ့ပါတယ်။ ဒီအခါကစပြီး မွန်နဲ့မြန်မာတွေဟာ နိုင်ငံလိုက်ချီပြီး၊ ဗုဒ္ဓဘာသာတွေဖြစ်လာကြတာဟာ ယနေ့အထိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မွန်နဲ့ မြန်မာဟာ ဘာသာ သာသနာရေး ယဉ်ကျေးမှု အရာမှာ တလုံးတစည်းထဲဖြစ်ပြီးတူညီနေပါတယ်။

စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးဆိုတဲ့ အခြေခံ လူ့ဘဝယဉ်ကျေးမှုကိုကြည့်ပါအုံး။ စားသောက်ရာမှာ မွန်အကြိုက်နဲ့ မြန်မာ့အကြိုက်ခြားနားခြင်းမရှိပါ။ ချက်ပြုတ်ရာမှာလဲမွန်နည်းနဲ့မြန်မာ့နည်းခြားနားခြင်းမရှိပါ။ ဝတ်စားဆင်ယင် ရာမှာလဲ မွန်အဝတ်အင်္ကျီ၊ မြန်မာအဝတ်အင်္ကျီရယ်လို့ တသီးတခြားမရှိပါ။ မွန်ရော မြန်မာရောဟာ ဒီလုံချည်၊ ဒီပုဆိုး၊ ဒီခေါင်းပေါင်း၊ ဒီတဘက်၊ ဒီထဘီတွေကိုဘဲ ဝတ်ဆင်ကြသူများဖြစ်ပါတယ်။ နေထိုင်ရာမှာဆိုယင်လဲ မွန်အိမ်ပုံ၊ မြန်မာအိမ်ပုံ၊ မွန်ကျောင်းပုံ၊ မြန်မာကျောင်းပုံ၊ မွန်တန်ဆောင်းပုံ၊ မြန်မာတန်ဆောင်းပုံ ရယ်လို့ ခြားနားခြင်းမရှိပါ။ဒါကြောင့်

မို့လို့ မွန်နဲ့မြန်မာဟာ အခြေခံလူ့ဘဝယဉ်ကျေးမှုမှာလဲ တလုံးတစည်းထဲဖြစ်ပြီးတူညီနေပါတယ်။

မွေးရေး၊ သေရေး၊ လက်ထပ်ရေး၊ ကွာရှင်းရေး၊ အမွေဆက်ခံရေး အစရှိတဲ့ ဓလေ့ထုံးစံယဉ်ကျေးမှုကိုလဲ ကြည့်ပါအုံး။ လင်ခန်း၊ မယားခန်း၊ သားရေး၊ သမီးရေး၊ ဆွေရေး၊ မျိုးရေး၊ သားရှင်ပြုရေး၊ သမီးနားထွင်းရေး၊ အိမ်ဝတ်၊ ညွှေဝတ်စတဲ့ လောကဝတ် အရေးတွေမှာ မွန်ဓလေ့၊ မြန်မာဓလေ့၊ မွန်ထုံးစံ၊ မြန်မာထုံးစံ၊ မွန် စည်းကမ်း၊ မြန်မာစည်းကမ်း၊ မွန်ဥပဒေ၊ မြန်မာဥပဒေ ရယ်လို့ ခြားနားခြင်း မရှိပါ။ ဒါကြောင့်မို့လို့ မွန်နဲ့ မြန်မာဟာ ဓလေ့ ထုံးစံ ယဉ်ကျေးမှု အရာမှာလဲ တစည်း တလုံးထဲ ဖြစ်ပြီး တူညီနေပါတယ်။

လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ် ရောင်းဝယ်ရေး၊ စက်မှုလက်မှုအရေး၊ ဆေးကုသရေး အစရှိတဲ့ အသက်မွေးဝမ်းကျောင်း ယဉ်ကျေးမှုကိုလဲကြည့်ပါအုံး။ မွန်စိုက်ပျိုးနည်း၊မြန်မာစိုက်ပျိုးနည်းဟူ၍ ခြားနားခြင်းမရှိပါ။ မွန် ရောင်းဝယ်ပုံ၊ မြန်မာရောင်းဝယ်ပုံဟူ၍ခြားနားခြင်းမရှိပါ။ မွန်စက်မှုလက်မှု၊ မြန်မာစက်မှုလက်မှုဟူ၍ခြားနားခြင်းမရှိပါ။ မွန်ဆေးကုထုံး၊ မြန်မာဆေးကုထုံး ဟူ၍လဲ ခြားနားခြင်း မရှိပါ။ ဒါကြောင့်မို့လို့ မွန်နဲ့မြန်မာဟာ အသက်မွေးဝမ်းကျောင်း ယဉ်ကျေးမှုအရာမှာလဲတစည်းတလုံးထဲဖြစ်ပြီးဘူညီနေပါတယ်။

သိမ်မွေ့ခြင်း၊ ဉာဏ်ကြီး ခြင်း၊ သဘောထား ကြီး ခြင်း၊ ကြည်နူးရွှင်ပြခြင်းဆိုတဲ့ သဘောတရားတွေကို အားပေးတတ်

တဲ့ သီဆိုဘီးမှုတ်ကခုန်မှုအစရှိတဲ့ အနုပညာတွေကို ကြည့်ပါအုံး။ မွန်ဂိုဏ်း၊ မြန်မာဂိုဏ်း ဟူ၍ခြားနားခြင်းမရှိပါ။ ကာလဒေသအလိုက် ခြားနားခြင်းရှိချင်ရှိမယ်။ ဒါပေမဲ့ အခြေခံအရင်းအမြစ်မှာတော့ မွန်နဲ့မြန်မာဟာ အတူတူဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ မွန်နှစ်သက်သမျှကို မြန်မာကလဲ နှစ်သက်တာကိုသာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မွန်နဲ့ မြန်မာဟာ အနုပညာယဉ်ကျေးမှုအရာမှာလဲ တစည်းတလုံးထဲဖြစ်ပြီးတူညီနေပါတယ်။

ဒီတော့ မွန်ယဉ်ကျေးမှုလို့ ဆိုလိုက်ယင် ဒီယဉ်ကျေးမှုဟာ မွန်လို့ အခေါ်ခံနေကြတဲ့ လူတွေရဲ့ပစ္စည်းသာ မဟုတ်ပါဘူး။ မြန်မာလို့ အခေါ်ခံနေကြတဲ့ လူတွေရဲ့ပစ္စည်းလဲ ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။ ထိုနည်းတူစွာ မြန်မာ့ယဉ်ကျေးမှုလို့ ဆိုလိုက်ယင်လဲ၊ ဒီယဉ်ကျေးမှုဟာ မြန်မာလို့ အခေါ်ခံနေကြတဲ့ လူတွေရဲ့ပစ္စည်းသာမဟုတ်ပါဘူး။ မွန်လို့အခေါ်ခံနေကြတဲ့ လူတွေရဲ့ပစ္စည်းလဲဖြစ်နေပြီလို့ဆိုနိုင်နေပါတယ်။ အခု ပြောခဲ့တဲ့ ယဉ်ကျေးမှုတွေကို မွန်ယဉ်ကျေးမှု၊ မြန်မာ ယဉ်ကျေးမှု ရယ်လို့မခွဲဘဲ၊ မွန်မြန်မာ ယဉ်ကျေးမှုတွေရယ်လို့ပင် ခေါ်ဆိုနိုင်ပါတယ်။ မွန်နဲ့မြန်မာဟာ ဒီအထိ တစည်းတလုံးထဲ ဖြစ်ပြီး၊ ဒီအထိတူညီနေတာဟာ အထင်အရှားပါဘဲ။

ဒီလို တလုံးတစည်းတဲဖြစ်ပြီး တူညီနေတာဟာ တခြားကြောင့်မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း တထောင်လောက်ကစပြီး မွန်နဲ့မြန်မာတို့ဟာ ပေါင်းဖက် ရောယှက် လာခဲ့လို့ဖြစ်ပါတယ်။ ကမ္ဘာ့ညီးကျောက်စာ သုတေသန ပညာရှိများရဲ့ အလိုအရဆိုယင် မွန်ယဉ်ကြေးမှုဟာ ပုဂံခေတ်မတိုင်မီကပင်

အဆင့်အတန်း အတော်မြင့်နေပြီလို့ ဆိုပါတယ်။ ပုဂံခေတ် မတိုင်မီကပင် မွန်တွေမှာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ဆိုင်ရာ ပိဋကတ်သုံးပုံကိုအရေးအသားနှင့်တကွ ရှိနေကြောင်း၊ ဗိသုကပညာ ပန်းချီ ပန်းပု ပန်းတော့ ပန်းတမော့ သီဆိုတီး မှုတ်ကခုန်မှု အစရှိတဲ့ အနုပညာတွေ ရှိနေကြောင်း၊ ထီးနန်း ဆိုင်ရာ ယဉ်ကျေးမှုများရှိနေကြောင်း ဆိုကြပါတယ်။ ဒီတော့ မြန်မာတွေဟာပုဂံခေတ်ကိုထူထောင်ရာမှာမွန်ယဉ်ကျေးမှုတွေ ကိုမွန်များထံမှ သင်ယူသုံးစွဲလာခဲ့ကြရပါတယ်။ ပုဂံခေတ်ကစ ပြီး၊ မွန်ယဉ်ကျေးမှုတွေကို မြန်မာတနိုင်ငံလုံးက လက်ခံသုံးစွဲ လာလေတော့၊ တနိုင်ငံလုံးရဲ့ ယဉ်ကျေးမှုကို ဆန်းစစ် ကြည့် ယင် မွန်တို့ရဲ့ယဉ်ကျေးမှုဟာ အခြေခံ အုတ်မြစ်ကြီး ဖြစ်နေ တယ်ဆိုတာဟာ အထင်အရှားပါဘဲ။ဒီအခြေခံအုတ်မြစ်ဖြစ်တဲ့ မွန်ယဉ်ကျေးမှုမှတဆင့်၊ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှု အသစ် အသစ်တွေပွားများလာရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ လဲ မွန်နဲ့မြန်မာဟာ ကွဲပြားခြင်းမရှိ၊ တလုံးတစည်းထဲ ဖြစ် ပြီး တူညီနေတယ်လို့ဆိုခဲ့ခြင်းဖြစ်ပါတယ်။

မွန်နဲ့မြန်မာတို့ရဲ့ အတိတ်အဖြစ်အပျက် သမိုင်းအစဉ် အ လာကို ကြည့်ပါအုံး။ ယခုခေတ် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လောက်ပင် နယ်နိမိတ်အကျယ်အဝန်းရှိတဲ့ မြန်မာနိုင်ငံ ရဲ့ ခေတ်ကြီးတခေတ်ဟာ ကမ္ဘာ့သမိုင်းမှာ အလွန် ကျော် စောခဲ့ဘူးပါတယ်။ ဒီခေတ်ကြီးဟာတခြားမဟုတ်ပါဘူး။ ပုဂံ ခေတ်ပါဘဲ။ ပုဂံခေတ်ဟာ သထုံသားရှင်အရဟံနဲ့ ပုဂံသား အနော်ရထာမင်း၊ ကျန်စစ်သားမင်းများ လက်ထက်က စပြီး အရှေ့ဘက် တလွှားမှာ ထင်ရှားခဲ့ပါတယ်။ ဒီလို ထင်ရှားခဲ့

တာဟာ ဘာကြောင့်လဲလို့ အကြောင်းရှာလိုက်တဲ့ အခါမှာ၊ ဒီအခါကတိုင်းရင်းသားလူမျိုးကြီးများဖြစ်ကြတဲ့ ပျူ၊ မွန်၊မြန်မာတို့ ပူးပေါင်းဆောင်ရွက် လာခဲ့ကြတယ်ဆိုတဲ့ အကြောင်းကို တွေ့ရပါတယ်။ ယခုတိုင် မျက်မြင်ထင်ရှား ဖြစ်နေတဲ့ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရားတို့ဟာ ဒီလိုပူးပေါင်းဆောင်ရွက်ခဲ့ခြင်းရဲ့ သက်သေသာဓကတရပ်ပါဘဲ။ ဒီတော့မွန်နဲ့ မြန်မာတို့မှာရှေးရှေးကတဲကစပြီး မွန်မြန်မာပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ သမိုင်းအစဉ်အလာကြီးဟာ အထင်အရှားရှိခဲ့ပါတယ်။ ဒီအစဉ်အလာကို မွန်တို့ရဲ့အစဉ်အလာလို့လဲ ဆိုနိုင်ပါတယ်။ မြန်မာတို့ရဲ့ အစဉ်အလာလို့လဲဆိုနိုင်ပါတယ်။ နောက်တချက်ကတော့ ကမ္ဘည်းကျောက်စာပညာရှိများရဲ့ အလိုအရဆိုယင်၊ ကျန်စစ်သားမင်းကြီးရဲ့ မြေးတော်အလောင်းစည်သူ မင်းကြီးဟာ မွန်မြန်မာသွေး ဖြစ်တယ်လို့ ကမ္ဘည်းကျောက်စာ ပညာရှိတို့ယူဆကြပါတယ်။ ဒီတော့ ပုဂံတခေတ်လုံးမှာ အလောင်းစည်သူမင်းကြီးလက်ထက်ကစပြီး ပုဂံပြည်ကြီးရဲ့ဂုဏ်ကို မွန်မြန်မာဘုရင်များက ဆောင်ခဲ့တဲ့ အတွက် ပုဂံရာဇဝင်ဟာ သိရိုးသိစဉ်အတိုင်း သိနေကြတဲ့ မြန်မာ့ ရာဇဝင်အနေနဲ့သာမဟုတ်ပါဘူး။ မွန်တို့ရဲ့ရာဇဝင်အနေနဲ့ ယူဆမယ်ဆိုယင်လဲ ယူဆနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မွန်နဲ့မြန်မာဟာ သမိုင်းအစဉ်အလာအရာမှာလဲ တလုံးတစည်းတဲ ဖြစ်ပြီးတူညီနေပါတယ်။

ယခုအခါမှာဆိုယင် မွန်နဲ့မြန်မာဟာ ယဉ်ကျေးမှု အရာမှာ ကွဲပြားတယ်လို့ဆိုရတဲ့ အချက်တခုလောက်သာ ရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒီအချက်ဟာ ပြောဆိုရေးသားတဲ့ ဘာသာ

စကားနဲ့ စာပေဘဲဖြစ်ပါတယ်။ ဘာသာစကားနဲ့ စာပေမှာပင် မွန်နဲ့မြန်မာဟာ နှီးနှောရောယှက်နေတယ်ဆိုတဲ့ အချက်ကို မွန်ဘာသာ၊ မြန်မာဘာသာ လေ့လာ လိုက်စားသူတို့အသိဖြစ်ပါတယ်။ ခေတ်မွန်ဘာသာစကားထဲမှာ မြန်မာဘာသာစကားအမြောက်အမြားပါဝင်နေသလို ခေတ်မြန်မာဘာသာစကားထဲမှာလဲ မွန်ဘာသာစကား အမြောက်အမြားပါဝင်နေတယ်ဆိုတာဟာ သာဓကတခုပါဘဲ။

ဒီတော့ ယဉ်ကျေးမှုရဲ့အဓိပ္ပါယ်ကို ကျွန်တော်ရှင်းပြခဲ့တဲ့အတိုင်း မြန်မာနဲ့မတူတဲ့ မွန်ယဉ်ကျေးမှု အချက် အလက်ကို အားပေးဘို့ဆိုယင် မွန်ဘာသာစကားနဲ့ မွန်စာပေကို အထူးတလည် အားပေးဘို့ လိုလိမ့်မယ်လို့ ကျွန်တော် ထင်မြင်ပါတယ်။ မွန်ဘာသာစကားနဲ့ မွန်စာပေတို့ ပျောက်ကွယ်ခြင်း မရှိရလေအောင် တိမ်မြုပ်နေတဲ့ မွန်စာပေတွေကို ရှာဖွေရလိမ့်မယ်။ ထိန်းသိမ်းထားရလိမ့်မယ်။ ဖြန့်ဖြူးသင့်တာတွေကို ဖြန့်ဖြူးဘို့လိုမယ်။ မွန်ဘာသာ စကားအရာမှာ ရှေးဟောင်းပေါရာဏမကျန် စံနစ်တကျ လေ့လာဘို့လိုမယ်။ မွန်စာပေတိုးတက်ကြီးပွားလာအောင် အားပေးချီးမြှင့်ဘို့ လိုမယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး မွန်ယဉ်ကျေးမှု ညီလာခံကြီးက စဉ်းစားဆွေးနွေး အကြံဉာဏ်ပေးကြပါလို့ ကျွန်တော်က မေတ္တာရပ်ခံပါတယ်။

မွန်ဘာသာစကားနှင့်မွန်စာပေအတွက်သာမဟုတ်ပါဘူး။ တိမ်မြုပ်အားနည်းနေတဲ့ မွန်အဆို၊ အတီး၊ အမှုတ်၊ အကပညာတွေကိုလဲ အားပေးဘို့ လိုလိမ့်မယ်။ တိမ်မြုပ်အားနည်းနေတဲ့ မွန်အနုပညာရှင်တို့ရဲ့ ပန်းထိမ်၊ ပန်းဘဲ၊ ပန်းချီ စသော

လက်ရာဟောင်း လက်ရာသစ် အမွန်အမြတ်တို့ကိုလဲ အားပေးဘို့ လိုလိမ့်မယ်။ မွန်အမျိုးသားများ နေထိုင်ရာ ဒေသကိုလိုက်၍ ဖြစ်ပေါ်နေတဲ့ သက်မွေးမှုပညာ၊ လက်မှုပညာတွေကိုလဲ အားပေးဘို့ လိုလိမ့်မယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်၍လဲ မွန်ယဉ်ကျေးမှု ညီလာခံကြီးကဘဲ စဉ်းစားဆွေးနွေး အကြံဉာဏ်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။ နိုင်ငံတော်အစိုးရက မိမိတို့ချထားတဲ့ဝါဒအတိုင်း ဆောင်ရွက်ပေးဘို့ အသင့်ရှိပါတယ်။

နောက်ပြီးတော့ ပြည်တော်သာ မွန်ယဉ်ကျေးမှု ညီလာခံသဘင်ကြီးမှာ ကျွန်တော် မေတ္တာရပ်ခံချင်တဲ့ အချက်တခုရှိပါသေးတယ်။ ဒီအချက်ကတော့ တခြားမဟုတ်ပါဘူး။ မွန်အမျိုးသား အမျိုးသမီးအပေါင်းတို့ဟာ မိမိတို့ရဲ့ မွန်ယဉ်ကျေးမှုကိုအခြေပြုပြီး ပြည်ထောင်စု စိတ်ဓာတ် မွေးမြူဘို့၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံအောင် အားထုတ်ကြဘို့ ဖြစ်ပါတယ်။ ဒီအချက်ဟာလဲ မွန်ယဉ်ကျေးမှုနှင့်တကွ မွန်အမျိုးသား အမျိုးသမီးတို့အဖို့ အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

အရေးကြီးပုံကို ကျွန်တော် အနည်းငယ် ရှင်းပြလိုပါတယ်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေး ရကတဲက ကျွန်တော်တို့ တတွေဟာ ပြည်ထောင်စု နိုင်ငံကြီးကို ပြည်ထောင်စု သားများရဲ့ ဆန္ဒအရ တည်ထောင်ခဲ့ကြပါပြီ။ အမှန်မှာ ပြည်ထောင်စု ရယ်လို့ မတည်ထောင်ခင်ကပင် မွန် မြန်မာ ရခိုင်၊ ကရင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယားအစရှိတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားတွေဟာ နယ်ချဲ့ရန်သူတွေ၊ နယ်ချဲ့စံနစ်တွေကို တတ်နိုင်သမျှ ချွေး၊ သွေး၊ မျက်ရည်အကျခံပြီး ဖြိုခွင်းခဲ့ကြရပါတယ်။ ဒီလို

ဖြိုခွင်းကြတဲ့ အချိန်ကစပြီး ပြည်ထောင်စု စိတ်ဓာတ်တွေဟာ တဖွါးဖွါး ပေါ်ပေါက်ခဲ့ကြပါတယ်။ ဒီလို ပေါ်ပေါက်ခဲ့တဲ့ ပြည်ထောင်စု စိတ်ဓာတ်နဲ့ဘဲ ပြည်ထောင်စုကြီးကို ဖန်တီးတည်ဆောက်လို့ပြီးခဲ့ပါပြီ။ ဒါပေမဲ့ တည်ဆောက်ခဲ့ရုံနဲ့ မပြီးသေးပါဘူး။ ပြည်ထောင်စု ဗိမာန်ကြီးခိုင်မြဲဖို့အရေးက ကျန်သေးတယ်။ ခိုင်မြဲရုံနဲ့ မပြီးသေးပါဘူး။ တိုးတက် ကြီးပွါးဖို့အရေးက ကျန်သေးတယ်။

ဒီတော့ ပြည်ထောင်စုခိုင်မြဲရေး၊ တိုးတက် ကြီးပွါးရေးတွေကိုလဲ ဆက်လက်ဆောင်ရွက်ဘို့ လိုသေးတယ်။ ဒီအရေးတွေကို ဘယ်လိုဆောင်ရွက်မလဲ။ ပြည်ထောင်စုကို တည်ဆောက်ခဲ့တဲ့ ပြည်ထောင်စု စိတ်ဓာတ်နဲ့ဘဲ ဆောင်ရွက်ဘို့ရှိတာဘဲ။ ဒီလိုမှ မဆောင်ရွက်ယင် တည်ဆောက်ထားတဲ့ ပြည်ထောင်စုဟာ မခိုင်မမြဲဖြစ်လိမ့်မယ်။ပြည်ထောင်စုမခိုင်မမြဲဖြစ်ယင်ပြည်ထောင်စုအတွင်းမှာ ရှိနေကြတဲ့ တိုင်းရင်းသားလူမျိုး အသီးသီးလဲ မခိုင်မြဲနိုင်ဘူး။ ပြည်ထောင်စု မတိုးတက်မကြီးပွါးယင် ပြည်ထောင်စုအတွင်းမှာရှိနေကြတဲ့ တိုင်းရင်းသား လူမျိုးအသီးသီးလဲ တိုးတက်ကြီးပွါးခြင်း မရှိနိုင်ဘူး။

အသီးတရာ အညှာတခုဆိုတဲ့ စကားပုံနဲ့ နှိုင်းကြည့်မယ်ဆိုယင်၊ ပြည်ထောင်စု လူမျိုးအသီးသီးဟာ အသီးတွေနဲ့တူတယ်။ ပြည်ထောင်စုနိုင်ငံဟာ အညှာနဲ့တူတယ်။အညှာကိုဖြတ်ချလိုက်ယင်၊ အသီးတွေဟာ သူ့အလိုလို မြေကိုခကြရတယ်။ ဒီတော့ အသီးတွေကို ခိုင်မြဲစေချင်ယင်၊ တိုးတက် ကြီးပွါးစေချင်ယင်၊ အညှာရဲ့ခိုင်မြဲရေး၊ တိုးတက်ကြီးပွါးရေးကို ရှေးဦးစွာ စောင့်ရှောက်ဘို့လိုတယ်။ ထိုနည်းတူစွာ ဗွန် မြန်မာ ရခိုင်၊ ကရင်၊

ရှမ်းအစရှိတဲ့ ပြည်ထောင်စု လူမျိုးအသီးသီးကို ခိုင်မြဲစေချင်ယင်၊ တိုးတက်ကြီးပွါးစေချင်ယင်၊ ပြည်ထောင်စုနိုင်ငံရဲ့ ခိုင်မြဲရေး၊ တိုးတက်ကြီးပွားရေးတွေကို ရှေးဦးစွာ စောင့်ရှောက်ကြဘို့လိုတယ်။

နောက်ပြီးတော့ အရင်းလဲယင်အဖျားထင်းဖြစ်တတ်တယ်ဆိုတဲ့ စကားပုံလဲရှိသေးတယ်။ ဒီစကားပုံနဲ့ နှိုင်းကြည့်မယ်ဆိုယင် ပြည်ထောင်စုလူမျိုး အသီးသီးဟာ အဖျားနဲ့တူတယ်။ ပြည်ထောင်စုနိုင်ငံဟာ အရင်းနဲ့တူတယ်။ အဖျားကို ထင်းမဖြစ်စေချင်ယင်၊ အရင်းရဲ့ခိုင်မြဲရေး၊ တိုးတက် ကြီးပွါးရေးကို ရှေးဦးစွာ စောင့်ရှောက်ဘို့လိုတယ်။ ထိုနည်းတူစွာ မွန် မြန်မာ ရခိုင်၊ ကရင်၊ ရှမ်း အစရှိတဲ့ ပြည်ထောင်စု လူမျိုးအသီးသီးကို မျက်မစီးစေချင်ယင် ပြည်ထောင်စုနိုင်ငံရဲ့ခိုင်မြဲရေး၊ တိုးတက်ကြီးပွါးရေးတွေကို ရှေးဦးစွာ စောင့်ရှောက်ကြဘို့လိုတယ်။

မျက်မြင်ဒိဋ္ဌ ဥပမာတခုကို ပြောပြချင်ပါတယ်။ ဒီဥပမာကတော့ တခြားမဟုတ်ပါဘူး ဗိလတ်လို့ခေါ်တဲ့ ဗြိတိသျှနိုင်ငံဘဲ။ ဗြိတိသျှ နိုင်ငံမှာဆိုယင် ပြည်ထောင်စု မြန်မာနိုင်ငံမှာလိုဘဲ၊ အင်္ဂလိပ်လူမျိုး၊ စကော့လူမျိုး၊ ဝေလလူမျိုးရယ်လို့ ဗြိတိသျှလူမျိုး အသီးသီးရှိတယ်။ ဒီလူမျိုးတွေမှာ လူမျိုးအလိုက် ယဉ်ကျေးမှုကိုယ်စီရှိကြတယ်။ ဒါပေမဲ့ ကိုယ့်ယဉ်ကျေးမှုကို အခြေခံပြုပြီး ဗြိတိသျှနိုင်ငံရဲ့ ခိုင်မြဲတိုးတက် ကြီးပွါးရေးတွေကိုရှေ့ရှုဆောင်ရွက်လျက် ရှိကြတယ်။ ဒီလိုဆောင်ရွက်ယင်း အင်္ဂလိပ်လူမျိုးရော၊ စကော့လူမျိုးရော၊ ဝေလလူမျိုးရော ခိုင်မြဲတိုးတက်ကြီးပွါးနေတာဘဲ။ သူတို့ရဲ့ အတိတ်အဖြစ်အပျက် သမိုင်းကိုကြည့်ယင်၊ သူတို့ဟာ ရှေးရှေးတုန်းက အခန့်မသင့် တိုင်း

အချင်းချင်းတိုက်ခိုက်တတ်ကြတာဘဲ။ ဒါပေမဲ့ နောက်ပိုင်းခေတ်လောက်ကြတော့ အတိုက်အခိုက်တွေကို ရပ်တန်းက ရပ်ကြတယ်။ မနှစ်မြို့ဘွယ်ကောင်းတဲ့ မိမိတို့ရဲ အတိတ်အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ကြတယ်။ နှစ်မြို့ဘွယ်ကောင်းတဲ့ မိမိတို့ရဲ့ အတိတ်အဖြစ်အပျက်ကိုသာ အမြဲသတိမူပြီး၊ ဗြိတိသျှနိုင်ငံရဲ့ အကျိုးအတွက် ရှေးဦးပဌမ စောင့်ရှောက် ဆောင်ရွက်လာကြတယ်။ ဒီလိုစောင့်ရှောက်ဆောင်ရွက်တဲ့ နေ့ကစပြီး အင်္ဂလိပ်လူမျိုးရော၊ စကော့လူမျိုး၊ ဝေလလူမျိုးရော အားလုံး ခိုင်မြဲတိုးတက် ကြီးပွါးလာတာဘဲ။

အဲဒီဥပမာကို မွန်အမျိုးသား အမျိုးသမီး အပေါင်းကသာမက၊ ပြည်ထောင်စုသားများဖြစ်ကြတဲ့ ကျန်လူမျိုး အသီးသီးကလဲ အမြဲနှလုံးသွင်းပြီး ဆောင်ရွက်ကြရလိမ့်မယ်။ ဒီတော့ ပြည်တော်သာ မွန်ယဉ်ကျေးမှု ညီလာခံသဘင်ကြီးမှာ မွန်အမျိုးသားအမျိုးသမီး အပေါင်းတို့ဟာ မိမိတို့ရဲ့ ယဉ်ကျေးမှုကို အခြေခံပြုပြီး ပြည်ထောင်စု စိတ်ဓါတ်မွေးမြူရေး၊ ပြည်ထောင်စု ခိုင်မြဲရေး၊ တိုးတက်ကြီးပွါးရေးတွေကိုလဲ အားကြီးမာန်တက် ဆောင်ရွက်ကြဖို့ ကျွန်တော် အထူး တိုက်တွန်းပါတယ်။

နောက်ပြီးတော့ အလွန်အရေးကြီးတဲ့ အချက်တခုကိုပြောချင်သေးတယ်။ ဒီအချက်က တခြားမဟုတ်ပါဘူး။ ပြည်ထောင်စု ခိုင်မြဲအောင်၊ တိုးတက် ကြီးပွါးအောင်၊ ပြည်ထောင်စုကြီးအတွက် လိုအပ်တဲ့ ဉာဏဗလ၊ စာရိတ္တဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလဆိုတဲ့ ဗလငါးတန်ဘဲဖြစ်တယ်။ ပြည်ထောင်စုကြီးဟာ ဒီဗလငါးတန်နဲ့ပြည့်စုံမှ ပြည်ထောင်စုသားတိုင်း

ဟာ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုတို့ကို တင်ပြည့်ကျပ်ပြည့် ခံစားနိုင်ခွင့်ရှိလိမ့်မယ်။ ဒီတော့ မွန်အမျိုးသား အမျိုးသမီးများ ကလဲ မိမိတို့ရဲ့ယဉ်ကျေးမှုကို အခြေခံပြုပြီး ပြည်ထောင်စုကြီး မှာ ဗလငါးတန်ပြည့်ဝ လာနိုင်အောင် အားထုတ်ဖို့ လိုသေး တယ်။ ပြည်ထောင်စုကြီးမှာ ဗလငါးတန်နဲ့ ပြည့်ဝလာအောင် ဘယ်လိုအားထုတ်ရမလဲ။ အဖြေကတော့ တခြားမဟုတ်ပါဘူး။ တရားရှာ ကိုယ်မှာတွေ့ ဆိုတဲ့စကားလို၊ ပြည်ထောင်စုသား များ ကိုယ်တိုင်က မိမိတို့ကိုယ်မှာ ဒီဗလငါးတန်နဲ့ ပြည့်ဝလာ အောင် ပြောဆိုကျင့်ကြံနိုင်ဘို့လိုတယ်။ နိုင်ငံတော်အစိုးရကလဲ ပြည်ထောင်စုအတွက်ဉာဏဗလတိုးတက်ရေးလုပ်ငန်း၊စာရိတ္တ ဗလတိုးတက်ရေးလုပ်ငန်း၊ ကာယဗလ တိုးတက်ရေးလုပ်ငန်း၊ ဘောဂဗလ တိုးတက်ရေးလုပ်ငန်း၊ မိတ္တဗလတိုးတက်ရေးလုပ် ငန်းတွေကို၊ ပြည်တော်သာညီလာခံ ဖိတ်ခေါ် ဆွေးနွေးပြီး၊ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိတယ်။ ဒီတော့ ဒီလုပ် ငန်းတွေကို ဗလငါးတန်နဲ့ ပြည့်ဝနေတဲ့ ပြည်ထောင်စုသား တိုင်းက ဝိုင်းဝန်းကူညီလိုက်ကြမယ်ဆိုယင်၊ ပြည်ထောင်စုကြီး ဟာ တဟုန်တည်း ထိုးတင်လိုက်သလို တိုးတက်ကြီးပွါးခြင်း ရှိလာမှာဘဲ။

နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့ ဗလငါးတန်လုပ် ငန်းများအကြောင်းရဲ့ လိုရင်းအချုပ်ကို ကျွန်တော် အကြမ်း အားဖြင့်ပြောပြလိုတယ်။ ဉာဏဗလ လုပ်ငန်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရဟာ စာသင်ကျောင်း အလုံအလောက် ဖွင့် လှစ်ပေးရေး၊ ယူနီဘာစီတီအထိကျောင်းလခလွှတ် ပညာသင် ပေးရေး၊ ရိုးရိုး စာသင်ကျောင်းများမှာ သက်မွေးမှု ပညာ

သင်ပေးရေး၊ စိုက်ပျိုးမှု၊ စက်မှုလက်မှုအထူးကျောင်းများ ဖွင့်လှစ်ပေးရေး၊ ကျောင်းဆရာအလုံအလောက်ရရှိရေး၊ ကျောင်းသုံးစာအုပ် အလုံအလောက်ရရှိရေး၊ လူထုပညာ သင်ကြားရေး၊ ဘုန်းတော်ကြီးကျောင်းများကို ကျောင်းသုံးပစ္စည်း အကူအညီပေးရေး ကိစ္စတွေကို ဆောင်ရွက်လျက် ရှိပါတယ်။ စာရိတ္တဗလလုပ်ငန်းနဲ့ပတ်သက်ယင် ပြည်ထောင်စုသားတိုင်း မိမိတို့ကိုးကွယ်ရာ ဘာသာ သာသနာအယူဝါဒတွေကို စိတ်ဝင်စားကြည်ညိုနိုင်ကြအောင် ဆောင်ရွက်လျက် ရှိပါတယ်။ ကာယဗလ လုပ်ငန်းနဲ့ပတ်သက်ယင်၊ တနိုင်ငံလုံးအတွက် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေး၊ မိခင်နဲ့ ကလေး ကျန်းမာရေး၊ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါ၊ ကာလသား ရောဂါ စတဲ့ ရောဂါပပျောက်ရေး၊ ဆရာဝန် အလုံ အလောက် ရရှိရေး၊ ဆေးဝါး အလုံအလောက်ရရှိရေးတွေကို ဆောင်ရွက်လျက် ရှိပါတယ်။ ဘောဂဗလ လုပ်ငန်းနဲ့ ပတ်သက်ယင်၊ တောင်သူလယ်သမား၊အလုပ်သမားတွေသက်သာချောင်ချိ၍ တိုးတက်မှုရရှိရေး၊ ပြည်ထောင်စုကြီးရဲ့သဘာဝပစ္စည်းပိုမိုထုတ်လုပ်ရေး၊ တိုင်းရင်းသား အရောင်းအဝယ်ဖွံ့ဖြိုးရေး၊ ပြည်ထောင်စုကြီးတခုလုံးရဲ့အကျိုးကျေးဇူးကိုရှေးရှုပြီး အချို့အရေးကြီးတဲ့ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ပေးရေး၊ သမဝါယမစံနစ်ထွန်းကားရေး အစရှိတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတယ်။ မိတ္တဗလ လုပ်ငန်းနဲ့ ပတ်သက်ယင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးချင်းတွေ့ဆုံနိုင်ရေး၊ ယဉ်ကျေးမှုချင်း လဲလှယ်ရေး၊ ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံရေး၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်မှုအရေးတွေကိုဆောင်ရွက်လျက်ရှိတယ်။

နိုင်ငံတော်အစိုးရက ဗလငါးတန်လုပ်ငန်းဖွေကို ဆောင်ရွက်နေတာဟာ အထင်အရှား ဖြစ်ပါတယ်။ ဒါပေမဲ့အစိုးရကချည်းဆောင်ရွက်နေရုံနဲ့ မပြီးသေးဘူး။ ပြည်ထောင်စု သားများကိုယ်တိုင်ကလဲ ဝိုင်းဝန်းကူညီကြမှ လိုရာခရီးကို ချက်ခြင်းရောက်နိုင်လိမ့်မယ်။ ဒီတော့မွန်အမျိုးသား၊ အမျိုးသမီး တို့ကလဲမိမိတို့ရဲ့ယဉ်ကျေးမှုကိုအခြေပြုပြီး ဗလငါးတန်လုပ်ငန်းတွေမှာ စိတ်ပါဝင်စားခြင်း၊ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ခြင်းတွေကို ပြဘို့လိုတယ်။ ပညာရေးမှာ စိတ်ပါဝင်စားဘို့လိုတယ်။ စာရိတ္တ အရေးမှာ ကောင်းသော ကိုယ်နှုတ်နှလုံးကိုစောင့်ထိန်းဘို့၊ သီလရှိဘို့၊ ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်ဘို့လိုတယ်။ ကာယဗလအရေးမှာ ကျန်းမာသန်စွမ်းမှု အတွက်လေ့ကျင့်ဘို့၊ ရောဂါဘယမများအောင် လိုက်နာဆောင်ရွက်ဘို့ လိုတယ်။ ဘောဂဗလ အရေးမှာ လုံ့လဝီရိယ ရှိဘို့၊ ငွေဝင် ငွေထွက်မျှတစွာ သုံးတတ်ဘို့၊ ကျစ်လစ် သိပ်သည်းစွာ နေထိုင်တတ်ဘို့၊စုပေါင်းဆောင်ရွက်တတ်ဘို့လိုတယ်။မိတ္တဗလ အရေးမှာ မနှစ်မြို့ဘွယ်ကောင်းတဲ့ အတိတ် အဖြစ် အပျက်တွေကို မေ့ပျောက်ပစ်ဘို့၊ ပြည်ထောင်စု စည်းလုံး ညီညွတ်ရေးကိုရှေ့ရှုဘို့၊သဘောထားကြီးဘို့၊ သည်းခံစိတ်ရှိဘို့၊ပြည်ထောင်စုသားအချင်းချင်းယိုင်းပင်းကူညီတတ်ဘို့လိုတယ်။

ဒီပြည်တော်သာမွန်ယဉ်ကျေးမှုညီလာခံကြီးမှာ၊ မွန်အမျိုးသား အမျိုးသမီးများက မွန်ယဉ်ကျေးမှုမြှင့်တင်ရေးအတွက် စဉ်းစားဆွေးနွေးအကြံပေးကြပါ။ မွန်ယဉ်ကျေးမှုကို အခြေခံပြုပြီး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊ ဗလငါးတန်နဲ့ပြည့်ဝရေးတို့ကိုလဲမြဲစွဲစွာနှလုံးသွင်းကြပါလို့ ကျွန်တော်တိုက်တွန်း

ပါတယ်။ အသီးသီး၏အားထုတ်မှုသည် အားလုံး၏ အကျိုး အတွက်ရင်း၊ အားလုံး၏အားထုတ်မှုသည်အသီးသီး၏အကျိုး အတွက်ရင်းဖြစ်သင့်ဖြစ်ထိုက်သည်ဟူသော စကားပုံအတိုင်း၊ မွန်အမျိုးသားစု၏ အားထုတ်မှုသည် ပြည်ထောင်စုတခုလုံး၏ အကျိုး အတွက်ရင်း၊ ပြည်ထောင်စုတခုလုံး၏ အားထုတ်မှု သည် မွန် အမျိုးသားစု၏ အကျိုး အတွက်ရင်း ဖြစ်ပါစေ သတည်း။

# ၁၁။ မြန်မာ့စွယ်စုံကျမ်း

## ၁၉၅၅ခုနှစ်၊ဖေဖော်ဝါရီလမြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ မြန်မာ့စွယ်စုံကျမ်း ကြိုဆိုပွဲမိန့်ခွန်း

ဒီနေ့မှာဆိုယင် ကျွန်တော်တို့တတွေဟာ နေ့လယ်နေ့ခင်း ကတဲက မြန်မာ့စွယ်စုံကျမ်းကြီးကို လူသိရှင်ကြား တခမ်းတနားကြိုဆိုပြီးခဲ့ကြပါပြီ။ ဒီလိုလူသိရှင်ကြားတခမ်းတနား ကြိုဆိုခြင်းပြုရတာဟာ တခြားကြောင့်မဟုတ်ပါဘူး။ ပညာဗဟုသုတကို ကျွန်တော်တို့ ပြည်ထောင်စု သားတွေဟာ ဘယ့်လောက် ရိုသေလေးစားတယ် ပြည်ထောင်စုကြီးရဲ့ပညာမြှင့်တင်ရေးကို ကျွန်တော်တို့တတွေ ဘယ့်လောက် လိုလားတယ် ဆိုတဲ့အချက်ကြီးကို ပြတ်ပြတ်သားသား တင်ပြချင်တဲ့အတွက် ဖြစ်ပါတယ်။

ရှေးပုဂံခေတ်အနော်ရထာမင်းကြီးလက်ထက်ကစပြီးတိုင်းသူပြည်သားတွေဟာ ပိဋကတ်သုံးပုံကို အမြတ်တနိုး ကိုးကွယ် လေ့လာပြီး မြန်မာနိုင်ငံကြီးရဲ့ စည်းလုံးရေး တိုးတက်ကြီးပွားရေး တွေကို လောကုတ္တရာ ဘက်မှာရော လောကီဘက်မှာရော ဆောင်ရွက် ခဲ့ကြပါတယ်။ ဒါတင် မကသေးပါဘူး ပိဋကတ်တော်လေ့လာကျင့်သုံးမှုကို အခြေပြုပြီး မြန်မာနိုင်ငံဟာ အရှေ့အာရှရဲ့ ယဉ်ကျေးမှု မြှင့်တင်ရေးကိစ္စတွေမှာလဲ တဘက်တလမ်းက ပါဝင်ကူညီနိုင်ခဲ့ကြပါတယ်။ ဒီအချက်တွေဟာ ကျွန်တော်တို့ရဲ့ ရာဇဝင်ကိုလေ့လာသူတိုင်း သိနိုင်တဲ့ အချက်တွေဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ သားတွေမှာ ရှေးရှေးကတဲကစပြီး ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံသားတွေရဲ့ တိုးတက်ရေးမှာသာမက ကမ္ဘာ့ တိုးတက်ရေးမှာလဲ စိတ်ဝင်စားတယ် လိုလားတယ် ဆောင်ရွက်လိုတယ်ဆိုတဲ့ ဆန္ဒတွေကိန်းအောင်းခဲ့တယ်ဆိုတာဟာ အထင်အရှားဖြစ်ပါတယ်။ မြန်မာ့ စွယ်စုံကျမ်းကြီးဖြစ်မြောက်လာအောင် ဆောင်ရွက်ခြင်းဟာလဲ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ ဒီ ဆန္ဒမျိုး ဆက်လက်ကိန်းအောင်းနိုင်အောင် ဖန်တီးပေးခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နေ့ကစပြီး ကိုယ့်ဒူးကိုယ်ချွန်နိုင်ဘို့အများကြီး လိုလာပါတယ်။ ကိုယ့်ဒူးကိုယ်ချွန်နိုင်ပါမှ ဉာဏဗလ၊ စာရိတဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလ ဆိုတဲ့ ဗလငါးတန်ဟာ ကိုယ့်ဆီကို အလိုလိုရောက်လာနိုင်ပါတယ်။ ကိုယ့်ဒူးကိုယ်ချွန်နိုင်ဘို့အရေးမှာ အသိတရားရှိမှုဟာ အခြေခံအုတ်မြစ်ဘဲလို့ ယူဆပါတယ်။ အသိတရားရှိတဲ့ နေရာမှာလဲ အသိတရား ကျယ်ကျယ်ဝန်းဝန်းရှိလေလေ ကောင်းလေလေလို့ယူဆပါတယ်။

နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စု အတွင်းမှာ စာအရေးအဖတ်တတ်သူ ပေါများသည်ထက် ပေါများလာအောင် ဆောင်ရွက်နေတယ်ဆိုတာကို လူတိုင်းသိကြပါတယ်။ နောက်ဆုံးတနေ့မှာ ပြည်ထောင်စုသားတိုင်း တယောက်မကျန် စာအရေးအဖတ်တတ်အောင် အားထုတ်လျက်ရှိပါတယ်။ ဒီလိုအားထုတ်နေရုံနဲ့ပြီးပလား။ မပြီးသေးပါဘူး။ စာအရေး အဖတ်တတ်ပြီးသူတိုင်းအတွက် လုပ်ပေးစရာတွေအများကြီးရှိပါသေးတယ်။ ဥပမာ စာအရေးအဖတ် တတ်ပြီးသူများအတွက်

အသိတရား ကျယ်ကျယ်ဝန်းဝန်းရှိဘို့ အများကြီး လိုပါတယ်။ စာတတ်သူဦးရေများသည်ထက်များအောင် လုပ်ပေးဘို့ အရေးကြီးသလောက် အသိတရားကျယ်ကျယ်ဝန်းဝန်းရှိတဲ့ စာတတ်ပြီးသူဦးရေ များသည်ထက်များအောင်လုပ်ပေးဘို့ကလဲ အရေးကြီးပါသေးတယ်။ သဘောကတော့ တခြားမဟုတ်ပါဘူး။ အဆောက်အအုံ တခုအတွက် အုတ်မြစ်ချပေးသူက ချပေးနေတုန်းမှာ အုတ်မြစ် ချလို့ ပြီးလျှင် ပြီးချင်း တပ်ဆင် နိုင်အောင် တိုင်အဆင်သင့် အကာအဆင်သင့် အမိုးအဆင်သင့် အထွတ်အဆင်သင့် ပြင်ဆင်ထားဘို့အရေးဟာလဲ အင်မတန်အရေးကြီးတယ်ဆိုတဲ့သဘောပါဘဲ။

ဒါကြောင့်မို့လို့ အသိတရားကျယ်ကျယ်ဝန်းဝန်းရှိတဲ့စာတတ်ပြီးသူဦးရေ တိုးတက်ရေးကိုထောက်ထားပြီး မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးဟာ မြန်မာ့စွယ်စုံကျမ်းကြီးဖြစ်မြောက်ရေးကို လွတ်လပ်ရေးရတဲ့နှစ်ကစပြီး ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဆောင်ရွက်လာခဲ့တဲ့အတိုင်း ဒီကနေ့မှာဆိုယင် ကျွန်တော်တို့ရဲ့လက်ထဲမှာ ပဥ္စမတွဲတော့ ရောက်လာပါပြီ။မြန်မာ့စွယ်စုံကျမ်းကြီးပြည့်စုံတဲ့အခါမှာ စုစုပေါင်း ၁၄ တွဲလောက်ရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ပဥ္စမတွဲကို အခုရရှိပြီးတဲ့ အတွက် ကျန်သေးတဲ့ ၁၃ တွဲဟာ ပုံနှိပ်ပြီးစီးတဲ့အခါတိုင်း တတွဲပြီးတတွဲ ရောက်လာဘို့သာ ရှိပါတော့တယ်။

နောက်ပြီးတော့ ဒီကနေ့ မြန်မာ့စွယ်စုံကျမ်း ကြိုဆိုပွဲမှာ မြန်မာ့စွယ်စုံကျမ်းနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အချက်တွေကို ကျွန်တော် ပြောပြချင်ပါသေးတယ်။ မြန်မာ့စွယ်စုံ ကျမ်းဟာ မြန်မာ့ ဗဟုသုတ ကမ္ဘာ့ဗဟုသုတတွေကို ရေးထားတဲ့ကျမ်း

ဖြစ်တဲ့အတွက် ဒီလိုကျမ်းမျိုးရဲ့ ထူးခြားချက်တွေကို ရေတွက် ပြရယင် ပညာရေးရဲ့ အကျိုးထူးပုံတွေကို ရေတွက် ပြရသလိုဆိုးနိုင်မယ်မဟုတ်ပါဘူး။ ဒါပေမဲ့ ထူးခြားတဲ့အချက်ဆယ်ချက်လောက်ကိုတင်ပြပါရစေ။

အချက် ၁။ ။ကျွန်တော်တို့ရဲ့အတိတ် မြန်မာစာပေသမိုင်းမှာ စွယ်စုံကျော်ထင် ကျမ်းရယ်လို့ အထင်အရှား ရှိခဲ့ပါတယ်။ ဒီကျမ်းမှာဆိုယင် လောကုတ္တရာအတွက်ရော လောကီအတွက်ရော မြန်မာစာပေ ပါဠိစာပေ ဗဟုသုတ တွေဟာ အင်မတန် စုံစုံလင်လင် ပါရှိတာကို တွေ့ရပါတယ်။ သူ့ခေတ်သူ့အခြေအနေအရ အင်မတန်အဖိုးတန်တဲ့ ကျမ်းပါဘဲ။ ဒါပေမဲ့ ကျွန်တော်တို့ခေတ် ကျွန်တော်တို့ အခြေ အနေအရ ဒီထက်စုံတဲ့ ဗဟုသုတတွေပါရှိဘို့လိုလာပါတယ်။ ဥပမာ ကျွန်တော်တို့တတွေဟာ ယခုအခါမှာဆိုယင် ကမ္ဘာ့နိုင်ငံအမျိုးမျိုးနဲ့ ဆက်ဆံနေတဲ့အတွက် ကမ္ဘာ့ဗဟုသုတတွေ ရှိဘို့လိုလာပါတယ်။ ဒီဗဟုသုတတွေဟာ ဒီစွယ်စုံကျမ်းမှာ အလုံအလောက်ပါရှိနေတဲ့အတွက် စာတတ်တဲ့ မြန်မာလူထုဟာ ဒီဗဟုသုတတွေကို အလွယ်တကူ ရှာမှီးနိုင်ပါတယ်။

အချက် ၂။ ။မြန်မာ့စွယ်စုံကျမ်းကို ပြုစုရာမှာ တိုင်းခြားဘာသာနဲ့ ပြုစုထားပြီးဖြစ်တဲ့ စွယ်စုံကျမ်းလေးငါးခြောက်မျိုးလောက်ကိုလဲ လေ့လာပြီးမှ ပြုစုထားခြင်း ဖြစ်ပါတယ်။ ဒီတော့ လိုအပ်တဲ့ ဗဟုသုတ အကြောင်းရပ်တွေဟာ အင်မတန်စုံပါတယ်။အင်မတန်လဲနိုင်လုံပါတယ်။ခေတ်လဲမှီပါတယ်။

အချက် ၃။ ။ဗဟုသုတ အကြောင်းရပ်တွေကို ဝိဇ္ဇာပညာ သိပ္ပံပညာ အဖြစ် ခွဲလိုက်ယင် ဝိဇ္ဇာပညာဘက်မှာ လူ

ခပ်သိမ်းတို့ သိအပ်တဲ့ဘာသာစကားနဲ့ စာပေတွေ၊ ယထာဘူတပညာတွေ၊ စိတ္တဗေဒတွေ၊ ဘောဂဗေဒတွေ၊ ထုံးဟောင်းပုံပြင်တွေ၊ နိုင်ငံရေးပညာတွေ၊ နိုင်ငံသမိုင်းတွေ၊ ပထဝီဝင်တွေ၊ လူမှုရေးရာပညာတွေ၊ သုခုမပညာတွေ ပါရှိပါတယ်။ သိပ္ပံပညာဘက်မှာဆိုယင်လဲ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ပါဏဗေဒ၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ စိုက်ပျိုးရေးပညာ၊ စက်မှုလက်မှုပညာ၊ အနာတမိ၊ သဘာဝသိပ္ပံစသည်တို့ ပါရှိပါတယ်။

အချက် ၄။ ။ ဒီစွယ်စုံကျမ်းမှာ ကမ္ဘာ့ဗဟုသုတသာမက မြန်မာမှုဗဟုသုတတွေကိုလဲ အမြောက်အမြား ရှာဖွေလေ့လာပြီး ရေးထားပါတယ်။ မြန်မာမှုမှာဆိုယင် မြန်မာနိုင်ငံသမိုင်းနဲ့တကွ မြန်မာ့ယဉ်ကျေးမှုရော ပြည်ထောင်စုတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုရောပါရှိပါတယ်။ မြန်မာမှုနဲ့ပတ်သက်ပြီး အကြောင်းရပ်ပေါင်းရှစ်ရာ(၈၀၀) ကျော်မျှပါပါတယ်။

အချက် ၅ ။ ။ စွယ်စုံကျမ်းပါ အကြောင်းရပ်တွေကို ရေးသားရာမှာ ပညာတတ်ရော ကျောင်းသားလူငယ်လူရွယ်ရော လူထုကြီးရော ဖတ်ရှုနိုင်အောင် ရိုးရိုး ရှင်းရှင်းနဲ့ လွယ်လွယ်ကူကူ ဖတ်ရှုနိုင်အောင် ဂရုစိုက်ပြီး ရေးထားတာကို တွေ့နိုင်ပါတယ်။ သိပ္ပံပညာ ဆိုင်ရာ စကားဝေါဟာရ အသစ်များကိုလဲ တွေ့နိုင်ပါတယ်။ ဒီဝေါဟာရတွေကို မြန်မာဘာသာစကားနဲ့ ဖန်တီး ထားတဲ့အတွက် သိပ္ပံ ကျမ်းများကို ဘာသာပြန်တဲ့အခါမှာ ဒီ စွယ်စုံကျမ်းကြီးဟာ ဘာသာပြန်ဆရာတွေအတွက်လဲအထူးအသုံးကျလိမ့်မယ်လို့ ယူဆပါတယ်။

အချက် ၆ ။ ။ ဒီစွယ်စုံကျမ်းမှာပါတဲ့ ဗဟုသုတ တွေဟာ ဘယ့်လောက်စုံပါသလဲ ဆိုယင် ဗဟုသုတ အကြောင်းရပ်ပေါင်းလေးထောင်(၄၀၀၀) ကျော်ပါဝင်ပါတယ်။ စာမျက်နှာပေါင်း ခုနစ်ထောင် (၇၀၀၀) ကျော်ပါရှိပါတယ်။ လေးထောင် ကျော်လောက် ရှိတဲ့ ဗဟုသုတ အကြောင်းရပ်တွေကို ဖတ်ရှုလေ့လာပြီးတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသား လူထုဟာ ဘယ်လိုလူထုကြီးဖြစ်လာမလဲ။ ကျွန်တော်တော့ ပြည်ထောင်စုကြီးရဲ့ နောင်ရေးအတွက် ဝမ်းမြောက်လို့မဆုံးဖြစ်မိပါတယ်။

အချက် ၇ ။ ။ လေးထောင် ကျော်လောက် ရှိတဲ့ အကြောင်းရပ်တွေကို စာမျက်နှာခုနစ်ထောင်ကျော်လောက်ရှိတဲ့ ဒီကျမ်းတွေထဲမှာကိုယ်လိုရာကိုချက်ခြင်းရှာဖွေဖတ်ရှုနိုင်ဘို့ကိစ္စဟာ ခက်မှာဘဲထင်မိပေလိမ့်မယ်၊ ဒါပေမဲ့ ဒီအခက်အခဲတွေကို ကျော်လွှန်နိုင်အောင် စီရင်ထားတာကိုတွေ့ရပါလိမ့်မယ်။ ဥပမာအကြောင်းရပ်တွေကို အက္ခရာ စဉ်အလိုက်စီထားပါတယ်။ အညွှန်းအမျိုးမျိုးကို ထည့်သွင်းဖေါ်ပြထားပါတယ်။ ဒီတော့ မိမိလိုရာ ဗဟုသုတကို အလွယ်တကူတွေ့နိုင်ပါတယ်။

အချက် ၈ ။ ။ ကျွန်တော်တို့ မြန်မာ စာအုပ်များမှာ အများအားဖြင့် ရုပ်ပုံ ဓာတ်ပုံတွေကို အနဲအကျဉ်းလောက်သာထည့်တတ်ကြပါတယ်။ စင်စစ် ရုပ်ပုံဓာတ်ပုံများဟာ အင်မတန် အရေးပါအရာရောက်ပါတယ်။ စာနဲ့ရေးထားတဲ့ အကြောင်းအရာတွေကို ရုပ်ပုံဓာတ်ပုံများက ပိုမိုပြီး ရှင်းလင်းအောင် ပြပေးနိုင်ပါတယ်။ စာဖတ်သူများရဲ့ စိတ်ကို နှစ်သိမ့်လာအောင်လဲပြပေးနိုင်ပါတယ်။ ဒီ စွယ်စုံကျမ်းမှာ ဆိုယင်

သက်ဆိုင်ရာ ရုပ်ပုံ ဓာတ်ပုံပေါင်း ခြောက်ထောင် (၆၀၀၀) ကျော်ထည့်သွင်းထားပါတယ်။

အချက် ၉ ။ ။ဘယ်စာအုပ်မှာ မဆို အက္ခရာ ကြည် ကြည် လင်လင်ရှိဖို့ မင်ကျ မင်န ကောင်းဖို့ဟာ အလွန် အရေးကြီးပါတယ်။ နောက်ပြီးတော့ စာရွက်ကောင်းဖို့ စာအုပ်ချုပ်ပုံ သေသပ်ခိုင်ခံ့ဖို့ဟာလဲ အလွန် အရေးကြီးပါတယ်။ စွယ်စုံကျမ်းမှာဆိုယင် မျက်စိ သက်သက် သာသာ ရှိအောင် အကိုင်အတွယ်အထိန်းအသိမ်းစိတ်ချလက်ချရှိအောင် အက္ခရာဘက်ကရော မင်ကျမင်နဘက်ကရော အချုပ်အလုပ် ဘက်ကရော ဂရုတစိုက်စီမံထားပါတယ်။

အချက် ၁၀ ။ ။ဒီ စွယ်စုံ ကျမ်းကြီးကို ပြုစုရာမှာ လူ တဦးတည်း လူဘစုတည်းက ပြုစုတာမဟုတ်ပါဘူး။တက္ကသိုလ် ပိုင်းကရော ပညာရေးဌာနပိုင်းကရော အစိုးရဌာနပိုင်းကရော အသီးသီးကရော ပြည်သူလူထုကြီး ဘက်ကရော ပညာရှင် အမြောက်အမြား စည်းဝေး ဆွေးနွေး တိုင်ပင်ပြီး ကူညီကြပါတယ်။ အကြောင်းရပ်တွေရှာဖွေပြီး ရေးပေးသူက ရေးပေးပါတယ်။ ဓာတ်ပုံပို့သူများကလဲ ပို့ကြပါတယ်။ ဒါကြောင့်မို့လို့ ဒီ စွယ်စုံ ကျမ်းကြီးဟာ တတိုင်းပြည်လုံးရဲ့စုပေါင်းဆောင်ရွက်မှုမှ ပေါက်ဖွားလာတဲ့ အကျိုးထူးအကျိုးမြတ်ကြီးတရပ် ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

နောက်ဆုံး မြန်မာ့စွယ်စုံကျမ်းကြီးရဲ့ ထူးခြားပုံတရပ်ကို ကျွန်တော့် ကိုယ်တွေ့ ကလေးနဲ့ အစီရင် ခံချင်ပါသေးတယ်။ ကျွန်တော့်မှာ သား ၂ ယောက် သမီး ၂ ယောက်ရှိပါတယ်။

မကြာသေးခင်ကဘဲ အငယ်ဆုံး သမီးကလေး ခွေးပူတူးရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲတခုကို ကျွန်တော့်အိမ်မှာ ကျင်းပခဲ့ပါတယ်။ ဒီသမီးကလေးကလဲ သမီးထွေးကလေး ဖြစ်တဲ့အတွက် အမေရော အဖေရော နှစ်ဦးစလုံးကဘဲ အတော်ကလေးအလိုလိုက်ထားကြပါတယ်။ ဒီနေ့မှာ သမီးထွေးကလေးကို မွေးနေ့ လက်ဆောင် အဖြစ်နဲ့ ပေးဘို့ ကျွန်တော်တို့ နှစ်ယောက်စလုံးစိတ်ကူးလိုက်ကြတာ စိတ်ကြိုက်တခုမှမတွေ့ဘူး။ အတော်ကလေးအကြာအိုက်နေတုန်း ပဌမဦးဆုံး ရောက်လာတဲ့ မြန်မာ့စွယ်စုံကျမ်းတအုပ်ကို ကျွန်တော်ကြည့်ဘို့ ဘာသာပြန်စာပေအသင်းကပို့လိုက်တယ်။ဒီစွယ်စုံကျမ်းကြီးကိုမြင်ယင်မြင်ခြင်းဘဲ ဒီ ကျမ်းကို မွေးနေ့လက်ဆောင်အဖြစ်နဲ့ပေးဘို့ ကျွန်တော်တို့ နှစ်ဦးစလုံး တပြိုင်နက် ဆုံးဖြတ်လိုက်ကြပါတယ်။ ဒီလိုဆုံးဖြတ်တဲ့အခါမှာ စဉ်းစားမိတာကတော့ တခြားဟာမဟုတ်ဘူး။ တခြားမွေးနေ့လက်ဆောင်တွေကိုပေးယင် ခဏကလေးနဲ့ပျောက်ပျက်ကုန်မှာဘဲ။ ကလေးကို လူဘလုံး သူတလုံးဖြစ်လာအောင် ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ပညာရွှေအိုးကြီးနဲ့တူတဲ့ မြန်မာ့စွယ်စုံကျမ်းကြီးကို မွေးနေ့ လက်ဆောင်အဖြစ်နဲ့ ပေးယင် ကလေးရဲ့ တသက်မှာ ဒီ ပညာရွှေအိုးကြီးဟာ ဘယ်တော့မှသုံးလို့ကုန်မှာမဟုတ်တော့ဘူးလို့ စဉ်းစားမိခဲ့ပါတယ်။

ဒီ အဖြစ်အပျက်ကလေးနဲ့ ဆက်နေတဲ့အခြားအချက် တခုကိုလဲ ကျွန်တော်ပြောပြချင်ပါသေးတယ်။ဒီ စွယ်စုံကျမ်းကြီးရောက်လာတဲ့အခါမှာ ထိုက်နဲ့ တူးဆိုတဲ့ သားနှစ်ကောင်လဲအနားမှာရှိတယ်။ ဒီကောင်တွေက စာအုပ်ဆိုယင် အင်မ

တန်ကြောက်တဲ့အကောင်တွေ။ နေ့ရှိသမျှ ဘော်လုံးကန်မယ်၊ ရေကူးမယ်၊ အရုပ်ပြကြည့်မယ်၊ ပွဲသွားမယ်၊ ဘိုင်စကယ် လျှောက်စီးမယ်၊ ဒါတွေကိုဘဲ နေ့စဉ်နှင့်အမျှ ကြိုးစားအား ထုတ်နေကြတာဘဲ။ ညဘက်မှာ တနာရီလောက် စာကြည့်ဘို့၊ သူတို့အမေကနေ့စဉ်နဲ့အမျှ ဆူပူကြိမ်းမောင်းလုပ်ရတယ်။ဒီလို ဆူပူကြိမ်းမောင်းပြီးလို့ စာကြည့်ခန်းထဲကိုဝင်ရပြန်ယင်လဲ ဒီ ကောင်နှစ်ကောင်ဟာ ရေသောက်ဘို့နဲ့ နောက်ဖေးသွားဘို့ဆို ပြီးညတိုင်း လေးငါးဆယ်ကြိမ်လောက် မထွက်ရယင် မပြီးဘူး။ သူတို့ရဲ့ရာဇဝင်တလျှောက်လုံးမှာ ဘယ်သူကမှ မတိုက်တွန်းရ ဘဲ သူတို့အလိုအလျောက် စာတအုပ်ကို ကောက်ဖတ်တယ် ဆိုတာ ကျွန်တော်တော့မတွေ့ခဲ့ရဘူးဘူး။

ဒီ စွယ်စုံကျမ်းကြီး ရောက်လာတဲ့နေ့တုန်းက ဒီ သား နှစ် ကောင်ကိုလဲ ခေါ်ပြီး စာအုပ်ထဲက အရုပ်တွေကို ကျွန်တော် ပြတယ်။ နောက်ပြီးတော့ စာတပိုဒ်နှစ်ပိုဒ်ကိုလဲ ဖတ်ပြတယ်။ နောက်တနေ့မနက်ကျတော့ ကျွန်တော်လဲ ဒိပြင် အလုပ်တွေ များတာနဲ့ စာအုပ်ကိုသတိမရတော့ဘူး။ ဒါပေမဲ့စာအုပ်ဆိုယင် ရှောင်နိုင်သမျှ ကြိုးစားပြီးရှောင်တတ်တဲ့ ကျွန်တော့် သား နှစ်ကောင်ဟာ ကျွန်တော့် အခန်းထဲ ဝင်လာပြီး "ဖေဖေ၊ မနေ့က စာအုပ်ကြီးကို ခဏပေးစမ်းပါ၊ ကျွန်တော်တို့ ဖတ် ချင်တယ်" လို့တောင်းဆိုကြတယ်။ ဒီ အသံကို ကြား ကြား ခြင်း ကျွန်တော့နားကို ကျွန်တော်ကောင်းကောင်းမယုံနိုင်ဘူး။ အိပ်မက်များမက်နေသလားလို့ အောက်မေ့မိတယ်။ ဒီစွယ် စုံကျမ်းကြီးဟာ ဒီလောက်ထူးတဲ့စာအုပ်ကြီးပါဘဲ။

ထူးခြားချက်များစွာနဲ့ပြည့်စုံတဲ့ ဒီ စွယ်စုံကျမ်းကြီးကို တနေ့လျှင် တနာရီဖတ်ပါ။ ဖတ်ပြီးတဲ့အခါမှာ နာရီဝက်ခန့်မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီဝက်မျှဆင်ခြင်သုံးသပ်ပါ။ ဒီနည်းအတိုင်း တနေ့ကို ၂ နာရီလောက် ငါးနှစ်ခန့်ကြိုးစားပါ။ ဒီလို ကြိုးစားတဲ့လူဟာ အမှောင်ခေတ် မည်မျှပင် ကြီးစေကာမူ ဒီအမှောင်ခေတ်ဟာ သူ့အလိုလိုကွင်းသွားပြီး အလင်းခေါတ်ကိုရရှိနိုင်ပါလိမ့်မယ်။ ဒီလိုကြိုးစားတဲ့လူဟာဖိုးသုညပင်ဖြစ်စေကာမူ ဖိုးရာဇာအဖြစ်မျိုးကိုရရှိနိုင်ပါလိမ့်မယ်။ ပြည်ထောင်စုသားတိုင်းဟာ ဒီစွယ်စုံကျမ်းကြီးကို လက်ကိုင်ပြုပြီး လူသစ်တည်၍ ပြည်သစ်ဆောက်နိုင်ကြပါစေသတည်း။ ။

## ၁၂။ ငြိမ်းချမ်းရေး

### ၁၉၅၅ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့၊ အမျိုးသားနေ့ မိန့်ခွန်း

ဒီနေ့၊ သုံးဆယ့်ငါးကြိမ်မြောက် အမျိုးသားနေ့မှာ၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး ဆိုတဲ့ ပြဿနာကြီးနှစ်ရပ်ကို ကျွန်တော်တင်ပြလိုပါတယ်။ အားလုံးသိကြတဲ့ အတိုင်း၊ မြန်မာနိုင်ငံမှာ အဖျက်သမားတွေ အင်အားချိနဲ့သွားပေမဲ့၊ လုံးဝအပြီးတိုင် ငြိမ်းချမ်းရေးရပြီလို့ မဆိုနိုင်သေးပါဘူး။ ၁၉၅၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံရဲ့အခြေအနေကို ၁၉၄၉ ခုနှစ်က အခြေအနေနဲ့ နှိုင်းစာလိုက်ယင်၊အများကြီး တိုးတက်လာတယ်ဆိုတာဟာယုံမှားစရာ မရှိပါဘူး။ ၁၉၄၉ ခုနှစ်ကဆိုယင်၊ အဖျက်ဝါဒသမားတွေမှာ မိုးကောင်းချိန်ဖြစ်ပြီး၊ တတိုင်းပြည်လုံးဟာ ကြိမ်မီးအုံးသလို ဆူပူဒုက္ခရောက်ခဲ့ကြရတယ်။ ဒါပေမဲ့ ၁၉၅၁ ခုနှစ်က စပြီး၊ အခြေအနေဟာ တစတစ တိုးတက်ကောင်းမွန် လာတဲ့ အတွက်၊ ၁၉၅၄ ခုနှစ်ကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ တတွေဟာ၊ စိတ်သက်သာရာ ရလာကြပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ အုပ်ချုပ်ရေးကိုရော၊ ငြိမ်ဝပ်ပိပြားရေး ကိုရော ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့သော်လဲ၊ အရောက် အပေါက် ခဲယဉ်းတဲ့ဒေသတချို့မှာ၊ သောင်းကျန်းဆူပူမှုတွေဟာ ရံဖန်ရံခါပေါ်ပေါက်လျက်ရှိပါသေးတယ်။ ယနေ့အမျိုးသားနေ့ကြီးမှာ၊ ပြည်တွင်း အခြေအနေ တခုလုံးကို ပြန်လည်သုံးသပ်ဘို့လိုလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးတာနဲ့ တပြိုင်နက် အနှံ့အပြား ဆူပူသောင်းကျန်းမှုတွေပေါ်ပေါက်ခဲ့တယ်။ မကျေနပ်တဲ့ အင်အားစု တချို့ဟာ၊ အမျိုးမျိုးသော မကျေနပ်ချက်တွေရှိတယ်လို့ ကြွေးကြော်ပြီး၊ တောခိုသွားကြတယ်။ သူတို့ရဲ့မကျေနပ်ချက်တွေ၊ သူတို့ရဲ့မကျေနပ်မှုတွေကို ပြန်လည်သုံးသပ်နေလို့တော့ အကြောင်းထူးမယ် မဟုတ်ပါဘူး။ သူတို့ မကျေနပ်ဘူးဆိုတဲ့ အချက်အလက် တော်တော် များများ ဟာ အခုမရှိတော့ပါဘူး။ လူထုရဲ့ အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေတဲ့ သူတို့ရဲ့လမ်းစဉ်ကို ဆက်လက်ကျင့်သုံးနေဘို့အကြောင်းလဲမရှိတော့ပါဘူး။

သူတို့ရဲ့ ကောင်းမှုတွေကြောင့်၊ ထောင်ပေါင်း များစွာသော တိုင်းပြည်လူထုဟာ သိသိသာသာ ပျက်စီးခဲ့ကြရပါပြီ၊ ကုဋေရာပေါင်းများစွာတန်တဲ့ အစိုးရပစ္စည်းနဲ့ လူထုပစ္စည်းတွေလဲဆုံးရှုံးခဲ့ရပါပြီ။ ရှေးယခင်က စိတ်အေး လက်အေးနေလိုကြတဲ့လူထုရဲ့ ကျေးရွာကလေးများဟာလဲ၊ ယခုအခါ မီးလောင်ပြာကျဖြစ်နေကြပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သန်းပေါင်းများစွာသော အေးအေးချမ်းချမ်း နေလိုကြတဲ့ လူထုကြီးဟာလဲ ထမင်းလုံးတစ္ဆေအခြောက်ခံရသလို ဖြစ်ခဲ့ကြပြီ။ နက်ဖြန်သဘက် ဘယ်လိုဖြစ်မလဲ ဆိုတာကိုလဲ တထိတ်ထိတ်တလန့်လန့်နဲ့ မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ကြရပြီ။ ကျေးရွာမီးလောင်ပြာကျဖြစ်ပြီးတော့၊ ကျောင်းကန်ဘုရားတွေလဲ လူ မသမာတွေရဲ့ လက်ချက်နဲ့ ပျက်စီးခဲ့ကြရပြီ။ လူထုကြီး တရပ်လုံးဟာ ကျီးလန့်စာစားဖြစ်ခဲ့ကြရတဲ့အတွက် စီးပွားရေးမှာရော၊ နေမှု ထိုင်မှု မှာရော၊ ဘရုတ်သုက္ခဖြစ်ကြရပြီ။ ကျွန်တော်တို့

နိုင်ငံဟာ သယံဇာတပစ္စည်းတွေ အင်မတန်ပေါများကြွယ်ဝတဲ့ နိုင်ငံဖြစ်လင့်ကစား၊ သောင်းကျန်း ဆူပူမှုတွေ ကြောင့် ပစ္စည်းထုတ်လုပ်ရေးကို တင်ပြည့်ကျပ်ပြည့် မလုပ်နိုင်ရုံသာ မကပါဘူး။ အတော်အတန်အောင်မြင်နေတဲ့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာတောင်၊ အတော်ထိခိုက်ပျက်စီးခဲ့ပါတယ်။

အကယ်၍သာ သောင်းကျန်း ဆူပူမှုကြီး မပေါ်ပေါက်ဘဲ လွတ်လပ်တဲ့ ပြည်တောင်စုသမတနိုင်ငံသစ်ကလေးဟာ လွတ်လွတ် လပ်လပ် ကိုယ့်ကြမ္မာကိုယ်ဖန်တီးလိုက်ရလို့ ရှိယင်၊ စီးပွားရေးမှာရော၊ လူမှုရေးမှာရော၊ ဘယ်လောက် ပျော်စရာကောင်းတဲ့ တိုင်းပြည် ဖြစ်နေမယ်ဆိုတာ ရှည်ရှည် ဝေးဝေး တွေးကြည့်ဘို့မလိုပါဘူး။ အခုနေ အခါလောက်မှာ ဆိုယင်၊ ကျွန်တော်တို့တိုင်းပြည်မှာ၊ ဆီကိုရေချိုး ဆေးရိုးမီးလှုံ ဆိုတဲ့ အဖြစ်မျိုးကိုတောင် ရောက်နေပြီလို့ထင်နိုင်ပါတယ်။

သောင်းကျန်းမှုတွေကြောင့် လူမှုရေးဆိုတဲ့ နေမှုထိုင်မှုတွေ ဖရိုဖရဲ ဖြစ်ရတဲ့ အတွက် တိုင်းပြည်ရဲ့ ရေသောက်မြစ် ဖြစ်တဲ့ ပညာရေးမှာလဲ အများကြီးထိခိုက်နေတယ်။ ပညာရေး စံနစ်ဟာ ဘယ့်လောက်ဘဲကောင်းကောင်း၊ ဘရုတ်သုက္ခဖြစ်နေတဲ့ ပတ်ဝန်းကျင်မှာ ဘယ်လို အညွန့်တလူလူနဲ့ တိုးတက်ပေါက်ပွါး နိုင်ပါ့မလဲ။ တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြရတဲ့ ကျေးရွာတွေမှာ ကျွန်တော်တို့ခင်ဗျားတို့လိုလားတဲ့ပညာရေး စံနစ်သစ်တွေ ဖွံ့ဖွံ့ဖြိုးဖြိုး ပေါ်ပေါက်နိုင်ပါ့မလား။ ဒါပေမဲ့ အခက်အခဲအမျိုးမျိုးကြားထဲက ကျွန်တော်တို့ဟာ အင်တိုက်အားတိုက် ကြိုးစားပြီး ပညာရေးဗိမာန်သစ်ကြီးကိုထူထောင်နေပါတယ်။ ဒီလို ထူထောင်လိုက်တဲ့ပညာရေးဗိမာန်သစ်ကြီး

ဟာလဲ ကျွန်တော်မကြာခဏ ပြောဘူးတဲ့အတိုင်း ကျွန်တော်တို့အခြေအနေနဲ့ အင်မတန်ကိုက်ညီတဲ့ ဗိမာန်သစ်ကြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဂုဏ်ယူခဲ့ပါတယ်။ အခက် အခဲများကြားထဲကဘဲ ပညာရေးဗိမာန်သစ်ကြီးဟာ ငွါးငွါး စွင့်စွင့် ပေါ်ထွက်လာပါပြီ။

ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံကလွဲယင် ဘယ်နိုင်ငံမှာမှယခုလိုအဓိပ္ပါယ်မရှိတဲ့အဖျက်ဝါဒကြီးကိုတိုင်းရင်းသားတွေထဲကဇွတ်တရွတ်လိုက်နာကျင့်သုံးနေကြတာကို ရှာလို့ တွေ့နိုင်မယ်မထင်ပါဘူး။ ကမ္ဘာပေါ်မှာ အရွယ်ချင်း မတိမ်းမယိမ်းဖြစ်တဲ့ဘယ်နိုင်ငံမှာမှ မြန်မာနိုင်ငံမှာလောက် မပျက်စီးခဲ့ပါဘူး။ လူထုလဲဒုက္ခမရောက်ခဲ့ပါဘူး။ နောက်ပြီးတော့ ပစ္စည်းအိုးအိမ်ပျက်စီးတာသာမက အကျင့်စာရိတ္တ ပျက်စီးတာတွေလဲ ရှိတဲ့အတွက် အကျင့်စာရိတ္တပျက်စီးတာကိုလဲ ကျွန်တော်တို့ ထည့်ပြီး တွက်ရပါသေးတယ်။ မြန်မာနိုင်ငံမှာ သောင်းကျန်းသူတွေလိုက်နာကျင့်သုံးနေတဲ့ သေနတ်ဝါဒကြောင့် လူကျင့်ဝတ်တွေဟာ တော်တော်ဘဲပျက်စီးခဲ့ပါတယ်။

ဒါတွေကို အဖတ်ဆယ်မိအောင်ဆိုပြီး၊ ကျွန်တော်ခေါင်းဆောင်တဲ့ ပြည်ထောင်စု အစိုးရဟာ ယခင် အခါများက၊ သောင်းကျန်းသူများအား အကြိမ်ကြိမ် လက်ကမ်းခဲ့ပါတယ်။ သူတို့ လိုက်နာနေကြတဲ့ အဖျက်ဝါဒ လမ်းစဉ်ကို လမ်းမှန်သို့ရောက်လာအောင် ကျွန်တော်တို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် ကျေညာချက်တွေနဲ့၊ အကြိမ်ကြိမ်လက်ကမ်း ခဲ့ပါတယ်။ ဒီလို ကျွန်တော်တို့ ကြိုးစား ဆောင်ရွက်ချက်အရလုံးဝအကျိုးမရှိဘူးတော့မဟုတ်ပါဘူး။ အကျိုးရှိ

တန်သလောက်တော့ရှိခဲ့ပါတယ်။ သောင်းကျန်းမှုတွေ စတင် ပေါ်ပေါက်တဲ့အချိန်ကစပြီး ယခုအထိ လက်နက်ချဝင်ရောက် ကြသူပေါင်းဟာ နှစ်သောင်းကျော်ရှိသွားပါပြီ။ ဒီလို လက်နက်ချ ဝင်ရောက်လာကြတဲ့သူတွေအထဲမှာ အများအားဖြင့် ဘုမသိ ဘမသိ၊ အဆွယ်ကောင်းတာနဲ့ လမ်းမှားကို လိုက်မိခဲ့ကြတဲ့လူငယ် လူရွယ်တွေသာ ဖြစ်ကြပါတယ်။ ဒီလူငယ် လူရွယ်တွေဟာ ဘာဖြစ်လို့ သူတို့ရဲ့ဆရာတွေက ဆူပူ သောင်းကျန်းနေကြတယ် ဆိုတာတောင် သိကြဟန်မတူပါဘူး။ ဒီလို လူငယ်လူရွယ်တွေက လက်နက်ချ ဝင်ရောက် လာကြပေမဲ့၊ သောင်းကျန်းမှုရဲ့ အနှစ်နဲ့တူတဲ့ ခေါင်းဆောင်ပိုင်း ကတော့ အစိုးရရဲ့ လက်ကမ်းမှုကို ကျောခိုင်း နေကြတုန်းဘဲ ရှိနေကြသေးတယ်။

ဒါ့ကြောင့် ပေါ်ပေါက်နေတဲ့ အခြေအနေ အရပ်ရပ် ကို သေသေ ချာချာ သုံးသပ်ပြီး၊ ပြည်ထောင်စုအစိုးရဟာ လွန်ခဲ့တဲ့ အောက်တိုဘာလ အတွင်းမှာ ပြန်လည် ပြင်ဆင်ထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်သစ် တရပ် * ကိုထုတ်ပြန်ကျေညာ လိုက်ပါတယ်။ လူကြီးမင်းများသိပြီးဖြစ်တဲ့ အတိုင်း ဒီ လွတ်ငြိမ်းချမ်းသာခွင့် လက်ကမ်း ချက်ဟာ သောင်းကျန်းသူများ အားလုံးကို အလင်းသို့ ဝင်ရောက် လာနိုင်ကြအောင်၊ လမ်းဖွင့်ပေးတဲ့ ကျေညာချက်ဖြစ်ပါတယ်။ ဒီလွတ်ငြိမ်းချမ်းသာခွင့် ကျေညာချက်ကို မြေအောက်မှာ ရောက်နေကြတဲ့ လူတွေက အခွင့်ကောင်းယူပြီး အလင်းသို့ ထွက်လာကြမယ်ဆိုယင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ရရှိ

---

* နောက်ဆက်တွဲ၌ရှုပါ။

ခံစားနေကြတဲ့ ဒီမိုကရေစီ အခွင့်အလမ်းအားလုံးကိုသူတို့လဲ တန်းတူခံစားကြရမှာဘဲ။

နောက်ဆုံး ထုတ်ပြန်ကျေညာလိုက်တဲ့ လွတ်ငြိမ်းချမ်းသာခွင့် လက်ကမ်းချက်ကို စဉ်းစား ဆင်ခြင်ကြတဲ့ ပြည်ထောင်စုသားများ ဟာလဲ၊ ဒီ လက်ကမ်းချက်ကို ဝမ်းသာ အားရ ထောက်ခံကြတာကိုတွေ့ရတဲ့အတွက် ကျွန်တော် ဝမ်းမြောက်ပါတယ်။ သတင်းစာများကလဲ ဒီ လက်ကမ်းချက်ကို ဘယ်အစိုးရဘဲဖြစ်ဖြစ် ဒါထက်ပိုပြီးတော့ မလိုက်လျောနိုင်တဲ့ လက်ကမ်းချက်ဘဲလို့ အားပါးတရ ဝေဘန်ရေးသားကြပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုတဝန်းလုံးမှာ ငြိမ်းချမ်းရေး အမြန်ဆုံး ပြန်လည်ရောက်လာရေးအတွက် နှစ်နှစ်ကာကာ လိုလားတယ်ဆိုတာကို အထူးပြောစရာမလိုပါဘူး။ မြေအောက်မှာရှိနေကြသေးတဲ့ အဖျက်ဝါဒသမားတွေဟာ ကျွန်တော်တို့ရဲ့ လက်ကမ်းချက်ကို အချိန်မီရယူကြပြီး၊နိုင်ငံရေးကိုဆက်လက်လုပ်လိုကြယင်ဒီမိုကရေစီဝါဒအတိုင်း လွတ်လွတ် လပ်လပ် ဆက်ပြီး လုပ်နိုင် ကြပါတယ်။ ဒီလွတ်ငြိမ်းချမ်းသာခွင့် လက်ကမ်းချက်ဟာ အစိုးရအနေနဲ့ နောက်ဆုံးပေးတဲ့ လက်ကမ်းချက် ဖြစ်တယ် ဆိုတာကိုလဲ မှတ်ယူကြစေလိုပါတယ်။ ဒီလက်ကမ်းချက်ကို လူထုအတွက်တကဲ့စေတနာထားသူ မှန်သမျှဟာ လက်ခံကြလိမ့်မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်။

မျှားမကြာမီက ကျွန်တော် နိုင်ငံအများကိုရောက်ခဲ့တဲ့ အခါမှာ၊ တိုင်းပြည်တိုင်းမှာ အစိုးရတွေကရော၊ ပြည်သူ လူထုတွေကရော ထွက်ကုန် ပိုမိုထုတ်လုပ်ရေး အတွက် အင်တိုက်

အားတိုက် ကြိုးစားနေကြတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ ဘယ်နိုင်ငံမှာမဆို ထွက်ကုန် ပိုမိုထုတ်လုပ်နိုင်မှသာလျှင် စီးပွါးရေးအောင်မြင်နိုင်ပါဘယ်။ နေရာတကာတိုင်းမှာ ရှေးက ထက်ပိုးပြီးတော့ကုန်ပစ္စည်းတွေ၊ သယံဇာတ ပစ္စည်းတွေကို ထုတ်လုပ်နေကြပါတယ်။ အင်မတန်လဲအားတက်သရော ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံအတွက်ဆိုယင် ပြောရမှာတောင်၊ တော်တော် ရှက်စရာကောင်းတယ်။ ဆူပူသောင်းကျန်းမှုတွေ ပေါ်ခပါက်ပြီးတဲ့နောက်၊ တိုင်းပြည် အခြေအနေ မငြိမ်မသက် ဖြစ်လာတဲ့အတွက် ကုန်ထုတ်လုပ်ငန်းဟာ အတော်ဘဲ နှောင့်နှေးသွားတယ်။ သောင်းကျန်းမှုတွေ ရပ်စဲပြီး၊ ငြိမ်ဝပ် ပိပြားရေး ရရှိတဲ့အခါမှာ ဆိုယင်၊ မြန်မာနိုင်ငံဟာ သယံဇာတ ပစ္စည်းတွေ ပေါများ ကြွယ်ဝတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေး အင်အားဟာ အင်မတန် တောင့်တင်း ခိုင်မာလာမှာကို ယုံမှားသံသယ ရှိစရာမလိုပါဘူး။ ကုန်ပိုမို ထုဘ်လုပ်ခြင်း အားဖြင့် စီးပွားရေး အင်အားကို တောင့်တင်း ခိုင်မာလာအောင် ဆောင်ရွက်ရေးအတွက် ငြိမ်းချမ်းရေးဟာတကယ်လိုပါတယ်။ ငြိမ်းချမ်းရေးကို ရတာနဲ့တပြိုင်နက် ကျွန်တော်တို့ရဲ့ လုပ်ငန်းကြီးတွေကို အခုလို လျှော့လျှော့ပေါ့ပေါ့ လုပ်နေစရာ မလိုတော့ဘဲ မီးကုန်ယမ်းကုန် စိတ်ထင်သလောက် လုပ်နိုင်မှာသေချာပါတယ်။

ပြည်တွင်း ငြိမ်းချမ်းရေးအကြောင်း ပြောပြီးတော့၊ ကမ္ဘာ့ငြိမ်းချမ်းရေးအကြောင်းကို ပြောလိုပါသေးတယ်။ လူကြီးမင်းများသိကြတဲ့အတိုင်း ငြိမ်းချမ်းရေးကို တကမ္ဘာလုံးက လိုလား

ကြတယ်။ နောက်ထပ် ကမ္ဘာ့စစ်ကြီးဖြစ်ဘို့ကို ဘယ်သူကမှ မလိုလားကြတာဟာ အမှန်ဘဲ။ ဒီလို မလိုလားဘူးဆိုတဲ့ ဆန္ဒဟာ ကမ္ဘာ့လူထုရဲ့ ဆန္ဒပါဘဲ။ ဒုတိယ ကမ္ဘာ့စစ်ကြီး ပြီးကတည်းက ယခုအထိ ကမ္ဘာ့လူထုဆန္ဒအရ ကျင်းပခဲ့တဲ့ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ဆိုယင်၊ ကမ္ဘာ့ ငြိမ်းချမ်းရေးကို အဓိကထားပြီး ဆွေးနွေးကြတာကိုသာ တွေ့ရပါတယ်။ တကယ်လို့၊ ငြိမ်းချမ်းရေးကို မလိုလားကြဘူးဆိုယင် ဘာဖြစ်နိုင်သလဲ။ အချင်းချင်း အနုမြူဗုံးမိုး ရွာချကြဘို့ ရှိတော့တာဘဲ။ ဒီတော့ ငြိမ်းချမ်းရေးကို အရယူမလား။ အနုမြူဗုံးမိုး ရွာချရေးကိုယူမလား။ နောက်ထပ် ကမ္ဘာ့စစ်ကြီး ဖြစ်ပွားလာခဲ့ယင် စစ်နိုင်သူ စစ်ရှုံးသူရယ်လို့ ရှိမှာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့အုပ်စုကြီး နှစ်ခုစလုံးကိုဘဲ အပြုန်ပြုန် အလှန်လှန် အတုံးအရုံးသေစေနိုင်တဲ့ ကြောက်စရာ အနုမြူဗုံး လက်နက်ကြီးတွေ ပေါ်နေကြပြီ။

ဒီလိုဆိုယင်၊ ငြိမ်းချမ်းရေးရဘို့ ပြဿနာဟာ ခက်သလား၊ လွယ်သလားလို့ မေးစရာရှိလာတယ်။ ကျွန်တော့ အဖြေကတော့ ငြိမ်းချမ်းရေး ရဘို့ဆိုတာဟာ ခက်တယ်လို့လဲ ဆိုနိုင်တယ်။ လွယ်တယ်လို့လဲဆိုနိုင်တယ်။ စင်စစ်မှာခက်တယ်၊ လွယ်တယ်ဆိုတဲ့ အချက်ဟာ၊ ဒီပြဿနာကို ဖြေရှင်းပုံ ဖြေရှင်းနည်း အပေါ်မှာ တည်နေပါတယ်။ သက်ဆိုင်ရာ နိုင်ငံများဟာ တနိုင်ငံနဲ့ တနိုင်ငံ ကြောက်နေကြမယ်၊ သင်္ကာမကင်း ဖြစ်နေကြမယ်ဆိုယင်၊ ငြိမ်းချမ်းရေး ရဘို့အရေးဟာ ခက်မှာဘဲ။ ဒီလို ကြောက်တဲ့စိတ်တွေ၊ မယုံသင်္ကာဖြစ်တဲ့စိတ်တွေကိုပယ်ဖျောက်ကြ နိုင်ကြယင် ငြိမ်းချမ်းရေး ရဘို့အရေးဟာလွယ်မှာဘဲ။ ဒီလို

ကြောက်တဲ့စိတ်တွေ၊ မယုံသင်္ကာဖြစ်တဲ့စိတ်တွေကို ပယ်ဖျောက်ဘို့အရေးကလဲမလွယ်လှဘူး။ ထိထိရောက်ရောက်ပယ်ဖျောက်နိုင်ရေး အတွက် လုပ်ငန်း အတော်များများ လုပ်ဘို့လိုတယ်။ ဒီလုပ်ငန်းတွေထဲမှာ၊ နိုင်ငံခေါင်းဆောင် အချင်းချင်း၊ ပြည်သူလူထုအချင်းချင်း မကြာခဏ တွေ့ဆုံဘို့ဆိုတဲ့ လုပ်ငန်းလဲ ပါတယ်။ နိုင်ငံအချင်းချင်းရဲ့ စီးပွားမှု ဆက်ဆံရေး၊ ယဉ်ကျေးမှုဆက်ဆံရေးတွေကို ပိုမိုအားပေးဘို့လဲ ပါတယ်။ ကိုယ်ချင်းစာတရားကို လိုက်နာ ကျင့်သုံးကြည့်ဘို့လဲ လိုတယ်။

ကမ္ဘာ့အုပ်စုကြီး နှစ်ခုစလုံးဟာ၊ တဘက်နဲ့တဘက် ငြိမ်းခြောက်နေကြတာတွေ၊ စွပ်စွဲနေကြတာတွေကို စွန့်လွှတ်ပြီး၊အပေးအယူ သဘောမျိုး ထားနိုင်ကြမယ်ဆိုယင်၊ ကမ္ဘာပေါ်မှာပေါ်ပေါက်နေတဲ့ တင်းမာမှုတွေဟာ အများကြီး လျော့သွားမယ်လို့ ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။

ယခုခေတ် ကမ္ဘာ့အခြေအနေကို ဆင်ခြင်သုံးသပ်ယင်၊ စစ်ပြီးခေတ် အခြေအနေဟာ စစ်မဖြစ်ခင်က အခြေအနေထက် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ဘို့ ပိုမိုအခွင့်အလမ်း သာယာနေတယ်ဆိုတာကို တွေ့ရပါတယ်။ စစ်မဖြစ်ခင် ခေတ်တုန်းကဆိုယင် တကမ္ဘာလုံးက ငြိမ်းချမ်းရေးကို လိုချင်ပေမဲ့၊ ဟစ်တလာက စစ်ဖြစ်ချင်နေတယ်။ နောက်ဆုံးကျတော့ တကမ္ဘာလုံးဟာ စစ်မဖြစ်ချင်ပေမဲ့၊ စစ်ကြီးထဲသို့ ဒလိမ့်ကောက်ကွေးပါသွားရရှာတယ်။ ယခုအခါမှာ ဆိုယင်၊ တကမ္ဘာလုံးက ငြိမ်းရေးကို အူထဲ အသဲထဲကပါ လိုလားတယ်။ သွေးဆာတဲ့ ဟစ်တလာလို လူမျိုးလဲ မရှိတော့ဘူး။ အမေရိကန် နိုင်ငံက ခေါင်းဆောင်တွေနဲ့ ပြည်သူ လူထုကရော၊ ဆိုဗီယက်ရုရှား

နိုင်ငံက ခေါင်းဆောင်တွေနဲ့ ပြည်သူလူထုကရော၊ ကျွန်တော်တို့ ရောက်လေရာရာ နိုင်ငံတိုင်းကခေါင်းဆောင်တွေနဲ့လူထုကရော ငြိမ်းချမ်းရေး လိုလားနေကြတယ် ဆိုတာကို ကျွန်တော်တွေ့ရတယ်။ငြိမ်းချမ်းရေးကို သူတို့နှစ်နှစ်ကာကာလိုလားနေကြတယ် လို့လဲကျွန်တော် စွဲစွဲမြဲမြဲယုံကြည်တယ်။ လက်ရှိ ကမ္ဘာ့အခြေအနေကို၊ ဟစ်တလာလို စစ်ရူးတယောက် ကောင်းစားခဲ့တဲ့ စစ်မဖြစ်ခင် အခြေအနေမျိုးနဲ့ လုံးဝနှိုင်းယှဉ်လို့ မရပါဘူး။

ဘယ်ဘက်ကိုမှမပါဘဲ ကြားနေတဲ့ ဗမာနိုင်ငံလို နိုင်ငံမျိုးတွေဟာ နိုင်ငံအချင်းချင်း ချစ်ကြည်မှုတွေ၊ နားလည်မှုတွေကို တည်ဆောက်ပေးတဲ့ လုပ်ငန်းကြီးမှာ၊ တနည်းတလမ်းအားဖြင့် တတ်နိုင်သရွေ့ပါဝင်ဆောင်ရွက်ကြဘို့လိုတယ်။ဒါကြောင့် နိုင်ငံခြားရေး ဝါဒမှာ ဆိုယင် မြန်မာနိုင်ငံဟာ ကိုယ်ကျိုးကို လုံးဝမကြည့်ဘဲ ဆောင်ရွက်ခဲ့တယ်။ မြန်မာနိုင်ငံဟာ ချော့တာကိုလဲမကြိုက်ဘူး။ ခြောက်ယင်လဲ ကြောက်မဲ့ နိုင်ငံမဟုတ်ဘူး။ နိုင်ငံကြီးတွေနဲ့ရော၊ နိုင်ငံငယ်တွေနဲ့ရော မိတ်ဆွေဖွဲ့လိုတဲ့ ဝါဒကို လက်ကိုင်ထားတယ်။ နောက်ပြီးတော့ ကမ္ဘာ့တင်းမာမှုတွေကိုမိမိစွမ်းဆောင်နိုင်တဲ့နည်းနဲ့၊ စေတနာသန့်သန့်ထားပြီး ဆက်လက် ဆောင်ရွက်သွားမှာဘဲ။ ဒီလို ဝါဒထားရှိတဲ့ အတွက်၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဖြစ်ပေါ်လာအောင် ဆောင်ရွက်တဲ့နေရာမှာ၊ မြန်မာနိုင်ငံဟာ အတော်အတန်ဆောင်ရွက်နိုင်အားရှိတဲ့ နိုင်ငံဖြစ်တယ်လို့ ကျွန်တော်ဆိုချင်တယ်။

ကမ္ဘာ့ငြိမ်းချမ်းရေး တည်မြဲရန်ငှါ၊ တင်းမာမှုများ လျော့ပါးစေရန်ငှါ ကျွန်တော်တို့ ဆက်လက် ကြိုးပမ်းကြပါစို့။

လက်ရှိ ကမ္ဘာ့အခြေအနေတွင် ကျွန်တော်တို့သည် တိတိကျကျ ကြားနေရေးဝါဒကို ဆက်လက်၍ကျင့်သုံးကြပါစို့။

နိုင်ငံရေးစံနစ်၊ စီးပွားရေးစံနစ်၊ လူမှုရေးစံနစ်တို့ကို ကျင့်သုံး လိုက်နာကြရာတွင် ကွဲပြားခြားနားကြသော နိုင်ငံများပင် ဖြစ်ကြစေကာမူ၊ ထိုနိုင်ငံများသည် အချင်းချင်း ချစ်ချစ်ခင်ခင် ငြိမ်းချမ်းစွာ နေနိုင်ကြသည် ဟူသော နှစ်ဆာယ်ရာစု ခေတ်၏ မြင့်မြတ်သော သဘောတရား သင်္ချင်းစာကို တကမ္ဘာလုံးက သဘောပေါက်လာစေရန် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားကြပါစို့။

ထာဝစဉ် ကမ္ဘာ့ငြိမ်းချမ်းရေး တည်မြဲစေရန် အောက်ပါမူကြီး ငါးချက်ဖြစ်သော (၁) တနိုင်ငံ၏ နယ်မြေတည်တံ့ရေးနှင့် အချုပ်အချာ အာဏာပိုင်ရေးတို့ကို တနိုင်ငံကလေးစားခြင်း၊ (၂) မကျူးကျော်ခြင်း၊ (၃) တနိုင်ငံ၏ ပြည်တွင်းရေး ကိစ္စများတွင် တနိုင်ငံက ဝင်ရောက် စွက်ဖက်မှု မပြုခြင်း၊ (၄) တန်းတူ ညီမျှခြင်းနှင့် တဦးအကျိုးကို တဦး ဆောင်ရွက်ခြင်း၊ (၅) ငြိမ်းချမ်းစွာ အတူတကွ နေနိုင်ခြင်း တို့ကို ပဏာမ လုပ်ငန်းစဉ်အဖြစ် သဘောထား၍ ကျွန်တော်တို့ အစွမ်းကုန် ဆောင်ရွက်ကြပါစို့။